# မဟာဒုက္ခက္ခန္ဓသုတ်

## အဖွင့်

ဆရာဦးကြည်
(သစ္စာဒီပက-မူလဓမ္မာစရိယ)

(ပွင့်လင်းစာပေ)

# မဟာဒုက္ခက္ခန္ဓသုတ်

# အဖွင့်

## ဆရာဦးကြည်

(သဒ္ဓာဒီပက-မူလဓမ္မာစရိယ)

ပွင့်လင်းစာပေ

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်

အမှတ် (၅၅၁၂)

ပထမအကြိမ်ရိုက်နှိပ်ခြင်း

၁၃၃၄ ခု၊ တပေါင်းလ၊

၁၉၇၃ ခု၊ မတ်လ၊

အုပ်ရေ - ၂,၀၀၀။

ပုံနှိပ်ထုတ်ဝေသူ။ ။ဦးမြင့်သိန်း၊ နဝဒေး စာပုံနှိပ်တိုက် (၀၁၅၀)။ ပွင့်လင်းစာပေထုတ်ဝေရေး (၀၂၅၈) အမှတ်-၁၃ နဘ်စင်လမ်း၊ ကျောက်မြောင်း၊ ရန်ကုန်။

ဖုံး-၅၁၂၈၉။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ထုတ်ဝေသူအမှာ။ | |
| ၂။ | ဤစာအုပ်တွင်ပါဝင်သော သုတ်ဝတ္ထုများ။ | |
| ၃။ | ဤစာအုပ်ဖြစ်ပေါ်ပုံ။ | |
| ၄။ | ကျေးဇူးရှင်မာန်လည်ဆရာတော်ဘုရားကြီးဆုံးမချက် | |
| ၅။ | ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးဆုံးမချက် | |
| ၆။ | တရားတော်၏အစိကမှု | ၈....၁၀ |
| ၇။ | မဟာဒုက္ခက္ခန္ဓသုတ်အကျဉ်းချုပ်သိဘွယ် | ၁၀....၁၃ |
| | ဤစာအုပ်ရေးရာ၌ ပါဝင်ညှိနှိုင်းရသော ပါဠိတော်-အဋ္ဌကထာ-ဋီကာနှင့် ဂန္ထန္တရများ ၁၂။ | |
| ၈။ | မဟာဒုက္ခက္ခန္ဓသုတ်တော် (မြန်မာပြန်နှင့်အဓိပ္ပါယ်) | ၁၄....၃၀ |
| | မြတ်စွာဘုရားနှင့်ပရိဗိုဇ်ကျောင်း ၁၈။ | |
| | အနာထပိဏ်သူဌေးကြီးနှင့်ပရိဗိုဇ်များ ၁၉။ | |
| | ဆင်တူယိုးမှားပရိဗိုဇ်တရား ၂၀။ | |

ပရိဗိုဇ်တို့ သိနိုင်သောတရားမဟုတ် ၂၄။
ယခုကာလလည်းရှင်းနည်း ၂၇။
၉။ ကာမဂုဏ်တို့၏သာယာဖွယ် ၃၁....၃၃
၁၀။ ကာမဂုဏ်တို့၏အပြစ် ၃၃—၄၄
ကိုးကွယ်မှုအမျိုးမျိုးနှင့်ကံ ၃၇။
ပစ္စည်းမရ-မောင်ဒုက္ခ ၃၈။
၁၁။ ထိန်းသိမ်းပြုစုဒုက္ခမှု ၄၅....၅၂
အာနန္ဒာသူဌေးကြီး၏ မစ္ဆရိယ ၄၆။
၁၂။ ရန်စုံ-မာန်စုံကာမဂုဏ် ၅၂....၆၁
မင်းနှင့်မင်းချင်း ရန်မကင်း ၅၄။
၁၃။ ကာမအာရုံ-ဆွေ့ဆွေ့ခုန် ၆၁....၇၈
၁၄။ မြင်ရုံခဏ—ဤကာမ ၇၉....၈၆
၁၅။ တဏှာဝလေ့-လိုမပြည့် ၈၆....၉၄
၁၆။ ထောကငရဲကာမဘဲ ၉၄....၁၁၁
ခေတ္တုပမပေတ ၉၆။
တမ္ဗဒါဌိက ၉၉။
အရှင်မဟာမောဂ္ဂလာန် ၉၉။
ကာမသုတ် ၁၀၃။
ခွေးတော်ရှိုးခဲ-ဝနိုင်ဘဲ ၁၀၄။

သားတစ်ချီသော ငှက်သဘော ၁၀၅။

မြက်မီးရှူးပုံ ကာမဂုဏ် ၁၀၆။

မီးကျီးပုံသွင်ကာမပင် ၁၀၆။

အိပ်မက်ပမာ ကာမသာ ၁၀၇။

အငှားပစ္စည်းပုံတူမှီး ၁၀၈။

အသီးပြည့်ဝ ကျွဲကာမ ၁၀၉။

၁၇။ အပါယ်ဘုံသို့-ကာမပို့ ၁၁၁...၁၃၇

ဝက်သတ်သမား စုန္ဒ ၁၁၃။

ဂေါဃာတက ၁၁၆။

ဥစ္စာစုံပြိတ္တာမများ ၁၂၁။

ကောဏ္ဍ ခွေးမုဆိုး ၁၂၄။

ကာမစိတ်မွန်သူ ၁၂၇။

ရွှံ့ထွင်းသမား ကာမအား ၁၂၉။

၁၈။ ကာမထွက်မှုချမ်းသာရ ၁၃၇...၁၄၀

၁၉။ ဆန္ဒရာဂပယ်နိုင်မှု ဗုဒ္ဓဝါဒသာ ၁၄၀—၁၆၆

သုန္ဒရသမုဒ္ဒ-အောင်ပွဲရ ၁၄၃။

သဗ္ဗကာမိထေရ် ၁၄၉။

နာဂသမာလထေရ်၏ ထွက်ပုံတနည်း ၁၅၄။

ကုလ္လထေရ်၏ထွက်နည်းတပုံ ၁၅၈။

၂၀။ ပရမတ်သိမှုထွက်မြောက်ကြ ၁၆၆....၁၇၁
ရုပ်နာမ်ဆိုတာဘာလဲ ၁၆၉။

၂၁။ ဟုတ်တိုင်းမှန်စွာထုတ်ဖေါ်ကာ ၁၇၂....၁၇၄

၂၂။ ရုပ်ဆင်းတင့်တယ် သာယာဖွယ် ၁၇၄....၁၇၈
ရှုပသဒ္ဒါရှင်းစရာ ၁၇၅။

၂၃။ အဆင်းရုပ်တွင်–အပြစ်မြင် ၁၇၈....၁၈၅
ရာဇဓမ္မသုတ် ၁၈၃။

၂၄။ နာမှုသေမှုဆင်းရဲစု ၁၈၆....၁၉၁

၂၅။ သေမှုကြုံရ ဤရုပ ၁၉၁....၂၁၇
နရဒမထေရ်နှင့် မုဏ္ဍာမင်း ၁၉၅။
ဥရဂဇာတ် ၂၀၀။
သီရိမာနှင့်ရဟန်းတပါး ၂၀၉။
ဝိဇယသုတ် ၂၁၂။
အဆင်းရုပ်သွင်ထွက်မြောက်ချင် ၂၁၆။

၂၆။ ဟုတ်မှန်သဘော ထုတ်ပြန်ဟော ၂၁၇–၂၁၉

၂၇။ ခံစားမှုဝယ်-သာယာဖွယ် ၂၁၉....၂၃၂
ပုဏ္ဏသာတိ-ချမ်းသာ၏ ၂၂၃။
မဟာသုဒဿနစကြာမင်း၏ချောန်ချမ်းသာ ၂၃၂။

၂၀။ ခံစားမှုတွင်အပြစ်မြင် ၂၃၃....၂၄၄
အကာန်းမနှင့်ညားသောသာမဏော ၂၃၅။
ဈာန်အဘိညာဏ်ရဖူးသူ ၂၄၁။
၂၉။ ခံစားမှုမှထွက်မြောက်ကြ ၂၄၅....၂၆၀
အပြင်ဒုက္ခရှိနေ၍တရားမရ ၂၅၄။
မြွေကိုက်ခံရ၍တရားနာခြင်း ၂၅၉။
၃၀။ ဟုတ်တိုင်းမှန်စွာဉာဏ်နှင့်ရှာ ၂၆၉....၂၇၄
ဥပနန္ဒ=ဆိုဆုံးမ ၂၇၁။
၃၁။ နိဂုံးကမ္ပတ်=အဆုံးသတ် ၂၇၄....၂၇၆
၃၂။ အမှားပြင်ဆင်ချက် ၂၇၇....၂၈၀

အောက်ပါစာအုပ်များကို ဝယ်ယူဖတ်ရှုလိုပါက
နဝဒေးပုံနှိပ်တိုက်နှင့်ဆက်သွယ်ပါ

၁။ အမှန်တရားရှာရန်။
(မဇ္ဈိမပဏ္ဏာသပါဠိ လက်စွဲ)

၂။ အမှန်တရားရှာရန်။
(မဇ္ဈိမပဏ္ဏာသပါဠိ၊ ဝိပဿနာအမှတ် ၁)

၃။ မဇ္ဈိမပဏ္ဏာသပါဠိရှင်းချက်။

၄။ မဇ္ဈိမဉာဏ်သိဘို့ရန်။

၅။ အရိယာလမ်းမဂ်စခန်း။

၆။ မဟာဒုက္ခက္ခန္ဓသုတ်အဖွင့်။

၇။ မဇ္ဈိမပဏ္ဏာသပါဠိလက်စွဲမှ ကောက်နုတ်ချက်
နံရံကပ်စာတမ်းများ။

နဝဒေးပုံနှိပ်တိုက်
၁၃-နတ်စင်လမ်း၊ ကျောက်မြောင်း၊
တာမွေစာတိုက်၊ ရန်ကုန်မြို့၊
ဖုံး-၅၁၂၇၉။

ဤမူလပဏ္ဏာသပါဠိတော်-မဟာဒုက္ခက္ခန္ဓသုတ် မြန်မာပြန်အဖွင့်ကို ရေးသားရာ၌ ဆရာသည် ...

၁။ ပါဠိလျှောက်မြန်မာပြန်နည်း။

၂။ နိဿယမြန်မာပြန်နည်း။

၃။ အဓိပ္ပါယ်မြန်မာပြန်နည်း။

ဟူ၍ သုံးမျိုးတို့တွင် ဤမြန်မာပြန်နည်းမှာ သုံးမျိုးစလုံးကို အသုံးပြုထားသည်။ သက်ဆိုင်ရာအဆစ်အပိုင်းတို့တွင်လည်း၊ သက်ဆိုင်သည့် သုတ်ပါဠိတော်၊ ၁၅ သုတ်နှင့် ဝတ္ထုသက်သေ ၂၅-ခုမျှ ထည့်သွင်း ဖေါ်ပြထားသည့်အပြင်၊ တရားလုပ်ထုံးနှင့် ပတ်သက်၍လည်း စိစစ်ချက်- ဝေဖန်ချက်တို့ပါ နားလည်လွယ်သော စကားလုံးများဖြင့်၊ အလုပ်ဖြစ်အောင် ညွှန်ပြဖေါ်ထုတ်ထားရကား သာမည မြန်မာပြန်ကာမတ္တစာအုပ်မျိုးမဟုတ်ဘဲ၊ သာသနာ့လုပ်ငန်းအဖြစ် လက်ကိုင်လက်စွဲထားကာ အထပ်ထပ် အဝန်ဖန်လေ့လာ ဖတ်ရှုနေရန် လေ့ကျင့်ခန်းစာအုပ် တအုပ်ဖြစ်ပေကြောင်း—

ထုတ်ဝေသူ
ပွင့်လင်းစာပေ။

# ဤစာအုပ်တွင်ပါဝင်သော

## သုတ်


၁။ ကိံဒိဋ္ဌိကသုတ်
၂။ စူဠဒုက္ခက္ခန္ဓသုတ်
၃။ မဟာသမယသုတ်
၄။ တဏှုပ္ပါဒသုတ် (အ)
၅။ ဒွယတာနုပဿနာသုတ်
၆။ ကာမသုတ်
၇။ ပေါတလိယသုတ်
၈။ ဒေဝဒဟသုတ်
၉။ သင်္ခတလက္ခဏသုတ်
၁၀။ ဇရာမ္မသုတ်
၁၁။ အနာဂတဘယသုတ်
၁၂။ ပဋိစ္စသမုပ္ပါဒ်ဝိဘင်း
၁၃။ ဝိဇယသုတ်
၁၄။ သတ္တိသတသုတ်
၁၅။ မဟာသုဒဿနသုတ်


## ဝတ္ထု


၁။ အညတြဗြာဟ္မဏ
၂။ အာနန္ဒာသူဋ္ဌေး
၃။ ပုဏ္ဏာသူဋ္ဌေး
၄။ စူဠမန္ဒုဂုဟ
၅။ ဝိဗ္ဘန္တဘိက္ခု
၆။ ဝေတ္တူပမာပေတ
၇။ တမ္ဗဒါဌိက
၈။ အရှင်မဟာမောဂ္ဂလာန်
၉။ စုန္ဒဝက်သတ်သမား
၁၀။ ဂေါဃာတက-နွား သတ်
သမား။
၁၁။ ဥစ္စာစုပြိတ္တာမများ
၁၂။ ကောကမုဆိုး
၁၃။ ကာ မ စိတ် မှန် သော
ယောကျ်ား။
၁၄။ ရွှဲထွင်းသမား
၁၅။ သုန္ဒရသမုဒ္ဒထေရ်
၁၆။ သဗ္ဗကာမိထေရ်
၁၇။ နာဂသမာလထေရ်
၁၈။ ကုလ္လထေရ်
၁၉။ မဟာတိဿထေရ်
၂၀။ နာရဒထေရ်နှင့်မုဏ္ဍမင်း
၂၁။ ဥရဂဇာတ်
၂၂။ သီရိမာနှင့်ရဟန်း
၂၃။ ဟက္ကုသာတိ
၂၄။ အကာန်းမနှင့်ညားသော
သာမဏေ။
၂၅။ စျာန်အဘိညာဏ်ရဖူးသူ
၂၆။ မြွေကိုက်ခံရသူ
၂၇။ ဥပနန္ဒထေရ်

# ဤစာအုပ်ဖြစ်ပေါ်ပုံ

ကျွန်ုပ်သည်(၂၇-၆-၇၁) တနင်္ဂနွေနေ့၌ သစ္စာဒီပကအဖွဲ့ချုပ် တည်ရာဌာနတွင် အပတ်စဉ်တရားပွဲကို ကမာရွတ်မှ ယောဂီ ဦးကျော်ရှိန်၏ ကြိုတင် တောင်းပန်ချက်ကြောင့် မူလပဏ္ဏာသ ပါဠိတော်-မဟာဒုက္ခက္ခန္ဓသုတ်ကို ဟောပြောလေရာ၊ တရားပွဲ အပြီးတွင် သစ္စာဒီပက အဖွဲ့ချုပ် နာယက လူကြီး ဦးထွန်း (နဝဒေး)က–

"ဆရာ ယခု ဟောသွားသော-မဟာဒုက္ခက္ခန္ဓသုတ်သည် တနာရီခွဲခန့် ကြာသွားသော်လည်း အသံသွင်း တိတ်ခွေကို ငဲ့၍ ဟောရသောကြောင့် ပြီးပြည့်စုံသည်မထင်ပါ၊ သို့အတွက် သံဝေဂဉာဏ်လည်း အပြည့်အစုံပါ၍ အလုပ်သဘော လည်း ကောင်းစွာ ပေါ်ပြလျက် ရင်းသုတ် မြန်မာပြန် အဓိပ္ပါယ်ပြည့်စုံသော စာတအုပ် ရေးထုတ်ပြုစုပေးပါရန်" တောင်းပန်ခဲ့လေသည်။

ထိုတောင်းပန်ချက်ကို ကျွန်ုပ်လည်း စိတ်ဝင်စားခဲ့သည်၊ သို့ရာတွင် လုံး၀"ရေးမည်"ဟူ၍ကား မဆုံးဖြတ်သေးပေ။

(၂၉-၆-၇၁)အင်္ဂါနေ့ည တရားပွဲတွင်ကား နာယကကြီးသည် ထပ်မံ၍ တိုက်တွန်းပြန်သောအခါတွင်မူ၊ အထွေထွေတရားပွဲ များအကြားတွင် ရသင့်သော အချိန်ကိုယူ၍၊ သက်ဆိုင်သော ပါဠိ-အဋ္ဌကထာ-ဋီကာ တို့ကို တွဲဘက်ညှိနှိုင်း၍ ရေးသားခြင်း ဖြစ်ပေသည်။

# ဤစာအုပ်ဖြစ်ပေါ်ပုံ

ဤစာအုပ်သည် "မဟာဒုက္ခက္ခန္ဓသုတ်" မြန်မာပြန်ဆိုသော်လည်း ပါဠိတော်မြန်မာပြန်သက်သက်မဟုတ်ပေ၊ မြတ်စွာဘုရားဟောတော်မူရင်း ပါဠိတော်၏ အဆစ်အပိုင်းတို့တွင် သက်ဆိုင်သည့် သုတ်များ၊ ဝတ္ထုသက်သေများ၊ ဝေဖန်ချက်များ စသည်ဖြင့် အလျဉ်းသင့်သလို စွမ်းနိုင်သမျှ ဖော်ပြရေးသားထားခြင်းဖြစ်ပေသည်။

ထိုသုတ်ကို ဟောတော်မူသည့် မြတ်စွာဘုရား၏ ရည်ရွယ်တော်မူသော၊ " သစ္စာသိရေး-သံသရာမှ လွတ်မြောက်ရေး " ကိုလည်း ယထာဘူတကျကျ တရားလုပ်ထုံး တို့ကိုပါ တင်ပြရှင်းလင်းထားသည်။

သို့ဖြစ်ပါ၍၊ ဗုဒ္ဓသာသနာ နယ်ပယ်တွင်းရှိ ဗုဒ္ဓဝါဒီတို့သည် မိမိ-မိမိတို့၏ သံသရာပြတ်ရေး၊ ဘဝလွတ်မြောက်ရေးကို အာရုံ ရှေးရှု ဂရုပြု၍ ကြည့်ရှုအားထုတ်နိုင်ကြပါစေကုန်။

ဦးကြည်
သစ္စာဒီပက (၃၁·၆·၇၁)။

# ကျေးဇူးတော်ရှင်မာန်လည် ဆရာတော်ဘုရားကြီး ဆုံးမချက်

“ရှုပရုပ်ဝါ၊ ငယ်သောခါနှင့်၊ ဇရာလောင်ဟုပ်၊ ဤကြီးရုပ်ကို လက်ဆုပ်ဖြန့်ဖြေ၊ ရှုဦးချေလော့၊ ကိလေနောက်ဆူး၊ သင်ပျော် မြူး၍၊ မူးတူးမင်ထင်၊ သိမမြင်ခဲ့၊ နေ့သွင်မဆိုင်း၊ ခဏတိုင်းဖြင့်၊ နှင်စိုင်းမွေ့ညက်၊ မရေတွက်နိုင်၊ ဖြစ်ပျက်မဆုံး၊ ဖြစ်တုံးပျက်စုံ၊ ဖေါက်ပြန်မှုကို မရှုစအား၊ ပျော်မှုများ၍၊ ထင်ရှားသို့စင်၊ သူမထင်ခဲ့၊ အကြင်လူ့ရွာ၊ လူတကာတို့၊ ပညာသတိ၊ ကင်းလွတ်ဘိလျက်၊ မိမိတဏှာ အဝိဇ္ဇာမျိုး၊ အိုတိုင်းတိုး၏၊ အရိုးသာရင့်၊ ဉာဏ်မပွင့်ဘူး၊ သေမင်းစစ်ဆင်၊ ကိုယ်တွင်းဝင်၍၊ ခုပင်အပြင်း၊ ရောက်လာလျှင်းပြီ၊ ဆင်မြင်းရထား၊ ဗိုလ်ပါအားဖြင့်၊ ပြား၍ ပြိုင်ထိုး၊ တံစိုးငွေကြေး၊ တောင်ရှိပေးလည်း၊ အရေးမသာ၊ အောင်ရာမရှိ၊ ဇာတိမစစ် သေမင်း၊ ညစ်နှင့် မိတ်ချစ်ဘွဲ့ငှါ၊ မတတ်ရာခဲ့၊ အာဏာတန်းခိုးအမျိုးကျော်ထင်၊ ဘယ်ဘုရင်နှင့်၊ ရှင်က-လူက၊ မနေရတည့်၊ လက်စတင်းလင်း၊ တပိုင်းကြွင်းဖြင့်၊ မငြင်းနိုင်စွာ၊ အပြင်းပါလိမ့်မကြာဆောလျင်၊ သေမင်းငင်အံ့၊ အပြင်အလျာ၊ ငယ်ရုပ်ဝါနှင့်ပဇာတူရေး၊ ရှိသေးသနည်း၊ အချည်းသက်သက်၊ ကြာနေပျက်သို့၊ ပျက်ခဲ့ဤကိုယ်၊ ဟောင်းရွတ်ယို၏၊ မီးလိုရှင်ရှင်၊ တောက်မမြင်လည်း၊ အသွင်အဆင်း၊ ဖေါ်ထယွင်းညှိုးသွေ့၊ တမွေ့မွေ့လျှင်၊ အငွေ့မငြိမ်း၊ ရှိန်းရှိန်းပြိုက်ပြိုက်  နေ့တိုင်းမြိုက်၏၊ ခေါင်းဦးဦး၊ ဤဆံဖြူဖြင့်၊ ခုမှုမကြာ၊ သင့်ခန္ဓာကို၊ သေစာချွင်း၊ သေစာရင်းနှင့်၊ သေမင်းမှတ်လာပြီတကား”။

(မဃဒေဝလင်္ကာသစ်—အဋ္ဌစိန္တာခဏ်းမှ)။

# ကျေးဇူးတော်ရှင် လယ်တီ ဆရာတော်ဘုရားကြီး ဆုံးမချက်

"ဆိုပိမ့်မညာ၊ စေ့စေ့နာလော့၊ ဂင်္ဂါသဲမျှ၊ ပွင့်ကုန်ကြသား ဘုရားသာသနာ၊ ခေတ်အခါဝယ်၊ လူ့ရွာနတ်ဌာ၊ နင်ကြုံကြိုက်လည်း၊ အမိုက်မချွေ၊ အလိုက်နေ၍၊ အခြေမကြီး၊ အချည်းနှီးလျှင်၊ယီးတီးယောင်တောင်၊ ခုတိုင်အောင်တည့်၊ သန်းခေါင်လကယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးသည့်၊ မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါးထက် နင်ကားရာထောင်၊ မကမှောင်၏၊လူ့ဘောင်လူ့ရွာ၊သာသနာ၌၊ ကြုံမှာတော်ရှိ၊ ယခုတွေ့လည်း၊ အလေ့မလွှဲ၊ အများနဲ့လျှင်၊ မိုက်မြဲနှင်နှင်၊ မိုက်စရှင်၏၊ မျက်မြင်လောက၊ ဤဘဝကား၊ ဒုက္ခစင်းစင်း၊ ချမ်းသာကင်း၏၊ သေမင်းအစာ၊ နင့်ခန္ဓာကို၊ တကျော့ဘီလူး၊ အမှောင့်ပူး၍၊ အရူးပြင်ပြင်၊ နင့်ကိုယ်ထင်၏၊ နင်နှင့်မဆိုင်၊ နင်ပိုင်မဟုတ်၊ နင့်ရုပ်နင့်နာမ်၊ နင်သန္တာန်ကို၊ နင့်ဉာဏ်မစူး၊ အပေါ်ပြူး၍၊ မှူးမှူးမေ့မေ့၊ အများလေ့ဖြင့်၊ နေ့ရက်အပုံ၊ လွန်ခဲ့တုံပြီ၊ အာရုံဝတ္ထု၊ မီးစာစုကို၊ မှုမှုရရ၊ နင်အားကျလည်း၊ ဓားပြသေမင်း၊ သူ့တပ်နင်းက၊ မငြင်းဆန်သာ၊ နင့်ခန္ဓာသည်၊ ပြာပုံအပြီး၊ ဖြစ်လုနီးပြီ၊ ယီးတီးယားတား၊ သေ၍သွားလည်း၊ တရားမကြွယ်၊ အထုပ်ငယ်လျက်၊ အပါယ်စခန်း၊သွားမြဲလမ်း၌၊ တပန်းဟိုက်ဟိုက်၊ တရှိုက်ငင်ငင်၊ တငြင်ငြိုငြို၊ ဆင်းရဲပိုလျက်၊ ထိုထိုဘဝ၊ အနန္တလျှင်။ အစမဆုံး၊ အများထုံးတည့်၊ အနှုန်းမပျက်၊ အောက်နရက်ဝယ်၊ တသက်နွှယ်နွှယ်၊ အမြစ်တွယ်ဖို့၊ အပါယ်ထိုဆို၊ ဥဒဟိုသည်၊ နင်လိုလူမိုက် သွားလမ်းတည်း။"

(ဂမ္ဘီရကဗျာ)မှ။



## တရားတော်၏ အဓိကမူ

မြတ်စွာဘုရားသည်၊ ဘုရားအဖြစ်သို့ ရောက်တော်မမူမီ၊ နိမိတ်ကြီး ၄ ပါးကို မြင်၍၊ တောသို့ ထွက်ခဲ့လေရာ၊ အာဠာရ၊ ဥဒက စသောရသေ့တို့နှင့်တွေ့ပြီး၊ ၎င်းတို့အထံတွင် သူအလိုရှိနေသော တရားကို မရမှုကြောင့် ထိုရသေ့တို့အထံမှ ဖဲခွါပြီးလျှင် သေနာနိဂုံးသို့ရောက်၍ မိမိကိုယ်မိမိ တရားရမှုအတွက် စစ်ကြောလေသည်။

"ငါသည်၊ အိုမှု-သေမှုတို့ကို အလွန်ကြောက်သည်၊ အားလုံးသော သတ္တဝါ တို့လည်း အိုမှု-သေမှုတို့ကို အလွန် ကြောက်ကြသည်၊ ထိုကြောက်ရသော အိုမှု-သေမှုသည်၊ ကြောက်ကြသော သတ္တဝါအားလုံးနှင့် ရစ်ဆိုင်ကြရသည်၊ ငါသည် ဘယ်သောအခါမှ အိုမှု-သေမှုမှ လွတ်ရပါမည်နည်း၊....လွတ်သောတရားကို ရပါမည်နည်း"

ဟု-ဆင်ခြင်စဉ်းစားသောအခါ....

"သတ္တဝါတို့-အဘယ်ကြောင့် အိုရ-သေရသနည်း"

"ဖြစ်လို့"ဟု အဖြေရလေသည်၊ မှန်၏၊ လူဖြစ်လို့ လူအိုရသေရသည်၊ နတ်ဖြစ်လို့ နတ်အိုရသေရသည်၊ တိရစ္ဆာန်ဖြစ်လို့ တိရစ္ဆာန် အိုရသေရသည်-အမှန်ပင်ဖြစ်သည်"

“ဖြစ်သို့ အိုရ-သေရသည်မှန်၏၊ အဘယ်ကြောင့် ဖြစ်သနည်း၊ “ဖြစ်အောင်လုပ်လို့ဖြစ်သည်” ထိုစကားလည်း မှန်လှပေ၏၊ လူဖြစ်အောင်လုပ်လို့ လူဖြစ်သည်၊ နတ်ဖြစ်အောင်လုပ်လို့ နတ် ဖြစ် သည်၊ အပါယ်ဖြစ်အောင်လုပ်လို့ အပါယ်မှာဖြစ်သည်၊ ဤသည်လည်း အမှန်ပင်ဖြစ်သည်၊ ”

“ဖြစ်အောင်လုပ်လို့ ဖြစ်သည်—မှန်၏၊ အဘယ့်ကြောင့် ဖြစ်အောင်လုပ်သနည်း၊ ဖြစ်ချင်အားကြီးလို့ ဖြစ်အောင်လုပ်သည်၊ ထိုစကားသည်း အလွန်မှန်သော စကားဖြစ်သည်၊ လူဖြစ်ချင်အားကြီးလွန်း၍သော လူဖြစ်ကြောင်းတရားကို ရှာဖွေ လုပ်ခဲ့ခြင်းဖြစ်သည်၊ နတ်ဖြစ်ချင်လွန်း၍သော နတ်ဖြစ်ကြောင်းတရားကို ရှာဖွေပြုလုပ်ခဲ့ခြင်းသည်ဖြစ်၍ ဤယူဆချက်သည် အမှန်ဆုံးဖြစ်သည်”

“ဖြစ်ချင်လွန်းသောကြောင့် ဖြစ်အောင် လုပ်သည် မှန်၏၊ အဘယ့်ကြောင့် ဖြစ်ချင်လွန်းအားကြီးသနည်း၊ လိုချင်မှုဖြစ်ချင်မှုကြောင့်ဖြစ်ချင်လွန်းအားကြီးခြင်း ဖြစ်သည်၊ ထိုစကားလည်း မှန်ပေသည်၊ လိုချင်မှုရှိမှ လိုချင်အားကြီး ဖြစ်ချင်အားကြီး ဖြစ်လေသည်”။

ဤသို့ဖြင့် အမှန်တရားကို အမှန်တရားဟုမသိသော (အဝိဇ္ဇာ) သဘောသို့ ရောက်လေတော့သည်။

ထိုအခါ အလောင်းတော်သည်၊ ဝမ်းမြောက် ဝမ်းသာ ဥဒါန်းစကား ကျူးရင့်လေသည်၊ ဤခန္ဓာရမှုသည် အလုံးစုံသော လောကဒုက္ခ၊ သံသရာဒုက္ခ အပေါင်းတို့ ကျခံရဖို့အတွက်

ဖြစ်၍၊ ဝိပါကဝဋ္ဋသာ ဖြစ်လေသည်၊ ဤခန္ဓာ အမှန်ကား ပရမတ်သဘောတရားသာဖြစ်၍၊ ထိုအမှန်သဘော (ပရမတ်) ကို မသိဘဲ မမြင်ဘဲ၊ အပေါ်ယံ ပညတ်မျှသာ သိမှတ်နေကြသည့် အတွက် ကိလေသာအမျိုးမျိုးဖြစ်၍၊ ဘုံဘဝ အမျိုးမျိုးတို့တွင် ဒုက္ခဆင်းရဲပေါင်းစုံ ကိုယ်တွေ့ကြုံရလေသည်။

ထိုဆင်းရဲမှု ဒုက္ခစုမှ ထွက်မြောက်၍၊ မအို-မနာ-မသေ လိုခဲ့သော် အို-နာ-သေတတ်သည့် ခန္ဓာမျိုး အလိုမရှိအပ်ပေ၊ ထိုအိုဘတ်-နာတတ်-သေတတ်သည့် ခန္ဓာမျိုး အလိုမရှိ၊ မရယူ လိုသော်—ထိုခန္ဓာ ရအောင် ပြုလုပ်တတ်သည့် ကိလေသာကို မဖြစ်အောင်—ကုန်ခမ်းအောင်ပြုလုပ်အားထုတ်အပ်လေသည်။

သို့ဖြစ်၍—ဤကျွန်ုပ်တို့ လက်ရှိ ရယူထားသော ခန္ဓာသည် ထိုခန္ဓာကိုရအောင် ပြုလုပ်ပေးသော ကိလေသာကြောင့်သာ ဖြစ်ရကား၊ ထိုကိလေသာတို့ ပြတ်အောင် ဝိပဿနာ အလုပ် အားဖြင့်သာ တိုက်ထုတ်ရမည်ဖြစ်၍၊ ရှေးဦးစွာ ဗုဒ္ဓဘုရား၏ ဝါဒတော်အတိုင်း "ဆန္ဒရာဂဝိနယ" ကိလေသာ မဖြစ်အောင် ဝိပဿနာနည်းဖြင့် ဆုံးမ၍ နောက်တွင် "ဆန္ဒရာဂပဟာန" သို့ ရောက်သျှင်ကား မိမိတို့ကိစ္စဆုံးခမ်းတိုင် ရောက်မည် ဖြစ်သော ကြောင့် ဤခန္ဓာကိုယ်သည်၊ ကိလေသာတို့ ခိုဝင်နှိပ်စက်ခံနေ ရသောခန္ဓာ၊ လောကဒုက္ခမျိုးစုံတို့ အတိုက်အခိုက် ခံရသော ခန္ဓာ၊ သံသရာဒုက္ခပေါင်းစုံတို့ အညှင်းပန်း ခံရသောခန္ဓာ.... စသော ဒုက္ခပေါင်းစုံ ဆင်းရဲအဖုံပုံဖြစ်သော "မဟာဒုက္ခက္ခန္ဓ" ကြီးစွာသော ဆင်းရဲအစုကြီးတွင် ကိလေသာ အမျိုးမျိုးတို့ နှိပ်စက်သဖြင့် မည်သို့မျှ ခံမင်တွယ်တာဖွယ် မကောင်းသော

ကြောင့် ထိုကိလေသာမှရှင်း၊ ထိုခန္ဓာမှရှင်း လွတ်မြောက်ကြောင်း တရားကို မြတ်စွာဘုရား ဟောတော်မူသော ဤသုတ်တော်ကို-သူတော်ကောင်း ဖြစ်ကြကုန်သော ယောဂီတို့သည် ဝမ်းမြောက်စွာ လေ့လာ နာကြားကြကုန်ရာသတည်း”။

## မဟာဒုက္ခက္ခန္ဓသုတ်-အကျဉ်းချုပ်သိဘွယ်

မြတ်စွာဘုရားသည်၊ သာဝတ္ထိပြည်၊ ဇေတဝန ကျောင်းဘော်၌ သီတင်းသုံး နေတော်မူစဉ်အခါ၊ ရဟန်းတော်များတို့သည် ဆွမ်းခံရန်အတွက် ကျောင်းတော်မှ ထွက်လာတော်မူကြပြီးလျှင် စောလှသေးသည်ဖြစ်၍ တိတ္ထိပရိဗိုဇ်တို့၏ ကျောင်းတွင်းသို့ ခေတ္တ ဝင်ရောက်ကာ စကားစမြီ ပြောဆိုရသော်ကောင်းမည်ဟု အကြံပြု တိုင်ပင်ကြပြီးလျှင် တိတ္ထိတို့၏ကျောင်းတွင်းသို့ ဝင်ခဲ့ကြလေသည်။

ထိုအခါတွင် တိတ္ထိတို့က အလ္လာပ သလ္လာပ ပြောကြပြီးနောက် “ငါရှင်တို့၏ဆရာ ရှင်ဂေါတမသည် ကာမဂုဏ်တို့ကို လွန်မြောက်ရန် ပညတ်၏၊ ငါတို့လည်း ပညတ်၏၊ ရဟန်းဂေါတမသည် အဆင်း ရုပ်တို့ကို လွန်မြောက်ရန် ပညတ်၏၊ ငါတို့လည်း ပညတ်၏၊ ရဟန်း ဂေါတမသည် ခံစားမှုတို့ကို လွန်မြောက်ရန် ပညတ်၏၊ ငါတို့လည်း ပညတ်၏၊ သို့အကြောင်းရှိနေရာတွင် ရဟန်းဂေါတမနှင့် ငါတို့၏ တရားသည် ဟောပုံချင်း ဆုံးမပုံချင်း ထူးခြားချက်ကား အဘယ်နည်း၊ လွန်ကဲချက်ကား အဘယ်နည်း၊ ခြားနားချက်ကား အဘယ်နည်း”ဟု မေးကြလေသည်။

အမေးခံရသော ရဟန်းတို့သည် တိတ္ထိပရိဗိုဇ်တို့၏ စကားကို ဟုတ်၏ဟုလည်း ဝန်မခံ၊ မဟုတ်ဟုလည်း မကန့်ကွက်ကြဘဲ

မြတ်စွာဘုရားအား လျှောက်ထားပြီးမှ ဘုရားဟောအတိုင်း သိကြမည်ဟု-နှလုံးသွင်းကာ ထွက်ခွါခဲ့ကြပြီးလျှင် ဆွမ်းခံကြ၍ ဆွမ်းစားပြီးသောအခါ ဘုရားရှင်အား ဤပုံအတိုင်း လျှောက်ထားကြလေသည်။

မြတ်စွာဘုရားက ရဟန်းတို့-ထိုတိတ္ထိ ပရိဗိုဇ်တို့ကို ငါ့ရှင်တို့ ကာမဂုဏ်တို့၏ သာယာဖွယ်သည် အဘယ်နည်း၊ အပြစ်သည် အဘယ်နည်း၊ ထွက်မြောက်ရာသည် အဘယ်နည်း။ အဆင်းရုပ် ခံစားမှုတို့၏ သာယာဖွယ်-အပြစ် ထွက်မြောက်ရာတို့ကို သင်တို့ မေးရို သင့်သည်၊ ဤသို့ မေးလိုက်လျှင် ထိုတိတ္ထိတို့သည်၊ အပြည့်အစုံ မဖြေနိုင်ကုန်ဘဲ၊ ပင်ပန်း၊ ဆင်းရဲ ကြကုန်လတ္တံ့၊ အဘယ်ကြောင့်ဟူမူ-ထိုတရားတို့၏ သဘောကို ငါဘုရား နှင့် အရိယာတို့၏ အရာသာဖြစ်၍ တိတ္ထိတို့၏ အရာမဟုတ်သော ကြောင့် ဖြစ်၏ဟု မိန့်တော်မူပြီးလျှင်....

ကာမတို့၏ သာယာဖွယ်ကို အကျယ်တဝင့် ဟောသည်။
ရင်းနောက်-
ကာမဂုဏ်တို့၏ အပြစ်ကို ဟောသည်။ ရင်းနောက်-
ကာမဂုဏ်တို့မှ ထွက်မြောက်မှုကို ဟောသည်။ နောက်-
အဆင်းရုပ်တို့၏ သာယာဖွယ်....
အဆင်းရုပ်တို့၏အပြစ်....
အဆင်းရုပ်တို့၏ ထွက်မြောက်ရာ....နောက်-
ခံစားမှုတို့၏ သာယာဖွယ်....
ခံစားမှုတို့၏ အပြစ်....
ခံစားမှုတို့၏ထွက်မြောက်ရာကို ဟော၍အပြီးသတ်သည်။

မြန်မာပြန်ရာတွင် အတတ်နိုင်ဆုံး-အလုပ်သဘောသို့ အသက်ဝင်ဆုံးဖြစ်အောင်ပြန်သည်၊ ပုဒ်ပါဠိသဒ္ဒါနည်းကျရန် အဓိက မထား။ အဓိပ္ပါယ်ရှင်းလင်းလွယ်အောင် ရည်ညွှန်း၍ ပြန်ထားသဖြင့် စာပေမျက်စိ တဖက်သာ ဖွင့်၍မကြည့်ဘဲ၊ အလုပ်သဘောမျက်စိကိုလည်း အစုံဖွင့်၍ ကြည့်တော်မူပါရန် ပညာရှိများအား တောင်းပန်အပ်ပါသည်။

ဤစာအုပ်ရေးရာ၌ ပါဝင် ညှိနှိုင်းရသော
ပါဠိတော်·အဋ္ဌကထာ·ဋီကာနှင့်ဂန္ထန္တရများ

၁။ မူလပဏ္ဏာသပါဠိတော်နှင့်အဋ္ဌကထာ
၂။ မဇ္ဈိမပဏ္ဏာသ ရင်း
၃။ ဥပရိပဏ္ဏာသ ရင်း
၄။ ခန္ဓဝဂ္ဂသံယုတ် ရင်း
၅။ သဠာယတနဝဂ္ဂ ရင်း
၆။ မဟာဝဂ္ဂသံယုတ် ရင်း
၇။ အင်္ဂုတ္တရ ရင်း
၈။ သုတ်မဟာဝါပါဠိတော်နှင့်အဋ္ဌကထာဋီကာ
၉။ စူဠနိဒ္ဒေသပါဠိတော်နှင့်အဋ္ဌကထာ
၁၀။ မဟာနိဒ္ဒေသ ရင်း
၁၁။ ပဋိသမ္ဘိဒါမဂ် ရင်း
၁၂။ ပေတဝတ္ထု ရင်း
၁၃။ ဝိမာနဝတ္ထု ရင်း
၁၄။ ထေရဂါထာ ရင်း
၁၅။ ထေရီဂါထာ ရင်း

မဟာဒုက္ခက္ခန္ဓသုတ်အဖွင့်


၁၆။ သုတ္တနိပါတ် ပါဠိတော်နှင့် အဋ္ဌကထာ
၁၇။ ဓမ္မပဒ ရင်း
၁၈။ သမ္မောအဋ္ဌကထာ
၁၉။ ဝိသုဒ္ဓိမဂ် ရင်း
၂၀။ ဝိသုဒ္ဓိမဂ်-မဟာဋီကာ
၂၁။ နေတ္တိ ရင်း
၂၂။ အဘိဓာန်ပါဠ် ရင်း
၂၃။ မဃဒေဝလင်္ကာသစ်
၂၄။ ဩဝါဒတူးပျို့
၂၅။ ဝိမတိ ဋီကာ
၂၆။ သုတ်သီလက္ခန်ပါဠိတော်အဋ္ဌကထာ

# မဟာဒုက္ခက္ခန္ဓသုတ်တော်
## မြန်မာပြန်နှင့် အဓိပ္ပါယ်

"နမော သစ္စဒီပကဿ သမ္မာသမ္ဗုဒ္ဓဿ"

"သစ္စဒီပကဿ-သစ္စာလေးချက် ဓမ္မစက်ကို ဟော မြွက်ဖော်ပြဆုံးမတော်မူတတ်ထသော၊ သမ္မာသမ္ဗုဒ္ဓဿ-ဧယျငါးတန် တရားမှန်ကို သယမ္ဘူဖြစ် ရွှေဉာဏ်စစ်ဖြင့် ဖွင့်လှစ်ပိုင်ပိုင် ကိုယ်တော်တိုင် သိမြင်တော်မူပြီးသော မြတ်စွာဘုရားအား (အဟံ-သစ္စာလေးတန် စိတ်ရည်သန်၍ သိရန်အားထုတ် အကျွန်ုပ်သည်) နမော-ဒုက္ခသဍ္ဍာ ဤသန္တာဖြင့် ခနောင်လာဇာတိ ဖြစ်မရှိရာနိဗ္ဗူတာသို့ မြန်စွာရောက်မှု အာရုံပြု၍ ဂရုဂါရဝ ပဏာမဖြင့် ကြည်ဆွသဒ္ဓါ ရှိခိုးပါ၏ မြတ်စွာဘုရား"

(၁)

"ဧဝံ မေသုတံ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထ ပိဏ္ဍိကဿ အာရာမေ"

ဤကဲ့သို့ အစချီ၍ သံဂါယနာတင် မထေရ်တို့သို့ လျှောက်ဘား တင်ပြနေသည့်ကား....ရာဇဂြိုဟ်ပြည်၏အနီး၊ ဝေဘာရခေါ် တောင်၏ခါးပန်း၌ စရည်းပင်ခေါ် တောင်မရိုးပင်ကြီး ပေါက်ရောက်တည်နေရာသတ္တပဏ္ဏိ လိုဏ်ဂုအဝင်တံခါးဝအနီး၌ ပဌမသံဂါယနာ ဒါယကာ အဇာတသတ်မင်းသည်၊ တည်ထွင်

ဆောက်လုပ်စေအပ်သည်ဖြစ်၍၊ သိကြားမင်း၏ ဗိမာန်ပြာသာဒ် တမျှ ဆန်းကြယ်လှစွာသော ပဌမသံဂါယနာ မဏ္ဍပ် တော်အတွင်း အလည်ဗဟိုတည့်တည့်၌ စီရင် ခင်းထားအပ်သော "ဓမ္မာသန" တရားဟော ပလ္လင်တော်ထက်၌ အရှင်အာနန္ဒာ မထေရ်မြတ်သည် ဆင်စွယ်ဖြင့် ပြုလုပ် စီမံအပ်သော ယပ်ကို ကိုင်လျက် အရှေ့ဖက်သို့ မျက်နှာမူကာ ငြိမ်သက်သော ဣန္ဒြေ ဘော်ဖြင့် တင့်တယ်သပ္ပါယ်စွာ သီတင်းသုံး နေထိုင်တော်မူလျက် ရှိ၏။

မဏ္ဍပ်တော်၏အတွင်း တောင်ဖက်ပိုင်း နံရံအနီး၌ မြောက် ဖက်သို့ မျက်နှာမူလျက်၊ စီရင် ခင်းထားအပ်သော မထေရ်ကြီး တို့နှင့်သာ သင့်တော်သည့် "ထေရာသန" ပလ္လင်တော်ထက်ဝယ်၊ ခန့်ငြားထယ်ဝါ သိက္ခာဣန္ဒြေ တည်တံ့စွာ သီတင်းသုံးနေသော သံဃာ့ထေရ် မြတ်ကြီး သည်ကား၊ မြတ်စွာဘုရား ရှိစဉ်က အနာဂတ်သာသနာအတွက် မြတ်စွာဘုရား၏ ယုံမှတ်အပ်နှင်းခြင်း ခံရသော မဟာသာဝကအကျော် အရှင်မဟာကဿပ ဘုရား သားတော်ကြီး ဖြစ်ပေသည်။

ကြွင်းသော(၄၉၉)ပါးသော "သင်္ဂီတိကာရက" သံဂါယနာ တင် အတည်ပြု ရွတ်ဆိုကြမည့် သံဃာတော်တို့သည်-ထေရ်စဉ် ဝါလိုက် မဏ္ဍပ်အတွင်း ခင်းထားအပ်သော မွန်မြတ်သည့်အခင်း တို့အပေါ်၌ ငြိမ်သက်သော ဣန္ဒြေ တင့်တယ်သောအသရေတို့ကို ဆောင်တော်မူလျက်-သံဃာ့ထေရ်ကြီး အရှင် မဟာကဿပ၏ အမေးကို ဖြေကြား လျှောက်ထားမည့် အရှင် အာနန္ဒာ၏ အသံကို နားစွင့် မျှော်လင့်နေရာမှ အစဉ်အတိုင်းသုတ်တော် တို့ကို သံဂါယနာတင်ခဲ့ရာ မူလပဏ္ဏာသပါဠိတော် ၁၂ သုတ်၊

မဟာသီဟနာဒသုတ်အပြီး ၁၃ သုတ်မြောက် "မဟာဒုက္ခက္ခန္ဓ သုတ်" အရောက်တွင် (ဝေမေသုတ်) အစချီ၍ရွတ်ဆိုလျှောက် ထားအပ်သော အရှင်အာနန္ဒာ၏ဘင်လျှောက်သံဖြစ်လေသည်။

မြန်မာပြန်

"တပည့်တော် အာနန္ဒာသည်၊ ဤယခု လျှောက် တင်အပ်သောအတိုင်း မြတ်စွာဘုရား၏ အထံတော်မှ ကြားနာခဲ့ရပါ၏၊ အခါတပါး၌ မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးသည် ဆောက်လုပ်လှူဒါန်းအပ်သော ဇေတဝန အမည်ရသော ကျောင်း၌ ယာပိုထ်းလေးလီ မျှသီတင်းသုံးရာ အခိုက်အခါ ဖြစ်ပါသည်။

(၂)

ပါဠိတော်

"အထခေါ သမ္ဗဟုလာ ဘိက္ခုပုဗ္ဗဏှသမယံ နိဝါ သေတွာ ပတ္တစီဝရမာဒါယ။လ။ယေန အညတိတ္ထိ ယာနံ ပရိဗ္ဗာဇကာနံ အာရာမော တေနုပ သင်္ကမိ ယျာမှာ"တိ။

မြန်မာပြန်

"ထိုအခါ၊တပါး၌ ပါးသုံးပါးမက များစွာသော ရဟန်းတော်တို့သည်၊ နံနက်အချိန်၌ သင်္ကန်းကို သပ္ပါယ် စွာဝတ်ပြီး၍ သပိတ် သင်္ကန်းတို့ကိုယူလျက်၊ သာဝတ္ထိ ပြည်တွင်းသို့ ဆွမ်းခံရန် အလို့ငှါ ကျောင်းတော်မှထွက်ခဲ့ ကြကုန်ပြီ ထိုသို့ ဆွမ်းခံထွက်ခဲ့ကြသော ရဟန်းတော် တို့အား .

"ငါတို့သည် မြို့တွင်းသို့ ဆွမ်းခံဝင်ရန် အချိန်မှာ စောလွန်းလှပါသေး၏ သို့ဖြစ်၍ ငါတို့သည် သာသနာမှ တပါး တခြားအယူရှိကြကုန်သော ပရိဗိုဇ်တို့၏ကျောင်း၊ တွင်းသို့ ဝင်၍ စကားစမြီ ပြောဆိုနေရပါမူ ကောင်း၊ လေစွ"ဟု အကြံရကြလေသည်။

အဓိပ္ပါယ်ရှင်းလင်းချက်

"မြတ်စွာဘုရား ဇေတဝန်ခေါ် မြတ်ကျောင်းတော်၌ သီတင်းသုံးနေစဉ်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင် တော်မူကြသော ရဟန်းတော်များတို့သည် အစုလိုက်-အတွဲလိုက် ကျောင်းတော်မှ ထွက်လာကြကာ ဆွမ်းခံဝင်ဘို့ ပြင်ဆင်ကြ လေသည်။

ဤ၌ ပါဠိတော်တွင်"သမ္ဗဟုလာ" ဟုဆိုသည်၊ သမ္ဗဟုလာ ဆိုရာတွင် ဝိနည်းပရိယာယ်အရ(၃)ပါးကိုယူရသည်။ (၄)ပါးမှ အထက်ကို"သံဃာ"ဟု သုံးနှုန်းသည်၊ သုတ္တန် ပရိယာယ်အရမှ (၃)ပါးထက်ပိုက"သမ္ဗဟုလာ"ဟု သုံးနှုန်းသည်၊ ဤနေရာတွင် သုတ္တန်အသုံးအနှုန်း နေရာဖြစ်၍ "တပါးနှစ်ပါး၊ သုံးပါးမက များစွာသောရဟန်းတော်တို့သည်"ဟု-ရင်းအဋ္ဌကထာ(၃၅၉) ကိုကြည့်၍ မြန်မာပြန်ဆိုသည်။

ထိုရဟန်းတော်တို့သည် သပိတ်သင်္ကန်းကိုယူ၍ ထွက်လာကြ ပြီးမှ ငါတို့မြို့တွင်းသို့ ဆွမ်းခံဝင်ရန် အချိန်မှာ စောနေသေး သောကြောင့်--- ဇေတဝန်ကျောင်းတော်နှင့် မဝေး၍ ဝင်ရ သွားရ လွယ်ကူသော ပရိဗိုဇ်တို့ ကျောင်းအတွင်းသို့ ဝင်ပြီး၊ စကားစမြီ ပြောဆိုနှုတ်ဆက်အချိန်ဖြုန်းရသော်-ကောင်းမည်ဟု

အကြံဖြစ်ကြသည်ကား.... ထိုတိတ္ထိယခေါ် သာသနာ့ပြင်ဖက် ပရိဗိုဇ်တို့ထံမှ စကားစရလျှင် အမှန်ကို ပြောပြဖြေရှင်းပေးရ သဖြင့် အကျိုးရှိခြင်း၊ ထိုပရိဗိုဇ်တို့၏ စကားသည် ဖြေရှင်း၍ မခနိုင်လောက်အောင် ရှုပ်ထွေးပါကလည်း၊ ဆွမ်းခံဖြန့်တွင်မှ မြတ်စွာဘုရားကို လျှောက်ထားသောအားဖြင့် မိမိတို့အဖို့အလွန် အဖိုးတန်သော အကျိုးတရားများ ရရှိ နေနိုင်သောကြောင့် ဝင်ရန် အကြံဖြစ်လျက် ဝင်ကြခြင်းဖြစ်လေသည်။

## မြတ်စွာဘုရားနှင့်ပရိဗိုဇ်ကျောင်း

ထိုစကားမှန်၏။ မြတ်စွာဘုရားသည်ပင် လျှင် ဆွမ်းခံအံ့သော ငှါ ထွက်ကြွတော်မူလာလျက် ငါကား ဆွမ်းခံဝင်ဘို့ စောသေး၏။ "ဝစ္ဆဂေါတ္တပရိဗိုဇ် နေရာသို့ဝင်၍ စကားပြောရလျှင် ကောင်းပေမည်"ဟုကြံ၍ ဝစ္ဆဂေါတ္တထံဝင်လျက် တရားဟော ကြောင်း(မဇ္ဈိမပဏ္ဏာသပါဠိတော်-၁၄၈)တွင်ဟောထားသည်၊ ၎င်းပြင် မြတ်စွာဘုရားသည်....

ကမ္မာသနိဂုံး ဘာရဒွါဇအနွယ် ပရိဗိုဇ်ပုဏ္ဏားထံသို့ မကြာ ပကြာကြွရောက် စကားစမြီ ဆွေးနွေးပြောဆိုသဖြင့် ၎င်းနှီးကာ ဘုရားရှင်သိတင်းသုံးနေထိုင်ဖို့သီးသန့်မြက်ခင်းပြင်ပန်းခြံကလေး ပင် လှလှပပပြုလုပ်ထားကြောင်း၊ ၎င်းနေရာသို့ ဘာဒွါဇ၏ သူငယ်ချင်း "မာဂဏ္ဍိယပရိဗိုဇ်"လာရောက် စကား ပြောရာမှ၎င်း မြတ်စွာဘုရားနှင့် ဆုံတွေ့ ဆွေးနွေးရာ မာဂဏ္ဍိယပရိဗိုဇ် ရဟန္တာဖြစ်သွားကြောင်း၊ (မဇ္ဈိမပဏ္ဏာသပါဠိတော်-မာဂဏ္ဍိယ သုတ်-၁၆၉)တွင် ရှိပေသည်၊ ထိုနည်း၎င်း အကျိုးရှိမည့်နေရာ တို့သို့ ဘုရားဝင်ရောက်သော ကိစ္စအများအပြားပင်။

## အနာထပိဏ်သူဌေးကြီးနှင့်ပရိဗိုဇ်များ

မြတ်စွာဘုရား သာမက၊ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်စသော အဂ္ဂသာဝကကြီးများ၊ အရှင်မဟာကဿပစသော မဟာသာဝကကြီးများလည်း အခါအခွင့် သင့်သလို ပရိဗိုဇ်တို့နှင့် တွေ့ဆုံ၍ တရားစကား ဆွေးနွေး ကြကြောင်း ဒေသနာတော်တွင် များစွာတွေ့ရသည့်အတိုင်း ပရိဗိုဇ်များ စွာလည်း တရားရကြလေသည်။

ထိုသို့ ပရိဗိုဇ်တို့နှင့် တွေ့ဆုံဆွေးနွေးရာ၌၊ သံဃာတော်များ သာမက မြတ်စွာဘုရား၏ ကျောင်းတကာ အနာထပိဏ်သူဌေးကြီးပင်လျှင် တနေ့သောအခါ နေ့ခင်းအချိန်၌ မြတ်စွာဘုရားကို ဆည်းကပ်ရန် အိမ်မှထွက်လာပြီးမှ-

(အကာလော ခေါ တာဝ ဘဂဝန္တံ ဒဿနာယ)

"ဤယခု ဘုရားကို ဖူးမြင်ဖို့ စောနေပါသေးလား"

(ပဋိသလ္လီနော ဘဂဝါ)

"ဤအချိန်သည် မြတ်စွာဘုရား သက်သာ အနားယူချိန်ဘဲ"

(မနော ဘာဝနီယာနမ္ပိ ဘိက္ခူနံ)

"ရဟန်းတော်တို့သည်လည်း စိတ်အေးချမ်းသာ တရားနှလုံးသွင်းနေတဲ့အချိန်ဘဲ"

(ယံနူနာဟံ ယေန အညတိတ္ထိယာ ပရိဗ္ဗာဇကာနံ အာရာမော တေနုပသင်္ကမေယျံ)

"သို့အတွက် ငါသည် သာသနာမှ တပါးသော အယူရှိသည့် ပရိဗိုဇ်တို့ ကျောင်းသို့ ဝင်ရောက်ရမူ ကောင်းလေစွ ကောင်းမှာဘဲ"

ဟု အကြံဖြစ်လျက် ဝင်ရောက်ကာ တရားဟောခဲ့ကြောင်း... ဆိုဟောခဲ့သော တရားကို မြတ်စွာဘုရားသို့ ပြန်ကြားလျှောက် ထားသောအခါ၊ မြတ်စွာဘုရားက-

"ရဟန်းတို့—ဤဓမ္မဝိနယဟူသော ငါဘုရား သာသနာ တော်၌၊ ရဟန်းပြု၍၊ (ဝါ)တရားရစေကာမူ၊ သာသနာပ ပရိဗိုဇ်တို့ကို အနာထပိဏ်သူဌေးကြီး နှိမ်နင်း၊ ဆုံးမသကဲ့သို့ တရားသဖြင့် နှိမ်နင်းအပ်ကြောင်း" နမူနာထား၍ ဟော ကြားလေသည်။

(အင်္ဂုတ္တရပါဠိတော်၊ ဒသကနိပါတ်၊ ကိုဒိဋ္ဌိကသုတ်၊ ၄၀၆)

အခြားသော ရဟန်းတော်များ၊ စိတ္တသူကြွယ်၊ မဟာနာမ် သာကီဝင်စသော သူအများအပြားပင် ပရိဗိုဇ် ကျောင်းသို့ ဝင်၍ရင်း၊ ပရိဗိုဇ်တို့နှင့်တွေ့ဆုံ၍ရင်း တရားစကားကို ဟော ပြော ဆွေးနွေးသောအားဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိသော ကိစ္စဖြစ်၍ ထိုရဟန်းတော်တို့သည် ပရိဗိုဇ်ကျောင်းသို့ ဝင်ခဲ့ ကြခြင်းဖြစ်လေသည်။

---

## ဆင်တူယိုးမှား-ပရိဗိုဇ်တရား

(၃)

ပါဠိတော်

သာမဏော အာဝုသော ဂေါတမော ကာမာနံ ပရိညံ ပညပေတိ၊ မယမ္ပိ ကာမာနံ ပရိညံ ပညပေမ။လ။ ယဒိဒံ ဓမ္မဒေသနာယဝါ ဓမ္မဒေသနံ အနုသာသနံ ယာဝါ အနုသာသနိန္တိ"

## မြန်မာပြန်

ပရိဗိုဇ်တို့နှင့် တွေ့နေသော ရဟန်းတို့အား ပရိဗိုဇ်တို့က–

"ငါ့ရှင်တို့–သင်တို့ဆရာ ဘုရားသည်၊ ကာမဂုဏ်တို့မှ လွှန်မြောက်ခြင်းကို ပညတ်၏၊ ငါတို့လည်း ကာမဂုဏ်တို့မှလွတ်မြောက်ခြင်းကို ပညတ်ပါ၏၊ ငါ့ရှင်တို့၊ သင်တို့ဆရာ ရဟန်း ဂေါတမသည် အဆင်း(ရုပ်)တို့မှ လွှန်မြောက်ခြင်းကို ပညတ်၏၊ ငါတို့သည်လည်း အဆင်း(ရုပ်)တို့မှ လွှန်မြောက်ခြင်းကို ပညတ်ကြကုန်၏၊ ငါ့ရှင်တို့သင်တို့ဆရာ ရဟန်းဂေါတမသည်၊ ခံစားမှု(ဝေဒနာ)တို့မှ လွတ်မြောက်ခြင်းကို ပညတ်၏ ငါတို့သည်လည်း ခံစားမှု(ဝေဒနာ)တို့မှ လွတ်မြောက်ခြင်းကို ပညတ်ကြကုန်၏၊ ငါ့ရှင်တို့– ဤသို့ ပညတ်ကြရာ၌ သင်တို့ဆရာ ရဟန်းဂေါတမနှင့် ငါတို့၏ ပညတ်ပုံချင်း၊ ဟောပြောပုံချင်း၊ ဆုံးမပုံချင်းသည် ဘယ်နေရာ၌ ဘယ်သို့ထူးခြားသနည်း၊ ဘယ်သို့ခြားနားသနည်း၊ ဘယ်အချက်တွင် ဘယ်သူက သာလွန်သနည်း" ဟု ပြောကြလေသည်။

## အဝိပ္ပါယ်ရှင်းလင်းချက်

"ရဟန်းတော်များအား ပရိဗိုဇ်တို့က ကာမဂုဏ်တို့ကို လွှန်မြောက်အောင်၊ ပယ်နိုင်အောင် အားထုတ်ရသော မြတ်စွာဘုရား၏ တရားလမ်းစဉ်ကို ကြားဖူးနေကြသဖြင့် ဆင်တူယိုးမှားပုံဘူဖမ်းကာ–ရောယောင်၍ ပြောလိုက်ခြင်းဖြစ်သည်၊ ရှေ့တွင် ဆင်ရှားလတ္တံ့။

(၄)

**ပါဠိတော်**

"အထခေါ တေဘိက္ခူ တေသံ အညတိတ္ထိယာနံ ပရိဗ္ဗာဇကာနံ။ လ။ ဘဂဝတော သန္တိကေ တေသ ဘာသိတဿ အတ္ထံ အာဇာနိဿာမာ" တိ။

**မြန်မာပြန်**

"ထိုအခါ ရဟန်းတော်တို့သည် ပရိဗိုဇ်တို့၏ ပြောစကားကိုနှစ်သည်းမနှစ်သက်ကြကုန်ဘဲ၊ ပယ်လည်းမပယ်ခဲ့ကြကုန်ဘဲ၊ မြတ်စွာဘုရား၏ အထံတော်သို့ရောက်၍ လျှောက်ထားကြကာမှ အနက်အဓိပ္ပါယ်ကိုသိကြမှတ်ကြကုန်အံ့ဟု နှလုံးသွင်း၍ နေရာမှထကာ ဖဲခွါခဲ့ကြလေသည်"

**အဓိပ္ပါယ်ရှင်းလင်းချက်**

အမှန်မှာ ပရိဗိုဇ်တို့၏ စကားသည် အသံသာတူ၍ အနက်အဓိပ္ပါယ် အလွန်ကွဲပြားခြားနားကြောင်းကို ရဟန်းအများပင် သိကြလေသည်၊ သို့ရာတွင် မိမိတို့ တတ်သိသမျှ ပြန်ကြားပြောဆိုနေက အငြင်းပွားဖွယ်ရာသာဖြစ်မည်၊ "တိတ္ထိယာနမ အန္ဓသဒိသာ" တို့ ပရိဗိုဇ်တို့ မည်သည် ပညာမျက်စိ မရှိသော အကန်းနှင့်သာတူ၍ ၎င်းတို့နှင့် မိုးငြော ဆွေးနွေးခြင်းဖြင့် အကျိုးမရှိသည်ကို သိမြင်ကြသောကြောင့် ၎င်းတို့၏စကားကို မနှစ်သက်ပါဘဲ၊ မပယ်ပါဘဲနှင့် မြတ်စွာဘုရားကိုသာ လျှောက်ထား၍ အနက်အဓိပ္ပါယ်ကို မှတ်သားနာယူအံ့ဟု ထွက်ခွါခဲ့ကြခြင်းဖြစ်လေသည်။

(ဤသို့ဖြင့် ရဟန်းတော်တို့သည်၊ သာဝတ္ထိ မြို့တွင်းသို့ ဆွမ်းခံဝင်ပြီးနောက်၊ ဆွမ်းစားခြင်းကိစ္စ ပြီးကုန်လတ်သော် မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်ကြကုန်လျက်၊ မိမိတို့၏ ပရိဗိုဇ်တို့နှင့် တွေ့ဆုံသူမှထွက်ခွါခဲ့သည်တိုင်အောင် ဖြစ်ကြောင်း ကုန်စင် လျှောက်တင်ကြလေသည်၊) ထိုအခါ မြတ်စွာဘုရား က....

(၅)

**ပါဠိတော်**

"ဧဝံ ဝါဒိနော ဘိက္ခဝေ အညတိတ္ထိယာ ပရိဗ္ဗာဇကာ ဧဝမဿု ဝစနီယာ။ လ။ အညတြ တထာဂတေန ဝါ တထာဂတ သာဝကေန ဝါ ဣတော ဝါ ပန သုတွာ"

**မြန်မာပြန်**

"ရဟန်းတို့–ဤသို့ ပြောဆိုကြသော အယူဝါဒ ရှိကြကုန်သော ပရိဗိုဇ်တို့ကို...ငါ့ရှင်တို့-ကာမဂုဏ်တို့၏ သာယာဖွယ်ကား အဘယ်နည်း၊ အပြစ်ကား အဘယ် နည်း၊ ထွက်-မြောက်ရာကား အဘယ်နည်း၊ အဆင်း (ရုပ်)တို့၏ သာယာဖွယ်ကားအဘယ်နည်း၊ အပြစ်ကား အဘယ်နည်း၊ ထွက်မြောက်ရာကား အဘယ်နည်း ခံစားမှု(ဝေဒနာ)တို့၏ သာယာဖွယ်ကား အဘယ်နည်း အပြစ်ကား အဘယ်နည်း၊ ထွက်မြောက်ရာကား အဘယ်နည်း"ဟု မေးဖို့ကောင်းသည်၊ ရဟန်းတို့-ဤကဲ့သို့ သင်တို့က မေးမြန်းခဲ့လျှင် ထိုပရိဗိုဇ်တို့သည် ပြည့်စုံ အောင် မဖြေနိုင်ကြကုန်လတ္တံ့၊ အလွန်လျှင် ပင်ပန်း

ဆင်းရဲခြင်းသို့ ရောက်ကုန်လတ္တံ့၊ အလွန်လည်း စိတ်ထိခိုက်ကုန်လတ္တံ့၊ အဘယ့်ကြောင့်နည်းဟူမူ၊ ထိုတရားတို့ကို လွန်မြောက်မှု၊ ပယ်နိုင်မှုသည် ၎င်းတိတ္ထိပရိဗိုဇ်တို့၏ အရာမဟုတ် ရဟန်းတို့ – ဤပြဿနာမျိုး၌ မြတ်စွာဘုရာ ကိုဒင်း၊ ဘုရား၏သာဝကကိုဒင်း၊ ဤတရားမျိုးကို ကြားနာသက်ဝင် သဘောပေါက်ထားသော အရိယာသာဝကကိုဒင်းချန်ထား၍နတ်-မာရ်နတ်-ဗြဟ္မာနှင့်တကွသော အလုံးစုံသော သမဏဗြာဟ္မဏ အမည်ခံသူ ဟူဟူသမျှသည် အနက်အဓိပ္ပါယ်နှင့် ပြည့်စုံစွာ ဖြေကြားနိုင်မည့်သူ တဦးတယောက်မျှ ငါဘုရား မမြင်တော်မမူ”

## ပရိဗိုဇ်တို့သိနိုင်သော တရားမဟုတ်

**အဓိပ္ပါယ်ရှင်းလင်းချက်**

“ရဟန်းတော်များ လျှောက်ထားချက်အရ၊ မြတ်စွာဘုရားက…ရဟန်းတို့-ပရိဗိုဇ်တို့က ဤသို့ မေးသည်ရှိသော် သင်တို့ကလည်း ကာမဂုဏ်တို့၏ သာယာဖွယ်သည် အဘယ်နည်း၊ အပြစ်သည် အဘယ်နည်း၊ ထွက်မြောက်ရာသည် အဘယ်နည်းစသည်ဖြင့် ပြန်လှန်၍ မေးကုန်သော်-ထိုပရိဗိုဇ်တို့သည် မဖြေနိုင်ရုံသာမက စိတ်ပင်ပန်း၊ ကိုယ်ပင်ပန်းဖြစ်၍ အလွန်ဆင်းရဲဒုက္ခရောက်ကုန်ကြမည်၊ အဘယ့်ကြောင့်ဆိုသော်–ဤကာမဂုဏ်ပယ်မှုစသောတရားသည် သာသနာတော်၏ တရားဖြစ်၍ တိတ္ထိတို့၏ အရာမဟုတ်သောကြောင့်တည်း–ဟု မိန့်တော်မူရာ အလွန်ပင် မှန်ကန်လှပေသည်။

ချဲ့၍ဆိုအံ့…ကာမနှင့် ပတ်သက်၍ တိတ္ထိတို့ သာသနာကို မဆိုထားဘိ၊ သာသနာပ ကာလတွင် ကာမတို့ကို လွန်မြောက်ဖို့

ပိုင်းခြားသိဖို့၊ ပယ်နိုင်ဖို့ခဝေးစွ၊ ခေတ္တဖြစ်စေ၊ အတန်ကြာအောင် ဖြစ်စေ(ဝိက္ခမ္ဘန)ခွါထားနိုင်မှုကိုပင် ပဋမစျာန်ရမှ ခွါနိုင်လေသည်။ ရူပ-အရူပစျာန်တို့သည်လည်း ၎င်းတို့၏ အတိုင်းအတာ အရသာ ခွါရုံခွါနိုင်သည်၊ ထိုစျာန်တို့ ပျက်သွားလျှင် ခွါထားသော ကာမတို့ ပြန်ကပ်လာသောကြောင့် များစွာ ဒုက္ခရောက်ကြရသော ဝတ္ထုများ ဇာတ်များ အများအပြားပင်ရှိနေလေရာ ...

ဤပရိဗိုဇ်တို့မှာ–"ဤကား ပဋမစျာန်၊ ဤကား ရူပဘဝ၊ ဤကားအရူပဘဝဟုပဲ မသိကြလေရကား၊ မြတ်စွာဘုရား၏ ကာမကို အနာဂါမိမဂ်ဖြင့် လွန်မြောက်အောင်ပယ်နိုင်ပုံ၊ ရူပ-အရူပကို အရဟတ္တမဂ်ဖြင့်သာ ပယ်နိုင်ပုံဘို့ကို စကားအသံကို အတုလိုက်၍ ငါတို့လည်း ပညတ်ကုန်၏-ငါတို့လည်းပညတ်ကုန်၏ဟု" ဆိုကြသည်မှာ အလွန်ရယ်ဖွယ်ရာသာ ဖြစ်ချေသည်။

ယင်းကဲ့သို့ ဆင်တူယိုးမှား ပုံတူဇမ်၍ ပြောဆို ပြုမူကြမှုသည် ဘုရားရှင်လက်ထက်တော်ကပင် အလွန်များလှ၏။ ပုံစံမှာ မြတ်စွာဘုရားက"ဒုက္ခခပ်သိမ်း ကင်းငြိမ်း၍ နိဗ္ဗာန်ကိုရအောင် ဘုံဘဝ၌ ဖြစ်စေတတ်သော ကံဟောင်း ကံသစ်တို့ကို ပယ်ဖျက်သတ်ဖြတ်အပ်၏"ဟု ဟောတော်မူသည်ကို အတုလိုက်၍ ...

နိဂဏ္ဌတို့သည် နေပူထဲတွင် ကျောက်ဖျာပေါ်၌ မတ်တပ်ရပ်လျက် ကျင့်နေကြသည်ကို မြတ်စွာဘုရား တွေ့ရှိသောအခါ၊ ထိုနိဂဏ္ဌတိတ္ထိတို့ကို မြတ်စွာဘုရားက အဘယ့်ကြောင့် ဆင်းရဲခံ၍ ရပ်နေကြသနည်းဟု မေးသောအခါ နိဂဏ္ဌတို့က–

"ယံပနေတ္ထဘေရဟိ ကာယေန သံဝုတာ ဝါစာယ သံဝုတာ မနသာ သံဝုတာ တံအာယတိံ ပါပဿကမ္မဿ အကရဏံ၊ ဣတိပုရာဏာနံ ကမ္မာနံ တပသာဗျန္တိဘာဝါ

နဝါနံ ကမ္မာနံ အကရဏာ အာယတိံ အနဝဿဝေါ၊ အာယတိံ အနဝဿဝါ ကမ္မက္ခယော၊ ကမ္မက္ခယာ ဒုက္ခက္ခယော၊ ဒုက္ခက္ခယာ ဝေဒနာက္ခယော ဝေဒနာက္ခယာ သဗ္ဗံ ဒုက္ခံ နိဇ္ဇိဏ္ဏံ ဘဝိဿတိ”

(မူလပဏ္ဏာသပါဠိတော်- စူဠဒုက္ခက္ခန္ဓသုတ်-၁၃၀)

“ယခုဘဝ၌ ကိုယ်ဖြင့်ကာယကံကို စောင့်စည်းခြင်း၊ နှုတ်ဖြင့် ဝစီကံကို စောင့်စည်းခြင်း၊ စိတ်ဖြင့်မနောကံကို စောင့်စည်းခြင်းသည်ပင်လျှင် နောက်ဘဝ၌ မကောင်းမှုကို မပြုခြင်းဖြစ်၏၊ ဤသို့လျှင် ကိုယ်ကို အဆင်းရဲခံ၍ကျင့်ခြင်းဖြင့် ကံဟောင်းတို့ ပျက်စီးခြင်း၊ ကံသစ်တို့ကို မပြုခြင်းဖြင့် နောက်ဘဝ မတိုးပွားခြင်းဖြစ်၏၊ နောက်ဘဝ၌ မတိုးပွားခြင်းကြောင့် ကံကုန်၏၊ ကံကုန်ခြင်းကြောင့် ဆင်းရဲဒုက္ခကုန်၏၊ ဆင်းရဲကုန်ခြင်းကြောင့် ဝေဒနာကုန်၏၊ ဝေဒနာ ကုန်ခြင်းကြောင့် သံသရာဆင်းရဲအားလုံးသည် ပျက်ပြုန်းလတ္တံ့”ဟုငါတို့ယုံကြည်ချက်နှင့် လုပ်ကုန်၏ဟုဆိုကြလေသည်။

ဤ၌-အတိတ်ဘဝက ကံတွေ ချေဖျက်ဖို့ ကိုယ်ကိုနှိပ်စက်အားထုတ်ရသည်ဟုဆိုသည်၊ မည်သို့ဆိုစေ-အတိတ်ကံတွေကုန်မှ အနာဂတ်ဘဝတွေ မဖြစ်မှ ကံကုန်မည်၊ ကံကုန်မှ ဒုက္ခကုန်မည်၊ ဒုက္ခကုန်မှ ဝေဒနာကုန်မည်၊ ဝေဒနာကုန်မှ ဆင်းရဲသံသရာအားလုံးပြတ်မည်ဆိုသော စကားသည် သံသရာပြတ်မှုရည်ရွယ်ချက်တူသည်-ပြတ်အောင် လုပ်နည်းလုပ်ဟန် ကွာခြားလေသည်။

ဤလုပ်နည်းလုပ်ဟန် ကွာခြားချက်ကို မလေ့လာ အားမထုတ်သောသူတို့အဖို့တွင် ဘုရားဟောဟုပင် ထင်ကောင်းထင်မည်၊ သာသနာပ ဗါဟိရ တိတ္ထိတို့သည်ရှင်း၊ ထိုတိတ္ထိတို့၏ တပည့်ဘကာ-သာဝကတို့သည်ရှင်း ဤဆင်တူယိုးမှား ၀ရားတို့ကြောင့် တိတ္ထိတို့၏ သာသနာလည်း ရှင်းတို့အသိုင်းအဝိုင်း တပည့်တကာများနှင့် စည်ပင်ထွန်းကားလျက်ပင် ရှိလေသည်။

## ယခုကာလလည်းရှင်းနည်း၊

မြတ်စွာဘုရား၏ သာသနာ အပြင်ဖက် တိတ္ထိတို့ သာသနာ အလုပ်များမှာ မြတ်စွာဘုရား၏ သာသနာအလုပ်နှင့် ဆင်တူယိုးမှား ပြုလုပ်ကြသည်ကို ထားဘိဦး၊ ကျွန်ုပ်တို့၏ မြတ်စွာဘုရား သာသနာတွင်း၌ ကိုးကွယ်ဆည်းကပ် ပြုလုပ်အပ်သော အလုပ်တူပါလျက်၊ မိမိတို့ အလိုရှိသလိုကြံစည်ယူဆ လုပ်ကိုင်ကြသူတို့ ယနေ့ အခြေအနေအရ အလွန် တိုးပွားလျက်ရှိလေသည်။

အထက်ပါ နိဂဏ္ဌတို့ ယူဆအားထုတ်ကြသကဲ့သို့....

(နခေါ် အာဝုသော ဂေါတမ သုခေနသုခံ အဓိဂန္တဗ္ဗံ)

"ငါ့ရှင်-ဂေါတမ၊ ချမ်းသာကို ချမ်းသာသော ကိုယ်နှင့် ရှင်းနိုး၍မရ"

(ဒုက္ခေန ခေါ သုခံ အဓိဂန္တဗ္ဗံ)

"ဆင်းရဲဒုက္ခနှင့် ရှင်းနှိုးမှ ချမ်းသာသော နိဗ္ဗာန်ကို ရမည်"

ယခုအခါ အချို့ တရားအားထုတ်သူတို့ ဤအတိုင်းယူ၍ ဤအတိုင်း အားထုတ်နေကြသည်၊ ဒုက္ခဝေဒနာ အပြင်းအထန် တွေ့လျှင် ချက်ခြင်း နိဗ္ဗာန်ကို ရတော့မည်ဟုထင်၍၊ ကိုယ်ကို

ဝိဘက်ကို ညင်းပန်းနှိပ်စက်၍ ကျင့်နေကြသည်၊ ယခု ဒုက္ခကို ချုပ်အောင် ပြတ်အောင် အကျင့်လုပ်၍ အားထုတ်ထားမှ သေကာနီး ဒုက္ခတွေ့လျှင် ခံနိုင်မည်ဟုဆို၍ ထိုဒုက္ခကို ရှာဖွေ၍ပင် အားထုတ်ကြလေသည် စင်စစ် အထက်ပါစကားမှာ ဘုရားဟောသော မဟုတ် နိဂဏ္ဌတို့ ပြောသော သာသနာပစကား ဖြစ်ကြောင်း ရင်းသုတ် နံပါတ်(၁၃၁)တွင် ဆက်ကြည့်နိုင်သည်။

ထိုသို့မက၊ မဇ္ဈိမပဏ္ဏာသပါဠိတော် ဗောဓိရာဇသုတ်တွင် ဗောဓိမင်းသားက အထက်ပါ နိဂဏ္ဌတို့ စကားမျိုး အတိုင်း....

"နိဗ္ဗာန်ချမ်းသာကို ချမ်းချမ်းသာသာ ရှာ၍မရနိုင်၊
နိဗ္ဗာန်ချမ်းသာကို ဆင်းရဲနှင့် ရင်း၍မှ ရနိုင်မည်"

ဟု ရင်း၏ ရည်မှန်းချက်ကို လျှောက်ထားသည်တွင် မြတ်စွာဘုရားက "ကပိလဝတ်နေပြည်တော်တွင် ကြီးကျယ်သော မင်းစည်းစိမ်ကို ခံစားခဲ့ပြီး တောထွက်ခဲ့ပုံ၊ ထိုနောက် ဥရုဝေလတောတွင် ဒုက္ခဆင်းရဲနှင့် (၆)နှစ် ရင်း၍ ကျင့်သော်လည်း တရားမရပုံ၊ နောက် သေနာနိဂုံးရောက်၍ "သုခ ဒုက္ခ" ချမ်းသာ ဆင်းရဲကို ပယ်ခွါ၍ မဇ္ဈိမပဋိပဒါ မျှတအောင် အားထုတ်မှ တရားရပုံ ပြန်ဟောထားသည်။

(ကျယ်ကျယ်ပြန့်ပြန့်နှင့် အတိအကျ သိလိုသူများ
မဇ္ဈိမပဏ္ဏာသ ပါဠိတော် ဗောဓိရာဇကုမာရသုတ်
၂၇၇ တွင် လေ့လာပါ)

တိတ္ထိပရိဗိုဇ်တို့၏ အဆုံးအမတွင် ဗုဒ္ဓဘုရား၏ အဆုံးအမ အသံမျိုးပါ-သော်လည်း အလုပ် သဘောအားဖြင့် ထိရောက်မှု မရှိခဲ့သော်က၊ အမှန်တရားကို မသိမှုကြောင့် မိမိကိုယ်ကို မိမိ

ညှင်းပန်းနှိပ်စက်သည့် သဘောသို့ ရောက်ကုန်သည်၊ ဗုဒ္ဓသာသနာ အလုပ် အားထုတ်သူတို့သည်လည်း၊ ဝိပဿနာအလုပ်၏ ပရမတ် အာရုံရောက်အောင် မရှုနိုင်မှုကြောင့် လိုအပ်သော တရားလမ်း ကြောင်းသို့ မဝင်မရောက်ဘဲ၊ ပညတ်အာရုံကိုပင် ပရမတ်ထင်၍ ရှုနေတတ်ရာ၊ အရေးကြီးသော သံသရာပြတ်မှု လုပ်ငန်းတွင် ယထာဘူတကျအောင် လေ့လာအပ်လေသည်။

ယခု ပရိဗိုဇ်တို့က–"ကာမဂုဏ်တရားကို ရှင်ဂေါတမလည်း လွန်မြောက်ဖို့ ပညတ်သည်၊ ငါတို့ကသည်း လွန်မြောက်ဖို့ ပညတ်ကုန်၏" ဟုဆိုရာတွင်–

"တထာဂတော ကာမာနံ ပရိညံ အနာဂါမိမဂ္ဂေန
ပညပေတိ၊ ရူပဝေဒနာနံ အရဟတ္တမဂ္ဂေန"
(ဋင်းအဋ္ဌကထာ-၃၅၉)။

"အနာဂါမိမဂ်ဖြင့် ကာမကို ပိုင်ပိုင်သိသဖြင့် ပယ် ကြောင်းကိုပညတ်၍အဆင်း(ရုပ်)ကို ခံစားမှု(ဝေဒနာ) ကို အရဟတ္တမဂ်ဖြင့် ပယ်ကြောင်း ဘုရားရှင် ပညတ် သည်"

ပရိဗိုဇ်တို့သည် လွန်မြောက်ရန် မဆိုထားဘိ၊ လွန်မြောက် ကြောင်း မဂ္ဂင်အလုပ်ကို အလုပ်ဟူ၍ မသိဘဲ၊ ကာမရာဂ ထကြွ ဖြစ်ပေါ်လာမှ ရေငတ်ခြင်း၊ မီးလှူခြင်း၊ ရေစိမ်ခြင်း၊ ဆူးပေါ် အိပ်ခြင်းစသော အာရုံပြောင်းအောင်၊ ခေတ္တ ငြိမ်ဝပ်အောင် ကာကွယ်နေရသည်ကိုပင် "ငါတို့လည်းပညတ်ကုန်၏" ဟုဆိုသော စကားမှာ ပရိဗိုဇ်တို့နှင့် မတန်မရာသော စကားသာဖြစ်ချေသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုကာနီးတွင် ဥပကကြီး၏သား သုဘဒ္ဒ

ပရိဗိုဇ် ရောက်လာလျက် "သာသနာပတွင် ရဟန်းသံဃာများ ရှိပါသလား"ဟူသော အမေးကို ဖြေကြားရာ၌ မြတ်စွာဘုရားက–

"သမဏော နတ္ထိ ဗာဟိယေ"

"သာသနာပတွင် ရဟန်းသံဃာမရှိချေ" တိတ္ထိတို့၏ သာသနာတွင်လည်း ရဟန်းသံဃာမရှိချေ"ဟု ဟော တော်မူသည်၊ အဘယ့်ကြောင့် ဟူမူ–

ပရမတ္ထ ရဟန်းသံဃာဖြစ်အောင်၊ အရိယာဘဝသို့ပို့ဆောင် တတ်သော တရားမှာ(မဂ္ဂင်ရှစ်ပါး)အကျင့်တရားဖြစ်၍၊ ပရိဗိုဇ် တို့ သာသနာတွင် မဂ္ဂင်ရှစ်ပါး အကျင့်တရားမရှိသောကြောင့် ဖြစ်၏။ ထိုမဂ္ဂင်အလုပ်မှ မလုပ်လျှင် "သောတာပန်ဟူသော ပဌမသမဏကို မရအပ်"ဆိုသောကြောင့် ကာမဂုဏ် တရားတို့ကို လွန်မြောက်မှု အနာဂါမ် အဖြစ်ကား အလွန်ဝေးသေးသည်၊ သို့ဖြစ်၍ မြတ်စွာဘုရားသည် "ဤကာမဂုဏ်ကို လွန်မြောက် ကြောင်း ပညတ်ခြင်းသည် ပရိဗိုဇ်တို့၏ အရာမဟုတ်"ဟု ဆို တော်မူခြင်းဖြစ်သည်။

---

## (၆)

**ပါဠိတော်**

"ကောစ ဘိက္ခဝေ ကာမာနံ အဿာဒေါ။ ပဉ္စိမေ ဘိက္ခဝေ ကာမဂုဏာ၊ ကတမေပဉ္စ။လ။ယံခေါ ဘိက္ခဝေ ဣမေပဉ္စ ကာမဂုဏေ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ သောမနဿံ အယံ ကာမာနံအဿာဒေါ"

## ကာမဂုဏ်တို့၏သာယာဖွယ်

**မြန်မာပြန်**

"ရဟန်းတို့- ကာမဂုဏ်တို့၏ သာယာဖွယ်သည် အဘယ်နည်း ရဟန်းတို့-ကာမဂုဏ်တို့သည် ငါးပါးတို့တည်း၊ အဘယ် ငါးပါးတို့နည်းဟူမူ-လိုချင်ဖွယ်၊ နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ်၊ ချစ်ခင်ဖွယ်သဘောရှိ၍ ကာမရာဂနှင့် စပ်သွယ်လျက် တပ်မက်ဖွယ်ဖြစ်သော မြင်သိဖြင့်သိရသောအဆင်း၊ ကြားသိဖြင့်သိရသောအသံ၊ နံသိဖြင့်သိရသောအနံ့၊ လျက်သိဖြင့်သိရသောအရသာ၊ ကိုယ်သိဖြင့် သိရသော အတွေ့အထိ တို့ပင်တည်း။ ရဟန်းတို့ ကာမဂုဏ်တို့သည် ဤငါးပါးတို့ပင်တည်း ထိုငါးပါးတို့တွင် တပါးပါးကို အစွဲပြု၍ ဖြစ်ပေါ်လာသော ချမ်းသာခြင်း၊ ဝမ်းသာခြင်းသည် ကာမဂုဏ် တရားတို့၏ သာယာဖွယ်တည်း"

**အဓိပ္ပါယ်ရှင်းလင်းချက်**

"အာရုံငါးပါး ကာမဂုဏ်တရားဆိုသည်မှာ မြင်တတ်သော မျက်စိသည် မြင်အပ်သော အဆင်းကိုမြင်၏၊ ထိုမြင်ဆဲတွင် အဆင်းကို အစွဲပြု၍ လိုချင်ဖွယ်၊ နှစ်သက်မြတ်နိုးဖွယ်၊ ချစ်ခင်ဖွယ်ဟု ယူမှတ်လျက်၊ ထိုအဆင်းပေါ်၌ ကပ်ငြိသော(ရာဂ)စိတ်ဖြစ်လာသည်၊ ထိုစိတ်သည် ထိုအာရုံဟူသော အဆင်းအား တပ်မက်သောအားဖြင့် အဖန်ဖန် အောက်မေ့ခြင်း၊ မကြာခဏ ကြည့်လိုမြင်လိုသဖြင့် ကြည့်၍ မြင်၍ တိုးပွားလာသော ချမ်းသာခြင်း၊ ဝမ်းသာခြင်းသည် ထိုအခိုက် ထိုခဏ၌ ဖြင်သော မျက်စိအာရုံ ကာမဂုဏ်၏ သာယာဖွယ်တည်း။

(ကျန်သော ၄ ပါးလည်း ဤနည်းတူပင်)။

သာယာဖွယ် ဆိုသည်မှာ - မျက်စိနှင့်အဆင်း တိုက်တွေ့ဆဲကာလ၌ကား၊ နားနှင့်အသံ တိုက်တွေ့ဆဲကာလ၌ကား၊ နှာခေါင်းနှင့်အနံ့ တိုက်တွေ့ဆဲကာလ၌ကား၊ လျှာနှင့်အရသာ တိုက်တွေ့ဆဲကာလ၌ကား၊ ကိုယ်နှင့်အတွေ့ တိုက်တွေ့ဆဲကာလ၌ကားတို့၌ သဘောကျ ကျေနပ်သောအခိုက်သာဖြစ်၍ အလွန် တိုဘောင်းလှသည်၊ သို့ရာတွင် တိုက်တွေ့မိသော ပုဂ္ဂိုလ်တို့ကား .. အမြဲပင် ဆက်၍ဆက်၍ တိုက်တွေ့ပြီး၊ ထိုသာယာဖွယ်ကိုပင် ကြီးထွားအောင် ပြုလုပ်နေကြသည်၊ သို့ကြောင့် မြတ်စွာဘုရားသည် -

"အပ္ပဿာဒါ ကာမာ ဗဟုဒုက္ခာ ဗဟုပါယာသာ အာဒီနဝေါ ဧတ္ထ ဘိယျော" ဟု ဟောတော်မူသည်။

"ကာမာ + ကာမဂုဏ်တို့သည်၊ အပ္ပဿာဒါ + သာယာဖွယ် နည်းကုန်၏၊ ဗဟုဒုက္ခာ-ဆင်းရဲ များကုန်၏၊ ဗဟုပါယာသာ+ပူလောင်မှုများကုန်၏၊ ဧတ္ထ+ဤကာမဂုဏ်ဟူသော တရား၌၊ အာဒီနဝေါ + အပြစ်သည်၊ ဘိယျော လွန်ကဲကုန်၏"

ထိုထိုအဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့တို့ကို "ဝတ္ထုကာမ" ဟု ခေါ်သည်၊ ထိုဝတ္ထုကာမဖြစ်သော အာရုံတခုခုကို သက်ဆိုင်ရာ မျက်စိစသည်ဖြင့် တိုက်တွေ့သောအခါ နှစ်သက်တပ်မက်သော စွဲငြိမှုကို "ကိလေသာကာမ" ဟု ခေါ်လေသည်၊ ယင်းကိလေသာစိတ်ဖြစ်သော အခိုက်တွင် ကာမဂုဏ်၏ သာယာဖွယ်ဖြစ်၍ ဆိုစိဘ်တို့ မပြတ်မပြတ်ဖြစ်အောင် တိုက်ပေးမှု၊ နှလုံးသွင်းမှုတို့ကြောင့် အခိုက်အတံ့ သာယာဖွယ်သည် အကောင်အထည် အသုံးအခဲကြီးအဖြစ် ထင်ရလောက်အောင် ကြီးကျယ်

ပွားများသာလေသည်။ ရင်းသည် ခိုင်မာသော အနှောင်အဖွဲ့ (သံယောဇဉ်)ဖြစ်သာရကား၊ ထိုကာမဂုဏ်ချည်တိုင်မှ မလွတ်နိုင်တော့ပေ၊ စင်စစ်မှာ စိတ္တက္ခဏ တချက်စာမျှသာရှိသေသည်၊ ဝိုအနည်းငယ်မျှသောကာလ ခဏသာယာဖွယ်အတွက် ရင်းနှီးရသော ဆင်းရဲကား ....ရှေ့တွင် လာလတ္တံ့–

---

## ကာမဂုဏ်တို့၏အပြစ်

(၇)

**ပါဠိတော်**

"ကောစ ဘိက္ခဝေ ကာမာနံ အာဒီနဝေါ၊လ။ကာမဟေတု ကာမနိဒါနံ ကာမာဓိကရဏံ ကာမာန မေဝ ဟေတု"

**မြန်မာပြန်**

"ရဟန်းတို့-ကာမဂုဏ်တို့၏ အပြစ်သည်အဘယ်နည်း၊ ရဟန်းတို့-လောက၌ အမျိုးသားသည် လက်ဆစ်ချိုး ရေတွက်ခြင်းအတတ်ဖြင့်ဖြစ်စေ၊ ဂဏန်းသင်္ချာအတတ်ဖြင့်ဖြစ်စေ၊လယ်လုပ်ခြင်း ကုန်သွယ်ခြင်းဖြင့်ဖြစ်စေ၊ နွားကျောင်းခြင်းဖြင့်ဖြစ်စေ၊လက်နက်ကိုင်အမှုထမ်းခြင်းဖြင့်ဖြစ်စေ၊ မင်းမှုထမ်းခြင်းဖြင့်ဖြစ်စေ၊ အခြားတပါးသော အတတ်ဖြင့်ဖြစ်စေ၊ အတတ်ပညာတမျိုးမျိုးဖြင့် အသက်မွေး ဝမ်းကြောင်းရှာရာ၌၊အအေးကို ရင်ဆိုင်ရလျက်၊ အပူကိုရင်ဆိုင်ရလျက်၊ မှက်- ခြင်-ယင်- လေပူ-နေပူ-မြွေ ကင်းတို့၏ အတွေ့အထိကို ခံရလျက်၊ ငတ်မွတ်ခြင်း၊

နှိပ်စက်၍၊ အသက်ကို အသေခံရလျက် အသက်မွေးရ၏၊ ဤသည်ကား ကာမဂုဏ်အရင်းခံ၊ ကာမဂုဏ်လျှင် တည်ရာရှိသော ကာမဂုဏ်တို့ကြောင့် သာလျှင် ဖြစ်သော မျက်မှောက် လက်ငင်းဆင်းရဲရသည့် ကာမဂုဏ်၏ အပြစ်ပေတည်း"

အဓိပ္ပါယ်ရှင်းလင်းချက်

"လောကဉ္စသတ္တဝါတခုဖြစ်လာလျှင် အရုံငါးပါးကာမဂုဏ်တရားအတွက် အနည်းနည်းအဖုံဖုံ ရှာရဖွေရ အသက်မွေးဝမ်းကြောင်းမှုပြုရ၏။ ဂဏန်းသင်္ချာအတတ်ကိုသင်၍၊ ၎င်း အတတ်နှင့် အသက်မွေးရန် အလုပ်လုပ်ရ၏၊ လယ်လုပ်ခြင်း၊ ကုန်ကူးသန်း ရောင်း ဝယ် ခြင်း၊ နွားအငှါးကျောင်းရခြင်း၊ အခစား လုပ်ရခြင်း၊ လက်နက်ကိုင် အမှုထမ်းရခြင်း စသောအားဖြင့် ရေလမ်း၊ ကုန်းလမ်း၊ လေလမ်း ရှောင်နေ၍မရ၊ ချမ်းသည်-ပူသည် ငြင်းနေ၍မဖြစ်၊ မြွေ့ကင်းစသည် ကြောက်နေ၍မပြီး၊ လေပူ-နေပူမခံနိုင်ဆို၍မနေရ၊ ထမင်းဆာသည်၊ ရေငတ်သည်ဟု ရပ်နေ၍လည်းမဖြစ်၊ အသက်ကိုပင် အသေခံ၍ နေ့စဉ်လုပ်ရှားသွားလာ ပြုလုပ်နေသမျှသည် ထိုခေတ္တ သာယာဖွယ်ဖြစ်သည့် အာရုံဝတ္ထု တိုက်ဆိုင်မှုအတွက် မျက်မှောက်ဘဝ ဆင်းရဲရသည့် ကာမဂုဏ်တို့၏ အပြစ်ဟူ၍ ဘုရားဟောသည်။

"ကိစ္ဆော မနုဿ ပဋိလာဘော၊ ကိစ္ဆံမစ္စာနဇီဝိတံ"

ဓမ္မပဒတွင် ဧရကပတ္တ နဂါးမင်းအား ဘုရားက "မနုဿပဋိလာဘော+လူ့အဖြစ်ကိုရခြင်းသည်၊ကိစ္ဆော ငြိုငြင်ပင်ပန်းဆင်းရဲ၏၊ မစ္စာနံ+သတ္တဝါတို့၏၊ ဇီဝိတံ+

အသက်တာရှည်နေနိုင်အောင် ပြုစုလုပ်ကျွေးရခြင်းသည်
ကိစ္စ*+ငြိုငြင်ပင်ပန်းဆင်းရဲလှ၏"

ဟုဟောသည်၊ ငယ်စဉ်ကတည်းက အတတ်ပညာသင်ရ၏၊ အလုပ်လုပ်ဖို့ ဖြစ်၏၊ အဘယ်ကြောင့် အလုပ် လုပ်သနည်း၊ အာရုံငါးပါး ကာမဂုဏ် အတွက်လုပ်သည်၊ ဤကာမဂုဏ် အတွက်ရှာဖွေရသည်မှာ ကာမဂုဏ်အတွက်သာ ဖြစ်သည့်အပြင်၊ မတရား စီးပွားရှာခြင်းသည် အကုသိုလ်နှင့် ရင်းနှီးခြင်းသည် ပို၍ ဆိုးပေသည်။ ဆက်လက်၍ မြတ်စွာဘုရားသည်....

(၈)

ပါဠိတော်

"တဿစေ ဘိက္ခဝေ ကုလပုတ္တဿ ဧဝံ ဥဋ္ဌဟတော
ဃဋ္ဋတော ဝါယမတော။လ။ကာမဟေတု ကာမနိဒါနံ
ကာမာဓိကရဏံ ကာမာန မေဝဟေတု"

မြန်မာပြန်

ရဟန်းတို့- ထိုကာမဂုဏ်တို့အတွက်ပင့်ကူ ရှာဖွေသော အမျိုးသားသည်၊ ဤသို့ထကြွလုံ့လဝီရိယတို့နှင့် စေ့ဆော်အားထုတ် ရှာဖွေပါလျက် မပြည့်စုံငြားအံ့၊ ငါ၏ ထကြွလုံ့လဝီရိယနှင့် ရှာဖွေမှုသည် အချည်းနှီးပင်ဖြစ်၏၊ ငါ၏ ပမ်းသမျှ အကျိုးမဲ့ပါတကားဟု ပူဆွေး၏၊ ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ဘတ်စည်တီး ဆိုမြည်တမ်း၏၊ တွေဝေခြင်းဂျစ်၏၊ ဤသည်လည်း ကာမဂုဏ်တို့ အကြောင်း၊ အရင်းခံကြောင့် မျက်မှောက် လက်ငင်း ဆင်းရဲရသော ကာမဂုဏ်တို့၏ အပြစ်ပေတည်း။"

အဓိပ္ပါယ်ရှင်းလင်းချက်

"ပစ္စည်းဥစ္စာဟူသည် ကြံစည်တိုင်း၊ ရှာဖွေတိုင်း၊ မိမိတို့အလိုရှိသလို ဖြစ်သည်မဟုတ်၊ ရှာဖွေ၍မရလာ မဖြစ်လာပါကလည်း မိမိကျိုးပန်းသမျှ၊ လုပ်အားစိုက်၍ ပြုလုပ်ထားရသမျှအတွက် အားအင်ကုန်ခမ်း စိတ်ညှိုးနွမ်း၍ ပင်ပန်းခြင်း၊ ပူဆွေးခြင်း၊ ယူကျုံးမရ ငိုကြွေးခြင်း၊ မြည်တမ်းရေရွတ်ခြင်း၊ ရင်ပတ်စည်တီး စသော သောက ဒုက္ခတို့ကို ရင်ဆိုင်ကြုံတွေ့တတ်ကြလေသည်။

"ဥစ္စာဟူသည် မျက်လှည့်မျိုး"ဟု သူဟောင်းတို့ ဆိုရိုးစကားအရ၊ ရှာဖွေတိုင်းလည်းမရ၊ ပြုလုပ်တိုင်းလည်းမဖြစ်၊ သင်္ခါရ သဘာဝ အနတ္တသဘောဟူ၍ ရှာဖွေပြုလုပ်သူကမသိသော်လည်း ရှင်းတို့ကား အနတ္တနယ်သားတို့ဖြစ်၍ မစိုးမပိုင် မနိုင်ချေ။

"နဟိ စိန္တာမယာ ဘောဂါ"

"ဘောဂါ+ ဥစ္စာပစ္စည်းမျိုးသည်၊ န စိန္တာမယာ+ ကြံစည်လုပ်ကိုင်တိုင်း မပြီးရာသတည်း"

ဟု နီတိဆိုရိုး စကားမျိုးလည်းရှိပေသည်၊ ဤကဲ့သို့ လုံ့လကြိုးကုတ်၍ အားထုတ်ရှာဖွေပါသော်လည်း အလိုရှိသလို ကိစ္စမပြီးချေက၊ "ငါ့ကိုယ်က ကံမကောင်းလို့"ဟူ၍ မမြင်နိုင်သော အတိတ်ကံကို လုံးဝပုံချလိုက်လေသည်။ ထိုကံဟူသည် အတိတ်ဘဝက မိမိပြုလုပ်ခဲ့ဘူးသည့် ကောင်းမှုကံ (ကုသိုလ်)မကောင်းမှုကံ(အကုသိုလ်)တို့ကို ပြန်လည်သိရှိနိုင်သည်လည်းမဟုတ်၍အတိအကျမသိရဘဲ၊ စိတ်ပြေရုံမျှသာရှိ၏၊ အချို့တို့ကား ထိုကုသိုလ်ကံ အကုသိုလ်ကံဟုပင် မသိဘဲ"အနက်အဓိပ္ပါယ်ကင်းသည့်-ကံ" ဟူသော စကားတလုံးသာမှတ်ပြီး ယူမှားလေရာ၊ ထိုအယူအစွဲကြောင့် မှားယွင်းသော မိစ္ဆာနယ်ဖက် ရောက်သွားလေသည်။

"ကံဟူမူလ၊ သမ္ဘဒ္ဓတို့၊ ဟောပြသည်မှာ၊ အရင်း
သဘာရှင့်၊ ဥစ္စာဘောဂ၊ ဇီဝိတနှင့်၊ သုခပွားရန်၊ ဤလူ့
ဌာန်၌၊ ဉာဏ်ဝီရိယ၊ ပယောဂတည့်။"

ဟု မဃဒေဝလင်္ကာသင်္ချ တွင် မာန်လည်ဆရာတော် ဆိုထား သည်၊ ဆိုလိုရင်းမှာ လူဖြစ်ရန်၊ နတ်ဖြစ်ရန်၊ သတ္တဝါဖြစ်ရန်မှာ အတိတ်က သင်္ခါရကံကြောင့်ဖြစ်လာရသည်မှာ အထင်အရှားပင် ပဋိစ္စသမုပ္ပါဒ်ကပြသည်၊ ကံဟူသည် သတ္တဝါ တမျိုးမျိုး ဖြစ် အောင် ပြုလုပ်ပေးမှုဖြစ်၍၊ သတ္တဝါတခုဖြစ်မှု၌ အရင်းခံမူလ အမှန်ပင်၊ ထိုကံက "သင်္ခါရပစ္စယာဝိညာဏံ၊ နမ်ရုပ်၊သဠာယတန၊ ဖဿ-ဝေဒနာ"ခန္ဓာငါးပါး ဒုက္ခသစ္စာတရားဖြစ်အောင် ပြုလုပ် ပေးလိုက်ပြီးသောအခါ ထိုဖြစ်ရာဘဝ၌ ဥစ္စာပစ္စည်းရမှု၊ ဘေး ရန်ကင်းမှု၊ အသက်ရှည်မှု စသည်ကား ဉာဏ်-ဝီရိယတို့နှင့်ယှဉ်တွဲ ပြုပြင်ပါမှ ဖြစ်မည့်အကြောင်းကို ဖွဲ့ဆိုထားခြင်းဖြစ်လေသည်၊

## ကိုးကွယ်မှုအမျိုးမျိုးနှင့်ကံ

သတ္တဝါတိုင်းတွင် မိမိတို့ ဘာဝအလျောက်၊ အားထားရာ၊ မှီခိုရာ၊ ဆည်းကပ် ကိုးကွယ်ရာကို ရှာရသည်ချည်းဖြစ်၏၊ အနာ ရောဂါဖြစ်နေသော လူနာအား ဆေးဝါးကုသတတ်သော ဆေး ဆရာ၊ ဆရာဝန်သည် ထိုရောဂါနှင့်၏ အားထားရာ၊ မှီခိုရာ၊ ကိုးကွယ်ရာဖြစ်၏၊ အတတ်ပညာ သင်လိုသော တပည့်အတွက် အတတ်ပညာသင်ပေးသော ဆရာသည် ထိုတပည့်၏ အားထား ရာ မှီခိုရာ ကိုးကွယ်ရာဖြစ်၏၊ သံသရာဘေး ငြိမ်းအေးရန်အတွက် သံသရာဒုက္ခမှ လွတ်အောင် ညွှန်ပြပေးသော ဘုရား တရား သံဃာသည် ထိုသံသရာဘေး အေးလိုသောပုဂ္ဂိုလ်၏အားထားရာ မှီခိုရာ ကိုးကွယ်ရာဖြစ်၏၊

ယင်းသို့ အားသားမှု ကိုးကွယ်မှု ပြုကြရာတွင်၊ နေရာဌာန အားလျော်စွာ မဟုတ်တော့ဘဲ၊ အချို့တို့မှာ လူနာအတွက် အားကိုးရ ဆေးဆရာကိုလွှတ်၍ အာရုံငါးပါးဖြင့် ထိတွေ့၍ မရသော "နတ်"စသည်ကို ကိုးကွယ်မှုရှိသည်၊ ဉစ္စာပစ္စည်း ရှာဖွေသူသည် အကြောင်းအမျိုးမျိုးကြောင့် ဉစ္စာပစ္စည်းမပြည့်စုံ၊ ပြုတိုင်းမဖြစ်က ဘုဏ်ဝိရိယ အားမကိုးဘဲ၊ မည်သည့် (ပဉ္စာရုံ) အာရုံငါးပါးနှင့်မျှ ထိ၍ တွေ့၍မရသော နတ်ပူဇော်မှု၊နတ်တင်မှု၊ ကန်တော့ပေးမှုပြုကြလေသည်၊

ယင်းကိစ္စတို့ကား ကံ-ဉာဏ်-ဝိရိယတို့မှ လွန်ထွက်သွားသော အစွန်းရောက်သူတို့ဖြစ်ကြ၏၊ ထိုသူတို့သည် (ကမ္မဿကတသမ္မာဒိဋ္ဌိ)ကံနှင့်ကံ၏အကျိုးကိုပင် ယုံကြည်သောအဆင့်တွင်မရှိတော့ချေ။ အခြားသော ကံ-ဉာဏ်-ဝိရိယ ကိစ္စတို့၌နေရာတွင် နေရာယူ၍ ဝင်လာကြသော ကိုးကွယ်ဆည်းကပ်မှုများသည်၊မိမိတို့၏ သမ္မာဒိဋ္ဌိ အယူကိုပင် ပျက်ပြားစေနိုင်သော သဘောများဖြစ်လေသည်။

ဉစ္စာပစ္စည်းရှာဖွေရာတွင် ရှာတိုင်း မရ၍ရှင်း၊ ပြုလုပ်တိုင်း မဖြစ်၍ရှင်း ပူဆွေးဒုက္ခရောက်ရခြင်းသည် ထိုပစ္စည်းအာရုံကာမဂုဏ်ပင်ရင်းဖြစ်ကြောင်း မြတ်စွာဘုရား ဟောလိုရင်းဖြစ်သည်၊ ထိုကိစ္စမျိုးတွင် တခု အပါအဝင် ဖြစ်သော ပုဏ္ဏားတယောက် အကြောင်းကို ဓမ္မပဒဋ္ဌကထာမှ ကောက်ဆောင် ပြလိုပေသည်။

## ပစ္စည်းမရ-မောင်ဘုကျ

သာဝတ္ထိပြည်နှင့် အလှမ်းကွာသောမြစ်တခု၏ ကမ်းနားတွင် မိစ္ဆာဒိဋ္ဌိ အယူရှိသော ပုဏ္ဏားတယောက်သည်၊ကဆုန်လလောက်တွင် ဤနေရာ၌ စပါးစိုက်မည်ဟူသောအကြံနှင့် ကိုင်းပင် မြက်

ပင်တို့ကို ခုတ်ထွင်ရှင်းလင်းလျက်၊ နေပူရှိန်ရှိန်တွင် မီးတင်ရှို့ကာ လယ်လုပ်ရန်နေရာကို ရှင်းလင်း နေလေသည်၊ မြတ်စွာဘုရားသည်လည်း ဤပုဏ္ဏား၏ မဂ်ဖိုလ်ရလတ္တံ့သော အကြောင်းအထောက်အပံ့ကို ဉာဏ်တော်၌ သိမြင် ထားတော်မူသည်၊ သို့ရာတွင် ဤပုဏ္ဏားသည် ယခုချက်ခြင်း တရားရနိုင်သော အကြောင်းမရှိပေ၊ သူသည် လောဘတဏှာ အလွန်တိုက်တွန်းဦးစီးနေသည်၊ တရားဟောသော်လည်း စိတ်ဝင်စားနိုင်မည် မဟုတ်သည့်အပြင်၊ တရားရနိုင်လောက်သော အထောက်အပံ့ သံဝေဂဉာဏ် တချက်လည်း ထိုပုဏ္ဏား၌မရှိပေ၊ ထိုသံဝေဂဉာဏ်အခြေမခံကလည်း ခန္ဓာ၏ သဘာဝတရားကို ရှာဖွေ တွေ့နိုင်မည် မဟုတ်သဖြင့် သံဝေဂဉာဏ် ရနိုင်လောက်သော အချိန်ကို စောင့်ရဦးမည်ဖြစ်သည်။

သို့ရာတွင် ဤပုဏ္ဏားသည် ဗုဒ္ဓဘုရားကို ကိုးကွယ် ယုံကြည်သူကား မဟုတ်သဖြင့် ချက်ခြင်းတရားဟော၍ မရသည်လည်း တကြောင်းအပါအဝင်ဖြစ်သည်၊ တရားရမည့်သူ ကျွတ်လွတ်မည့်သူတို့အတွက် ဗုဒ္ဓဘုရား၌ တာဝန် ရှိရကား ထိုပုဏ္ဏား၏ မဂ်ဖိုလ်မျိုးစေ့ကို အောင်မာသန်စွမ်းအောင် ပြုလုပ်ပေးရမည့် ဘုရားရှင်သည်၊ မိစ္ဆာဒိဋ္ဌိဖြစ်နေသော ထိုပုဏ္ဏားကို ရှေးဦးစွာ သာမန်ပုဂ္ဂိုလ်တဦး အနေနှင့် သိကျွမ်းမှု-ရင်းနှီးမှုရရန် လိုအပ်ရကား၊၊ ထိုပုဏ္ဏားကို မိတ်ဆွေဖွဲ့၍ ရင်းနှီးမှုကို ရယူရန်အတွက် ပုဏ္ဏား လယ်ရှင်းနေရာသို့ ကြွလာတော်မူပြီးလျှင်—

(ပြဟ္မဏကိံ ကရောသိ)

''ပုဏ္ဏားဘာလုပ်နေသလဲ''

ဗုဒ္ဓဘုရားကပင် စတင်၍ နှုတ်ဆက်စကား ပြောလေရာ၊

နေပူထဲတွင် မီးရှို့နေသော ပုဏ္ဏားက အသံလာရာသို့ ကြည့်သောအခါ၊ ဗုဒ္ဓဘုရားကိုမြင်လေလျှင်—

(ခေတ္တံ ဘော ဂေါတမ သောဓေမိ)
"လယ်လုပ်ဖို့ရှင်းလင်းနေပါတယ်-ရှင်ဂေါတမ"

ဝတ်ကျေ တန်းကျေ နှုတ်ဆက်သူရှိ၍သာ နှုတ်ဆက်ရသည်၊ သူ့အလုပ်ကိုပင်ချက်ခြင်း ပြန်၍ လုပ်သည်၊ ဆက်လက်၍လည်း စကားပြောရန်သူ့မှာအချိန်မရ၊ သို့ဖြင့် ဘုရားရှင်လည်း စကားတလုံး စ,ထားရသည်ကိုပင် သဘောကျလှသည်၊ နောက်လည်း လယ်ယာနှင့်ပတ်သက်သော ကိစ္စအထွေထွေ အလုပ်ရှုပ်လျက်ရှိသည်။

သို့နှင့် ဝါဆိုလလောက် ရောက်သည်တွင် ပုဏ္ဏားလယ်ထွန်လေပြီ ဗုဒ္ဓဘုရားလည်း မပြတ်မပြတ် ဉာဏ်တော်ဖြင့်ခေါ်လာလျက်ရှိရာ၊ တနေ့သော် ထိုပုဏ္ဏား လယ်ထွန်ရာသို့ ဘုရားကြွတော်မူလာပြန်သည်၊ မြတ်ဘုရားလည်း ပုဏ္ဏား၏နောက်ကရပ်လျက်—

(ဗြာဟ္မဏ ကိံ ကရောသိ)
"ပုဏ္ဏား ဘာလုပ်နေသလဲ"

ထုံးစံအတိုင်း စကားတလုံးဘဲ မေးသည်၊ ပုဏ္ဏားလည်း နောက်သို့လှည့်ကြည့်လိုက်သောအခါ၊ ဘုရားကိုတွေ့၍—

(ခေတ္တံ ကသာမိ ဘော ဂေါတမ)
"လယ်ထွန်နေပါတယ်-ရှင်ဂေါတမ"

ဟု တလုံးသာပြောပြီး သူ့ကိစ္စ သူလုပ်မြဲပင် လုပ်နေသည်၊ သူအလုပ်လုပ်ရာသို့ အလုပ်အကိုင် မလုပ်သောသူက စကားလာပြောနေသည်ဟူ၍ပင် ထင်ချင်လည်း ထင်မည်ဖြစ်၍၊ဘုရားလည်း

စကား တလုံးသာ မေးပြီး ပြန်ကြွ ပြန်သည်၊ ဤသို့ဖြင့် ဝါခေါင်လလောက် ရောက်လာသည်၊ ထိုအချိန်တွင် ပုဏ္ဏားမှာ လယ်အတွက် ထွန်ယက်ပြီးပြီဖြစ်၍ စပါးစိုက်ရန်အတွက် ပြင်ဆင် လေပြီ၊ ထိုအကြောင်းကိုသိသော မြတ်စွာဘုရားသည် ပုဏ္ဏား လယ်စိုက်ရာနေရာသို့ ကြွလာလျက်—

(ဗြာဟ္မဏ ကိံ ကရောသိ)

"ပုဏ္ဏား ဘာလုပ်နေသလဲ"

ဟု မေးသောအခါ ပုဏ္ဏားမှာ အခါတိုင်းလို မဟုတ်တော့ဘဲ မျက်နှာရွှင်ပြစွာနှင့်—

(ခေတ္တံ ဝပါမိ ဘော ဂေါတမ)

"လယ်စိုက်နေပါတယ် ရှင်ဂေါတမ"

ဟုပြန်ကြား ပြောဆိုပြီးသောအခါ၊ ဗုဒ္ဓဘုရားလည်း ပြန် လှည့်ကြွတော်မူမည့်ဆဲဆဲ—

ပုဏ္ဏားက—

"အရှင်ဂေါတမ-သင်သည် အကျွန်ုပ် စပါးစိုက်ရန် လယ်ကွင်းရှင်းသောအခါမှစ၍၊ ကျွန်ုပ်ကိုလာမေးသည် နောက်လည်း ဆက်ကာဆက်ကာ လာ၍လာ၍မေးသည်၊ ဤလို တဦးနှင့်တဦးစကားစမြီ ပြောဆိုမှု ရှိသည့်အတွက် ကျွန်ုပ်က အရှင် ဂေါတမကို ခင်မင်ပါသည်၊ အရှင် ဂေါတမကလည်း ကျွန်ုပ်ကို မိတ်ဆွေတယောက်အနေ မှတ်ပါ၊ သို့အတွက် ဤစပါးပင်ဘို့ ကြီးထွား၍ အသီး ရသောအခါ၊ အရှင်ဂေါတမ အတွက်လည်း အချို့ အဝက် ခွဲဝေပေးပါမည်၊ အရှင်ဂေါတမအတွက် ခွဲဝေ မပေးရဘဲ ကျွန်ုပ်မစားပါ"

ဟု ပုဏ္ဏားက ထုတ်ဖော်မိတ်ဖွဲ့သဖြင့်၊ မြွတ်စွာဘုရားလည်း အလွန်ကျေနပ်ပေသည်၊ နောင်အခါတွင် စပါးပင်များအလွန်ကောင်း၍ အသီးများလည်း အလွန်များပြားစွာ သီးလေသည်၊ မြတ်စွာဘုရားလည်း မိတ်ဆွေဖြစ်ပြီးပြီမို့ အချိန်ကိုင့်လင့်ကာ နေတော်မူသည်။

ပုဏ္ဏားလည်း နတ်တော်လရောက်၍၊ စပါးဘို့မှည့်ဝင်းလာသောအချိန်တွင် အလွန်ဝမ်းသာပျော်ရွှင်နေသည်၊ လယ်တွင်းရှိစပါးများ ရိတ်သိမ်းချိန်သို့ပင် ရောက်လေပြီ၊ပုဏ္ဏားမှာ သူ့စပါးတွေကို အရိပ်တကြည့်ကြည့်နှင့် စပါးရိပ်ရမည့်အချိန်ကို လွန်လာသဖြင့် နက်ဖြန်ရိတ်အံ့ဟု ညအခါတွင် စပါးရိတ် ကရိယာတို့ကိုပြင်ဆင်ထားလိုက်၍အိပ်သော်လည်း မပျော်နိုင်ဘဲရှိလေသည်။

ညသန်းခေါင်ကျော် အချိန်လောက်တွင်၊ အခါမဲ့ မိုးကြီးရွာသွန်းလေတော့ရာ မြင်ပြင်တခုလုံးရေပြည့်လျှံသဖြင့် ကမ်းနားတွင်ရှိသော ပုဏ္ဏား၏ လယ်များပေါ် ရေလွှမ်းမိုးရကား၊ ရေပြင်ကျယ်ကြီးဖြစ်သွားလေသည်။

ပုဏ္ဏားမှာ စိုးရိမ်မှုကြီးစွာနှင့် ဘည်လုံး အိပ်မပျော်တော့ပေ၊ နံနက်ပိုးလင်းလျှင် လယ်ရှိရာသို့ ထွက်လာခဲ့ရာ၊ စပါးပင်အားလုံး ရေအောက်သို့ ရောက်နေသည်ကို ကြည့်ပြီး ပြန်လာသောအခါ ဝမ်းတွင်း၌ဖြစ်သော အပူမီးသည် နှိပ်စက်လေတော့သဖြင့် အစာအာဟာရ လုံးဝမစားတော့ဘဲ၊ အခန်းတွင်းသို့ဝင်ပျော်က်....

"ရှင်ဂေါတမသည်- ငါလယ်လုပ်ရန် ရှင်းလင်းသုတ်သင်နေသည်ကစ၍ စကားလာပြောသည်၊ ငါနှင့် မိတ်ဆွေဖြစ်ခဲ့သဖြင့် ဤလယ်မှ ကောက်စပါးတို့ ရလျှင်

အချို့အဝက်ပေးမည်ဟု ငါပြောခဲ့သည်၊ ယခု ငါမပေး
နိုင်တော့၊ ငါ့မှာ အလွန်စိတ်မချမ်းမသာဖြစ်ရပြီ”

ဟု တွေးလျက် ပူဆွေးသည်၊ ငိုကြွေးသည်၊ မြတ်စွာဘုရား လည်း ဤအလုံးစုံကိုသိမြင်ပြီးဖြစ်၍၊ ပုဏ္ဏား သံဝေဂဖြစ်လောက်သောအချိန်ကို စောင့်နေရင်း ဉာဏ်တော်နှင့် ထောက်ချကြည့်လေရာ၊ ပုဏ္ဏား၏အဖြစ်မှန်ကို သိသဖြင့် ချက်ခြင်း ကြွလာတော်မူ၍ ပုဏ္ဏား၏ အိမ်တံခါးဝတွင်ရပ်လေသည်၊ ပုဏ္ဏေးမက ပုဏ္ဏားအား ရဟန်းတပါး အိမ်ရှေ့တွင်ရပ်နေကြောင်းပြောသောအခါ၊ပုဏ္ဏားက လှမ်း၍ကြည့်လေလျှင် ဘုရားရှင်ကိုတွေ့၍“ရှင်မငါ့မိတ်ဆွေကိုခေါ်ပါ”ဟုပြောသဖြင့် ပုဏ္ဏေးမက ဆင်း၍ပင့်ပြီး နေရာပေးပြီးသောအခါ၊ ဘုရားက“ပုဏ္ဏားဘယ်မှာလဲ”ဟု မေးသောအခါ ပုဏ္ဏေးမက“အခန်းတွင်း၌ရှိကြောင်း လျှောက်ရာ၊ ဘုရားက“ခေါ်လိုက်ပါ”ဟု ခိုင်းသောကြောင့် ခေါ်၍ ဘုရားရှေ့တော်သို့ ရောက်သောအခါ။ ဘုရားရှင်က....

(ကိံ ဗြာဟ္မဏ)
“ပုဏ္ဏား ဘာလုပ်နေသလဲ”

ဟုမေးသောအခါ၊ ပုဏ္ဏားက “သူ့လယ်လုပ်ရန် ရှင်းလင်းသည်ကစ၍ အရှင်ဂေါတမ လာရောက်ကြောင်း၊ နောက် မိတ်ဆွေဖြစ်ပြီး၊ ဤလယ်မှ စပါးများရလျှင် အရှင်ဂေါတမကို အချို့အဝက် ပေးမည်ဟု ပြောခဲ့ကြောင်း၊ ယခု မနေ့သက မိုးကြောင့် စပါးပင်အားလုံး ရေအောက် ရောက်သွားသဖြင့် စပါးတစေ့မျှမရတော့၍ သူအလွန် စိုးရိမ်ပူဆွေးကြောင်း ပြောပြသောအခါ၊ ဘုရားက “ပုဏ္ဏား မင်း လယ်လုပ်ရန် ရှင်းလင်း

သည်ကစ၍ ပျက်စီးမည်ကို ငါဘုရားသိခဲ့ကြောင်း၊ သို့ရာတွင် ထိုအချိန်ကတားမြစ်သော်လည်းရမည်မဟုတ်ကြောင်း၊သို့ရာတွင် ယခု စပါးမရတော့သည့်အခါတွင် သင်အစာအာဟာရပင်မစား မသုံးရလောက်သော ကိစ္စသည် အဘယ့်ကြောင့်ဖြစ်သနည်း’ ဟု မေးသောအခါ၊ပုဏ္ဏားက‘မသိကြောင်း-ရှင်ဂေါတမသိရင်ပြော ပါ”ဟုဆိုသောအခါ၊ မြတ်စွာဘုရားက “ငါသိကြောင်း-ဤသို့ စိုးရိမ်ပူဆွေး ငိုကြွေးရလောက်အောင် သေလောက်သော ဘေး ဖြစ်အောင် အခြေအနေသည်လိုချင်မှု(တဏှာ)ကိုအမှီပြု၍ ဖြစ်ရ ကြောင်း၊ ငါဘုရားတို့မှာ လိုချင်မှု (တဏှာ) မရှိတော့သော ကြောင့် သင်ကဲ့သို့စိုးရိမ်မှု ပူဆွေး ငိုကြွေးမှုလည်း မရှိတော့ ကြောင်း၊ သေရလောက်သည့် အစာအာဟာရ ဖြတ်မှုလည်း မရှိတော့ကြောင်း” ဟောတော်မူလိုသောကြောင့်—

> “တဏှာယ ဇာယတီ သောကော၊ တဏှာယဇာယတီ ဘယံ၊ တဏှာယဝိပ္ပမုတ္တဿ၊ နတ္ထိသောကော ကုသော ဘယံ”

ဟူသော ဓမ္မပဒဂါထာကို ဟောတော်မူရာ၊ ဒေသနာတော် အဆုံး၌ ပုဏ္ဏား သောတာပန်ဖြစ်လေသည်။ ဤသို့လျှင် မိမိတို့ လုံ့လကြိုးကုတ်အားထုတ်သော်လည်း ရချင်မှရ၊ ဖြစ်ချင်မှဖြစ် လေသည်၊ မရခြင်း၊ မဖြစ်ခြင်း၊ စိုးရိမ်ခြင်း၊ ပူဆွေးငိုကြွေးခြင်း မြည်တမ်းခြင်းစသော ဒုက္ခအစုစု ဆင်းရဲမှုတို့သည်၊ အာရုံငါးပါး ကာမဂုဏ် တရားလျှင် အရင်းခံ အကြောင်း၊ကြောင့် မျက် မှောက်လက်ငင်း ဆင်းရဲရသည့် ကာမဂုဏ်တို့၏ ဒုပြစ်သာ တည်း။

# ထိန်းသိမ်းမှု-ဒုက္ခမှု

## (၉)

### ပါဠိတော်

"တဿစေ ဘိက္ခဝေ ကုလပုတ္တဿ ဧဝံဥဋ္ဌဟတော ဃဋတော ဝါယမတော။လ။ကာမဟေတု ကာမ နိဒါနံ ကာမာဓိကရဏံ ကာမာန မေဝ ဟေတု"

### မြန်မာပြန်

"ရဟန်းတို့—ထိုကာမဂုဏ်တို့အတွက် ပစ္စည်းဥစ္စာကို ရှာဖွေသော အမျိုးသားသည် ဤသို့ထကြွလုံ့လဝီရိယတို့ကြောင့် အလိုရှိတိုင်းရ၏၊ ထိုအခါ ငါ၏ရရှိသော ဥစ္စာပစ္စည်းတို့ကို မင်းတို့သည်၎င်း၊ ခိုးသူတို့သည်၎င်း၊ မယူနိုင်အောင်၊ မီးတို့သည် မလောင်နိုင်အောင်၊ ရေတို့သည်လည်း မမြုပ် မမျောအောင်၊ မချစ်မနှစ်သက်သော သူတို့သည် မဖျက်ဆီးနိုင်အောင် အဘယ်သို့ ထိန်းသိမ်းစောင့်ရှောက် ရပါမည်နည်းဟု စိုးရိမ်လျက် ပင်ပန်းလျက်၊ ကြောင့်ကြလျက်၊ ပူပန်လျက် နေပါသော်လည်း မင်းတို့သည်လည်း သိမ်းယူအံ့၊ ခိုးသူတို့သော်လည်းခိုးယူအံ့၊မီးသော်လည်းလောင်အံ့၊ ရေသော်လည်းမြုပ်အံ့၊ မချစ်ခင်မနှစ်သက်သူတို့လည်း ဖျက်ဆီးအံ့၊ ထိုအမျိုးသားသည်"ငါ့အား ရှာဖွေ စုဆောင်းထားသော ပစ္စည်းတို့သည် မရှိတော့ပါတကား"ဟု ငိုကြွေး၏၊ ပင်ပန်း၏၊ ရင်ဘတ်စည်တီး မည်တမ်း၏၊ တွေဝေ၏၊ ရဟန်းတို့-ဤသည်လည်း ကာမဂုဏ် ဟူ

သော အကြောင်းခံကြောင့် မျက်မှောက် လက်ငင်း
ဆင်းရဲရသော ကာမဂုဏ်တို့၏အပြစ်ပင်တည်း။"

**အဓိပ္ပါယ်ရှင်းလင်းချက်**

မိမိကိုယ်တိုင် လုံ့လဝီရိယစိုက်ထုတ်လျက် ရှာဖွေစုဆောင်း၍ ရရှိသော ပစ္စည်းစုကို သတ္တဝါတို့၏ စရိုက်သဘောထားအားဖြင့် ချို့ယွင်းပျက်စီးမှုကို အလွန်စိုးရိမ်တတ်သည်၊ ငါ့ပစ္စည်းဥစ္စာတို့ကို မင်းတို့သည်ရင်း၊ ခိုးသူတို့သည်ရင်း သိမ်းယူခြင်းစသည် မဖြစ်ပါစေနှင့်၊ မီးမလောင်-ရေမမျော မည်သည့်နည်းနှင့်မျှ ယုတ်လျော့ခြင်း၊ ပျက်စီးခြင်းမဖြစ်လိုကြပေ၊ မပျက်စီး စေလို ရုံတွင်မကာ၊ တိုးပွားရန်လည်း ကြိုးစား လေသေးသည်၊ ယင်းသို့ မိမိ၏ ပစ္စည်းဥစ္စာစုကို အထိန်းသိမ်းလွန်သူများလည်း "မစ္ဆရိယ" ဟူသော ဝန်တိုခြင်းဖြင့် ဒုက္ခရောက်ကြရလေသေးသည်။ ဤနေရာ၌ အာနန္ဒာသူဌေးကြီးအကြောင်းလည်း သိသင့်လေသည်။

## အာနန္ဒာသူဌေးကြီး၏မစ္ဆရိယ

သာဝတ္ထိပြည်၌၊ ကုဋေလေးဆယ် ကြွယ်ဝသော အလွန်ဝန်တိုသော အာနန္ဒာ သူဌေးကြီးဟူ၍ ရှိလေသည်၊ ၎င်း၌ မူလသိရိဟူသော သားတယောက်ရှိရာ၊ ထိုသားသည် မိမိ စုဆောင်းထားရှိသည့် ပစ္စည်းဥစ္စာတို့ကို သုံးဖြုန်းပစ်မည်ကို အလွန်စိုးရိမ်လှသဖြင့် ၁၅ ရက်တကြိမ်၊ ဆွေမျိုးများကို ခေါ်၍ အမျိုးများကို သက်သေပြုကာ၊ အမျိုးတို့အလယ်၌ ချစ်သား....

"ဣဒံ စတ္တာလီ သကောဋိဒန်၊ ကုဋေ လေးဆယ်
သော ဤပစ္စည်းစုကို။ ဗဟုံ တိ၊ အလွန်များလှပြီဟူ၍။
သညံ၊ မှတ်ထားခြင်းကို။ မာကရိ၊ မပြုလင့်။ ဝိဇ္ဇမာနံ၊

လက်ရှိထင်ရှားသော။ ဓန်၊ ဥစ္စာပစ္စည်းတခုခုကို။ နဒ၊ တဗ္ဗ၊ မပေးမကမ်းအပ်။ နဝဓန်၊ မရရှိသေးသော ဥစ္စာအသစ်ကို။ ဥပ္ပါဒေတဗ္ဗ၊ ရစေဖြစ်စေအပ်၏၊ ဟိသစ္စ၊ ငါပြောသည့် စကား အမှန်အားဖြင့်။ ကေကမ္ပိ၊ တပြားတချပ်လည်းဖြစ်သော။ ကဟာပဏံ၊ အသပြာကို ဝယ၊ ပျက်စီးအောင်။ ကရေန္တဿ၊ ပြုသောသူအား။ နိယတော၊ လုံးဝ ကုန်ခမ်းသွားသည်သာလျှင်တည်း''

တပြားတချပ်မှ သူတပါးကို ပေးလှူအပ်သည် မဟုတ်ဟူ၍ သာလျှင် တနေ့ ၃ ကြိမ်ဆုံးမလေသည်။ သို့ရာတွင် သူ့သားကို မည်သည့်နည်းနှင့်မျှစိတ်မချနိုင်သော လောဘမစ္ဆရိယာ စိတ်သည် နှိုးဆော် တိုက်တွန်းခလေရကား—သူ့သားမသိအောင် ရွှေအိုး ၅ လုံးကို ခြံဝင်းအတွင်း၌ မြှုပ်ထားလေသည်။

နောက်ကာလတွင် ထိုသူဌေးသေလေသောအခါ၊ သာဝတ္ထိမြို့ အဝင် တံခါးဝရှိ စဏ္ဍာလရွာတွင် ပဋိသန္ဓေ နေလေသည်၊ ထိုနေ့၌ပင်၊ သူ့သား မူလသိရိကို ဘုရင်က သူဌေးရာထူး ပေးလေသည်။ အာနန္ဒာသူဌေးလည်း အိမ်ထောင်စု တထောင်နေသော စဏ္ဍာလရွာတွင် ပဋိသန္ဓေနေသော နေ့မှစ၍ ထိုရွာတွင် အငတ်ဘေး ဆိုက်ရောက်လေတော့သည်၊ ယခင်အခါများက တနေ့လုပ် တနေ့စားရုံရသော်လည်း ယခုအခါ အဆာပြေရုံမျှပင် မရနိုင်ကြတော့သောကြောင့် တရွာလုံး အစည်းအဝေးခေါ်ပြီးလျှင်—

"အမှာကံ အန္တရေ ကာဠကဏ္ဏိယာ ဘဝိဘဗ္ဗ"
"ငါတို့အတွင်း၌ လူယုတ်မာတယောက် ရောက်နေပြီထင်တယ်"

ဟု မိမိတို့တွင် မကြုံစဖူးသော တော်မှတ်မှုကို အကြောင်းပြု၍ ဆွေးနွေးကြပြီးလျှင် ရွာကို ၂ ပိုင်းခွဲလိုက်သည်၊ သူ့မိခင်ပါသော အစုမှာ တော်မြင်တော်နေ၍၊ နောက်ထပ် ၂ စုခွဲ၊ နောက်ထပ် ထပ်ပြီး ခွဲထုတ်လေရာ၊ သူ့မိခင်တဦးတည်းသာ နှင်ထုတ်ခံရလေသည်။

သူ့မိခင်လည်း ပင်ပန်းဆင်းရဲစွာ ရွာဖွေ စားသောက်လျက်၊ ၉ လ-၁၀ လရှိလျှင် သားကိုဖွားသည်၊ လက်-ခြေ-မျက်စိ-နားရွက်စသည်တို့သည် ပုံမှန်အတိုင်းမဟုတ်ဘဲ၊ အလွန်စက်ဆုပ်ဖွယ်ချွတ်ယွင်း၍ ပုံမမှန်ဖြစ်နေမှုကြောင့် ''မြေဘုတ်ဘီလူးကဲ့သို့ ၎င်း၊ ပြိတ္တာသဏ္ဍာန်ကဲ့သို့၎င်း ဖြစ်နေသော်လည်း မိခင်ဖြစ်သူကား မစွန့်ပစ်ရက်ဘဲ ဆင်းရဲပင်ပန်းစွာပင် ရွာဖွေကျွေးမွေး၍ အဘော်ပင် ကြီးပြင်းလာသောအခါ၊ ၎င်းလက်ထဲသို့ ခွက်တလုံးကိုထည့်၍''ချစ်သား-ငါ့ခတော့ မင်းကို ဆက်လက်၍ လုပ်မကျွေးနိုင်တော့ပေ၊ ဤမြို့တွင် ထမင်းဟင်း အလိုရှိသူများအတွက် ချက်ပြုတ်လှူဒါန်းသော ဇရပ်များရှိသည် သား သွားတောင်း၍ စားလေလော့''ဟုလွှတ်လိုက်လေသည်။

ထိုသူငယ်လည်း အိမ်စဉ်အတိုင်း လှည့်သည် သွားလေရာ၊ လွန်ခဲ့သော အာနန္ဒာသူဌေးဘဝက နေထိုင်ခဲ့သော လမ်းသို့ ဝင်မိပြီး၊ ၎င်းနေထိုင်ခဲ့သော အိမ်ရှေ့သို့ ရောက်သောအခါ၊ ရုတ်တရက် ''ဇာတိဿရဉာဏ်''ရလာပြီးလျှင် ''ဒါငါ့အိမ်ဘဲ''ဟူသောအသိဖြင့် အိမ်ဝင်းအတွင်းသို့ ဝင်လေသည်၊ အိမ်အပေါ်ထပ်သို့ရောက်ရန် တံခါး၊ ၃ ထပ်ကို အဆင့်ဆင့် ကျော်လွန်၍ ဝင်ရာ တံခါးစောင့်တို့ မသိလိုက်ချေ။

စေတုတ္ထတံခါးဖွင့်၍ အပေါ်သို့ ရောက်သောအခါ မူလသိရှိ

သူဌွေး၏သားငယ်များမြင်၍ ကြောက်လန့်သဖြင့် ငိုယိုကြသော အခါ၊ သူဌွေးအိမ်ရှိ အလုပ်သမားတို့က ထွက်လာကြပြီးလျှင် "လူယုတ်ထွက်သွား"ဟု ပြောဆို ထုထောင်းရိုက်နှက်ကြ၍ အိမ်ပေါက ဆွဲချကာ ခြံဝင်းအပြင်ဖက်ရှိ အမှိုက်ပုံရာ နေရာ၌ ပစ်ချသွားကြကုန်သည်။

မြတ်စွာဘုရားသည်လည်း အရှင်အာနန္ဒာနှင့်အတူ ဆွမ်းခံကြွရင်း... ထိုအမှိုက်ပုံအနီးသို့ ရောက်၍ ရပ်တော်မူလျှင် အရှင်အာနန္ဒာ မေးလျှောက်သောကြောင့် အာနန္ဒာသူဌွေးအကြောင်းကို မိန့်ကြားညွှန်ပြလျက်၊ မူလသီရိ သူဌွေးကို ခေါ်စေ၏၊ ထိုအချိန်တွင် ပရိသတ်ထုကြီး အလွန် ကြီးမားလာလေသည်၊ မြတ်စွာဘုရားသည် မူလသီရိသူဌွေးအား—အမှိုက်ပုံမှလဲနေသောသူကို ညွှန်ပြ၍ -

(ဇာနာသိ တေ)

"ထိုသူကို သိသလား"

(နဇာနာမိ)

"မသိပါ"

ဟု မူလသီရိ သူဌွေးက ဆိုလေသော်—မြတ်စွာဘုရားက-

(ပိတာ တေ အာနန္ဒသေဋ္ဌိ)

"သင့်အဖေ အာနန္ဒာသူဌွေးဘဲ"

ဟု မိန့်တော်မူသော်၊ မူလသီရိသူဌွေးမှာ "ရှင်ဂေါတမသည် တိတ္ထိတို့၏ တပည့်တကာတို့ကို နှိပ်စက်၍ ဆိုသော စကားမျိုးသာဖြစ်၍၊ မည်သည့်နည်းနှင့်မျှ ငါ့အဖေမဟုတ်"ဟု မယုံကြည်ဖြစ်နေသည်ကို သိသော ဘုရားရှင်သည် -

"အာနန္ဒသေဌ်၊ အာနန္ဒာသူဋ္ဌေးကြီး။ တောသင်၏။ ပဌမဟာနိဓိယော၊ သင့်သားမသိအောင်မြှုပ်ထားသော ရွှေအိုးကြီး ၅ လုံးတို့ကို။ ပုတ္တဿ၊ သင့်သားအား။ အာ စိက္ခာဟိ၊ တူးယူနိုင်အောင် ပြောကြားလေလော့"

ဟု ဘုရားမိန့်တော်မူသောအခါ၊ အာနန္ဒာသူဋ္ဌေးသည် လဲ နေရာ အမှိုက်ပုံမှ ထ၍ ခြံဝင်းအတွင်းသို့ ဝင်သွားပြီးလျှင် ရွှေအိုးမြှုပ်ထားသော နေရာတို့ကို ညွှန်ပြ၍ တူးစေရာ၊ ရွှေအိုး ၅ လုံးရသဖြင့် မူလသိရိသူဋ္ဌေးယုံကြည်လျက် မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်သော "သရဏဂုံ" တည်သည့် ဥပါသကာ ဖြစ် သွားလေသည်၊ ထို့နောက် မြတ်စွာဘုရားသည် ငုတ်တုတ်ထိုင် ၍ ငိုင်နေသော အာနန္ဒာသူဋ္ဌေး၏အဖြစ်ကိုညွှန်ပြလျက် ရောက်ရှိ နေသော ပရိသာတ်အား—

"ပုတ္တာမတ္ထိ ဓနမ္မတ္ထိ၊ ဣတိ ဗာလော ဝိဟညတိ၊ အတ္တာဟိ အတ္တနောနတ္ထိ၊ ကုတော ပုတ္တကုတောဓနံ"

"ငါ၌ အားကိုးအားထား ပြုစရာ သားသို့ရှိသည်၊ လိုလျှင်ရအောင် ငါရှာဖွေ စုဆောင်းထားသော ဥစ္စာ ပစ္စည်းတို့ ရှိသည်ဟူ၍ လူမိုက်သည် အားကိုးတကြီး ပြုထားသော ထိုအရှိကပင် ညှင်းဆဲ၏၊ သားသို့ တွယ် တာသောတဏှာ၊ ဥစ္စာပစ္စည်း တွယ်တာသောတဏှာ ကြောင့် နေ့နေ့ညည ရေလမ်း ကုန်းလမ်း လေလမ်း ခရီးကြမ်းတို့ဖြင့်၊ ထိုသားသို့ ဥစ္စာပစ္စည်းအတွက် ဆင်း ရဲခံကာ ရှာဖွေရ၏၊ လယ်သုပ်ခြင်း၊ ကုန်သွယ်ခြင်း စသည်ဖြင့် လုံ့လထုတ်၍ ရှာဖွေ ရခြင်းဖြင့်လည်း ညှင်း ဆဲနှိပ်စက်၏၊ အရေးကြစ် ဖြစ်လာလျှင် မိမိကိုယ်ကိုပင်

မိမိအားကိုးရှိမရ၊ ဘဝ၏ နိဂုံးချုပ်ကာနီး အချိန်တွင် သေအောင်နှိပ်စက်မည့် ဒုက္ခဝေဒနာ တို့သည်၊ မီးအလျှံ တက်သကဲ့သို့ တကိုယ်လုံး ပူအောင် လောင်မြိုက်၏၊ အရိုးကွဲမတတ် ဆင်းရဲတို့ဖြင့် နာကျင်အောင်နှိပ်စက်၏၊ မိမိသည် မိမိကိုယ်ကို တနေ့လျှင် ရေ ၂ ခါချိုးပေး၍ ၃ ကြိမ်မျှ စားဖွယ်သောက်ဖွယ်တို့ဖြင့် ပြုစုလျက်၊ ပန်းနံ့သာလိမ်းပေးရခြင်း၊ ဝတ်ကောင်း စားလှတို့ဖြင့် တင့်တယ်အောင် ပြုပြင် တန်ဆာဆင်ကာ လုပ်ကျွေးခဲ့ပါသော်လည်း၊ အပြုအစုကောင်းသော မိတ်ဆွေတယောက်အနေနှင့် အနာမနှိပ်စက်နိုင်အောင်၊ ဆင်းရဲ မဖြစ်ရလေအောင် မဖြစ်ပါဘဲ၊ တကယ်ပင် သေပေါက် သေဝကျကာမှ မိမိကိုယ်ကိုမိမိပင်အားမထားရကြောင်း သဘောပေါက် နာလည်ကဲ့သော် အပြင်အပဖြစ်သော သားသမီး ဥစ္စာပစ္စည်းတို့သည် အဘယ်မှာ အားကိုးအားထား ဖြစ်နိုင်ပါမည်နည်း''

ဟုလက်တွေ့ကျကျ ဟောတော်မူသည်။

(ဤဂါထာကိုမြန်မာပြန်ရာ၌ ဓမ္မပဒ ဋ္ဌကထာ ပ-၂၉၈။ အဖွင့်ကို ကြည့်၍ပြန်သည်)။

အာနန္ဒာသူဌေးသည် တစုံတခုသော စကားကိုမျှ မပြောမဆိုဘဲ၊ မျက်ရည်သာကျလျက် " ငါသေကာနီးအခါတွင် ခန္ဓာ၌ ရောဂါနှိပ်စက်သည်ကို ခံရကတည်းက ငါ့သားသမီး ဥစ္စာပစ္စည်းတို့ ငါ့ဒုက္ခကို သက်သာအောင် လုပ်နိုင်ဘိုဝေးစွ၊ ငါ့ကိုယ်နှင့် ငါပင် အားကိုးလို့ မရတော့ပါတကား''ဟု သတိပြန်ရလေသည်၊သို့ရာတွင် သတိရသော အချိန်ကား အလွန်နှောင်းသွားပြီ၊

မည်သည့်နည်းနှင့်မျှ ပြန်၍ ပြုပြင် နိုင်သောအချိန် မဟုတ်တော့ပေ။

မြတ်စွာဘုရားသည် ဒေသနာကို အဆုံးသတ်၍ သစ္စာကို ပြတော်မူလိုက်သောအခါ၊ အာနန္ဒာ သူဌေးကြီး၏ "တဖြစ်လဲ" ဘဝကို တွေ့မြင်သိရှိကြသော ရှစ်သောင်း လေးထောင်သော ပရိသတ်သည်၊ ထိပ်လန့် ကြောက်ရွံ့ဖွယ် သံဝေဂဖြစ်ကြ၍၊ ရှစ်သောင်းလေးထောင်စလုံးပင် သောတာပန်စသည် ဖြစ်ကြလေသည်။

မူလသိရိသူဌေးကား သရဏဂုံတည်၍၊ အာနန္ဒာသူဌေးကားရင်း၏ဟိတ်မပြည့်စုံမှုကြောင့် တရားမရသည့်အပြင်၊ ရွှေအိုးကြီး ၅ လုံး ဖေါ်ပေးသော်လည်း၊ ရွှေတရွေးမျှပင် မရဘဲ၊ လောကီလောကုတ္တရာ နှစ်ဖက်စလုံး ရှုံးပေသည်။

ဤသည်လည်း အာရုံ ါးပါး ကာမဂုဏ်တရားကို အရင်းခံ၍ မျက်မှောက် ဘဝမှာပင် ကြုံတွေ့ရသော ကာမဂုဏ်အပြစ်စင်စစ်သာတည်း၊ မိမိ ရှာဖွေရရှိသော်လည်း ကုန်မည်-ခမ်းမည်ကို အလွန်စိုးရိမ်ပြီး၊ မလှူရက်-မဒါန်းရက်နှင့် ဝန်တိုမှုများကာဆင်းရဲရသော ကာမဂုဏ်အပြစ် သက်သက်တည်း။

---

## ရန်စုံ-မာန်စုံ ကာမဂုဏ်

(၁၀)

ပါဠိတော်

"ပုနစ ပရံ ဘိက္ခဝေ ကာမဟေတု ကာမနိဒါနံ ကာမာဓိကရဏံ ကာမာန မေဝဟေတု ရာဇာနောပိ ရာဇူဟိ ဝိဝဒန္တိ၊ လ၊ အယမ္ပိ ဘိက္ခဝေ ကာမာနံ အာဒီနဝေါ

သန္ဓိစ္ဆေဒကော ဒုက္ခက္ခန္ဓော ကာမဟေတု ကာမနိဒါနံ ကာမာဓိကရဏံ ကာမာနမေဝ ဟေတု"

**မြန်မာပြန်**

"ရဟန်းတို့—တဖန် ထို့ပြင်လည်း ကာမဂုဏ် အထောက်အပံ့၊ ကာမဂုဏ် အရင်းခံ၊ ကာမ၏ တည်ရာ ကာမဂုဏ် တို့ကြောင့်သာလျှင် မင်းအချင်းချင်းလည်း ငြင်းခုန်ကြကုန်၏၊ ရေမြေပိုင်နှင်း အစိုးရအချင်းချင်းလည်းငြင်းခုန်ကြကုန်၏၊ပုဏ္ဏားအချင်းချင်း၊ သူကြွယ်အချင်းချင်း၊ သားအမိအချင်းချင်း၊ သားအဖအချင်းချင်း ညီအကို မောင်နှမအချင်းချင်း၊အပေါင်းအဖော်အချင်းချင်းတို့လည်း ငြင်းခုန်ကြကုန်၏၊ထိုသူတို့သည်ငြင်းခုန်ကြရာမှ ရန်ဖြစ်လျက်၊ သဘောကွဲလွဲကြကာ၊ အချင်းချင်း လက်တို့ဖြင့်လည်း ထိုးကြ ရိုက်ကြကုန်၏။ ခဲတို့ဖြင့်၎င်း၊ တုတ်တို့ဖြင့်၎င်း ပစ်ကြ ရိုက်ကြကုန်၏၊ ဓါး၊ လှံ၊ သေနတ် လက်နက်တို့ဖြင့်လည်း ခုတ်ကြထိုးကြ ပစ်ခတ်ကြကုန်၏၊ ထိုသို့ ရန်ဖြစ်ခြင်း ထိုးခုတ် ပစ်ခတ်ကြခြင်းကြောင့်သေခြင်းသို့သော်လည်းရောက်ရာ၏၊သေလောက်သော ဆင်းရဲသို့လည်း ရောက်ရာ၏၊ ရဟန်းတို့—ဤသို့ဖြစ်ရခြင်းသည်လည်း ကာမဂုဏ်အရင်းခံ၊ ကာမဂုဏ် အထောက်အပံ့ တို့ကြောင့် ဖြစ်ရသော မျက်မှောက် ဆင်းရဲအစုဖြစ်သော ကာမဂုဏ်တို့၏အပြစ်တည်း"

**အဓိပ္ပါယ်ရှင်းလင်းချက်**

လောက၌ အာရုံငါးပါးတွင် တပါးပါးကြောင့်၊ တဦးနှင့်အဦး ငြင်းကြ, ခုန်ကြ, စွပ်စွဲကြ, ရိုက်နှိပ်ကြ,ပစ်ခတ်သတ်ဖြတ်ကြ

သည်မှာ အသင်အရှားပင်ဖြစ်၏၊ ထိုခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုန်ခြင်းသည် ထိုကာမတရားတို့ အပေါ်၌"ချစ်ခင်အပ်၊ တွယ်တာအပ်၊ တပ်မက်အပ်"သော တဏှာ အရင်းခံဖြစ်၏၊ ထိုချစ်ခင်မှုသည်–

၁။ "သက်ရှိ(သဝိညာဏက)သတ္တဝါကို ချစ်ခင်မှု"

၂။ "သက်မဲ့(အဝိညာဏက)သင်္ခါရဝတ္ထုဟူသော အသုံးအဆောင်ကို ချစ်ခင်မှု"ဟူ၍ နှစ်မျိုး ရှိလေသည်။

ထိုနှစ်မျိုးတို့တွင် အမှတ် ၁ အရ။ မိမိချစ်ခင်အပ်နှစ်သက်အပ်သော အာရုံဝတ္ထု ကာမစုသည်၊ သူတပါးလက်သို့ ရောက်မည်စိုး၍သော်၎င်း၊ သူတပါးလက်သို့ ရောက်ပြီး ရောက်ဆဲဖြစ်၍သော်၎င်း၊ တစုံတခုသော အကြောင်းကြောင့် ပျက်စီးခြင်း၊ ပျက်စီးဆဲ-ပျက်စီးတော့မည်ဖြစ်၍ သော်၎င်း ထိုအကြောင်းတို့ကြောင့် ကိုယ်ထိလက်ရောက် ပုတ်ခတ်ခြင်း၊ ရိုက်နှက်ထိုးခုတ်ခြင်း၊ ပစ်ခတ်သတ်ဖြတ်ခြင်း၊ ပုံးပြင်ကနွားရောက်ရခြင်း၊ တဦးနှင့်တဦး၊ တအိမ်နှင့်တအိမ်၊ တရွာနှင့်တရွာ၊ တတိုင်းပြည်နှင့်တတိုင်းပြည် စစ်မက်ဖြစ်ကြသည်အထိ ဆိုးရွားလေသည်။

---

## မင်းနှင့်မင်းချင်း-ရန်မကင်း

မိမိတို့ သိုလှောင်တင့်တယ်အပ်သော ကာမ အာရုံတခုခုသို့ တပ်မက်သော ကိလေသာစိတ်ဝင်လာက "ကိလေသာကာမ" ဖြစ်၍၊ ထိုစိတ်မျိုးကင်းသည့်သူ လူအများသို့ ကူးစက်ပြန့်ပွားခိုက်ရန်များလေတော့သည်။

မြတ်စွာဘုရား လက်ထက်တော်တွင် ကပိလဝတ်ပြည်နှင့် ကောလိယနှစ်ပြည်ထောင်တို့၏အကြား ဖြတ်သန်းစီးဆင်းသည့်

(ရောဟိဏီ)ငါးကြင်းမြီးကဲ့သို့ ၂ ခွမြစ်သည်ရှိ၏၊ ထိုမြစ်ကို အမှီ ပြု၍ နှစ်ပြည်ထောင်မှ လယ်ယာ လုပ်သားတို့သည် လယ်ယာ အလုပ်လုပ်ကြသေသည်။

ဤနှစ်ဘွင် မိုးကလည်းနည်းသဖြင့်နယုန်လအခါတွင် စိုက်ပျိုး စဖြစ်သော ကောက်ပင်ငယ်တို့မှာ ရေမရမှုကြောင့် ညှိုးနွမ်း လာသည်ကို မြင်ကြရသော နှစ်ပြည်ထောင်သော လယ်ယာ လုပ်သားတို့သည် အစည်းအဝေးခေါ်၍ တိုင်ပင်ဆွေးနွေးကြရာ တွင်....ကပိလဝတ်ပြည်သား လယ်သမားတို့က—

"ဤမြစ်ရေကို ၂ မြို့သော လယ်ယာသမားတို့ ခွဲဝေ ယူကြလျှင် ငါတို့အားလည်း ပြည့်စုံ လုံလောက်မည် မဟုတ်၊ သင်တို့အားလည်း ပြည့်စုံလုံလောက်မည်မဟုတ် သို့အတွက် ထိုမြစ်ရေကို ငါတို့အား ပေးကြပါ၊ ဤရေ ကိုတကြိမ်သွင်းရလျှင် ငါတို့ ကောက်ပင်တို့မှာ ကောင်း စွာ ကြီးပွား လာနိုင်ပါသည်၊ သို့အတွက် ရေကိုငါတို့ အား ပေးကြပါကုန်"

ဟု ဆိုလေသော်-ကောလိယပြည်သား လယ်သမားတို့ကလည်း—

"ကောင်းပါပြီ ငါတို့က ဤမြစ်ရေကို သင်တို့ လယ် ယာ ကောက်စပါးအတွက် ပေးလိုက်သဖြင့် သင်တို့ စပါးကျေလို့ ကျီကျတို့တွင် ပြည့်နေသောအခါ၊ ငါတို့ က ရွှေနီ-ပတ္တမြားညို-ငွေအသပြာ-ဒင်္ဂါးနက်တို့ကို အိပ် များ ဘောင်းများတွင် ထည့်၍ သင်တို့၏ အိမ်ဝတို့သို့ လှည့်လည်ဝယ်ယူခြင်း မလုပ်နိုင်ပါ၊ သို့အတွက် ရေကို သင်တို့အား မပေးနိုင်"

ဟု ဆို၍ ငြင်းခုန်ကြလေသည်။

သို့ဖြင့် ရေအတွက် အငြင်းပွားကာ စကားများနေကြရာမှ၊ တဖက်မှ လယ်လုပ်သား တယောက်က အခြားဖက်မှ လယ်လုပ်သား တယောက်အား လက်ရောက်ပုတ်ခပ်လိုက်လေသည်၊ အရိုက်ခံရသောသူကလည်း အခြားတယောက်ကို ရိုက်နှက်ပုတ်ခပ်ကြခြင်းဖြင့် ရှုန်းချင်းဆန်ခပ် ဖြစ်နေကြစဉ်တွင် တယောက်နှင့်တယောက် အော်ဟစ်ဆဲဆိုကြလျက်၊ အုပ်ချုပ်သော မင်းသို့ထိအောင် တိုက်ခိုက် ဆဲရေးကြလေသည်၊ ထိုအခါ ကောလိယပြည်သားတို့က —

"တောခွေး-အိမ်ခွေး အစရှိသည်တို့သည်၊ ပိမိတို့၏ အမ-နှမတို့နှင့် အတူတကွပေါင်းသင်းနေထိုင်ကြသကဲ့သို့ သင်တို့၏ မင်းတို့သည်လည်း မိမိတို့၏ နှမတို့နှင့် ပေါင်းသင်းနေထိုင် ကြကုန်သော ကပိလဝတ် ပင်းတို့၏ ဆင်၊ မြင်း၊ ဒိုင်းကာလက်နက်တို့သည်ရင်း၊ ခဲယမ်းမီးကျောက်တို့သည်ရင်း၊ ငါတို့အား ဘာတတ်နိုင်မည်နည်း၊ ငါတို့ ဂရုမစိုက်"

ဟု ထိခိုက် ဆဲရေးကြလေကုန်သည်။ ထိုစကားကိုကြားလျှင် ကပိလဝတ်ပြည်သားတို့ကလည်း ဒေါသအမျက် ထွက်ကြကုန်လျက် —

"အချို့တို့သည် နူနာရှိကုန်သဖြင့် အားထားရာကိုးကွယ်ရာမရှိသောကြောင့် ကလောပင်၏ သစ်ခေါင်းထဲသို့ ဝင်နေသော တိရစ္ဆာန် တို့သည် ထိုကလောပင်အခေါက်ကိုသာ စားနေကြသကဲ့သို့ နူနာရှိသောသူတို့ ကလောပင် အခေါင်း၌ နေကြစဉ် သင်တို့က ခေါ်ဆောင်၍ ပင်းပြုတားသော အနူမင်းတို့၏ ဆင် မြင်း၊

ဒိုင်းဘာ လက်နက်တို့သည်ရှင်း၊ ခဲယမ်းမီးကျောက်တို့သည်ရှင်း၊ ငါတို့အား ဘာတတ်နိုင်မည်နည်း၊ ငါတို့က ဂရုမစိုက်''

ဟု အပြန်အလှန် ပြောဆို ကြပြီးလျှင် အသီးသီး ပြန်ကြကုန်လျက်၊ လယ်ယာ လုပ်ငန်းဆိုင်ရာ အမတ်ဝန်ကြီး တို့သို့ တိုင်ကြား လေသဖြင့် ထိုလမိုင်းဝန်တို့ကလည်း သက်ဆိုင်ရာ မင်းတို့သို့ သံတော်ဦး တင်ကြလေကုန်သည်။

ယင်းသို့လျှင် မင်းတို့အား သံတော်ဦး တင်လိုက်ကြသောကြောင့် ကပိလဝတ် မင်းတို့က ''မိမ်နှမတို့နှင့်အတူ ပေါင်းပေါ်နေထိုင်သော ငါတို့၏ အား–အစွမ်း သတ္တိကို ပြကြရသေးတာပေါ့၊ အားလုံးစစ်တိုက်ရန်အဘွက် ပြင်ဆင်၍ ထွက်ကြ''ဟု အမိန့်ပေး၍ ထွက်ခဲ့ကြလေရာ၊ ကောလိယ မင်းတို့ကလည်း....

''ကလောပင်၌နေပြီး၊ ကလောအခေါက် စားနေရသော အနူတို့၏ အား–အစွမ်းသတ္တိကို သိကြရအောင် ယခုပင် စစ်ဆင်၍ ထွက်ကြ''ဟု အမိန့်ပေး၍ ထွက်လာခဲ့ကြလေရာ၊ ရောဟိဏီမြစ် တဖက်တချက်၌ မျက်နှာချင်းဆိုင် မိကြလေသည်။

ထိုအချိန်တွင် မြတ်စွာဘုရားသည်၊ မဟာဂရုဏာသမာပတ်မှ ထတော်မူ၍၊ လောကကို ကြည့်တော်မူသည်ရှိသော် ၂ ဖက်သော ဆွေတော် မျိုးတော်တို့သည် '' ငါမသွားက ပျက်စီးသေကြေ သွေးချောင်းစီးမည်ကို မြင်တော်မူသည်တဝ၊ ငါဘုရားကြွသွားက ၂ ဖက်သော ဆွေတော် မျိုးဘော်တို့အား ငြင်းခုန်ခိုက်ရန် ငြိမ်းစေဖို့အတွက်(ဖန္ဒနဇာတ်-ပထဝိဥန္ဒြိယဇာတ်-လဋုကိကဇာတ်) ၃ ဇာတ်တို့ကိုဟောအံ့၊ ထိုအခါ ခိုက်ရန်ငြိမ်း၍ အေး

ချမ်းကာ စိတ်သဘော ညီညွတ်ကြသောအခါ၊ ညီညွတ်ခြင်း၏ အကျိုးပြ(ရက္ခဓမ္မဇာတ်-ဝဋ္ဋကဇာတ်) ၂ ဇာတ်တို့ကို ဟောပြီးလျှင်“အတ္တဒဏ္ဍသုတ်”ကို ဆက်လက်ဟောသောအခါ၊ ၂ ဖက်သောမင်းတို့သည် မင်းသား၊ ငယ် ၂၅၀ စီ ရဟန်းပြုရန် ပေးကုန်လတ္တံ့၊ ထိုသူတို့ ရဟန်းပြုပြီးသည်နောက်၊ ရဟန္တာဖြစ်ပြီးသောအခါ၊ မဟာဝုန်တောတွင် ကြီးစွာသော နတ်ဗြဟ္မာစည်းဝေးတရားပွဲကြီး(မဟာသမယ)သည် ဖြစ်လတ္တံ့”ဟုလည်း မြင်တော်မူသောကြောင့်၊ မည်သည့် ရဟန်းတပါးကိုမျှ အသိမပေးဘဲ၊ တကိုယ်တော်ထည်း သပိတ်, သင်္ကန်းတို့ကို ယူတော်မူလျက်၊ ကောင်းကင်ခရီးဖြင့် ကြွလာတော်မူပြီးလျှင် ၂ ဖက်သော မင်းတို့စစ်ပြင်ရာ ရောဟိဏီမြစ်လယ် အထက်ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံး နေတော်မူသည်ရှိသော် ၂ ဖက်သော မင်းတို့သည် မြတ်စွာဘုရားကို တွေ့မြင်ကြရလေသဖြင့်-

“ငါတို့၏ နောင်တော်ကြီး ကြွလာတော်မူသည်၊ ငါတို့သည် နောင်တော်ကြီး ရှေ့မှောက်၌ ဤသို့ လက်နက်ကိုင်ဆောင်ခြင်းငှါမသင့်၊ ရန်သူတို့သည် ငါတို့အားပစ်သော်လည်း ပစ်စေကုန်၊ ထိုးခုတ်သော်လည်း ထိုးခုတ်စေကုန် ငါတို့ ပြန်၍ ရန်မပြုအံ့”

ဟု အသိတရားဖြင့် လက်နက်တို့ကို စွန့်ပစ်ကြလေကုန်ပြီ၊ တဖက်သော မင်းတို့ကလည်း ထိုနည်းအတူ စွန့်ပစ် ကြလေကုန်သည်၊ ထိုအခါမှ ၂ ဖက် မင်းတို့၏အလယ် ကောင်းကင်ထက်မှ မြတ်စွာဘုရားက—

“မင်းမြတ်တို့-ဤနေရာသို့ အဘယ်ကိစ္စနှင့် လာကြကုန်သတည်း”

"မြတ်စွာဘုရား- တပည့်တော်တို့သည် ရေကစားရန်၊ တောကစားရန်၊ မြစ်ကိုကြည့်ရန်၊ တောလည်ရန်၊ ပျော်မြူးရန် လာကြခြင်း မဟုတ်ပါ၊ အဟုတ်အမှန်သော်တား စစ်တိုက်ဖို့ ရောက်လာကြပါသည်ဘုရား"

"ဘာကို အကြောင်းပြု၍ စစ်တိုက်ကြမည်နည်း"

"ရေကိစ္စကို အကြောင်းပြုပါသည်ဘုရား"

"ရေသည် အဘယ်မျှ အဖိုးတန်သနည်း"

"ရေဟူသည် အနည်းငယ်သာ တန်ဖိုး ရှိပါသည်ဘုရား"

"မင်းမြတ်တို့-မြေသည် အဘယ်မျှတန်ဖိုးရှိသနည်း"

"မြေသည် တန်ဖိုးမဖြတ်နိုင်ပါဘုရား"

"မင်းမြတ်တို့-တန်ဖိုးမဖြတ်နိုင်သော မြေကို အစိုးရသော မင်းတို့သည် အဘယ်မျှ တန်ဖိုးရှိသနည်း"

"မြတ်စွာဘုရား မင်းတို့သည် တန်ဖိုး မဖြတ်နိုင်ပါဘုရား"

"မင်းမြတ်တို့-သို့ဖြင့် တန်ဖိုးနည်းသော ရေကို အကြောင်းပြု၍ တန်ဖိုးမဖြတ်နိုင်သော မင်းတို့ကို အဘယ်ကြောင့် ဖျက်ဆီးလိုကြသနည်း၊ ငြင်းခုန်ခြင်း၊ ခိုက်ရန်ဖြစ်ခြင်းဟူသည် သာယာဖွယ်မဟုတ်၊ အကြောင်းမဟုတ်သည်ကို အကြောင်းလုပ်၍ ရန်ပြုမှုကြောင့် ဝက်ဝံနှင့်ကြို့ပင်စောင့် နတ်တို့သည် ဤကမ္ဘာသို့ တိုင်အောင် လိုက်၍ ပျက်စီးကြကုန်ဖူးပြီ"ဟု ဇာတ်ကို ဟောတော်မူသည်။

ထို့နောက် မြတ်စွာဘုရားသည်....

"မင်းမြတ်တို့-တိုင်းပြည်အုပ်ချုပ်သော မင်းတို့မည်သည်၊ တပါးသော ပုဂ္ဂိုလ်၏ စကားမျှဖြင့် အတိအကျ မသိဘဲ၊ ယုံကြည်မှု မပြုကောင်းပေရာ၊ တပါးသူ၏ စကားကို မဆင်မခြင် ယုံကြည်မှုကြောင့် ယုန်ငယ်၏ စကားဖြင့် တောသုံးဆောင်ရှိ သတ္တဝါတို့ မဟာသမုဒ္ဒရာသို့ ပြေးဝင်ဖူးကြကြောင်း"

ဖြင့် ပထဝိဥန္ဒြိယ ဇာတ်ကို ဟောတော်မူပြီးနောက်—

"မင်းမြတ်တို့-တခါတရံ အားနည်းသော သူကိုသော်လည်း မထေမဲ့မြင် မပြုရာ၊ အထင်မသေးရာ၊ အားနည်းသောသူသည်လည်း တခါတရံ အားကြီးသောသူ၏ အင်အားတို့ ဖျက်ဆီးနိုင်ကြောင်းဖြင့် ပ်လုံးငှက်မငယ်သည် အားကြီးသောဆင်ပြောင်ကြီးကို သတ်ဖူးပြီ"

ဟု လဋုကိက ဇာတ်ကို ဟောတော်မူ၍၊ ညီညွတ်ခြင်း၌ အကျိုးရှိ၍ မညီညွတ်ခြင်း၌ အကျိုးပျက်စီးကာ ဆင်းရဲပုံတို့ကို ပြခြင်းငှါ "ရုက္ခမ္မဇာတ်နှင့် ဝဋ္ဋကဇာတ်" တို့ကို ဟောတော် မူပြီးနောက် ခိုက်ရန်ငြင်းခုံခြင်း၌ သာယာဖွယ်တစုံတရာ မရှိပုံတို့ကို ဟောတော်မူရာ၊ ၂ ပြည်ထောင် မင်းတို့သည်...

"ငါတို့၏ အသက်သည် နောင်တော်ကြီး၏ အသက်သာရှိတော့သည်၊ နောင်တော်ကြီး ကြွမလာက၊ ငါတို့၏ အသက်သည် မရှိတော့သည့် အဖြစ်သို့ ရောက်မည်"

ဟု ဝမ်းမြောက် ကျေးဇူးတင်စွာနှင့် တဖက်လျှင် မင်းသားငယ် ၂၅၀ စီ ပေး၍ ရှင်ရဟန်းပြုကာ၊ မဟာဝုန်တောတွင် ရဟန္တာ

ဖြစ်ကြ၍၊ ဘုရားတဆူတသက်တွင် တခါသာ ကြီးကျယ်သော နတ်ပြဟ္မာတို့၏ မဟာသမယနေ့ကြီးဖြစ်သတည်း။

(ဓမ္မပဒ ဌာနထာ ဉာတိကလဟဝူပသမ ဝတ္ထုနှင့် သုတ်မဟာဝါ အဋ္ဌကထာ မဟာသမယအဖွင့်တို့ကို တိုက်ရိုက်မြန်မာပြန် ထည့်လိုက်သည်)။

ဤ၌ အဖိုးမတန်သော ရေအပေါ်တွင် စွဲလန်းတပ်မက် လိုချင်သည့် အတွက်ကြောင့် အဆင့်ဆင့် ခိုက်ရန်ဖြစ်ကြလျက်၊ အုပ်ချုပ်သော မင်းတို့တိုင်အောင် သတ်ဖြတ် တိုက်ခိုက်ကြသည်အထိ ကျယ်ပြန့်သွားရကား .. မြတ်စွာဘုရား ကြွရောက်ဆုံးမလာသည့်အတွက်ကြောင့်သာ တော်တော့သည်၊ သို့မဟုတ်က အာရုံဝတ္ထု တပ်မက်မှု ကာမဂုဏ်သည် လောကအားလုံးကိုပင် ပြောင်စင်အောင် မီးလောင်ပြာချနိုင်ကြောင်း သတိထားဖွယ်ရာပင်။

---

## ကာမအာရုံ-ဆွေ့ဆွေ့ခုန်

အာရုံငါးပါးသည်၊ ခန္ဓာရှိ မြင်တတ်သောသဘော၊ ကြားတတ်သောအဘောစသည့် ကိလေသာ ဖြစ်ရာကို တိုက်တွေ့တိုင်း သတိလွတ်ကင်းသော သတ္တဝါအား အမြင်မှောက်မှား ကိလေသာပွားတော့သည်၊ ထိုအခါ အမြင်အသိမှားရာမှစ၍ ကိလေသာ အဆင့်ဆင့်ဖြစ်ကာ မနာလိုမှု ဝန်တိုမှုတို့သည်လည်း ကပ်၍ပါလာတော့ပေရာ၊ ပဋိစ္စသမုပ္ပါဒ် သံသရာ တပတ်လည်လေတော့သည်၊ ထိုထိုအာရုံတို့သည် စင်စစ် ကိလေသာမဖြစ်ပေ၊ မြင်ရုံနှင့် ကိလေသာ မဖြစ်သေး၊ မြင်သိဖြစ်ပြီး နောက်မှ ကပ်၍ပါလာသော တွယ်တာနှစ်သက် တပ်မက်သည့်"ဆန္ဒရာဂ"သည် ကိလေသာ ဖြစ်လေသည်။

ထိုကိုလေသာကို ကြာကြာ လက်ခံထားကာ လိုချင်မှုတဏှာ ဖြစ်၍မရမနေ စွဲလန်းသော ဥပါဒါန်တို့ ဖြစ်ပြီးလျှင် ရအောင် ပြုလုပ်ကာ ဝဋ်စက်လည်လေသဖြင့် ဆင်းရဲ ကောင်းကောင်း ရောက်တော့သည်။

ရာဇဂြိုဟ်ပြည်တွင် သုမနဟူသော လယ်ပိုင်ရှင် သူဌေးကြီး တဦး၏ အိမ်တွင် ပုဏ္ဏအမည်ရှိသော အခစား လယ်လုပ်သား တဦးသည်၊ ဥတ္တရာဟူသော ဇနီးနှင့် သမီးရှိလေသည်၊ သူတို့သည် သုမန သူဌေးကြီး၏ အိမ်နောက်ဖေးတန်းလျား၌ နေလေသည်။

တနေ့သောအခါ ရာဇဂြိုဟ်ပြည်၌၊ ၇ ရက်တိုင်တိုင် နက္ခတ်ပွဲ သဘင် ကြီးကျယ်စွာ ပွဲလမ်းသဘင် အစုံအလင်ဖြင့် ကျင်းပမည့် အကြောင်းကို မောင်းခပ်၍ ကြေညာလေသည်၊ ထိုအခါ သုမနသူဌေးက မောင်ပုဏ္ဏကိုခေါ်၍....

"နက်ဖြန်-နက္ခတ်ပွဲသို့ ငါတို့သွားမည်၊ သင်သည်လည်း သွားလိုက သွားနိုင်သည်၊ အကယ်၍ "မသွားလိုဘဲ လုပ်ခ ကိုလိုက လယ်ထွန်ပါ" ဟုဆိုရာ....

မောင်ပုဏ္ဏက "အရှင်သူဌေးမင်း-ပျော်ပွဲ ရွှင်ပွဲဆိုသည် မှာ ဥစ္စာပစ္စည်း ရှိသူများအတွက်ပါ၊ ကျွန်တော့အိမ် မှာ နက်ဖြန်ဆန်ပြုတ်ဖို့ပင် ဆန်မရှိသောကြောင့် နက္ခတ် ပွဲသည် ကျွန်တော်တို့အတွက် မဟုတ်ပါ၊ နွားရရင် နက်ဖြန် ကျွန်တော် လယ်ထွန်ပါမည်" ဟု ပြောသော အခါ....

သူဌေးက "သို့ဖြစ်လျှင် သင်အလိုရှိသော နွားတို့ကိုယူ၍ လယ် ထွန်လော့" ဟု ဆိုသောအခါ၊ မောင်ပုဏ္ဏက အင်အားကောင်း

သော နွား ၂ ကောင်ကို ရွေးချယ်၍ နံနက် မိုးမသောက်မီ ထွန်တုံးကို ပြင်ပြီးလျှင် ၎င်း၏ဇနီးအား....

"ရှင်မ-မြို့နေလူတို့သည် ယနေ့ နက္ခတ်ပွဲသို့ သွားကြကုန်ပြီ၊ ငါတို့မှာ အလွန် ဆင်းရဲလှသဖြင့် နက္ခတ်ပွဲသို့ မသွားနိုင်၊ လုပ်ခရအောင် လယ်သွားထွန်အံ့၊ ငါ့အဖို့ ယနေ့ အခြားနေ့များထက်ထမင်း ၂ ဆချက်ယူခဲ့ပါ"

ဟု မှာခဲ့၍ လယ်ထွန်ရန် ထွက်သွားလေသည်။

ထိုနေ့တွင် အရှင်သာရိပုတ္တရာသည် ၇ ရက်ပတ်လုံး နိရောဓ သမာပတ် ဝင်စားနေရာမှ ထသောအခါ "ငါသည် ယနေ့ အဘယ်သူကို ချီးမြှောက်ရပါမည်နည်း"ဟု ဆင်ခြင်လတ်သော် သူဆင်းရဲ မောင်ပုဏ္ဏတို့ကိုမြင်၍"မိမိချီးမြှောက်၍ ဖြစ်နိုင်-မဖြစ်နိုင်" တဖန် ဆင်ခြင်ပြန်သောအခါ၊ ချီးမြှောက်နိုင်ကြောင်း တွေ့သိရသဖြင့် သင်္ကန်းကို ဝတ်ရုံလျက် သပိတ်ကို လွယ်ပြီးလျှင်၊ မောင်ပုဏ္ဏ လယ်ထွန်ရာသို့ ကြွရောက်လော်မူလာသေးသည်။

မောင်ပုဏ္ဏသည်လည်း မထေရ်ကို မြင်သောအခါ၊ လယ်ထွန်သည်ကို ရပ်နားလျက်၊ မထေရ် ရပ်နေရာသို့ လာရောက်၍ ရှိခိုးပြီးလျှင်၊ မျက်နှာ မသစ်ရသေးကြောင်း သိသောအခါ၊ မထေရ်၏ သပိတ်ရေစစ်တို့ကိုယူလျက် အနီးရှိ ရေကန်တွင် ရေ ခပ်ပြီး အနီးရှိ ချုံယ်မှ နွယ်ကို တံပူပြုလုပ်ထား ဆက်ကပ်လေသည်။

အရှင်သာရိပုတ္တရာ ကြံသည်ကား....ငါသည် သူတို့ကို ချီးမြှောက်လိုသော်လည်း သူတို့မှာ သူများ၏ အိမ်နောက်ဖက်တွင် နေရသောကြောင့် အိမ်တံခါးဝတွင် ဆွမ်းရပ်က သူတို့မြင်မည် မဟုတ်ပေ၊ သို့အတွက် သူ၏ဇနီး ဥတ္တရာ ယာဂု လာပို့သော

အခါမှ လမ်းတွင် တွေ့ရန် အချိန် အနည်းငယ်စောင့်ပြီးမှ မြို့ဖက်သို့ ကြွတော်မူလေသည်။

မောင်ပုဏ္ဏဒါဇနီး ဥတ္တရာသည်လည်း နံနက် စောစောကပင် ယာဂုကျို၍ လယ်ထွန်နေသော မောင်ပုဏ္ဏအတွက် ယူလာရာ၊ အရှင်သာရိပုတ္တရာနှင့် လမ်းတွင် တွေ့၍ စဉ်းစားသည်ကား....

"ငါတို့မှာ ဆင်းရဲသွန်းလှသဖြင့် တခါတရံ မထေရ်နှင့် တွေ့၍ လှူလို ပါသော်လည်း လှူစရာမရှိခဲ့၊ လှူစရာ အလှူဝတ္ထု ရှိပါသော်လည်းမထေရ်ကိုမတွေ့၊ ယခုသော် မထေရ်ကိုလဲ ဖူးတွေ့ရသည်၊ အလှူဝတ္ထု ယာဂု ဆွမ်းလည်း အသင့်ရှိနေသည်၊ မထေရ်ကိုတော့ လှူဖြစ်အောင် လှူတော့မည်"

ဟု ဆုံးဖြတ်လျက် ယာဂုအိုးကို ခေါင်းပေါ်မှချလျက် မထေရ်ကို ရှိခိုးပြီးလျှင်....

"အရှင်ဘုရား–တပည့်တော်၏ အလှူကို ယုတ်ညံ့သည်-မြတ်သည်ဟူ၍ သဘောဘော်မထားဘဲ၊ ကျွန်ဖြစ်နေတဲ့ တပည့်တော်တို့အား ချီးမြှောက်သောအားဖြင့် အလှူခံတော်မူပါဘုရား"

ဟု လျှောက်ထားပြီးလျှင် မထေရ်၏ သပိတ်ထည်းသို့ ယာဂုအိုးကို သွန်၍ဆည့်လှူရာ၊ တဝက် ရောက်လျှင် မထေရ်က "တော်လောက်ပြီ"ဟူသော သဘောနှင့် သပိတ်ကို လက်ဖြင့် ပိတ်လိုက်သောအခါ၊ ဥတ္တရာက –

"အရှင်ဘုရား – ဤယာဂုသည် တယောက်စာဖြစ်ပါသည်၊ အရှင်ဘုရားသည် တပည့်တော်တို့ကို ယခုဘဝ

အတွက်သာ မကြည့်ဘဲ၊ နောင်သံသရာအတွက် ငဲ့လျက် ချီးမြှောက်တော်မူပါ”

ဟု ဆိုလျက်၊ ယာဂုအိုးတွင် အကြွင်းအကျန်မရှိအောင် လှူလိုက်လေသည်၊ ထိုသို့ လှူပြီးသောအခါ ဆုတောင်းလိုက်ပုံကား–

(တုမှေဟိ ဒိဋ္ဌ ဓမ္မသော၀ ဘာဂိအသံ)

“အရှင်ဘုရားတို့-သိသောတရား တစိတ်တဖို့ သိရပါလို၏”

(အလွန်ဆင်းရဲ၍ လှူရသော အလှူ ဖြစ်သော်လည်း လူချမ်းသာ-နတ်ချမ်းသာဆု မတောင်းဘဲ၊ မဂ်ဖိုလ်ကို ဆုတောင်းသည်မှာ သတိထားစရာ)။

ယင်းသို့ ဆုတောင်းသောအခါ၊ အရှင်သာရိပုတ္တရာ မထေရ် မြတ်က....

(ဧ၀ံ ဟောတု)

“ဆုတောင်းသည့်အတိုင်း ဖြစ်ပါစေ”

ဟု အနုမောဒနာပြုပြီးလျှင် ကြွသွား၍၊ ရေနှင့် သင့်တော်သော နေရာတွင် ယာဂုဆွမ်းကို ဘုဉ်းပေးတော်မူသည် ဥတ္တရာလည်း အိမ်သို့ အမြန်ပြန်ပြီးလျှင် ဆန်ကိုရှာ၍ ထမင်းကို ချက်ပြီးလျှင် ပြီးချင်း မောင်ပုဏ္ဏထံသို့ အပြေးကလေးပင် လာခဲ့လေသည်။

မောင်ပုဏ္ဏလည်း ပြီးတန်သမျှ လယ်ကိုထွန်၍ နေမြင့် လာသောအခါ၊ အလွန် ဆာလောင်လှသဖြင့် ထွန်ဖြုတ် ပြီးလျှင် သစ်ပင်ရိပ်တွင် ထိုင်နေလေသည် မယား ဥတ္တရာသည်လည်း ထမင်းအိုးကို ရွက်လာရင်း သူ့ကို မျှော်၍ ကြည့်နေသော မောင်ပုဏ္ဏကို မြင်လျှင်“သူ အလွန် ဆာလောင်သဖြင့် ငါရဲ့ အလာကို ကြည့်မျှော်နေသည်၊ ငါရောက်သွားလျှင်—

"မင်း- အလွန် နေမြင့်မှ လာရသလားဟု အမျက်ထွက်လျက်၊ ငါ့ကို ဆဲရေး ရိုက်နှက်က၊ ယနေ့ ငါပြုလိုက်ရသော ကုသိုလ်သည် ဒေါသ ဒေါမနဿအကုသိုလ်ဝင်၍ အချည်းနှီးဖြစ်ရတော့မည်၊ ကြိုတင်၍ ငါပြောအံ့"

ဟု ကြံလျက်....

"အိုကိုပုဏ္ဏ-ရှင် သာဓုသာ ခေါ်ပေတော့၊ နံနက်စောစောက ရှင့်ဖို့ ယာဂုကျိုပြီး ယူအလာ လမ်းတွင် အရှင်သာရိပုတ္တရာ မထေရ်မြတ်နဲ့ တွေ့လို့ လှူလိုက်တယ် အဲလှူပြီးမှ အိမ်ပြန် ထမင်းချက် နေရလို့ နှဲနှဲနှောင်းကျသွားတယ်၊ ရှင်-သာဓုသာ ခေါ်လိုက်ပါ"

ဟု လိမ်မာသော မိန်းမတို့၏ သဘောအတိုင်း ပြောဆိုလိုက်သောအခါ၊ မောင်ပုဏ္ဏကလည်း ဒေါသ မဖြစ်နိုင်ရှာတော့ဘဲ....

"အေး-သာဓု-သာဓု ငါလဲ နံနက် စောစောက အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး ကြွလာလို့ ငါ့မှာ မင်းလို ဝတ္တုစရာက မရှိတာနဲ့ မျက်နှာသစ်တော်ရေနဲ့ တံပူ ကပ်လှူလိုက်တယ်၊ မင်းလဲ-သာဓု ခေါ်ပါအုံး၊ ငါ့ဆီက ကြွသွားပြီး၊ မင်းနဲ့ တွေ့တာဘဲ ဝမ်းသာလိုက်တာ ရှင်မရယ်"

ဟု လင်မယားနှစ်ယောက် ဝမ်းသာအားရ စားသောက်ကြပြီး မောင်ပုဏ္ဏမှာ နေမြင့်မှ ထမင်းစားရသဖြင့် ပင်ပန်းလျက်၊ ဥတ္တရာ၏ ရင်ခွင်၌ အိပ်ပျော် သွားလေသည်၊ ထိုအခါတွင် နံနက်က ထွန်ထားသော ထွန်စာဖတ်မြေကြီးတို့သည် ရွှေကဲ့သို့ ဝင်းဝင်းဝါဝါ ဖြစ်နေလေသည်၊ ခေတ္တမျှ အိပ်ပျော် သွား

သော မောင်ပုဏ္ဏသည် အိပ်ရာမှနိုး၍ ထွန်စာခဲတို့ကို ကြည့်လိုက်သောအခါ၊ ဝင်းဝင်းဝါဝါကို မြင်သဖြင့်—

"ရှင်မ-ငါ့ ထွန် စာ ခဲ တို့ သည် ရွှေ လို လို မျက်စိထဲမှာ မြင်နေသည် ထမင်းစားနောက်ကျလို့ မျက်စိ ပြာနေသလား မသိ" ဟု ပြောသောအခါ၊ မယား ဥတ္တရာ သည် လည်း ထသွား၍ ထရိုက်ကြည့်သောအခါ၊ အမှန်ပင် ရွှေတုံးရွှေခဲတွေ ဖြစ်နေသည်ကို တွေ့ရသဖြင့်—

"ယနေ့-အရှင်သာရိပုတ္တရာကို လှူရသောအလှူသည် ယနေ့ပင် အကျိုးပေးလေပြီ၊ ဤမျှ များပြားသော ရွှေတို့ကို လျှို့ဝှက်ထား၍ ရမည်မဟုတ်"

ဟု ဆို၍ ဥတ္တရာ ယူခဲ့သော ထမင်းအိုးဖြင့် ရွှေတို့ကို အပြည့် ထည့်၍ ဘုရင်ထံပို့ကာ၊ အကျိုး အကြောင်း တင်လျှောက် လေသည်၊ ဘုရင်လည်း လှည်းအစီးတထောင်ကို လွှတ်၍ ရွှေ တို့ကို တင်ဆောင်သယ်ယူစေပြီး၊ နန်းတော်ယင်ပြင်၌ပုံပြီးသော် "ဤမျှ များပြားသော ရွှေသည် ဤရာဇဂြိုဟ်မြို့တွင် မည်သူ့ ထံ၌ ရှိသနည်း" ဟု မေးသောအခါ၊ အမတ်တို့က မည်သူ့ ထံတွင်မှ ဤမျှမရှိကြောင်း လျှောက်တင်ကြသဖြင့် "ဗဟုဓန သေဋ္ဌိနာမ ဟောတု" များစွာ ဥစ္စာရှိသော သူဌေးမင်းဟူ၍ သူဌေးကြီးရာထူးကို ထီးနှင့်တကွ အပ်လေသည်။

ထိုနောက် သူဌေးကြီးဖြစ်သော ပုဏ္ဏက၊ ဘုရင်အား…

"အရှင်မင်းမြတ်—ကျွန်ုပ်သည် ယခုအထိ နေစရာ အိမ်မရှိသေးပါ၊ သူတပါးအိမ်တွင် ကပ်ရပ်နေရပါသည်၊

အကျွန်ုပ်အား အိမ်ဆောက်လုပ်နေထိုင်ရန် မြေနေရာ ပေးသနားပါ”

ဟု လျှောက်တောင်းလေရာ၊ ဘုရင်ကလည်း....

“ထိုသို့ဖြစ်လျှင် ဤချုံနွယ်တို့ ပိတ်ဖုံးလျက်ရှိသော နေရာကို ရှင်းလင်း၍အိမ်ဆောက်လော့၊ ဤနေရာသည် ရှေးသူဌေးတို့ နေသွားသော နေရာတည်း”

ဟု ညွှန်ပြ၍ နေရာပေးလေသည်၊ နေရာရသဖြင့် ချုံနွယ်တို့ ရှင်းလင်းလျက် အိမ်ဆောက်ရန် မြေတူးသောအခါ၊နှုတ်ခမ်းချင်း ထိစပ်နေသော ရွှေအိုးအမြောက်အမြား နောက်ထပ် ရပြန်လေသည်၊ ပုဏ္ဏလည်း အိမ်သစ်တက်မင်္ဂလာ၊ ထီးဖွင့် မင်္ဂလာတို့ ပြုလုပ်တိုင်း ဘုရားအမှူးရှိသော သံဃာတော်များကို လှူဒါန်းလေ့ရှိ၏၊ တခါသော် ဆွမ်းကပ်ပြီး၍ မြတ်စွာဘုရား တရားဟောသည်တွင် ဦးပုဏ္ဏတို့ မိသားစု ၃ ယောက်စလုံး သောတာပန် ဖြစ်ကြလေသည်။

နောက်တချိန်တွင် ရာဇဂြိုဟ် မိစ္ဆာဒိဋ္ဌိ သူဌေးက၊ ဦးပုဏ္ဏ သူဌေးကြီး၏ သမီး ဥတ္တရာနှင့် သူ၏သားကို လက်ထပ်ပေးစားရန် စေ့စပ်၏၊ ၎င်း၏သားသည် မိစ္ဆာဒိဋ္ဌိ ဖြစ်နေသဖြင့် ဦးပုဏ္ဏက ငြင်းပယ်၏၊ သို့ရာတွင် ဦးပုဏ္ဏတို့ သူဌေးကြီး ဖြစ်သည်မှာ ဤသူဌေးအိမ်မှာ နေ၍ ဖြစ်သွားသည်ဟု အခြားသူများကပါ ဝိုင်းဝန်းတိုက်တွန်းကြသဖြင့် သဘောတူ လက်ထပ် ပေးရလေတော့သည်။

ဝါဆိုလပြည့်နေ့တွင် ထိမ်းမြားလက်ထပ်ပေးလိုက်သည်မှစ၍ လင့်အိမ်သို့ လိုက်သွားရသော ဥတ္တရာမှာ“သာသနာတော်ထမ်း

ရဟန်းကိုရင်း၊ ဘိက္ခုနီမကိုရင်း ဆည်းကပ်ခြင်း၊ လှူဒါန်းခြင်း တို့ကိုလည်း မပြုရပေ၊ တရားတော်ကို နာကြားရန်လည်း အခွင့် မရပေ၊ သို့ဖြင့်တော်သလင်းလကွယ်နေ့သို့တိုင် ရောက်သောအခါ၊ အနီးတွင် ရှိသော အလုပ်အကျွေးအား ဥတ္တရာက..

(ဣဒါနိ ကိတ္တကံ အဍ္ဍမာသော အဝသိဋ္ဌော)

"အမတို့–သီတင်းကျွတ်ဖို့ ဘယ်နှစ်ရက် လိုပါသေး သလဲ"

(အဍ္ဍ မာသော အယျေ)

"အရှင်မ–(လခွဲ) ၁၅ ရက်မျှလိုပါသေးတယ်"

ဟု သိရသောအခါ၊ သူ့ဖခင် ဦးပုဏ္ဏထံသို့ စာရေး၍ စေလွှတ် ပုံကား....

"ဖခင်–သမီးအား ဒီလို မိစ္ဆာဒိဋ္ဌိမျိုးဖြစ်တဲ့ အိမ်တွင် မှအဘယ့်ကြောင့် ဆောင်နှင်းထားရပါသလဲ၊ လက္ခဏာ ဖတ်တာတ်တဲ့ ပုဏ္ဏားတွေက သူများအိမ်မှာ ကျွန်ဖြစ်မယ် လို့များ ဟောသလား၊ ကျွန်အဖြစ်ကမှ သက်သာပါ သေးတယ်၊ ဒီအိမ်ကို ရောက်တဲ့နေ့ကစပြီးတော့ ရဟန်း သံဃာဆိုလို့လဲ တခါမျှ မဖူးရ၊ အလှူဒါနလဲ တခါမျှ မပြုရသည့်အတွက် သေရတာက ကောင်းပါသေးတယ်"

ဟု စာရေးလိုက်သည်တွင် သမီးစာကိုဖတ်၍ စိတ်မကောင်း ဖြစ် နေသော ဦးပုဏ္ဏသူဌေးကြီးက—

(ဒုက္ခိတာ ဝတ မေ ဓီတာ)

"ငါ့သမီးလေး–စိတ်ဆင်းရဲ နေပါပကော"

ဟု ညီးတွားပြီးလျှင် စာပြန်ရေးလိုက်သည်ကား—

တာတ၊ ချစ်သမီး။ ဣမသ္မိံ နဂရေ၊ ဤရာဇဂြိုဟ်မြို့၌။ သိရိမာနာမ၊ သိရိမာအမည်ရှိသော။ ဂဏိကာ၊ ပြည့်တန်ဆာမသည်။ အတ္ထိ၊ ရှိ၏။ ဒေဝသိကံ၊ တနေ့အတွက်လျှင်။ သဟဿံ၊ အသပြာတထောင်ကို။ ဂဏှာတိ၊ ယူ၏။ ဣမေဟိကဟာပဏေဟိ၊ ဤ ၁၅ ရက်အတွက် အသပြာ တသောင်းငါးထောင်တို့ဖြင့်၊ တံ၊ ထိုသိရိမာကို။ အာနေတွာ၊ ခေါ်ဆောင်၍။ သာမိကဿ၊ မင့်သခင်လင်ယောကျ်ား၏။ ပါဒပရိစာရိကံ၊ ခြေရင်းအလုပ်အကျွေးကို။ ကတွာ၊ သမီးကိုယ်စား ထားသည်ကိုပြု၍။ သယံ၊ သမီးကိုယ်တိုင်။ ပုညာနိ၊ ကုသိုလ်ကောင်းမှုတို့ကို။ ကရောတု၊ ပြုလေတော့”

ဟု စာနှင့် ငွေတသောင်းငါးထောင်ပို့လွှတ်လေသည်၊ ဖခင်ထံမှ စာနှင့်ငွေ ရလျှင်ရခြင်း ဥတ္တရာသည် သိရိမာကို ချက်ခြင်းခေါ်စေပြီး—

“အဆွေတော်—ဤငွေ တသောင်း ငါးထောင်ဖြင့် သီတင်းကျွတ်လပြည့်နေ့အထိ ၁၅ ရက်တိုင်တိုင် ကျွန်မ၏ အရှင်ကို ပြုစုပေးပါ၊ ကျွန်မရဲ့ကိုယ်စားဖြစ်တဲ့အတွက် လုံးဝတာဝန်ယူစေလိုပါတယ်”

ဟု ပြောသောအခါ “ကောင်းပါပြီ သူဌေးကတော်”ဟု ဝန်ခံကာ၊ လင်မောင် သူဌေးသားထံ အပ်နှံရန်အတွက် ၂ ယောက်သား သူဌေး၏ အခန်းတွင်းသို့ ဝင်လာကြလေရာ၊ လင်တော်မောင် သူဌေးသားမှာ အံ့သြစွာနှင့်ကြည့်နေပြီးမှ—

(ကိ ံ ကဒ ံ)

"ဥတ္တရာ—သူက ဘာလဲ၊ ဘာကိစ္စလဲ"

ဟု မေးလေရာ၊ ဥတ္တရာက....

"အရှင့်သား—သူကတော့ ကျွန်မသူငယ်ချင်းမ သီရိမာပါ၊ ယနေ့ကစပြီး ၁၅ ရက်တိုင်တိုင် အရှင်သူဌေးသား၏ ခြေရင်းအလုပ်အကျွေး ကိစ္စအားလုံးကို ကျွန်မကိုယ်စား ဆောင်ရွက်ပါလိမ့်မယ်၊ ကျွန်တော်မကတော့ ၁၅ ရက်လုံးလုံး-ဒါနံ၊ အလှူကိုလဲ။ ဒါတုကာမာ၊ ပေးလှူလိုပါတယ်။ ဓမ္မဥ္စ၊ တရားတော်ကိုလဲ။ သောတုကာမာ၊ နာကြားလိုပါတယ်"

ဟု ပြောလိုက်သောအခါ၊ သီရိမာ၏ ရူပါရုံအလှကို မြင်ရသော သူဌေးသားမှာ နှစ်သက်သဘောကျလှသည်ဖြစ်၍....

(သာဓုတိသမ္ပဋိစ္ဆိ)

"ကောင်းပါပြီဟူ၍ ဝန်ခံလိုက်တော့၏"

ဥတ္တရာသည်လည်း ဘုရားအမှူးရှိသော သံဃာတော်တို့အား "အရှင်ဘုရားများ ယနေ့မှစ၍ အခြားမှာ ဆွမ်းမခံတော့ဘဲ၊ တပည့်တော်၏ ဆွမ်းကိုသာ အလှူခံတော်မူကြပါကုန်ဘုရား" ဟု ပင့်လျှောက် ပြီးလျှင်၊ မြတ်စွာဘုရားအား " ယနေ့မှစ၍ ၁၅ ရက် မဟာပဝါရဏာ တိုင်အောင် မြတ်စွာဘုရားအား တပည့်တော် ဆွမ်းကိစ္စ ပြုလုပ် ဆောင်ရွက်လိုပါသည်။ တရားတော်ကိုလဲ နာကြားလိုပါသည်ဘုရား" ဟု လျှောက်ထားလေရာ မြတ်စွာဘုရား လက်ခံလိုက်သည်ဖြစ်၍၊ အိမ်သို့ အမြန်ပြန်လာပြီးလျှင် မီးဖိုဆောင်သို့ဝင်၍....

"ဝေ၊ ဤသို့ဤပုံ။ ယာဂုံ၊ ယာဂုကို။ ပစထ၊ ကျိုကြ ချက်ကြပါကုန်"

"ဝေ၊ ဤနည်းဤပုံ၊ပူဝေ၊ မုန့်တို့ကို။ ပစထ၊ကြော် ကြ ဖုတ်ကြ ပါကုန်ဟု ပျော်ပျော်ရွှင်ရွှင် ပြေးလွှားစီမံ နေလေသည်။

သို့ဖြင့် ဥတ္တရာ လှူဒါန်းခဲ့သည်မှာ ၁၄ ရက်ရှိပေပြီ၊ နက်ဖြန်တရက်သာကျန်သည်တွင် သူဌေးသားသည်တိုက်အပေါ်ထပ် ပြူတင်းပေါက်မှအောက်ဖက်မီးဖိုဆီသို့ငုံ့ကြည့် လိုက်သောအခါ ချွေးတွေရွဲရွဲစိုလျက်၊ ပြာမှုန့် အိုးမဲတို့ဖြင့် ပေကျံ လူးလဲနေလျက် ချက်ပြုတ်ကြော်လှော်နေကြသော သူများနှင့် ရောနှောပျော်ရွှင် နေသော ဥတ္တရာကို မြင်သောအခါ....

"အန္ဓဗာလာ၊ အမိုက်မဥတ္တရာသည်။ ဝေရပေဋ္ဌာနေ ဤသို့သဘောရှိသောနေရာ၌။ ဣမံသိရိသမ္ပတ္တိံ ၊ ဤတိုက် တာရွှေငွေ အခြေအရံ အစေခံတို့နှင့် အေးချမ်းစီမံ၍ နေ ရသော စည်းစိမ်ချမ်းသာကို။ နာနုဘဝတိ၊ တိုက်ပေါ် မှာသာဖါးလိမ်းကာဖြင့် ခံစား၍သာ မနေနိုင်ရှာ။ မုဏ္ဍ တသမဏော၊ ဦးပြည်းရဟန်းတို့ကို။ ဥပဋ္ဌဟိဿာမိ၊ ကျွေး မွေးပြုစုအံ့။ ဣတိ၊ ဤသို့။ တုဋ္ဌစိတ္တာ၊ နှစ်သက်ဝမ်း မြောက်သော စိတ်ရှိသည်ဖြစ်၍။ ဝိစရတိ၊ ပြေးလွှား လှည့်လည်နေ၏။ အဟော၊ သြော်အံ့သြဖွယ်ကောင်းလေ စွတကား။ ဣတိ၊ ဤသို့။ ဟသိတွာ၊ နှလုံးနာသည့်အနေ မဲ့ပြုံးပြုံး၍။ အပဂဉ္ဆိ၊ ရှောင်လွှဲ ထွက်ခွာခဲ့လေတော့ ၏"

သူဌေးသားလည်း မဲ့ပြုံးပြုံး၍ ခွာသွားလတ်သော်၊ သူဌေး သား၏ အမူအရာကို အနီးအနားမှနေပြီး အမြဲ အကဲခပ်နေသော သီရိမာက—

(ကိံ နုခေါ ဩ လောကေတွာ သေဟသိ)

"သူဘာကို ကြည့်ပြီး ပြုံးပါလိမ့်"

ဟု သူဌေးသား ကြည့်သော ပြူတင်းပေါက်သို့ လာ၍ ငုံ့ကြည့် သောအခါ၊ ဥတ္တရာ၏ ပျော်ပျော်ရွှင်ရွှင် ချက်ပြုတ်စီမံနေသည် ကို မြင် သဖြင့်

(ဣမံ ဩလောကေတွာ ဣမိနာ ဟသိတံ)

"ဒီဥတ္တရာကို ကြည့်ပြီး ဒီလူပြုံးတာကိုး"

(အဒ္ဓါဣမဿ ဧတာယ သိဒ္ဓိံ သန္ထ ဝေါ ဘဝိဿတိ)

"ဒီလူနဲ့ ဒီမိန်းမ တကယ်ယှဉ်ပါးနေပြီ"

ဟု စိတ်ထဲက ထင်မှတ်ကြံစည်လေသည်။ စင်စစ် သီရိမာသည် ၁၅ ရက်အတွက် ငွေအသပြာ တသောင်းငါးထောင် ပေးပြီး၊ ဥတ္တရာက ၎င်း၏ ကိုယ်စား အငှါးမယား ထားပေးခြင်းသာ ဖြစ်၍ ၁၅ ရက်ကျော်ပါက၊ ဤတိုက်ပေါ်မှ ဆင်းသွားရမည်ကို လုံးဝမသိမရိပ်မိဘဲ၊ ကာမဂုဏ် အာရုံနောက်သို့ စိတ်ကသိုက်ပါ သွားမှုကြောင့် သူတို့ လင်မယားအစစ်ကိုပင် "ယှဉ်ပါးနေပြီ- ဆက်သွယ်မှုရှိနေပြီ"ဟု ထင်ဝံ့လာသည်ကား ဒိဋ္ဌိတဏှာ ထိုနှစ် ဖြာ၏(ကိလေသာ)သတ္တိဖြစ်တော့သည်။

ယင်းသို့ ဥတ္တရာတို့ လင်မယား အစစ်ကိုပင် "မသက်ာ" ဖြစ်နေသော သီရိမာသည် ၎င်း၏ "အငှါးမယား" ဟူသော အသိပျောက်ကာ၊ ဥတ္တရာအပေါ်၌"လင်လုဖက်အနေ"မကျေ မနပ် ရန်ညိုးဖွဲ့လျက်....

(ဒုက္ခမဿာ ဥပ္ပါဒေဿာမိ)
"ဒီကောင်မ–ဒုက္ခတွေခံစေ့မယ်"
ဟု ကြိမ်းဝါးလျက်၊ တိုက်ပေါ်မှ အပြေးကလေး ဆင်းလာပြီး လျှင် မီးဖိုသို့ဝင်၍ မုန့်ကြော်ရန် ချက်ထားသော ဆူနေသည့် ထောပတ်အိုးမှ ထောပတ်ပူကို ယောက်ချိုဇွန်းကြီးဖြင့်ခပ်လျက် ဥတ္တရာရှိရာသို့ လာနေသော သီရိမာကို မြင်သောအခါ၊ဥတ္တရာ၏ စိတ်၌...

"မမ သဟာယိကာယ၊ ငါ့သူငယ်ချင်းမ သီရိမာ၏။ မယှ ၊ ငါ့အား။ (ဝါ) ငါ့အပေါ်မှာ။ ဥပကာရော ဂတော၊ ကျေးဇူးပြုပုံ ကြီးလှပါပေ၏"

မယ်မင်းကြီးမ အကူအညီရသဖြင့် ငါသည် ဘုရားကိုလည်း ဖူးရ၊ တရားတော်ကိုလည်းနာရ၊ ဘုရားအမှူး ရှိသော သံဃာ တော်တို့ကိုလည်း အလှူဒါန ပြုရပါပေသည်။ စကြာဝဠာတိုက် ကြီးသည် အလွန် ကျဉ်းလှပါသေးသည်၊ ဗြဟ္မာ့ပြည်ကြီးသည် အလွန် နိမ့်လှပါသေးသည်၊ ငါ့သူငယ်ချင်းမ၏ ဂုဏ်ကျေးဇူး ကသာလျှင် အလွန် ကြီးကျယ်မြင့်မြတ်လှပါပေ၏၊ အကယ်၍ ငါသည် သီရိမာအပေါ်၌ ဤကဲ့သို့ မေတ္တာ စေတနာထားရိုး မှန်ပါက၊ ဤထောပတ်ပူသည် ငါ့အား မလောင်စေသတည်း၊ ငါသည် အမျက် ထားသည်ဖြစ်အံ့–ဤထောပတ်သည် ငါ့အား လောင်စေသတည်း ဟု မေတ္တာနှင့် ယှဉ်သော သမာဓိစိတ်ဖြင့် နေလေရာ၊ သီရိမာလည်း ဥတ္တရာ၏ဦးခေါင်းသို့ လောင်းချလိုက် သော ထောပတ်ပူသည် သီတာရေစင်တမျှအေးမြသွားလေသည်။

ဝတ္ထုအာရုံပေါ်သို့ တဏှာကပ်ရောက်၍ ကိလေသာကာမ အဖြစ်သို့ ရောက်လာလျှင် မည်သည့် အကျိုးအကြောင်း–အဆိုး

အကောင်းကိုမျှ အမှန်အတိုင်း မသိမမြင်တော့ပေ၊ မြတ်စွာဘုရားသည်၊ ကာမဂုဏ်အာရုံတို့ကို အပြစ်တင်ရာ၌ ဝတ္ထုကာမကို အပြစ်တင်သည်မဟုတ်၊ ထိုဝတ္ထုကာမကိုစွဲမှီ၍ နှလုံးသွင်းမှားစွာ စွဲယူသော ကိလေသာကာမကိုသာ အပြစ်ပြု၍ ဟောတော်မူလေသည်။

ဤ၌-သိရိမာ၏ အာရုံမြင်ကွင်းတွင် ဥတ္တရာဟူသော ဝတ္ထုကာမသာ မြင်၍၊ ဘာမျှ မဖြစ်သော်သည်း သူဌေးသား၌ ကိလေသာ ကာမအားဖြင့် တပ်မက် စွဲလန်းထားသောကြောင့် အမှားအမှန် ဘာကိုမျှ မဝေဖန်နိုင်တော့ဘဲ၊ ကိလေသာတို့ ထုံးစံအတိုင်း အမှောင်ထုဖုံးလွှမ်းသွားလေသည်၊ ဥတ္တရာ၏ဦးခေါင်း၌ ထောပတ်ပူမလောင်သည်ကို မြင်လျှင် သိရိမာသည် ...

(ဣဒံ သီတလံ ဘဝိဿတိ)

"ဒီထောပတ် အေးနေလို့ ဖြစ်မှာဘဲ"

ဟု ကြံပြီး၊ အခြားဆူနေသော ထောပတ်အိုးတခုမှ ဇွန်းကြီးနှင့် ခပ်၍ ယူလာပြန်သော သိရိမာကို ဥတ္တရာ၏အိမ်မှ အစေခံ လုပ်ဖေါ်တို့က တွေ့မြင်သဖြင့်—

"အပေဟိ ဒုဗ္ဗိနီတေ၊ နတွံ အမှာကံ အယျာယ ပက္ကုထိတံသပ္ပိ အာသိဉ္စိတုံ အနုစ္ဆဝိကာ"

"ဟဲ့-အယုတ်မ ဖယ်ပါ၊ သင်သည် ငါတို့အရှင်မသူတော်ကောင်းကို ထောပတ်ပူနဲ့ လောင်းတာ ကောင်းသလား"

ဟု ဆိုကြပြီး၊ ဟိုမှသည်မှ ပြေးလာကြလျက် လက်နှင့်ရိုက်သူက ရိုက်၊ ခြေနှင့်ကန်သူကကန် ဝိုင်းရိုက်ကြသဖြင့် ဥတ္တရာက အကြိမ်ကြိမ်တားသော်လည်းမရဘဲ၊လဲသွားသောအခါမှ ဥတ္တရာက သိရိမာကို နောက်ထပ် မရိုက်နိုင်အောင် သိရိမာ အပေါ်မှ

နေ၍ကာကွယ်ထားရလေသည်၊ ထို့နောက် ဥတ္တရာသည် သိရိမာအား ရေမိုးချိုးစေပြီး၊ ဆီတို့ဖြင့် နှိပ်နယ်ပေးလျက်–

(ကိဿ တေ ဧဝ ရူပံ ဘာရိယံကတံ)

"ဘယ်လိုကြောင့် ဒီလို အဖြစ်မျိုး လုပ်ရတာလဲ သိရိမာ"

ယင်းသို့ ဥတ္တရာက မေးလေမှ သူ့အဖြစ်ကို စဉ်းစားမိလေသည်၊ ငါသည် အငှါးမယားပါတကားဟု သတိရလျက်၊ သူ့အဖြစ်ကို ပြန်ပြော၍မှ မကောင်းတော့ချေ ငါသည် အမှန်ပင် ဝန်လေးသောအမှုကိုပြုမိပြီ၊ သူဌေးသားပြုံးခြင်းကိုအကြောင်းပြု၍ အပြစ်ကင်းသော ဥတ္တရာအား ထောပတ်ပူဖြင့် လောင်းမိခဲ့ပြီ၊ ငါ့ကြိုက်သို့ ပြုခြင်းကိုပင်လျှင် ငါ့အပေါ်၌ ကျွန်အစေခံမတို့ရိုက်နှက်သည်ကိုပင် အားမပေးဘဲ တားမြစ်သည်၊ ငါ့ကိုလဲ မေတ္တာစေတနာထား၍ ပြုစုသည်၊ ငါသည် ဥတ္တရာအား မတောင်းပန်ကဲ့သော် ငါ၏ဦးခေါင်းသည် ခုနှစ်စိပ် ကွဲရာ၏ဟု သတိရလျက် တောင်းပန်ရာ မြတ်စွာဘုရား၏သမီးတော် သာဝကဖြစ်သည့်အတိုင်း မြတ်စွာဘုရားကိုသာ တောင်းပန်ရန် ဥတ္တရာ၏ တိုက်တွန်းချက်အရ မြတ်စွာဘုရား ဆွမ်းစားအကြွတွင် ဥတ္တရာက အကြောင်းစုံ လျှောက်ထားသဖြင့်–

"အက္ကောဓေန ဇိနေ ကောဓံ"

စသော ရန်ငြိုးမဖွဲ့အပ်ကြောင်းနှင့် သစ္စာသိရန် တရားကို ဟောတော်မူသည့်အဆုံးတွင် သိရိမာနှင့် အပေါင်း မိန်းမငါးရာတို့သည် သောတာပန် ဖြစ်ကြလေသည်။

(ဤကား ဓမ္မပဒဋ္ဌကထာ ၁၉၆ ကို လိုအင်သလို မြန်မာပြန်သည်)။

အာရုံငါးပါးတွင် တပါးပါး၌ ပရမတ် အမြင် မမြင်က ကိလေသာဖြစ်မည်သာတည်း၊ ကိလေသာဟူသည် ၎င်းကို လက်ခံသိမ်းပိုက်ထားသော သတ္တဝါအား ပူလောင်စေတတ်-နှိပ်စက်တတ်ကြောင်းကို မြတ်စွာဘုရား အတန်တန် ဟောထားသည်၊ သိရိမာ၏ ၁၅ ရက်မျှသော အငါးမယားသည်၊ အပြီးအပိုင်မယားအဖြစ် မှတ်ထင်၍၊ မိမိ၏ လင်ယောကျ်ားဟူသော နှလုံးသွင်းမှားမှု အကြောင်းပြု၍အကျိုးအကြောင်း-အဆိုးအကောင်း ဘာမျှဝေဖန်တတ်သောအသိ၊ သတိလွတ်ကင်းလျက် ဖြင်ချင်တိုင်း ဖြစ်ကုန်ကြသည်ကား၊ ကိလေသာဟူသည် အငါးခေတ္တရွေးနေ-ရှောင်နေသည်မဟုတ်၊ အာရုံဝတ္ထု တိုက်ဆိုမှုဖြစ်လာ၍ နှလုံးသွင်း မှားသည်နှင့် တပြိုင်နက်၊ မိမိအား ပူလောင်စေတော့သည်။

ဤ၁ဝတ္ထု၌-ထောပတ်ပူ အလောင်း ခံရသော ဥတ္တရာသည် ထိုအချိန်တွင် ကိလေသာ အပူ အလောင်ကင်း၍၊ အေးချမ်းသော မေတ္တာစေတနာနှင့် နေလေသောကြောင့် ထိုထောပတ်အပူသည် ဥတ္တရာအားမလောင်၊ သိရိမာကား သူဌေးသားနှင့် ဥတ္တရာအပေါ်တွင် နှလုံးသွင်း မှားချိန်မှစ၍ ထို ကိလေသာ အပူသည် ၎င်းအား လောင်သဖြင့် မနေနိုင်-မထိုင်နိုင် ဖြစ်လျက် တိုက်ပေါ်မှ ပြေးဆင်းလာသည်၊ "ရာဂမီးပူ-ကျိုက်ကျိုက်ဆူသား"ဟူသကဲ့သို့ အပူတောက်လျှောက်ဖြစ်လာသည်၊ နောက်မီးဖိုသို့ဝင်-စိတ်နှလုံးတွင် အမှားဝင်နေရကား၊ ယောက်ချိုဇွန်းကြီးနှင့် ထောပတ်ပူကို ခပ်ယူသည်။ ဥတ္တရာ၏ ဦးခေါင်း၌ လောင်းသည်။

သီရိမာ၏ နှလုံးသွင်းမှုသည်ကစ၍၊ ထိုအမှုကို လက်ခံထားမိသော သီရိမာအား အတွင်းအပြင် ၂ ဖက်စလုံးပူလောင်စွာနှင့် မေတ္တာဟူသော ဒေါသ၏ ဆန့်ကျင်ဖက် အဒေါသနှင့် အေး၍နေသော ဥတ္တရာမှာ ပို၍ပင် အေးလေသည်။

သီရိမာ ကိုယ်ပူ စိတ်ပူရသည့်အထဲ အစေခံတို့ ဝိုင်းရိုက်ကြသဖြင့် ထပ်မံ၍ ပူရပြန်သောကြောင့်၊ ရုပ်နာမ်ခန္ဓာ ပရမတ်ဘောတရားအပေါ်တွင် ပညတ်အမြင်နှင့်မြင်က၊ ကိလေသာဖြစ်၍ ပူလောင်ရတော့သည်၊ အဘယ့်ကြောင့်နည်း "ကိလေသာဟူသည် ပညတ်ကို ကပ်သောကြောင့်တည်း" ကျွန်ုပ်တို့သည် ငါးစုအာရုံ-ကာမဂုဏ်ကြောင့် ဆင်းရဲပေါင်းစုံအဖုံဖုံနှင့် တွေ့ကြုံနေရ၏၊ ကျွန်ုပ်တို့၏ စိတ်သည် ပညတ်အာရုံထဲက မထွက်သောကြောင့်ဖြစ်၏၊ "ဝိပဿနာသည် ပရမတ်အာရုံပြု၏" ဟုသိ၏၊ သို့ရာတွင် ကျွန်ုပ်တို့ကား ပညတ်ကိုပင် အာရုံပြုလျက် တရားအလုပ်အားထုတ်၏၊ ပညတ်အာရုံ လွတ်အောင် မသွားနိုင်သည်သာမက၊ ပညတ် အာရုံကိုပင် ပရမတ်ထင်မှုက ခုခံနေသောကြောင့် ပို၍ပင်ဆိုး၏။

မြတ်စွာဘုရားသည်၊ဤမဟာဒုက္ခက္ခန္ဓသုတ်အား၊ဝိပဿနာ၏အခြေခံ သံဝေဂဉာဏ် အရင်းခံ၍ ဟော သော ကြောင့် ထိုသံဝေဂဉာဏ် အခြေခံရစေရန် ကျွန်ုပ်တို့ တိုက်တွန်းနှိုးဆော်မှုပြုရပေသည်။ အာရုံငါးပါး ကာမဂုဏ်တရားတို့၏ နှိပ်စက်ပုံမှာလောက သံသရာ ၂ ဖြာလုံးတွင် နှိပ်စက်ကြောင်း ဆက်၍ လေ့လာရန်။

## မြင်ရုံခဏ..၍ကာမ

ကာမဂုဏ်ဟူသည် "အပ္ပဿာဒါကာမာ" ဟု ဟောတော်မူသောအတိုင်း သာယာဖွယ်ကား အလွန်နည်း၏၊ တနည်း အာရုံတွေ့ခိုက် စိတ္တက္ခဏ တချက်သာရှိ၏၊ ထိုတချက်သော စိတ္တက္ခဏတွင် နှလုံးသွင်းမှား၍ တပ်မက်ဖွယ်ဟု စွဲယူလိုက်က ကိလေသာကာမဖြစ်၍၊ ကာမဂုဏ် နယ်အတွင်းသို့ စခရင်း ဝင်သွားလေသည်၊ ထိုစိတ္တက္ခဏ ပေါင်းများစွာ ဖြစ်အောင် ထပ်ကာထပ်ကာ စွဲယူမိက၊ ဥပါဒါန် ဟူသော မဖြစ်မနေ-မရမနေ စွဲလန်းချက် ကြီးစွာနှင့် အကောင်အထည် ပေါ်တော့သည်၊ ၎င်းကိုမှ လောက လူအများက "ကာမဂုဏ်" ဟု အမည်တပ်ကြတော့သည်၊ စင်စစ်အားဖြင့် ကာမဂုဏ်အစစ်မှာ ကိလေသာကာမ ဖြစ်ခိုက်ကိုဆိုသည်။

မြတ်စွာဘုရား လက်ထက်တော်က ရဟန်းငယ် တပါးသည် ယာဂု စားရေ တန်လှူရာ၌၊ ယာဂုကိုရ၍ ဇရပ်တခုအတွင်းဝင်ပြီးလျှင် ယာဂုကိုသောက်၍ပြီးသောအခါတွင် ရေမရှိသောကြောင့် အနီးအနားရှိ အိမ်တအိမ်သို့သွား၍ ရေအလှူခံလေသည်။ ထိုအိမ်မှ အမျိုးသမီးပျိုတယောက်က ရေယူလာ၍ကပ်ရင်း ကိလေသာကာမစိတ်ဖြစ်၍ ချစ်ခင်သော အခြင်းအရာပြလေသည်၊ ရေကပ်ပြီးသောအခါ "အရှင်ဘုရား-နောက်ကိုလည်း ဘယ်အခါမဆို ရေလိုပါက ကြွပါဘုရား" ဟု ပင့်လျှောက်လေသည်။

ကိုယ်တော်ကလေးလည်း ထိုနေ့မှစ၍ ၎င်းအိမ်သို့ ရင်းနှီးစွာ ဝင်ထွက် သွားလာလေသည်၊ နောက်တွင် ယာဂု ကပ်သည်၊ နောက်ဆွမ်းကိုစွပါ စီမံပေးသည်၊ နောင်တွင် တဖြည်းဖြည်းနှင့် အလွန်ရင်းနှီး အကျွမ်းဝင်လာသောအခါ၊ အနီး၌ ကပ်၍ ...

"အရှင်ဘုရား-ဤအိမ်တွင် မရှိသော ပစ္စည်းဆို၍
ဘာမှမရှိပါ၊ အားလုံးပြည့်စုံပါသည်၊ မရှိတာကတော့
စိမ်ခန့်ခွဲအုပ်ချုပ်မည့် ယောကျ်ားသာ လိုပါသည်"

ဟု စကားခေါ်လေသည်၊ ကိုယ်တော်လေးလည်း အမှတ်မဲ့ပင် နေလိုက်သည်၊ နောက် ၂ ရက်တခါ၊ ၃ ရက်တခါ ပြောလေသော် စိတ်ဝင်စားလာသည်နှင့် ပူပန်လာတော့သည်၊ ကိလေသာဟူသည် နှလုံးသွင်းမှား၍ ထိုစကားကို လက်ခံ စဉ်းစားသည်ကစ၍ ဒုက္ခပေးရန် ကိလေသာ၏ အပူသတ္တိ ပြလာသဖြင့် ကိုယ်တော်မှာ မအိပ်နိုင်-မစားနိုင်အောင် "တဏှာရင့်သန်-ဥပါဒါန်ကြောင့်-ဖေါက်ပြန်ယွင်းကွက်-စားအိပ်ပျက်၏" ဟူသောအတိုင်း ဒုက္ခဖြစ်လာလေသည်။

အခြားသော ကိုယ်တော်များက "ငါ့ရှင်၏-အသားအရေတို့သည် အလွန် ပိန်ကြုံနေသည်၊ ဖက်ရွက်လျှော်ကဲ့သို့ သွေးအားနည်းသော လက္ခဏာများ ဖြစ်နေသည်၊ အဘယ်အကြောင်းကြောင့်ဖြစ်သနည်း"ဟု မေးမြန်းကြလေသော် "တပည့်တော်သည် သာသနာတော်မှာ မပျော်တော့ပါ၊လူထွက်ချင်ပါသည်" ဟု ပြောသောအခါ၊ ထိုရဟန်းတို့က ဥပဇ္ဈာယ်မှတဆင့် မြတ်စွာဘုရား၏ အထံတော်သို့ ခေါ်ဆောင်၍ အကျိုးအကြောင်း လျှောက်ပြကြလေရာ၊ မြတ်စွာဘုရားက ထိုကိုယ်တော်အား....

(သစ္စံ ကိရ တွံ ဘိက္ခု ဥက္ကဏ္ဌိတောသိ)

"ချစ်သားရဟန်း-သင်သည် သာသနာမှာ မပျော်ဆိုသည် မှန်သလား"

(သစ္စံ ဘန္တေ)

"မှန်ပါသည်ဘုရား"

"ဘိက္ခု၊ ချစ်သားရဟန်း။ တွံ၊သင်သည်။ ကုသ္မာ၊ အဘယ်ကြောင့်။ မာဒိသဿ၊ ငါကဲ့သို့သော။ အာရဒ္ဓ ဝီရိယဿ၊ အားထုတ် လုံ့လရှိသော။ ဗုဒ္ဓဿ၊ မြတ်စွာ ဘုရား၏။ သာသနေ၊ အဆုံးအမ၌။ ပဗ္ဗဇိတွာ၊ လိုက်နာ လိုကြောင်း ရဟန်းကောင်းပြု၍။ သောတာပန္နောတိဝါ သောတာပန်ဟူ၍ငှင်း။ သကဒါဂါမီတိဝါ၊ သကဒါ ဂါမ်ဟူ၍ငှင်း၊ အတ္တာနံ၊ မိမိကိုယ်ကို။ အဝဒါပေတွာ၊ မပြောမဆိုနိုင်မူ၍။ ဥက္ကဏ္ဌိတောသိ၊ သာသနာ၌မပျော် ဟူ၍။ ဝဒါပေသိ၊ ပြောဆို၏။ တေ၊ သင်၏။ ကတံ၊ပြု အပ်သော၊ကမ္မံ၊အမူသည်။ ဘာရိယံ၊ဝန်လေးလှစွာ၏" ဟု မေးတော်မူပြီးသော် "အဘယ်ကြောင့်လူထွက်ချင်ရသနည်း" ဟု မေးတော်မူပြန်သော် "အမျိုးသမီး တကာမ တယောက်၏ ပြောကြားသော စကားကြောင့်ဖြစ်ပါကြောင်း"လျှောက်ထား လေသောအခါ၊ မြတ်စွာဘုရားက

"ချစ်သားရဟန်း-ထိုအမျိုးသမီး တကာမ၏ အပြု အမူသည် ယခုအခါတွင် အံ့ဩဖွယ်ရာ မဟုတ်စွာသေး၊ ထိုအမျိုးသမီးသည်ပင်လျှင် ရှေးအခါက ဇမ္ဗူဒိပကျွန်း တွင် လေးအတတ်၌ အထွဋ်အထိပ် ရောက်အောင် တတ် မြောက်သော စူဠဓနုဂ္ဂဟပဏ္ဍိတကို ပယ်၍၊ ထိုခဏ၌ မြင်တွေ့ကာစဖြစ်သော ယောကျာ်းတယောက်၌ ချစ်ခင် တပ်မက် သောကြောင့် အဖိုး တန် သော ပညာရှိ လင်ယောကျာ်းကို အသက် သေအောင် သတ်ဖူးပြီ" ဟု ဟောတော်မူလေရာ၊ ထိုရဟန်း များစွာတို့၏ တောင်းပန်

လျှောက်ထားချက်ကြောင့် အတိတ်ဇာတ်ကို ဟောကြားတော်မူလေသည်။

ရှေးအခါက တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံတွင် ပညာသင်ကြားကြသော တပည့်တို့တွင် လေးအတတ်၌ အလွန်ကျွမ်းကျင်စွာ ပစ်နိုင်သဖြင့် အထွဋ်အထိပ်ရောက်အောင် တတ်မြောက်သော စူဠဓနုဂ္ဂဟ ပဏ္ဍိတခေါ်သော လုလင်အား ဆရာကြီးသည် ပညာဂုဏ်ကို အားရ နှစ်သက်လှသဖြင့် မိမိ၏ သမီးနှင့် ထိမ်းမြားလက်ထပ်၍ ပေးအပ်လေသည်။

၎င်းတို့ ဇနီးမောင်နှံလည်း တောလမ်းခရီးဖြင့် မိမိနေရာ တိုင်းပြည်သို့ ပြန်အလာတွင် တောထဲ၌ ရန်မူသော သတ္တဝါ တကောင်အား၊ မြှားတချောင်းဖြင့် ပစ်ခတ် နှိမ်နင်းခဲ့ပြီး၊ ခရီးဆက်၍ထွက်ခဲ့သောအခါ၊ တောအုပ်တခုတွင် ပုန်းအောင်းနေသော ခိုးသားငါးရာနှင့်တွေ့၍ တယောက်လျှင် မြှားတစင်းစီဖြင့် ၄၉၉ ယောက်သေဆုံးပြီးနောက် မြှားကုန်လေသောအခါ၊ သူခိုးဗိုလ်ကြီးတယောက် ကျန်နေသေးသည်နှင့်မြှားမကျန်တော့သော စူဠဓနုဂ္ဂဟပဏ္ဍိတမှာ နပန်းလုံး သတ်ပုတ်ခြင်းဖြင့် ခိုးသူကြီးအား မြေပေါ်သို့လဲကျစေပြီးလျှင်၊ ၎င်း၏ဇနီးအား "သန်လျက်(ဒါး) ကို ယူခဲ့ပါ" ဟုဆိုသောအခါ၊ ထိုဇနီးသည် ယခုတော မြင်ရသော ခိုးသူကြီးအပေါ်၌ ကာမကိလေသာစိတ်ဖြင့် ချစ်ခင်နှစ်သက်လေသောကြောင့် ခိုးသူ၏လက်၌ သန်လျက်အရိုးကိုထား၍ ပေးလိုက်ရာ၊ ခိုးသူက သန်လျက်ဖြင့် ခုတ်သတ် လိုက်သောကြောင့် မိဘက ပေးစား ထိမ်းမြားလိုက်သော လင်ဖြစ်သူ စူဠဓနုဂ္ဂဟ ပဏ္ဍိတ သေလေသည်။

ထိုနောက် ခိုးသူကြီးလည်း ထိုမိန်းမကိုခေါ်၍ သွားလေရာ၊ ခိုးသူကြီးသည် "ဤမိန်းမသည် အခြားသော ယောကျ်ားတယောက်ကို တပ်မက်က ငါ့ကိုလည်း လင်ရင်းကို သတ်သကဲ့သို့ သတ်လတ္တံ့"ဟု ဆင်ခြင်မိသဖြင့် မြစ်တခုကိုကူးရန်အရောက်တွင် "ရှင်မ-မြစ်ကို ကူးရမည်ဖြစ်၍ ရှေးဦးစွာ ပစ္စည်းဘဏ္ဍာအထုပ်ကို ယူ၍ တဖက်ကမ်းမှာ သွားထားပြီးမှ သင့်ကို တဖန်လာပြန်ခေါ်အံ့"ဟု ပြောဆိုထားပြီးလျှင် ပစ္စည်းဥစ္စာထုပ်နှင့် မြစ်ကိုကူးလျက် သွားလေပြီးလျှင် ဟိုဖက်ကမ်းသို့ ရောက်သောအခါ၊ နောက်သို့ပင် ပြန်မကြည့်တော့ဘဲ ထွက်ခွါသွားလေတော့သည်။

ထိုမိန်းမမှာ၊ ကာမအာရုံ ကာမဂုဏ်ကို လိုက်စားမိုက်မှားသဖြင့်၊ မိဘပေးစားသော ပညာရှိ လင်ယောကျ်ား ဆုံးသည့်အပြင်၊ ခေတ္တခဏ မြင်ရုံနှင့် ကာမဂုဏ်အာရုံအဖြစ် သိမ်းပိုက်မှားပြန်ရကား၊ ပစ္စည်းဥစ္စာနှင့်တကွ လင်ပါဆုံးရှုံးသဖြင့် မှိုင်တွေချကာနေဆဲတွင် မြင်ကမ်းနား၌ သိကြားမင်းက ခွေးအယောင်ဆောင်၍ သားတစ်တခုကို ကိုက်ချီလာပြီး၊ စားမည်ဟု ပြင်ဆင်နေဆဲ မာတလိက ငါးအယောင်ဆောင်၍ ရေစပ်မှ ပေါ်ပြရာ၊ ခွေးက ငါးကို လိုက်သောအခါ၊ ဝိသကြိုးငှက်က သားတစ်ကို ချီယူသွားသဖြင့် မြေခွေးမှာ ၂ ဖက် ဆုံးရှုံးရသည်ကို ထိုမိန်းမအား သံဝေဂ ရစေလေသည်။

မြတ်စွာဘုရားသည် ဇာတ်ပါဠိတော် ပဉ္စက နိပါတ် စူဠဓနုဂ္ဂဟ ဇာတ်ကို အကျယ်အားဖြင့် ဟောတော်မူပြီးလျှင်၊ ထိုအခါ၌ စူဠဓနုဂ္ဂဟပဏ္ဍိတသည် ယခုအခါ ဤရဟန်းငယ် ဖြစ်လာသည်၊ လင်သတ်သော မိန်းမသည် ယခုအခါ ဤအမျိုးသမီး

ဖြစ်လာသည်၊ ခွေးအသွင်ဖြင့် ထိုမိန်းမကို သတိသံဝေဂ ရစေသော သိကြားမင်းသည် ယခုအခါ ငါဘုရား ဖြစ်လာသည်ဟု ဇာတ်ကို ပေါင်းတော်မူသည်။

"ချစ်သားရဟန်း- ငွေတွေ ငွေကာမျှနှင့် နှလုံးသွင်း မှားသောကြောင့် လင်ရင်းကို သတ်လောက်သော နှလုံးသွင်း မှားချက်သည် မည်မျှဆိုးဝါးသနည်း၊ ထိုမိန်းမသည်ပင် ယခုလည်း သားအား ဖြားယောင်းလေပြီ သင်သည် သတိလွတ်ကင်း၍ အမှတ်မဲ့နေခြင်းငှါ မသိုက်တော့ပေ၊ ထိုမိန်းမ၏ ရူပါရုံကာမဂုဏ်ကိုဖြတ်တောက်၍၊ သို့ကာမဂုဏ်ကို မကပ်ရာပရုတ် အာရုံကို သာ ယထာဘူတ ကျအောင် ဂရုစိုက် အားသွတ်လေ" ဟု ဟောတော်မူသောအခါ၌ ထိုရဟန်းသည် သောတာပန်ဖြစ်လေသည်၊ အခြားသော ပုဂ္ဂိုလ်များလည်း သောတာပန် သည်ဖြစ်ကြလေသည်၊

မာန်လည်ဆရာတော်၏ မဃဒေဝ လင်္ကာ၌လည်း

"ယင်ရွှားရွှေးဟို၊ တဏ္ဍာသိုလ်က၊ ဆရာ့သမီး၊ ခိုးသူ
ကြီးကို၊ အနိုးခဏ မြင်ကာမျှဖြင့် လောဘတပ်လျက်၊
ငိုးမူးလက်၌၊ သန်လျက်ရိုးထား၊ ကမ်းလိုက်ခြား၍၊
ယောက်ျားဇာနည်၊ လက်ပူးရည်နှင့်၊ ဒေဝသည်သက်စု၊
ဂုံမဟုအောင်၊ ရေနံသိပ္ပ၊ တတ်ခေါင်လှသား၊ မွေးဖ
ဆောင်နှင်း၊ လင်ရင်းကိုသတ်၊ မမြတ်အလို၊ အမြင်တို့ခဲ့-

ဟူ၍ စပ်ဆိုတော်မူသည်။

ယင်းသည့် ကာမဂုဏ်သည် "ဝတ္ထုကာမ"အားဖြင့် ငါးပါး ပြားသော်လည်း၊ ၎င်းအာရုံတို့ အပေါ်၌ စွဲငြိတပ်မက်သော ဆန္ဒရာဂ၊ လောဘတဏှာတို့ နေရာဌာနအားလျော်စွာ "ကိလေ

သာကာမ” အားဖြင့်ကား၊ စွဲယူမှု-ဆန္ဒရာဂ တခုသာဖြစ်၏၊ ထိုဝတ္ထုကာမဟု ဆိုအပ်သော အာရုံငါးပါးသည် ကိလေသာ မဖြစ်သေးသောကြောင့်....

“ဝတ္ထုကာမော ပရိညေယျော-ကိလေသာ ကာမော ပဟာတဗ္ဗော”

ဟု မဟာနိဒ္ဒေသဋ္ဌကထာ ၁၀ တွင် ဆိုထားရကား အဆင်း-အသံ-အနံ့-အရသာ-အတွေ့ ဆိုတိုင်း ကာမဂုဏ်မဖြစ်သေးသဖြင့် ၎င်းတို့၏ပင်ရင်း သဘောတရား ပရမတ်ကို ဉာဏ်ဖြင့်မြင်အောင် ကြည့်လျှင် ၎င်းကိုပိုင်နိုင်သည်၊ အမှန်ကိုသိသည် ဆိုရ၏။ ကိလေသာကာမကိုကား၊ ပိုင်နိုင်စွာ သိရမည့် တရားမဟုတ် ပယ်ရမည့် တရားဟူ၍ အဋ္ဌကထာဆိုသည်။

ထိုစကားမှန်ပေသည်၊ ထိုအဆင်းစသောအာရုံ၌ အဆင်း၏ မူလပရမတ် သဘောကို မမြင်မသိဘဲ၊ အဆင်းကိုပင် ယောကျ်ား မိန်းမ၊ အဆင်းကိုပင် ခေါင်း ကိုယ် ခြေလက်၊ အဆင်းကိုပင် ပုဂ္ဂိုလ်သတ္တဝါဟု ပညတ်အာရုံအားဖြင့် သတိလွတ်ကာ နှလုံး သွင်းမှားသောကြောင့် ထိုပညတ်အာရုံနှင့် ဆန္ဒရာဂ လောဘ စသော ကိလေသာသည် အခိုင်အမာ စွဲယူပြီးဖြစ်သဖြင့် မျက်စိ အာရုံ ကာမဂုဏ်ဖြစ်လေသည်။ စင်စစ်မှာ ဝတ္ထုကာမဟူသော အဆင်း-အသံစသည်၌ ပရမတ်သဘောကို ပရမတ် အမှန်အတိုင်း ဉာဏ်ဖြင့် သိမြင်က ဝတ္ထုကာမသည် ကိလေသာ မဟုတ်သော ပရမတ်အာရုံ ဖြစ်သွားလေသည်။

ထို့ကြောင့် သဠာယတနသံယုတ် တကျမ်းလုံးတွင်ထိုအဆင်း အသံစသော အာရုံတို့ အပေါ် ပင်ရင်း သဘောပရမတ်ကိုသာ ရှုရပုံကိုဟောတော်မူထားသောကြောင့် အဆင်း- အသံဟူသော

ဝတ္ထုသည် "ကိလေသာမဟုတ်ဘဲ၊ ပိုင်ပိုင်သိရမည့် ပရိယာယ်" တရားသာဖြစ်၏၊ ထိုအာရုံတို့အပေါ်တွင် မိမိ၏ နှလုံးသွင်းမမှန်ခြင်းကြောင့် ဖြစ်ဘတ်သော ဆန္ဒရာဂ လောဘကိလေသာကိုသာ ပယ်ရမည့်"ပဟာတဗ္ဗ" တရားဟူ၍ ပြတော်မူသည်။

ထိုကိလေသာ ကာမကိုသာ ၎င်းကို အကြောင်း ပြု၍ သတ္တဝါတို့ ဒုက္ခအမျိုးမျိုး တွေ့ကြုံရပုံကို ညွှန်ပြ၍ မြတ်စွာဘုရားသည် ဤကာမတို့ကြောင့်၊ ကာမအရင်းခံကြောင့် ဖြစ်ရသော ဒိဋ္ဌဓမ္မ လက်ငင်း ဆင်းရဲကို ပေါ်လွင်အောင် ဟောတော်မူသည်၊ စင်စစ်မှာ ပရမတ် အမှန်သဘောသို့ မသက်ဝင်သော ပညတ်နယ်ကို မလွန်နိုင်သေးသော ပုဂ္ဂိုလ်များအတွက် အပြစ်မြင်အောင် ပြထားသည်။

◇◇◇◇◇◇◇◇◇◇◇◇

## တဏှာဓလေ့-လိုမပြည့်

အာရုံငါးပါး ဝတ္ထုကာမတရားတို့၌ သာယာခင်မက်နှစ်သက်တွယ်တာသော ကိလေသာ ကာမဖြစ်သော ဤတဏှာသည် အာရုံဝတ္ထုတိုက်ဆိုင်မှုတွင် ပညတ်အာရုံ ယူသောအားဖြင့် နှလုံးသွင်းမှားကာ စွဲယူမိသော သတ္တဝါအား သံသရာမှ ထွက်၍ မရအောင် ဝဋ်မြစ်တခုအနေနှင့် အခိုင်အခန့် ဖွဲ့ချည်သားလေသည်။ အာရုံတိုက်ဆိုင်မှု ဖြစ်ခွင့်ရသော ထိုလောဘတဏှာသည်၊ မိန်းမ-ယောကျ်ားဟူသော ပညတ်ကိုချည်း အာရုံပြုနေသဖြင့် ကြီးထွားရင့်သန်လာကာ"ရလေလိုလေ-အိုတစ္ဆေ" ဟူသောအတိုင်း၊

"စွဲမိမလွတ်-ညွတ်မိမခွါ" ဟူဘိသို့ အလိုဆန္ဒ ကျယ်ပြန့်လာကာ နိဗ္ဗာန်နှင့် ကြာလေဝေးလေ ဖြစ်သွားလေသည်။

လောကတွင် အာရုံငါးပါးနှင့် ပတ်သက်၍ ရှာဖွေစုဆောင်းကာလိုအပ်သည်ထင်တိုင်း စုဆောင်းထားသော်လည်း၊ထိုတဏှာသည် အလိုမပြည့်ပေ၊ အမြဲပင် လိုလျက်ရှိသည်။

မြတ်စွာဘုရားသည်၊ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူစဉ်ကဖြစ်သည်။ အမျိုးကောင်းသားတယောက်သည်၊ သာသနာတော်၌ သဒ္ဓါတရားဖြင့် ရဟန်းပြု၍ သူ၏ ဥပဇ္ဈာယ်ဆရာက၊ အခြားသော တမြို့တရွာတွင် ရှိသော ထိုဥပဇ္ဈာယ်ဆရာ၏မိတ်ဆွေ ဆရာထံတွင် စာပေပရိယတ်သင်ရန် စေလွှတ်လိုက်၏၊ ထိုရဟန်းငယ်သည် ထိုဆရာအထံ၌ ကြာမြင့်စွာ ပညာသင်လျက်နေလေရာ၊ ၎င်း၏အရပ်တွင် ကျန်ရှိနေသော ဖခင်သည် ရောဂါတခုရ၍ အတော်ပင် မကျန်းမမာ ဖြစ်နေရာ၊သားရဟန်းကိုသာ တောင့်တလျက် သေကာလတွင် သားအငယ်ကိုခေါ်၍ "ငါ့သား-ဤငွေတရာကို မင်းရဲ့ နောင်တော်ရဟန်းကြွလာရင် သပိတ်-သင်္ကန်း ပရိက္ခရာအတွက် ငါလှူသွားကြောင်းပြော၍ လှူလိုက်ပါ"ဟု ဆို၍ သေလေသည်၊ နောက်ကာလအတန်ကြာသောအခါ၊ ရဟန်းလည်း ကြွလာလေလျှင် ညီဖြစ်သူက ဖခင်တကာကြီး သေကာနီးမှာ လှူသွားသော ပရိက္ခရာဖိုးငွေတရာကို ပေးအပ်လေလျှင်....ရဟန်းတော်က ...

(နခမ ကဟာပဏောဟိအတ္ထော)
"ငါ့အတွက် ငွေကို အလိုမရှိ"

ဟု ပယ်ပြီး၍ "ငါသပိတ် သင်္ကန်း အလိုရှိမှ သင့်ကိုပြောအံ့၊ သင့်ထံ၌သာ ထားလော့"ဟု ဆို၍ အပ်နှံပြီး နောက်ကာလတွင်

မိမိ၌ ငွေတရားရှိသည်ဟူသော (သံယောဇဉ်) အနှောင်အဖွဲ့သည် ဝတ္ထုအာရုံမှ ကိလေသာကာမအာရုံသို့ ကူးပြောင်းကာ စတင်၍ ပူလောင်လာတော့သည် ...

"မေ၊ ငါ့အား။ ပရကုလေသု၊ သူတပါး၏အိမ်တို့၌။ ပိဏ္ဍာယ၊ ဆွမ်းရခြင်းငှါ။ စရိတွာ၊ လှည့်လည်၍။ ဇီဝိတေန၊ အသက်မွေးဝမ်းကျောင်းနေရခြင်းဖြင့်။ ကိံ၊ ဘာအကျိုးရှိအံ့နည်း။ တံကဟာပဏသတံ၊ ငါအပ်ထားသော ထိုအသပြာတရာကို။ နိဿာယ၊ ရင်းနှီးသမှုအကြောင်းပြု၍။ ဇီဝိတုံ၊ အသက်မွေးဘို့ ရင်းနှီးခြင်းငှါ သက္ကာ၊ တတ်ကောင်း၏၊ စွမ်းနိုင်ရာ၏။ အဟံ၊ ငါသည်။ ဝိဗ္ဘမိဿာမိ၊ လူထွက်အံ့"

ဟု ကိလေသာ၏ သတ္တိအတိုင်း အပူမီးစတော့သည်၊ သို့ဖြင့် ကိုယ်တော်လေးမှာ မပျော်မမွေ့ခြင်းသည် ကိလေသာ အပူချိန်တက်သည်နှင့်အမျှ ခန္ဓာပညတ်ကိုပါ ကူးစက် လောင်မြိုက်လာရကား၊ အစားပျက်ခြင်း၊ အအိပ်ပျက်ခြင်းကစ၍ သွေးအားနည်းခြင်းစသော စိတ်ရောဂါ ဖြစ်လာပေသည်။

ထိုအပူအလောင် (ကိလေသာ)ကို လက်ခံသည်က စ၍၊ ပရိယတ္တိကို သရဇ္ဈာယ်မှု၊ ကမ္မဋ္ဌာန်းဘာဝနာ နှလုံးသွင်းမှုများလည်း မပြုနိုင်တော့ပေ၊ အသားအရေတို့ ဖြူရော်ရော် ဖြစ်နေသော ကိုယ်တော်အား အခြားကိုယ်တော်များက မြင်ကြသဖြင့် မေးကြမြန်းကြတော့ရာ (ဥက္ကဏ္ဌိတောမှိ) မပျော်တော့ပါဟု ပြန်ကြားလျှောက်ထားသောအခါ၊ ကိုယ်တော်များက ရင်း၏ဥပဇ္ဈာယ်ဆရာမှတဆင့် မြတ်စွာဘုရား ထံမှောက်သို့ ခေါ်ဆောင်ကာ အကျိုးအကြောင်း လျှောက်ထားကြသဖြင့် မြတ်စွာဘုရားက....

(သစ္စံ ကိရ ဥက္ကဏ္ဍိတော)

"ချစ်သားရဟန်း-သာသနာမှာ မပျော်ဟု ဆိုသည် မှန်သလား"

(အာမဘန္တေ)

"မှန်ပါသည်ဘုရား"

"ကသ္မာ၊ ဘယ်အတွက်ကြောင့်။ တွံ၊ သင်သည်။ စေံ၊ ဤသို့။ အကာသိ၊ ပြုသနည်း။ တေ၊ သင့်အား။ ကောစိ၊ တစုံတခုသော။ ဇီဝိတပစ္စယော၊ အသက် မွေးဝမ်းကြောင်း ပြုစရာ အထောက် အပံ့သည်။ အတ္ထိပန၊ ရှိ၏လော"

ဟု မေးတော်မူရာ၊ ရဟန်းက ၎င်း၏ အသပြာတရာကို သတိ ရကာ....

(အာမဘန္တေ)

"ရှိပါသည်ဘုရား"

(ကိံ တေ အတ္ထိ)

"ဘာတွေ ရှိသလဲ"

(ကဟာ ပဏသတံ ဘန္တေ)

"အသပြာ တရာ ရှိပါသည်ဘုရား"

(တေနဟိ-ကတ္တစိတာဝ သက္ခရာ အာဟရ)

"ဒီလိုဆိုရင်-ကျောက်ခဲအလုံးတရာယူခဲ့"

(သက္ကာ ဝါတာ ဝတ္တ ကေန ဇီဝိတုံနော ဝါ)

"ထိုမျှလောက် ငွေတရာဖြင့် အသက်မွေးရန်လောက် မလောက် သိစေအံ့"

ဟု မြတ်စွာဘုရားကဲ ရှေ့တော်တွင် ကျော်ကက်စရစ်ခဲ့တရာကို ချစေပြီး....

(ပရိ ဘောဂတ္ထာယ တာဝ ပဏ္ဏာသံ ဌပေဟိ)

"အထွေထွေ အသုံးအဆောင်အတွက် ငွေ ၅ဝိဆား လိုက်"

(ဒွိ နွံ ဂေါဏာနံ အတ္ထာယ စတုဝိသတိ)

"လယ်ထွန်ရန် နွား ၂ ကောင်ဝယ်ဖို့က ၂၄ ဝ"

ငှင်းပြင် မျိုးစပါးဝယ်ရန်အတွက်၊ ထွန်တုံးထွန်တန်ဝယ်ရန် အတွက်၊ ပေါက်ဆိန်၊ ပေါက်ပြား၊ မြက်ခုတ်ဒါး၊ပဲခွပ်စသည်တို့ ဝယ်ဖို့အတွက် ဖယ်လိုက်ရလျှင် သင့်အသပြာ ငွေတရာသည် မည်သည့်နည်းနှင့်မျှမလောက် ဟူ၍ တွက်ချက်ပြတော်မူပြီးမှ -

"ချစ်သားရဟန်း—သင်၏ရှိနေသော အသပြာတရာ ဟူသည် အလွန်ပင် နည်းလှပေသည်၊ လိုအပ်နေသော လိုချင်နေသော၊ အမြဲလိုနေသော တဏှာအလိုပြည့်ရန်မှာ အလွန်ခဲယဉ်းလှ၏၊ မည်သူမျှ ပြည့်အောင် မတတ်နိုင် ဟိုရှေးအခါက၊ ငါဘုရားအလောင်းတော်သည် မန္ဓာတု အမည်ရှိသော စကြာမင်းကြီး ဖြစ်ဖူးပြီ တိုင်းပြည်နိုင်ငံ တို့သို့ လှည့်လည်သောအခါ၊ ဆင်းရဲသော တိုင်းပြည် မြို့ရွာတို့သို့ ရောက်သောအခါ၊ လက်ပန်းပေါက်ခပ်လိုက် ကာမျှနှင့် ၁၂ ယူဇနာအတွင်း ခါးမျှ ပမာဏထိအောင် ရတနာမိုးကို ရွာစေနိုင်၏၊ ငါသည် လူမင်းစည်းစိမ်ကို ငြီးငွေ့သဖြင့် တာဝတိံသာ နတ်ပြည်သို့တက်၍ နတ်၏ စည်းစိမ်ကို သိကြားမင်း တမျှ ခံစား၍ သိကြား

> တယောက်၏ သိကြားသက် ကုန်သောအခါ၊ ငါကား ဆက်လက်၍ ခံစားဆဲပင်၊ ဤကဲ့သို့ သိကြားပေါင်း ၃၆ ယောက် ပြောင်းလဲကုန်ဆုံးသည်အထိ၊ လူအဖြစ်နှင့် နတ်စည်းစိမ်ကို ဤမျှ ခံစားရလျက်၊ ငါသေသောအခါ ဆာလောင်သော အလိုဆန္ဒတဏှာ၊ အလိုပြည့်၍ သေရသည်ကားမဟုတ်၊ တဏှာအလို မပြည့်ဘဲသာ သေခဲ့ရ၏”

ဟု အတိတ်မှ မန္ဓာတုဇာတ်ကို ဆောင်၍ ဟောတော်မူသည်၊ သို့ဖြင့် ချစ်သားရဟန်း၊ သင်၏ အသပြာတရာဖြင့် သင်လိုနေသမျှ ပြည့်အောင် စွမ်းဆောင်နိုင်မည် မဟုတ်ပေ၊ လောက၌ တဏှာသည် သံသရာကို သွားလိုသောသူအတွက် အဖေါ်သဟဲ ဖြစ်၏၊ ထိုတဏှာကို အဖေါ် မပြုသူသည် သံသရာကို မသွားတတ်ပေ။

ပညတ်အမြင်ဖြင့် သတ္တဝါထင်လျှင်၊ တဏှာ အဖေါ်ကို ယူသာမြဲဖြစ်သည်၊ သံသရာ ခရီးသည်သည်၊ တဏှာအဖေါ် ပါလာ၏၊ ထိုအဖေါ်ကြောင့်လည်း ခရီးသွား၍မဆုံးဖြစ်၏၊ ဤဘဝ-ထိုဘဝ၊ ထိုဘဝ-ဤဘဝ မနားမရပ် တသွားတည်း သွားသည်၊ ထိုအဖေါ်ကို ခွါရ-ပယ်ရမှန်း မသိသော ပုထုဇ္ဇန်သည် မိမိကို နှိပ်စက်နေလျက် နှိပ်စက်မှန်းပင်မသိ၊ ခွါဖို့စိတ်မကူး ဘုရားစသော အရိယာ သူတော်ကောင်းတို့နှင့် တွေ့၍ “တဏှာ မကောင်းကြောင်း၊ သံသရာမှာ ဒုက္ခပေးကြောင်း၊ တဏှာကို အပေါင်းမမှားသင့်ကြောင်း ခွါ၍ သံသရာထွက် ပေါက်ရရန်” ဟောကြားသောအခါ၊ တဏှာကိုခွါဖို့-ခွဲဖို့ ချုပ်အောင် အား

ထုတ်၍သွားရန် တရားမျိုးကို မနာလို-မကြားလိုဘဲ၊ နှိပ်စက်စေမည့် တဏှာကိုပင် အားကိုး၍ သံသရာမှမထွက်ချင်ဘဲ(ဩလိယ) ပုန်းအောင်း၍သာနေကြောင်း ဣတိဝုတ် ပါဠိတော်တွင် ဟောဖေါ်လျက် ရှိလေသည်။

မြတ်စွာဘုရားသည်၊ တဏှာကို အဖေါ်လုပ်၍ သံသရာသွားသမားနှင့် တဏှာအဖေါ်ကို ဖြတ်၍သွားသူသည် ဒုက္ခခပ်သိမ်းအေးငြိမ်းကြောင်း ဒေသနာတော်တွင် အများအပြား ဟောထားတော်မူသည့်အနက်—ထင်ရှားသော ပါဠိတော်များမှာ—

"တဏှာ ဒုတိယော ပုရိသော၊ ဒီဃမဒ္ဓါန သံသရံ
ဣတ္ထဘာဝညထာဘာဝံ၊ သံသာရံ နာတိ ဝတ္တတိ
ဧတ မာဒီ နဝံ ဉတွာ၊ တဏှာဒုက္ခဿ သမ္ဘဝံ၊
ဝီတ တဏှော အနာဒါနော၊ သတော ဘိက္ခု
ပရိဗ္ဗဇေ"

(အင်္ဂုတ္တရပါဠိတော် တဏှာပုပ္ပါဒသုတ် ၃၁၆။ ဣတိဝုတ် ပါဠိတော် တဏှာပုပ္ပါဒသုတ် ၂၆၈။ ဣတိဝုတ်ပါဠိတော် တဏှာသံယောဇနသုတ် ၂၀၁။ သုတ္တနိပါတ ပါဠိတော် ဒွယတာနုပဿနာသုတ် ၃၉၄)။

"တဏှာဒုတိယော၊ ငါးစုအာရုံ ကာမဂုဏ်၌ ခုံတမင်မင် ခင်တမြားမြား စွဲငြားလွန်ကဲ လိုချင်မှုတဏှာလျှင် အဖေါ်သဟဲရှိသော။ ပုရိသော၊ ဗြဟ္မာ-လူ-နတ် အရပ်ရပ်နှင့် ပညတ်ငါသူ မဟူစသား သတ္တဝါအများသည်။ ဒီဃံ၊ အစမထင် သံသာခွင်၌။ အစဉ်များရာ ရှည်လျားစွာသော။ အဒ္ဓါနံ၊ တွက်ရေမရ သဲလုံးပမာဏ ကာလ

ပဝ်လုံး။ သံသရံ၊ ထိုဤမနား ပြေးသွားကျင်လည်
ရသည်ဖြစ်၍။ ဣတ္ထဘာဝညထာဘာဝံ၊ ဤဘဝမှသည်
အတည်မကျ တပါးဘဝဖြစ်သော။ သံသာရံ၊ ခန္ဓာဝန်
ထုပ် ရပ်မဆုတ်သည့် ဖြစ်ချုပ်ဖန်ခါသံသရာကို။ နာတိ
ဝတ္တတိ၊ တဏှာတွဲဖက် အခွဲခက်၍ လွဲထွက်လွန်ခမြောက်
ခြင်းငှါ မတတ်သာပေ။

တဏှာ၊ တွယ်တာမက်မော လောဘ ဇောသည်။
ဒုက္ခသ၊ ရုပ်နာမ် ၂ ဖြာ ခန္ဓာငါးခု ဆင်းရဲအစု၏၊ သမ္ဘဝံ၊
အသစ်လောင်း၍ ဖြစ်ကြောင်းမှန်စွာ စင်စစ်သာတည်း။
ဣတိ၊ ဤသို့ဟောရာ ဒေသနာပါဠိ လာရှိသည်ဖြစ်၍။
ဧတံအာဒိနဝံ၊ သံသရာဝယ် ဖန်ခါမပြတ် ခန္ဓာဇာတ်၏
ထပ်ထပ်မလစ် ဖြစ်ရခြင်း၏ ထိုအပြစ်ကို။ ဉတွာ၊ ကိုယ်
တွေ့ ဉာဏ်တွေ့ ပညာတွေ့ဖြင့် စေ့စေ့စုံစုံ အကုန်သိမြင်
သည်ဖြစ်၍။ ဝီတတဏှော၊ လိုချင်ပယ်ရှင်း တဏှာကင်း
ကြကုန်သည်ဖြစ်၍။ အနာဒါနော၊ ငါငါသူသူ လူလူနတ်
နတ် အစွဲမကပ်ကြကုန်သည်ဖြစ်၍။ သတော၊ ခန္ဓာကိုယ်
တွင် ဉာဏ်နှင့်ယှဉ်၍ ဆင်ခြင်သတိ ဂရုစိုက်မှုရှိသော။
ဘိက္ခု၊ သံသရာဘေး အဖြစ်အေးဖို့ ကြံတွေးပေတတ်
ယောဂီမြတ်သည်။ ပရိဗ္ဗဇေ၊ သမ္မပ္ပဓာန် သေးတန်
ဝီရိယ မဂ္ဂင်ကျအောင် စွမ်းဆောင် မယုတ်အားထုတ်
နိုင်ကြကုန်ရာသတည်း။”

ငါးပါးအာရုံ ကာမဂုဏ်နှင့်ပတ်သက်၍၊ ဒေသနာတော်တွင်
အများအပြားပင်ရှိ၍ ရှိတိုင်းဖေါ်ပြနေက (ဂန္ထဂရု) ကျမ်းလေး
မှုသာ ဖြစ်ချေတော့မည်၊ သို့ရာတွင် ဆိုရေး ရှိလသျှင်လည်း

အကြောင်းသင့်သလို ပေါ်ပြမှသာ လိုအပ်သောရည်ရွယ်ချက်သို့ ရောက်မည်ဖြစ်၍၊ ဤအပိုင်းတွင် မြတ်စွာဘုရားသည်၊ အာရုံ ငါးပါး ကာမဂုဏ်တရား၏ ကြောက်ဖွယ်ကောင်းပုံ၊ မင်းနှင့်မင်း အချင်းချင်း၊ အစိုးရနှင့်အစိုးရအချင်းချင်း၊ ပုဏ္ဏားလည်းပုဏ္ဏား အချင်းချင်း၊ သားအမိ-သားအဖ-ညီအကို-မောင်နှမ စသော သူတို့အချင်းချင်း ငြင်းခုန်ကြ၊ ခိုက်ရန်ဖြစ်ကြ၊ ရိုက်ကြနှက်ကြ၊ ပစ်ကြခတ်ကြ၊ သတ်ဖြတ်ကြသည်တို့မှာ မျက်စိအာရုံ၊ နားအာရုံ၊ နှာခေါင်းအာရုံ၊ လျှာအာရုံ၊ ကိုယ်အာရုံ ဟူသော ကာမဂုဏ် တို့ကြောင့် ဖြစ်ပေရာ၊ ၎င်းအဖြစ်ဆိုးတို့သည် စွဲလန်းကပ်ငြိသော မိမိအား မျက်မှောက်ဗိဋ္ဌ ယခုဘဝပင် တွေ့ထိ ခံစားရသော ကာမဂုဏ်တို့၏ အပြစ်ဟု ဟောတော်မူလေသည်။

◇◇◇◇◇◇◇◇◇◇

## လောကငရဲ-ကာမဘဲ

(၁၁)

**ပါဠိတော်**

"ပုနစပရံ ဘိက္ခဝေ ကာမဟေတု ကာမနိဒါနံ ကာမာဓိကရဏံ ကာမာနမေဝ ဟေတု သန္ဓိံပိဆိန္ဒန္တိ။ လ။ အယမ္ပိ ဘိက္ခဝေ ကာမာနံ အာဒီနဝေါ သန္ဒိဋ္ဌိကော ဒုက္ခက္ခန္ဓော ကာမဟေတု ကာမနိဒါနံ ကာမာဓိကရဏံ ကာမာန မေဝ ဟေတု"

## မြန်မာပြန်

"ရဟန်းတို့-တဖန်ထို့ပြင်လည်းကာမဂုဏ်အထောက်အပံ့၊ ကာမဂုဏ် အရင်းခံ၊ ကာမဂုဏ်တို့၏ တည်ရာ၊ ကာမတို့ကြောင့်သာလျှင် အိမ်ကိုလည်းဖေါက်ထွင်း၍ခိုးကြကုန်၏၊ ရွာကိုလည်း လုယက်တိုက်ခိုက်ကြကုန်၏၊ ခရီးလမ်း၌လည်း စောင့်၍ လုယက် တိုက်ခိုက် ကြကုန်၏၊ သူတပါး၏ သားမယားတို့ကိုလည်း သွားလာကြကုန်၏၊ ထိုသူတို့ကို မင်းတို့သည် ဖမ်းယူ၍ ညှင်းပန်းမှုအမျိုးမျိုးတို့ကို ပြုကြကုန်၏၊ နှင်တံတို့ဖြင့်လည်း ရိုက်ကြကုန်၏၊ ကြိမ်လုံး တို့ဖြင့်ငင်း၊ တုတ်တို့ဖြင့်ငင်း ရိုက်ကြကုန်၏၊ လက်ခြေတို့ကိုလည်း ဖြတ်ကြကုန်၏၊ နား-နှာခေါင်းတို့ကိုလည်း ဖြတ်ကြကုန်၏၊ ဤသို့ အစရှိသော ၂၅ ပါးသော နှိပ်စက်သတ်ဖြတ် ခြင်းတို့ကို ပြုကြကုန်၏၊ ထိုသူတို့သည် ထိုနေရာ၌ သေခြင်းသို့ ရောက်ကြကုန်၏၊ ရဟန်းတို့-ဤသည်လည်း ကာမဂုဏ် အထောက်အပံ့ ကာမဂုဏ်အရင်းခံ၊ ကာမဂုဏ်တို့၏တည်ရာ၊ ကာမဂုဏ်တို့ကြောင့် ဖြစ်သော မျက်မှောက်ဘဝ ခံစားရသည့် ဆင်းရဲအစုဖြစ်သော ကာမတို့၏ အပြစ်ပေတည်း"

## အဓိပ္ပါယ်ရှင်းလင်းချက်

"အာရုံငါးပါးတို့တွင်တပါးပါး၌ ကိလေသာကာမအဖြစ်သို့ ရောက်လာလျှင် ပြစ်မှုမျိုးစုံကို မင်းပြစ်မင်းဒဏ် စီရင်မည်ကို သိလျက်၊ ကျူးလွန်ကြကုန်သည်၊ သူ့အသက်သတ်ခြင်းစသော အကုသိုလ် ကမ္မပထ တရားတို့ကို လွန်ကျူး၍ ကျင့်ကုန်သည်။

အိမ်နံရံတို့ကိုဖေါက်ထွင်း၍လည်းခိုးကြတိုက်ကြကုန်သည်၊ ကျေးရွာဇနပုဒ်တို့ကိုလည်း လုယက်ဖျက်ဆီးကြကုန်သည်၊ မီးရှို့ဖျက်ဆီးကြကုန်သည်၊ တိုင်းပြည်မြို့ရွာ ဇနပုဒ်တို့ အေးချမ်းသာယာရှိအောင် မင်းများ၊ အစိုးရများက ပြုစု စောင့်ရှောက်ထားသည်ကို ဆန့်ကျင်ဖက်ပြု၍ ဆူပူနှောက်ယှက်ကြလေသည်၊ ခရီးလမ်းမှ စောင့်၍လည်း လုယက် တိုက်ခိုက်ကြသည် ပစ်ခတ်သတ်ဖြတ်ကြသည်။

ယင်းကဲ့သို့ဆိုးခိုးတိုက်ခိုက်သောလူဆိုး သူခိုးများကို မင်းတို့က ဖမ်းယူပြီးသော် ၂၅ ပါးသော ညှင်းဆဲနည်း အမျိုးမျိုးတို့ဖြင့် ညှင်းပမ်း နှိပ်စက်၍ နောက်ဆုံးတွင် ဦးခေါင်းကို ဖြတ်၍ သတ်လေသည်။ ဤသို့ဖြစ်ရသည်မှာ မိမိတို့ လက်ခံထားသော ကာမဂုဏ်ကြောင့်သာလျှင် ဖြစ်၏ ထိုကာမတရား တိုက်တွန်းလှုံ့ဆော်မှုကြောင့် ဤမျှ ကြီးမားသော ပြစ်မှုကို ကျူးလွန်မိရကား၊ ထိုလွန်ကျူးမှုနှင့် လျော်သော ညှင်းပမ်းနှိပ်စက် အသေသတ်ခြင်းကို ခံရသည်မှာ ထိုကာမဂုဏ်တို့ အကြောင်းခံကြောင့် ယခုဘဝ လက်ငင်းခံစားရသော ဆင်းရဲအစုဟု ဘုရားဟောတော်မူသည်။

“ ခေတ္တူ ပမ ပေတ ” ရာဇဂြိုဟ်ပြည်တွင် ချမ်းသာသောများစွာသော ဥစ္စာရှိသော သူဌေးကြီးတယောက် ရှိလေ့သည်၊ ထိုသူဌေးကြီးတွင်လည်း သားတယောက်ရှိလေသည်၊ အလွန်ချစ်အပ်သောတယောက်တည်းသောသားဖြစ်ခြင်းကြောင့် မည်သည့်အတတ်ပညာမှ မသင်စေဘဲ၊ “ငါတို့သားသည် တနေ့လျှင်ငွေတထောင်မျှ နေ့စဉ်သုံးဖြုန်းစေကာမူ၊ နှစ်ပေါင်းတရာ ပြည့်

သော်လည်း ငါတို့ ဥစ္စာပစ္စည်းသည် မကုန်နိုင်၊ အတတ်ပညာ သင်ခြင်းဖြင့် ကိုယ်ပင်ပန်း စိတ်ညှိုးနွမ်းခြင်း ဖြစ်မည်ဟု ယူဆ ကြလျက်၊ ပျော်သလိုသာ နေစေလေသည်။ အရွယ်ရောက် လတ်သော်-ရှပ်ဆင်းအင်္ဂါ လှပတင့်တယ်သော အရွယ်ကောင်း အမျိုးသမီး တယောက်နှင့် အိမ်ထောင် ချပေး လေသည်၊ ထိုသူဌေးသား ဇနီးမောင်နှံတို့သည်....

(ဓမ္မေ စိတ္တံ မတ္တမှ ° အနုပ္ပ ါဒေတွာ)
"တရားဆို၍ စိတ်နှင့်မျှ အာရုံမပြု မဖြစ်စေမူ၍"
(သမဏ ဗြာဟ္မဏ ဂုရုဇနေသု အနာဒရော)
"ရဟန်း လေးစားအပ်သော လူကြီး သူကြီးတို့ကို လည်း မရိုသေ"
(ဓုတ္တဇန ပရိဝုတော)
"အခက်သမား၊ ကစားသမားတို့ ခြံရံလျက်"
(ရဇ္ဇမာနော ပဥ္စကာမ ဂုဏေရတော)
"အာရုံငါးပါးကာမဂုဏ်တရား၌သာ ငြိကပ် ပျော် မွေ့နေ၍"

ကာလကြာသော် မိဖတို့သေလေ၍ အရက်သောက်ခြင်း၊ အပျော်အပါး ပွဲလမ်းသဘင် ခင်းကျင်းခြင်း၊ ကစားမျိုးစုံ စသော မိမိထင်သလို ဖြုန်းတီးမှုကြောင့် ဥစ္စာပစ္စည်းတို့ကုန်ခမ်း လာလေသည်၊ နောက်အခါတွင် ကြွေးရှင်တို့၏ ပူမှုကြောင့် လယ်ယာ ခြံ စသည်တို့အပြင်၊ နေအိမ်ပါ ရောင်း၍ ပေးဆပ် လိုက်ရပြီး၊ ခွက်လက်စွဲကာ အားထားရာမဲ့၍ တောင်းစားရလေ သည်။

တနေ့သောအခါ၊ ခိုးသူအဖွဲ့တခုသည် ၎င်းနေသော ဇရပ်သို့ ရောက်လာ ကြလျက်၊ ခိုးရန် တိုက်ရန် တိုင်ပင် ကြပြီးလျှင် ထိုသူအား "သင်သည် လက်ခြေတို့ ကောင်းလျက် လက်ခြေ ချို့ယွင်းသောသူကဲ့သို့ တောင်းစား၍ နေခြင်းသည် မသင့်လျော် ငါတို့နှင့် လိုက်၍ ခိုးသောအမှုပြုလျှင် သင်ချမ်းသာစွာ အသက် မွေးနိုင်မည်။ ခိုးသောအတတ်ပညာကို ငါတို့သင်ပေးမည်၊ ငါတို့၏ စကားကိုသာ နားထောင်၍ လုပ်ရမည်"ဟု ဆိုသော် "ကောင်း ပါပြီ"ဝန်ခံ၍ ခိုးသူတို့နှင့် လိုက်သွားပြီး "သင်က–ဤအိမ် ခြံစည်းရိုးမှ လက်ရိုက်တင်းဘုတ်ကို ကိုင်၍ စောင့်နေပါ၊ တွေ့သမျှ လူကို ရိုက်သတ်လေ"ဟု မှာထား၍ ခိုးသူတို့သည် အိမ်ပေါ်သို့ တက်၍ ခိုးကြလေသည်။

အိမ်ရှင်တို့ နိုး၍ အော်သောအခါ၊ သူခိုးတို့သည် ထိုမှ ပြေးသွားကြလျက် လွတ်မြောက်ကြသော်လည်း သူဌေးသားမှာ မပြေးတတ်သဖြင့် တင်းဘုတ်နှင့်တကွ ဖမ်းမိ၍ ဘုရင်ထံ ပို့အပ် ကြလေသည်၊ ဘုရင်လည်း ခိုးသူတို့၏ သွားရာလမ်းအတိုင်း လက်ပြန်ကြိုးတုပ် သုသာန်ထုတ် လမ်းဆုံလမ်းခွသို့ ရောက်တိုင်း အဆူးပါသော ကြိမ်တံပြာနှင့်ရိုက်၊ သုသာန်ရောက်က လက်ဝါး ကပ်စင်တင် မလှုပ်နိုင်အောင် သံမယ်နဖြင့်ရိုက်၊ လက်ကိုဖြတ်၊ နှာခေါင်းကိုဖြတ်၊ နားရွက်ကိုဖြတ် နောက်ဆုံးတွင်မှ ဦးခေါင်းကို ဖြတ်၍သတ်ရန် အမိန့် ချမှတ်သည့် အတိုင်း နောက်ဆုံးတွင် သတ်လိုက်လေသည်။

(ပေတဝတ္ထု အဋ္ဌကထာ-၃)။

"တမ္ဗဒါဋ္ဌိက" ၄၉၉ ယောက်သော သူခိုးဂိုဏ်းကြီးသည် ရွာကို တိုက်ခိုက်ဖျက်ဆီးလျက် လုယက်ကြလေသည်၊ တမ္ဗဒါဋ္ဌိက ဟူသောလူကြမ်းတယောက်သည်ထိုခိုးသူတို့ကိုကပ်၍ထိုအဖွဲ့ထဲသို့ ပါလိုကြောင်းပြောရာ၊ ခိုးသူ ခေါင်းဆောင်က ဤသူသည် အလွန် ကြမ်းတန်းသည်၊ ကြောက်မက်ဖွယ် ကောင်းသဖြင့် ဝင်ရန်ငြင်းဆိုသည်၊ ၎င်းလည်း ခိုးသူ ငယ်သားတယောက်ကို ကပ်၍ ဝတ်ကြီးဝတ်ငယ်ပြုလျက်နေ၏၊ အတန်ကြာသော် ခိုးသူငယ်က ခေါင်းဆောင်ပုဂ္ဂိုလ်အား "အရှင်-ဤသူသည် အလွန်ပင် ဝတ္တရားကျေပြွန်သည် လက်ခံပါဆိုသဖြင့် လက်ခံ၍ လှည့်လည် တိုက်ခိုက်ကြလေရာ၊ ဘုရင်၏ တပ်သားတွေ ဝိုင်းဖမ်းကြသဖြင့် မိသွားလေသည်၊ ထိုအခါ တရားရုံးမှ "ဤခိုးသူ ၅၀၀ တို့အား ဦးခေါင်းဖြတ်၍သတ်စေ"ဟု အမိန့်ချလိုက်သည်၊ လူသတ်သမား အာဏာသားတို့သည်လည်း အားလုံးကုန်အောင် မသတ်နိုင်ကြ သဖြင့်"သင်တို့အထဲမှ သတ်နိုင်မည့်သူကို အပြစ်မှလည်း လွှတ် မည်၊ လူသတ်ရာထူးကိုလည်း ဆက်၍ ခန့်ထားမည်"ဟု ဆို၍ ခိုးသူ ခေါင်းဆောင်ကိုမေးရာ "ငါ့ဂိုဏ်းသားတွေကို ငါမသတ် လို"ဟု ငြင်းသောအခါ၊ အဆင့်ဆင့်အားဖြင့် မိမိတို့ မသတ်လို ကြောင်း ပြောကြပြီးလျှင် တမ္ဗဒါဋ္ဌိက အလှည့်သို့ ရောက်သော အခါ "ကောင်းပါပြီ "ဟု ဝန်ခံလျက်၊ အားလုံး လူတို့ကို သူတယောက်တည်း သတ်လိုက်လေသည်။

(ဓမ္မပဒဋ္ဌကထာ-၄၀၅)။

အရှင်မဟာမောဂ္ဂလာန်။ မြတ်စွာဘုရား၏ သာသနာ တော်တွင် ပစ္စည်းလေးပါးတို့ တနေ့ထက်တနေ့ ပေါများ၍၊

တိတ္ထိတို့၏ သာသနာတွင် ပစ္စည်းလာဘ်လာဘများ တနေ့ထက် တနေ့ ပါးရှား၍ လာသောအခါ၊ တိတ္ထိပရိဗိုဇ်တို့သည် အစည်း အဝေး ပြုလုပ်ကြပြီးလျှင် “ ရှင်ဂေါတမ–သာသနာမှာ ပစ္စည်း လာဘ်လာဘ ပေါများ ခြင်းသည်၊ ရှင်မောဂ္ဂလာန် တန်းခိုး ပြခြင်းကြောင့်ဖြစ်သည်၊ ရှင်မောဂ္ဂလာန်ကိုသတ်လိုက်၍ တန်ခိုး မပြနိုင်က၊ ထိုလာဘ်လာဘတို့ ငါတို့ထံ ရောက် လာ မည် ဟု တွက်ဆ ကြပြီးလျှင်၊ လူသတ် သမားတို့ကို ခေါ်၍ စရံငွေ တထောင် ပေးကြပြီးလျှင် ကျောက်မဲလိုဏ်ဂူ၌နေသော ရှင်မဟာ မောဂ္ဂလာန်ကို သတ်ရန် စေခိုင်းကြလေသည်။ ခိုးသားတို့လည်း တလ-နှစ်လ စောင့်၍ လိုဏ်ဂူကို ဝိုင်းရံ ဖမ်းကြပါသော်လည်း တန်ခိုးရှင်ဖြစ်သော အရှင်မောဂ္ဂလာန်ကို ဖမ်း၍ မရချေ၊ နောက်တတိယလသို့ရောက်သောအခါ၊ အရှင်မောဂ္ဂလာန်သည် မိမိ၏ ရှေးရှေးဘဝအကြောင်း ဆင်ခြင် ကြည့်သောအခါ၊ မိမိ ပြုကဲ့သော ကံကိုသိ၍ ပြေးမလွတ်နိုင်သော ဝိပါက်ကြောင့် အမိ ခံလိုက်လေသည်။

လူသတ်သမားတို့သည် အရှင် မောဂ္ဂလာန်အား အရိုးအသား တို့ကို ဆန်ကျိုးဆန်ကွဲတမျှ မှုန့်မှုန့်ညက်ညက်ကျေအောင်ရိုက်နှက် ကြပြီးမှ “သေပြီ” ဟုဆို၍ချုံ့တခုထဲသို့ပစ်ချကာပြန်ကြလေသည်

“အရှင်မဟာမောဂ္ဂလာန်ကို ခိုးသားတို့ ရိုက်သတ် ကြသတဲ့” ဟူသောစကားသည် တလောကလုံး ပြန့်နှံ့၍ သွားသောအခါ၊ အဇာတသတ်မင်း သိလေသော်-စုံထောက်တို့ကို လွှတ်၍ စုံစမ်း ထောက်လှမ်းစေလေရာ၊ အရက်ဆိုင် တဆိုင်တွင် ပျော်ပွဲစား၍ အောင်ပွဲခံနေသော လူသတ်သမားတို့ကို တွေ့၍ ဖမ်းဆီးပြီးလျှင် ဘုရင်အဇာတသတ်ထံသို့ ပို့အပ်ကြလေသည်။ ဘုရင်က—

"သင်တို့-ရှင်မဟာမေဂ္ဂလာန်ကို သတ်ကြသလား"
"မှန်ပါသည် အရှင်မင်းကြီး"
"သင်တို့ကို-မည်သူစေခိုင်းသနည်း"
"အဝတ်မဝတ်သောတိတ္ထိပရိဗိုဇ်တို့စေခိုင်းပါသည်"

ဟု လျှောက်တင် ကြသောအခါ၊ အဇာတသတ်မင်းသည် ထိုတိတ္ထိပရိဗိုဇ် ငါးရာတို့ကို ဖမ်းစေ၍ ခိုးသား လူသတ်သမား ၅၀၀ နှင့်အတူ၊ နန်းတော်ယင်ပြင်တွင် ချက်မြုပ်လောက်အောင် တွင်းများကို တူးစေလျက်၊ ထိုသူ ၁၀၀၀ တို့တို့ ဆင်းစေလျက် အထက်မှ ကောက်ရိုးတို့ကို အုပ်ဖုံးပြီးလျှင် မီးတိုက်လေသည်၊ ထိုမီးပြာကျသွားသောအခါ၊ သံထွန်သွား တို့ဖြင့် တိုက်လေရာ အားလုံး အပိုင်းပိုင်း ပြတ်၍ သေဆုံးလေကုန်သည်။

(ဓမ္မပဒဋ္ဌကထာ ဒုအုပ်-၄၁)။

ငင်းပြင် ဓမ္မပဒဋ္ဌကထာ—၄၁၃။ ကုဏ္ဍလကေသီ ဝတ္ထုလာ ခိုးသား၊ ဒုအုပ်—၃၃၅။ ဝိဇ္ဇန္တဘိက္ခု ဝတ္ထုလာ ခိုးသားစသည် ဖြင့် အများအပြား ရှိသေးသည်။ ထားတော့—

ဤ၌-ခေတ္တုပမပေတ ဝတ္ထုလာ ခိုးသားမှာ၊ မိမိ၏ စား-ဝတ်-နေရေးအာရုံ ကာမဂုဏ်ကြောင့် သူခိုးဂိုဏ်းသို့ဝင်ပြီး ခိုးလေသည်၊ ထိုခိုးမှုကြောင့် ဘုရင်က ဖမ်းပြီး ညှင်းဆဲ၍သတ်သည်၊ ဘုရင်သတ်ခြင်းသည် ခိုးမှုကျူးလွန်၍၊ခိုးခြင်းသည် အာရုံငါးပါး ကာမဂုဏ် တရားကြောင့် ဖြစ်ရာ၊ ဤကာမ—ကာမဂုဏ်သည် အလွန်ကြောက်ဖွယ် ကောင်းအောင် ဆိုးရွားလှ၏၊ ထို့ကြောင့် ကာမဂုဏ်တို့၏ သာယာဖွယ်သည် အနည်းငယ်မျှသာ ဖြစ်လျက်၊

ယင်းစနက်ကြောင့် ဖြစ်ရသည့် အပြစ်ဒုက္ခကား ကြီးမားလှ၏ဟု အလုံးစုံကို သိမြင်တော်မူပြီးသော မြတ်စွာဘုရားသည်၊ ထိုကာမ တို့မှထွက်မြောက်ကျွတ်လွတ်စေရန် အနည်းနည်းဖြင့်ဟောတော် မူထားသည်။

ရှင်းနောက် တမ္ဗဒါဋ္ဌိကသည် ဒိုးသားဂိုဏ်းတခုသို့ ဝင်ခွင့် တောင်းရာ လူဆိုးဗိုလ်ကခွင့်မပြုချေ၊ သူသည် ဝင်ခွင့်ရရန်အတွက် ဝတ္တရားကျေပြွန်စွာ ဆောင်ရွက်၍ အနည်းနည်း ကြိုးစားသဖြင့် ဝင်ခွင့်ရသည်၊ တချိန်တွင် ဘုရင့်တပ်က တဖွဲ့လုံး ဖမ်းမိသဖြင့် ဦးခေါင်းဖြတ်၍သတ်ရန်အမိန့်ပေးလိုက်သည် အာဏာသားတို့က ဤမျှများပြားသော သူများကို မသတ်နိုင်၊ သင်တို့အထဲမှ သတ် နိုင်မည့်သူရှိပါကထွက်ပါ၊ အသက်လည်း မသေရ၊ လခရိက္ခာပါ ပေး၍ ခန့်ထားဦးမည်ဆို၍ လူဆိုးဗိုလ်ကို စတင်၍မေးရာ၊ သူ့ ငယ်သားတို့ကို သူမသတ်လိုကြောင်းပြော၍၊ အဆင့်ဆင့်မေးလာ သောအခါ မည်သူမှ မသတ်လိုကြဘဲ၊ တမ္ဗဒါဋ္ဌိကမှာမူကား သူသတ်မည်ဆို၍ အားလုံးကိုသတ်လိုက်သည်၊ ဤခိုးသူတို့သည် လည်း သူတပါး၏ ပစ္စည်းကို ခိုးယူတိုက်ခိုက် ယူလိုကြခြင်းမှာ မိမိတို့၏ အာရုံငါးပါး ကာမဂုဏ် အတွက်သာလျှင် ဖြစ်၏၊ ဤအာရုံငါးပါး လိုက်စားရာတွင် တရားသဖြင့် ရှာဖွေခြင်း မရှိ မူ၍၊ မတရားရှာဖွေခြင်းမျိုးဖြစ်ရကား၊ အလွန်ကြောက်ဖွယ်ပင် ဖြစ်သည်။

အရှင်မဟာမောဂ္ဂလာန်ကို သတ်ရာ၌၊ လူသတ်သမားတို့သည် မိမိတို့၏ အာရုံငါးပါး ပျော်ပါး ခံစားနိုင်မှုအတွက် ပုဂ္ဂိုလ် ယုတ်မြတ်ပင် မခွဲမသိနိုင်တော့ဘဲ၊ ငွေအသပြာတထောင်ရရုံဖြင့် ရက်ရက်စက်စက် သတ်ဝန့်ကြပေသည်၊ သူတို့က မထေရ်ကိုရက်

စက်စွာ သတ်သည့်နည်းတူ၊ စေခိုင်းသူ(နဂ္ဂသမဏ)ပရိဗိုဇ်တို့နှင့် တကွ၊ အဇာတသတ် မင်းကလည်း ရက်ရက်စက်စက်ပင် သတ်လိုက်လေသည်။

အာရုံငါးပါး ဤကာမတရားသည်၊ ၎င်းကို တွယ်တာတပ်မက်သည်နှင့် တွယ်တာသူတပ်မက်သူကို အကြီးအကျယ် လောကဒုက္ခ၊ သံသရာဒုက္ခကို ပေးလေတော့သည်၊ လောကတွင် မင်းပြစ်မင်းဒဏ်ကိုလည်း မကြောက်၊ သံသရာဘေးကိုလည်း မကြောက် "ရောက်ချင်ရာရောက်စေတော့"ဟု မိုက်ဝန့်လာလေသည်။နူးညံ့လှသော တပ်မက်မှု ဆန္ဒရာဂသည် သံသရာထဲတွင် အဝီစိငရဲ အထိပင် ကျမည်ကို မကြောက်ဘဲ၊ ကြမ်းတမ်းသော အမှုကို ပြုဝန့်သည်။

**"ကာမသုတ်"** ထိုကာမတို့ကို မြွတ်စွာဘုရားသည်၊ သုတ္တနိပါတ် ပါဠိတော်၌လည်း....

"ဝတ္ထုကာမကို အလိုရှိသော သတ္တဝါအား၊ မိမိ အလိုရှိတိုင်းသော အာရုံငါးပါး ကာမဂုဏ် တရားကို အပြည့်အစုံ အလိုရှိတိုင်းရခဲ့ပါမူ၊ ယင်းသို့ အလိုရှိတိုင်း ရသောကြောင့်၊ကိလေသာကာမအားဖြင့်ကေန်တပ်မက် နှစ်သက်မှုသည်ဖြစ်၏"

"ထိုကာမတို့ကို အလိုရှိသည်ဖြစ်၍၊ လိုလားတောင့်တမှုဖြစ်နေသော သတ္တဝါအား၊ ထိုကာမတို့ အကြောင်း တစုံတရာကြောင့် ပျက်ပြားဆုတ်ယုတ်မူ၊ မြှားမှန်ခံရသူကဲ့သို့ ဖေါက်ပြန်တော့၏"

"မြွေကို တွေ့သောသူသည် ထိုမြွေကို မိမိခြေဖြင့် ကွင်းရှောင် သွားသကဲ့သို့ အကြင်သူသည် ကာမတို့ကို

ကင်းရှောင်၏(သတိ)ဂရုစိုက်မှုရှိသောသူသည်လောက၌ ဤတပ်မက်မှုကို လွန်မြောက်နိုင်၏”

“အကြင်သူသည် လယ်ယာ မြေအိမ် ရွှေငွေနွား မြင်း၊ ပစ္စည်းဥစ္စာ၊ သားမယားနှင့် အခြားကာမဂုဏ် တို့ကို ကိလေသာစိတ်ဖြင့် ငြိကပ်၏။ တပ်မက်၏၊ ထိုတပ် မက်သော ကိလေသာစိတ်သည် ထိုသူ့ကို နှိပ်စက်၏၊ ထိုသို့ ဘေးရန်တို့ အနှိပ်အစက်ကို ခံရသောကြောင့် ရေ သည် လှေကွဲသို့မပြတ်ဝင်သကဲ့သို့ ဆင်းရဲသည် ထိုသူသို့ မပြတ်ဝင်လေသည်”

“ထို့ကြောင့် သတ္တဝါသည် သတိထားလျက် ကာမ တို့ကို အခါခပ်သိမ်း ရှောင်ကြဉ်ရာ၏၊ လှေကိုရေပက် ထုတ်လျက် တဖက်ကမ်းသို့ လှော်ခပ် သွားသကဲ့သို့ ထိုကာမတို့ကို ပယ်ထုတ်၍ ဩဃလေးဖြာ သံသရာကို ကူးမြောက်ရာ၏”

(ကာမသုတ်—၃၉၉)။

“ခွေးငတ်ရိုးခဲ—ဝနိုင်ဘဲ” (အဋ္ဌိကင်္ကလူပမာ ကာမာ)ဥပမာ ဿော်ကား—ဆာလောင် မွတ်သိပ်သဖြင့် အလွန် အားအင် နည်းပါးလျက်ရှိသော ခွေးတကောင်သည်၊ နွားတို့ကို သတ်ဖြတ် ရာနေရာအနီး၌ ရောက်ရှိ တည်နေသည်ဖြစ်အံ့၊ နွားသတ်ရာ၌ ကျွမ်းကျင်လိမ္မာသော နွားသတ်သမားသည်ငင်း၊ တပည့်သည် ငင်း၊ အသားတို့ကို ကောင်းစွာ ခြစ်ယူခြင်းဖြင့် အရိုးချည်း သက်သက်ကျန်၍ သွေးလိမ်းနေသော နွားရိုးကို ထိုခွေးအနီးသို့ ပစ်ချရာ၏။

ဤသို့ဖြစ်သော်—ထိုခွေးသည် ကောင်းစွာခြစ်ယူထားသဖြင့် အသားမရှိသော၊ သွေးတို့လိမ်းကျံနေသဖြင့် အနံ့အသက်သာ ရှိသော၊ထိုအရိုးကို လျှာဖြင့် လျက်ရုံမျှနှင့် ဆာလောင်မွတ်သိပ်မှု ပျောက်နိုင်မည်မဟုတ်ပေ၊ စားချင်အား ကြီးသဖြင့်သွားတို့နှင့် ကိုက်သော်လည်း အသားကိုကားမရ၊ ပင်ပန်းနွမ်းနယ်ရုံမျှသာ ဖြစ်ရာ၏။

ထို့ကြောင့် မြတ်စွာဘုရား၏ တပည့်သာဝကသည်၊ ထိုခွေး ငတ်ရိုးခဲ-ဝနိုင်ဘဲ ဟူသည်ကိုသိ၍၊ ကာမတို့သည် သာယာဖွယ် နည်းလျက်အပြစ်ကားများလှသည်ဟုအပြစ်တို့ကိုသိ၍ ခွါရှောင် နိုင်ကြကုန်ရာသည်။

---

**"သားတစ်ချီသော ငှက်သဘော"** (မံသပေသူပမာကာမာ) ဥပမာအားဖြင့် လင်းတသည်ရင်း၊ ဘုံမတီးငှက်သည်ရင်း၊ စွန်ရဲ သည်ရင်း သားတစ်တခုကိုရ၍ ပျံသွားလေရာ၏၊ ထိုသားတစ်ကို ရ၍ကောင်းကင်သို့ ပျံကာသွားသောငှက်ကို အခြားသားတစ်မရ သော ငှက်တို့သည် အစဉ်တစိုက် ထက်ဝန်းကျင်မှ လိုက်ကြကုန်၍ ထိုးဆိတ်လုယက်ကြလေကုန်သည်။ သားတစ်ကိုမရသော် ထိုငှက် အား ထိုးဆိတ် ကြကုန်သည်၊ ထိုငှက်သည်၊ အခြားငှက်တို့၏ သားတစ်ရလိုသော အကြောင်းကြောင့် ထိုးဆိတ် ကြသဖြင့် ဤသားတစ်ကို မလွှတ်က၊ သေသော်လည်း သေမည်၊ မသေ သော်လည်း သေလောက်သော ဆင်းရဲသို့ ရောက်လိမ့်မည်ဟု သိလျှင် သားတစ်ကို ချက်ခြင်း လွှတ်ချရသည်။

ထိုအတူ အာရုံငါးပါး ကာမတရားတို့သည်၊ သားတစ်နှင့် တူကုန်၏ဟု မြတ်စွာဘုရား ဟောတော်မူထားသည်ကို သိသော

တပည့်သား သာဝကသည်၊ ထိုသားတစ်နှင့်တူသော ကာမ တရားတို့ကို ရှောင်ခွာနိုင်မှ ထိုဆင်းရဲမှ ထွက်မြောက်နိုင်ရာ၏။

---

"မြက်မီးရှူးပုံ–ကာမဂုဏ်" (တိဏုက္ကူပမာ ကာမာ) ဥပမာသော်ကား၊ ယောကျ်ားတယောက်သည် မြက်ခြောက်တို့ကို တုတ်၌စည်း၍၊ မီးဖြင့်ရှို့ပြီးလျှင် လေညာသို့ ဆန်၍ယူပြေးရာ၏၊ ထိုအခါ လေတိုက်အားကြောင့် ထိုမီးသည်ယူလာသောသူအား တဖြည်းဖြည်းလောင်လာရာသည်၊ ထိုသူသည် ဤမီးရှူးကို လွှတ်၍ ပစ်သော်လည်း ပစ်ရာ၏၊ မပစ်က လက်ကိုသော်၎င်း၊ ကိုယ်ကို သော်၎င်း၊ အခြား အင်္ဂါကြီးငယ်တို့သို့ စွဲလောင်ခြင်းဖြင့် ထိုသူ အား သေသော်လည်း သေရာ၏၊မသေသော်လည်း သေလောက်သည့် ဆင်းရဲသို့ ရောက်မည်သာတည်း။

ထို့အတူ၊ ကာမ တရားတို့ကို မြက်မီးရှူးနှင့် တူသည်ဟု မြတ်စွာဘုရား ဟောတော်မူသည်ကို သဘောပေါက် နားလည်သော တပည့်သား သာဝကသည် ထိုမြက်ခြောက်မီးရှူးနှင့် တူသော ကာမတို့ကို ခွာမှ စွန့်ပစ်မှ ဆင်းရဲဒုက္ခ ကင်းဝေး လွန် မြောက်နိုင်ရာ၏။

---

"မီးကျီးပုံသွင် ကာမပင်" (အင်္ဂါရကာသူ ပမာ ကာမာ) ဥပမာသော်ကား၊ မီးတောက်မီးခိုး မရှိသော မီးကျီးမီးခဲအတိ ဖြစ်သော ယောကျ်ားတို့၏ တရပ် အတိုင်းအတာရှိသောမီးတွင်း ကြီးသည် ရှိရာ၏၊ ထိုအခါ အသက်ရှည်လိုသော၊ မသေလိုသော ဆင်းရဲမည်ကို ကြောက်သော၊ ချမ်းသာလိုသော ယောကျ်ား တယောက်ကို အခြားသော အားခွန်ဗလ ကောင်းသော

ယောကျ်ား ၂ ယောက်တို့သည် လက်မောင်းတဖက်စီ အတင်း ဆုပ်ကိုင်၍ ထိုမီးကျီးတွင်းဆီသို့ ဆွဲငင်ကုန်ရာ၏။

ထိုသို့ဆွဲငင်လေသော် ထိုသူသည်၊ တတ်နိုင်ပါကလွတ်အောင် ရုန်း၍ထွက်ပြေးမည်၊ လွတ်အောင် မတတ်နိုင်ကလည်း ဟိုဟို သည်သည် ရုန်းကန်လေရာ၏၊ အကြောင်းမူ ဤမီးကျီးတွင်းသို့ ငါကျရောက်ငြားအံ့-ငါ့အား သေခြင်းသို့သော်လည်း ရောက် မည်၊ မသေလျှင်မူသည်း သေလောက်သော ဆင်းရဲကြီးသို့ ရောက်မည်ဟု သိသောကြောင့်ဖြစ်၏။

ထိုအတူ၊ အာရုံငါးပါး ဤကာမ တရားတို့ကို မီးကျီး မီးတွင်းဟု မြတ်စွာဘုရား ဟောတော်မူထားသည်ကို သဘော ပေါက် နားလည်ထားသော မြတ်စွာဘုရား၏ တပည့်သာဝက သည်၊ ထိုမီးကျီးတွင်းကို မသေလိုသော၊ ချမ်းသာကိုလိုသောသူ ရှောင်ခွာသကဲ့သို့ ထိုကာမတို့အား ရှောင်ရှားအပ်လေသည်။

---

"အိပ်မက်ပမာ-ကာမသာ" (သုပိနကူပမာ ကာမာ)ဥပမာ သော်ကား၊ လူတယောက်သည် ပျော်စရာကောင်းသော သစ် ပင်တောအုပ်၊ မွှေ့လျော်ဖွယ် ကောင်းသော ဥယျာဉ်ရေကန် ပန်းမာလ်တို့ဖြင့် သာယာဖွယ်သော အိပ်မက်ကို မြင်မက်၏၊ ထိုအိပ်မက်သည် နိုးလာသော ထိုယောကျ်ားအား တစုံတခုကိုမျှ မမြင်ရတော့သည် ဖြစ်သောကြောင့် စိတ်ပျက် ဝမ်းနည်းခြင်း ဖြစ်ရလေသည်။

ထို့အတူ၊ ကာမဂုဏ်တို့သည် အာရုံဝတ္ထု၊ တိုက်ဆုံမှုအခိုက် သာ ကိလေသာကာမတို့ ဖြစ်၍ သာယာဖွယ်ဟုယူမှတ်ကြသော ပုထုဇ္ဇန်တို့အတွက် အစွဲနာလေသည်။ စင်စစ်အခိုက်အတန့်မျှသာ

ဖြစ်သော ကာမဂုဏ်ဟူသည် အိပ်မက်နှင့် တူသည်ဟု၍ မြတ်စွာဘုရား၏ အဆုံးအမကိုရသော တပည့်သား သာဝကသည်၊ အိပ်မက်ကော၌သာ အေးချမ်း၍ နိုးလာသောအခါတွင် ပူပန်ဖွယ်များလှသော ကာမဂုဏ်တို့ကို ပယ်ခွာ၍ ထိုကာမမှ လွတ်မြောက်အောင် စွမ်းဆောင်နိုင်ကြကုန်ရာသည်။

---

"အငှါးပစ္စည်း ပုံတူမှီး" (ယာစိတကူပမာ ကာမာ)ဥပမာ သော်ကား၊ လူတယောက်သည် ၎င်း၏ မိတ်ဆွေ သူဌေးတဦး ထံမှ အထက်တန်းကျသော သူတို့သာလျှင် စီးနင်းသော ယာဉ်ရထား၊ ပတ္တမြားနားဒောင်း၊ ဝတ်ကောင်းစားလှတို့ကို ငှားရမ်း ဝတ်ဆင်လျက်၊ လူစည်ကားသော ဈေးအတွင်းသို့ လှည့်လည် သွားလာ၍ နေရာ၏၊ ထိုသူအား မြင်ရသူ အပေါင်းတို့က အချင်းတို့–ဤယောကျ်ားသည် ပစ္စည်းဥစ္စာ ချမ်းသာလေစွ တကား၊ ချမ်းသာသော သူများသည် ဤသို့ပင် ခံစားကြကုန်၏ ဟု အံ့ဩသောအနေဖြင့် ချီးမွမ်းကြကုန်၏။

ထိုသို့ လူအပေါင်းတို့ ချီးကျူးနေသည့် နေရာ၌ပင်လျှင် ပစ္စည်း၏ မူလပိုင်ရှင်ဖြစ်သော သူဌေးသည်လာ၍၊ ထိုမိမိငှါး ရမ်းလိုက်သော ပစ္စည်းတို့ကို ပရိသာတ် အလယ်တွင် သိမ်းယူလေ ရာ၏။

ယင်းသို့သိမ်းယူသဖြင့် အရှက်ရကာ တမျိုးတဖုံ ဖြစ်သွားပေ သည်၊ ထိုအတူ ကာမတရားတို့သည်၊ သူတပါးထံမှ ငှါးရမ်း ထားသော ပစ္စည်းနှင့်တူသည်ဟု မြတ်စွာဘုရား ဟောတော် မူထားသည်ကို သဘောပေါက် နားလည်သော တပည့်သာဝက

သည်၊ မိမိ၏ အပိုင်ပစ္စည်း မဟုတ်သော အငှါးပစ္စည်းဖြစ်သည့် ထိုကာမတရားတို့ကို ရှောင်ရှားစွန့်ပစ်လေရာ၏။

---

"အသီးပြည့်ဝ–ဤကာမ" (ရုက္ခဖလူပမာ ကာမာ) ဥပမာ သော်ကား ရွာနီးဂိုးနှင့် မနီးမဝေးသောအရပ်၌ သစ်ပင် ထူထပ်သော တောအုပ်တခု ရှိလေသည်၊ ထိုတောအုပ်အဝင်ဝ၌ မှည့်သော အသီးနှင့် ပြည့်စုံသော သရက်ပင် တပင် ရှိလေသည်၊ ထိုသရက်ပင်၏ အသီးကား အလွန် လျှင် ချိုမြိန်ကောင်းမြတ်၏၊ သို့ရာတွင် အပင်၏အောက်၌ ကြွေကျသောအသီးတလုံးမျှမရှိပေ၊ ထိုနေရာသို့ သရက်သီးကို လိုချင်၍ တောသို့ ဝင်လာသော ယောကျ်ားတယောက်သည် သရက်သီးကိုရှာရင်း ထိုသရက်ပင်၏ အနီးသို့ ရောက်ရှိလာလေသည်။

ထိုယောကျ်ားအား "ဤသရက်ပင်၌ရှိသော အသီးတို့သည် အလွန်ချိုမြိန်ကောင်းမြတ်သော အသီးတို့ဖြစ်ကုန်၏၊ များပြားသောအသီးလည်းရှိ၏၊ မြေ၌ ကြွေကျသော အသီးတလုံးတလေမျှ မရှိပေ၊ သို့ရာတွင် ငါကား သစ်ပင်တက်ရာ၌ ကျွမ်းကျင်၏၊ ဤသရက်ပင်သို့တက်၍ အလိုရှိတိုင်း ဝမ်းဝအောင် စားပြီးမှ ခါးပိုက်တွင် ထည့်၍ အိမ်သို့ပြန်ရသော် ကောင်း၏" ဟု အကြံ အစည်ဖြစ်သည့်အတိုင်း သရက်ပင်သို့တက်၍ စားလည်းစားသည်၊ ခါးပိုက်သို့လည်း ထည့်လေသည်။

ထိုနောက် ထိုသူကဲ့သို့ပင် သရက်သီးရှာရန် ထက်စွာသော ဒါးမတချောင်းကိုထမ်း၍ ဒုတိယလူသည်လာရာ၏၊ ထိုသူလည်း အသီးတို့ဖြင့်ပြည့်၍ ကောင်းမြတ် ချိုမြိန်သော အရသာရှိသည့် ထိုသရက်ပင်ကို မြင်သည်နှင့် သရက်ပင်ကိုကြည့်၍ "ဤသရက်

ပင်သည် အသီးလည်းပြည့်သည်၊ အရသာလည်း ချိုမြိန်ကောင်း မြတ်သည်၊ မြေသို့ကြွေကျသော အသီးလည်း တလုံးမျှမရှိ၊ ငါ သည်လည်း သစ်ပင်မတက်တတ်၊ ငါသည် ဤသရက်ပင်ကို အရင်းမှ ဒါးနှင့်ခုတ်လှဲ၍ အသီးတို့ကို အလိုရှိတိုင်း စားလျက် ခါးပိုက်အပြည့်ထည့်၍ အိမ်ပြန်ယူရသော် ကောင်းလေစွ”ဟု အကြံရသည့်အတိုင်း သရက်ပင်ကို အရင်းမှခုတ်ဖြတ်လေသည်။

ယင်းသို့ ခုတ်လှဲသောအခါ၊ ရှေးဦးစွာ သရက်ပင်ပေါ်သို့ တက်နေသောသူသည် အကယ်၍ လျှင်မြန်စွာ မဆင်းသက်ခြား အံ့၊ ထိုသစ်ပင်လဲသည်ရှိသော်-လက်ခြေအင်္ဂါ တခုခုသော်ငင်း၊ ကျိုးပြတ်ချတ်ယွင်းပျက်စီးရာ၏၊ သစ်ပင်လဲလေလျှင် ထိုသစ်ပင် လဲခြင်းကြောင့် သေသော်လည်း သေဆုံးရာ၏၊ မသေသော် လည်း သေလောက်သော ဆင်းရဲသို့ ရောက်ရာ၏။

ထိုအတူ၊ အာရုံငါးပါး ကာမတရားတို့သည်၊ အသီးပြည့် သော သစ်ပင်နှင့်တူ၏ဟု မြတ်စွာဘုရားဟောသည်၊ ပဌမသရက် ပင်သို့ တက်သော ယောကျ်ားသည် သရက်သီးကိုသာ တပ်မက် စားသောက် နေပါက ကြီးစွာသော ဆင်းရဲနှင့် တွေ့ရမည်ကဲ့သို့ ကာမတရားတို့၌ မစွန့်မခွာတပ်မက်၍ သာနေပါလျှင်၊ သံသရာ ဝဋ်ဆင်းရဲမှ မထွက်မြောက်နိုင်ဘဲ ရှိမည်ကို မြင်တော်မူသော မြတ်စွာဘုရားသည်၊ ထိုထိုကာမအာရုံ အလုံးစုံကိုပယ်ခွာပြတ်ရှင်း လွတ်မြောက်ခြင်းဖြစ်ရန် ဟောတော်မူခြင်းဖြစ်သည်။

(ပဥ္စကနိပါတ် အင်္ဂုတ္တရပါဠိတော် ၈၇ တွင် “စဉ်း တီတုံးဥပမာ၊ လှံတံကျင်ဥပမာ မြွေဦးခေါင်းဥပမာ” တို့ဖြင့်လည်း ပြသေး၏)။

(ဤကား၊ မဇ္ဈိမပဏ္ဏာသ ပါဠိတော် ပေါတလိယသုတ် ၂၇ တွင် ဟောတော် မူထားချက်ကို၊ မြန်မာပြန်၍ ထည့်လိုက်သည်)။

---

## အပါယ်ဘုံသို့-ကာမပို့

(၁၂)

**ပါဠိတော်**

"ပုန စ ပရံ ဘိက္ခဝေ ကာမဟေတု ကာမနိဒါနံ ကာမာဓိကရဏံ ကာမာန မေဝ ဟေတု ကာယေန ဒုစ္စရိတံ စရန္တိ။ပ။အယမ္ပိ ဘိက္ခဝေ ကာမာနံ အာဒီနဝေါ သမ္ပရာယိကော ဒုက္ခက္ခန္ဓော ကာမဟေတု ကာမနိဒါနံ ကာမာဓိကရဏံ ကာမာန မေဝ ဟေတု"

**မြန်မာပြန်**

"ရဟန်းတို့-တဖန် ထို့ပြင်လည်း ကာမဂုဏ် အထောက်အပံ့ ကာမဂုဏ်အရင်းခံကာမ၏တည်ရာ၊ ကာမဂုဏ်တို့ကြောင့်သာလျှင် ကိုယ်၊နှုတ်၊စိတ်တို့ဖြင့် မကောင်းသော အကျင့်ကိုပြုလုပ်ပြီးလျှင် ထိုသူတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသောကာလ၌၊ ချမ်းသာကင်းသော၊ မကောင်းမှုကို ပြုသောသူတို့၏ လားရာဖြစ်သော ငရဲသို့ ကျရောက် ကြလေကုန်၏။ ရဟန်းတို့-ဤသည်လည်း ကာမဂုဏ်အထောက်အပံ့ ကာမဂုဏ် အရင်းခံကာမ၏

တည်ရာ ကာမဂုဏ်တို့ကြောင့်သာလျှင် ဖြစ်သော နောင်တမလွန် ဆင်းရဲအစု ဖြစ်သော ကာမဂုဏ်တို့၏ အပြစ်ပေတည်း''

အဓိပ္ပါယ်ရှင်းလင်းချက်

''ကာမဟူသော တရားသည်၊ ယခုလက်ရှိ ပစ္စုပ္ပန်ဘဝတွင်သာ ဆင်းရဲဖြစ်နေသည်သာမက၊ နောင်တမလွန်ဘဝတွင်လည်း ယခုပစ္စက္ခဘဝတွင် ကာမဂုဏ် အရင်းခံကြောင့် သေပြီးကာလတမလွန်ဘဝ၌လည်း ဒုက္ခကောင်းကောင်း ပေးပုံကို ဆက်လက်၍ဟောတော်မူသည်။

သတ္တဝါ၏ အသက်ကိုသတ်ခြင်း၊

ပိုင်ရှင်သည် ကိုယ်ဖြင့်နှုတ်ဖြင့် မပေးအပ်သော တပါးသူ၏ ဥစ္စာကိုယူခြင်း၊

မသွားလာ မလွန်ကျူးထိုက်သော သူ့အိမ်ရာကို လွန်ကျူးခြင်း၊

ဟူသော ကာယဒုစရိုက် ၃ ပါး။

သူတပါးအကျိုးကို ထိခိုက် ပျက်စီးစေမှု ရှေ့ရှု၍ မဟုတ်မမှန် စကားပြောခြင်း၊

သူနှစ်ဦး ကွဲပြားအောင် ချောပစ် ဂုံးတိုက်သော စကားကို ပြောဆိုခြင်း၊

ရုန့်ရင်းကြမ်းတန်းသော ဆဲဆိုရေရွတ်ခြင်း၊

မင်္ဂဖိုလ်မှ အချည်းနှီးဖြစ်သော အပြိန်အဖျင်းစကားကို ပြောဆိုခြင်း၊

ဟူသော ဝစီဒုစရိုက် ၄ ပါး။

ဝန်တိုခြင်း၊
သူတပါးပစ္စည်းကို ပျက်စီးရန်ကြံခြင်း၊
ဆယ်ပါးသော အယူမှားကိုယူခြင်း၊
ဟူသော မနောဒုစ္စရိုတ် ၃ ပါး။

ဤဒုစ္စရိုတ်ဆယ်ပါးကို ပြုလုပ် ကျူးလွန်ခြင်းသည်၊ မုဆိုးတံငါလုပ်ခြင်း၊ ကာယ-ဝစီဒုစ္စရိုတ် ၇ ပါးနှင့် ရင်းနှီး၍ မိစ္ဆာအာဇီဝဖြင့် စီးပွားရှာခြင်း စသည် သည် မိမိတို့၏ စား-ဝတ်-နေဟူသော ကာမ အာရုံ၊ ကာမဂုဏ် ကြောင့် သာ လျှင် ဖြစ်ကြောင်း မည်သူ့ျငြင်း၍မရပေ၊အကြောင်းပြစရာတွေ များလှချေ၏၊ သို့ရာတွင် ထင်ရှားသော ဝတ္ထု သက်သေမျှပြအံ့။

"ဝက်သတ်သမားစုန္ဒ" မြတ်စွာဘုရား လက်ထက်တော်တွင် စုန္ဒအမည်ရှိသော ဝက်သတ်သမား တယောက်သည် တောရွာဇနပုဒ်တို့သို့ လှည်းဖြင့် လှည့်လည်၍စပါးတို့ကို တင်သွားပြီးလျှင် စပါး တကွမ်းစား နှစ်ကွမ်းစားပေး၍ ဝက်ငယ်ကလေးများကို ဝယ်ပြီးလျှင် လှည်းနှင့်အပြည့် တင်ယူခဲ့၍ အိမ်တွင် ခြံခပ်၍ မွေးထားလေသည်၊ ၎င်း၏ အိမ်နောက်ဖေးတွင် ဝက်တို့သည် ချုံနွယ်ပုပ္ပေါင်း တိုက်ိုငင်း၊ မစင် ကျင်ကြီး စသည်တို့ကိုရင်း ရှာဖွေစားသောက်ခြင်းဖြင့် ကြီးလာရလေသည်၊ ဝက်တကောင်ကိုသတ်လိုလျှင် သုသာန်သို့ ထုတ်သွားပြီး၊ ခြေလေးဖက်စလုံး မလှုပ်နိုင်အောင်ကြိုးတို့ဖြင့်အခိုင်အခန့်တုပ်ပြီးလျှင်၊ ထိုဝက်အား အသားများများ တိုးစေသော၄ါ၊ လေးထောင့်ရှိသော ၃+၂ လက်မပိုင်းဖြင့် ရိုက်နှက်၍၊ ဝက်၏အသားများ ဖူးယောင်လာသည်ကိုသိလျှင် ပါးစပ်ကိုဖြဲ၍ အတွင်းသို့ တုတ်တချောင်းကို

ထည့်ပြီးလျှင်၊ ကြေးဖလားကြီးဖြင့် အလွန်ဆူနေသော ရေနွေးကို ပါးစပ်ထဲသို့ လောင်းချ လိုက်သောအခါ၊ ရေပူရေနွေးသည် ဝမ်းတွင်းမှ အညစ်အကြေးကိုယူ၍ အောက်ဒွါရမှ အပြင်သို့ ထွက်ကျလေသည်၊ အညစ်အကြေး မကုန်သေး၍ ရေမကြည် မလင်သေးလျှင် ရေနွေးကို ခံတွင်းမှ ထပ်၍ သွင်းလေသည်၊ လောင်းထည့်သော ရေနွေးတို့ ကြည်ကြည်လင်လင် ထွက်လာပါမှ၊ အပြင်ဖက် ကျောက်ဘုန်းသို့ လောင်း၍ မည်းညစ်သော အရေခွံကို ခွာပစ်၍၊ ထိုနောက်မှ မြက်ခြောက်မီးဖြင့် မြှိုက်၍ အလွန်ထက်စွာသော ဒါးဖြင့် ဦးခေါင်းကို ဖြတ်လေသည်။

ဦးခေါင်းဖြတ်လိုက်သဖြင့် ထွက်ကျသော သွေးတို့ကို ခွက်တခုဖြင့် ခံ၍ အသားကို ထိုသွေးဖြင့် နယ်၍၊ ကောင်းမွန်စွာ ချက်ပြုတ်ပြီးလျှင် ဇနီးသားသမီးတို့နှင့် ပျော်ရွှင်စွာ အတူတကွ စားသောက်လေသည်။ ကြွင်းကျန်သော အသားတို့ကို အခြားသူများအား ရောင်းလေသည်၊ ဤသို့သောနည်းဖြင့် ဝက်တို့ကို သတ်၍ အသက်မွေးလာခဲ့သည်မှာ ၅၅ နှစ်ရှိပေပြီ။

မြတ်စွာဘုရား အမြဲ သီတင်းသုံးနေသော ဝေဠုဝန်ကျောင်းတော်သို့လည်း တခါတခေါက်မျှ အဖူးအမြော် မသွားပေ၊ ပန်းတဆုပ်သော်ရင်း၊ ဆွမ်းတဇွန်းသော်ရင်း၊ အခြားသော အလှူဒါနတခုခု ပြုဖူးသည်ပင်မရှိချေ။

မျှားမကြာမီ၊ ၎င်း၌ ရောဂါတခု စွဲကပ်လာလေသည်၊ ဆေးဝါးကုသ၍လည်း မရတော့ချေ၊ ထိုသူအသက်မသေသေးမီပင်လျှင်၊ အဝီစိမှငရဲမီးအပူသည် တက်၍လာလေသည်၊ အလွန်ပူလောင်စွာနှင့် အိမ်၏ အလယ်တွင် ဝက်ကဲ့သို့ ပြင်းစွာအော်

မြည်တမ်းလျက်၊ ဒူးခေါင်းတို့ဖြင့် ၄ ဖက် ထောက်ပြီးလျှင် အရှေ့ဖက်နံရံမှသည် အနောက်ဖက်နံရံသို့၊ အနောက်ဖက်နံရံမှ သည် အရှေ့ဖက်နံရံသို့ အော်ကာဟစ်ကာ လှည့်လည်၍ ပြေး သွားလေသည်။

အိမ်ရှိလူတို့လည်း စုန္ဒကို မြဲစွာ ချုပ်ကိုင်၍ ပါးစပ်ကို ပိတ် ထားကြကုန်သည်။

(ကမ္မဝိပါကာ နာမ နသက္ကာ ကေနစိ ပဋိဗာဟိတုံ)
"မိမိပြုလုပ်သော ကံမှ အကျိုးပေးလာလျှင် မည်သူ
တစုံတယောက်မျှ တားဆီးနိုင်ခြင်းမရှိချေ"

ယင်းသို့ အော်ဟစ်ပြေးသွား ထိုမှဤမှ လှည့်လည်၍နေသည် မှာ ၎င်းအိမ်နှင့် ပတ်ဝန်းကျင် ၇ အိမ်ရှိ လူတို့သည် ကောင်းစွာ မအိပ်ရကုန်၊ သေမည့်ဘေး ချိမ်းခြောက် လာသည်ရှိသော်၊ အားကိုးအားထားရာ ကုသိုလ်ကောင်းမှု တခုခုကိုမျှ ပြုလုပ်ထား ခြင်း မရှိသူတို့အား တွေ့မြင်လာသော် မိမိပြုကဲ့သည့် အကုသိုလ် ကမ္မနိမိတ်သည် ကောင်းစွာ ထင်လာသည်ဖြစ်၍၊ အပြင်းအထန် လူးလဲအော်ဟစ်လေသည်၊ အိမ်တွင်းမှ လူတို့သည်လည်း ဖမ်းရ ဆီးရသည်မှာ ပင်ပန်းလှပြီဖြစ်၍၊ တယောက်တည်း ထားခဲ့၍ တံခါးမှ ထွက်ကြပြီးလျှင်၊ အပြင်ဖက်မှတံခါးကိုပိတ်၍ စောင့် နေကြလေသည်၊ စုန္ဒလည်း ထိုမှဤမှ အော်ဟစ်လှည့်လည် ပြေး သွား၍၊ ၇ ရက်လွန်မြောက် ၈ ရက်ရောက်သောနေ့၌ သေလေ သောအခါ၊ အဝီစိငရဲ၌ သွားဖြစ်ကြောင်း (ဓမ္မပဒဋ္ဌကထာ ပ-၈၁) အရ ပြန်ဆိုလိုက်သည်။

အာရုံငါးပါး ကာမတရားနှင့်ပတ်သက်၍ မကောင်းသဖြင့် အသက်မွေးခြင်းပြုအပ်သောအလုပ် (အကုသိုလ်ကံ)သည်၊ မိမိ အနေဖြင့် ပြုနေကြ လုပ်နေကျဖြစ်၍ ထူးထူးခြားခြား ဘာမျှ မဖြစ်စေကာမူ၊ သေကာနီး အချိန်ငယ် ထူးခြားလာတော့သည် အဘယ့်ကြောင့်ဟူမူ၊ ထိုမကောင်းမှုသည် မိမိ ပြုခဲ့သည့်အတိုင်း၊ ထိုပြုသည့်အားလျော်သော အကျိုးပေးမည့်(ဝိပါက)နိမိတ်များ ထင်လာမြင်လာသောအခါ၊ လန့်လာသည်၊ ကြောက်လာသည် ယူကျုံးမရဖြစ်လာသည်၊ ဤဘဝ မျက်နှာလွှဲ၍ ထိုအကျိုးပေး မည့်ဘဝသို့ မျက်နှာ မူရတော့သောကြောင့် မသွားချင်၊ မဖြစ် ချင်၍မရလေရကား၊ ယခုဘဝ ကာမကြောင့် ပြုရလုပ်ရသမျှ၊ ထိုကာမမှုပေးသည့် အပြစ်ဒဏ်ကို ခံရမည်ဖြစ်၍၊ ထိုကာမသည် အပါယ်လေးပါးသို့လည်း ဆောင်ပို့တတ်သည့်အပြစ်ကို ကောင်း စွာ သံဝေဂဖြစ်နိုင်စေဖို့ ဟောတော်မူခြင်းဖြစ်လေသည်။

---

"ဂေါဃာတက" ထိုဝက်သတ်သမားနည်းတူ တမျိုးရှိပေ သေးသည်၊ "ကာမဝတ္ထု ကာမမှုကြောင့် ရှာဖွေပြုလုပ်ရသော ငါသည် ထိုအမှု-ထိုအပြစ်တို့ကို ငါပင်ယူ၍သွားရမှာပါတကား" ဟု သိသူ အလွန်နည်းလှသည်။ မသိသူကား အလွန်ပင်များ၏၊ ထိုသူတို့အထဲတွင် သာဝတ္ထိပြည်သား နွားသတ် သမားလည်း အပါအဝင်ဖြစ်၏။

ထိုနွားသတ်သမားသည် နွားတို့ကိုသတ်၍ အကောင်းဆုံး သော အသားတို့ကိုယူပြီးလျှင်၊ ကောင်းမွန်စွာ ချက်ပြုတ်စေ၍ ဇနီး-သားသမီးတို့နှင့် အတူတကွ စားသောက်လေ့ရှိသည်၊ ကြွင်း သော အသားတို့ကိုလည်းအဖိုးငွေနှင့်ရောင်း၍ အသက်မွေးသည်။

ယင်းသို့ နွားသတ်သောအလုပ် လုပ်လာသည်မှာ ယခု ၅၅ နှစ်မျှ ရှိပေပြီ။

မြတ်စွာဘုရားအားရှင်း၊ သံဃာတော်များအားရှင်း တခါမျှ ယာဂုဘဇ္ဇန်း-ဆွမ်းတဇ္ဇန်း လောင်းလှူဖူးသည်ပင် မရှိချေ၊ရှင်း၏ အဖို့ကား နွားသားဟင်းမပါလျှင် ထမင်းစားလေ့မရှိ။

တနေ့သောအခါ နွားကိုသတ်၍ ရောင်းချပြီးသည်နှင့် မိမိ အတွက် ဖယ်ထားသော အကောင်းဆုံးအသားကို မယားအား ပေး၍ ချက်ထားခိုင်းပြီးလျှင်၊ မြစ်ဆိပ်သို့ ရေချိုးရန်သွားလေ သည် ထိုအချိန်တွင် ထိုနွားသတ်သမား၏ အလွန်ရင်းနှီးသော မိတ်ဆွေ တယောက်သည် အိမ်သို့ ရောက်လာကာ၊ နွားသတ် သမား၏ မယားအား "အမဲသားကျန်လျှင် နဲနဲမျှရောင်းပါ"ဟု ဆိုလေသော်၊ ထိုမိန်းမက"အမဲသားမရှိတော့ပါ-သူစားဖို့ထား တဲ့ ဒီအမဲသားကလွဲလို့ ရောင်းဖို့မရှိတော့ပါ"ဟု ပြောသည်တွင် မိတ်ဆွေက "အဲဒီ အမဲသားဘဲပေးပါ-အိမ်မှာ ဧည့်သည်ရောက် လို့ပါ"ဟု ပြောပြောဆိုဆိုနှင့်ပင် အမဲသားကို အတင်းဆွဲယူ၍ သွားလေသည်။

နွားသတ်သမားလည်း ရေချိုးရာမှ ပြန်လာလျှင် ထမင်းစား ရန် ထမင်းပွဲကို ကြည့်လိုက်သောအခါ အမဲသားဟင်းကို မမြင် သဖြင့်-

"အမဲသားဟင်း ဘယ်မှာလဲ"

"မရှိတော့ပါ"

"ချက်ထားဖို့-ငါပေးခဲ့သည် မဟုတ်လား"

ဟု ပြောသောအခါ၊ ရှင်း၏ မယားက သင်၏ မိတ်ဆွေ

အတင်းအကြပ် ယူသွားကြောင်းကို အစုံအလင် ပြောပြသော အခါ၊ နွားသတ်သမားသည် "ငါ့အမဲသား မပါဘဲ၊ ထမင်း မစားနိုင်ကြောင်း သင်သိပါလျက် ပေးလိုက်ရမလား" စသည် ဖြင့် အမျိုးမျိုး ဆူပူရရှတ်လျက်၊ ဒါးကိုယူ၍ အိမ်နောက်တွင် ထားသော နွားခြံသို့ သွားပြီးလျှင်၊ နွားတကောင်အား ဆွဲ၍ နွား၏ပါးစပ်တွင်းသို့ လက်နှင့်နှိုက်လျက် လျှာကိုဆွဲထုတ်လိုက်ပြီး ဒါးနှင့် အရင်းမှဖြတ်၍ယူလာပြီးလျှင်၊ မီးကျီးမီးခဲတွင်ကင်လျက် ကျက်သောအခါ၊ ထမင်းပန်းကန်တွင် တင်၍ ထမင်းတလုပ် စားကာ-နွားလျှာကိုတကိုက် ကိုက်လျက် စားသောခဏ၌ပင် လျှင် နွားသတ်သမား၏ လျှာသည် ပြတ်၍ ထမင်းပန်းကန်၌ ကျလေ သည်။

နွားသတ်သမားသည်လည်း ထိုနွားကဲ့သို့ပင် ခံတွင်းမှသွေးတို သည် ခံတွင်းနှင့်အပြည့် ကျဆင်းလျက်၊ အိမ်အတွင်းသို့ဝင်၍ လေးဖက်ထောက်ခါ၊ ထိုမှ-ဤမှ အော်ဟစ်ပြေးသွားလေသည်၊ ထိုသို့ ပြေးသွားလျက်ပင် နွားလည်းသေ၍၊ နွားသတ်သမား လည်း အော်ရင်း-ဟစ်ရင်းသေပြီးလျှင်အဝီစိငရဲသို့ကျလေသည်။

ဤသည်လည်း ရသအာရုံ အာမဂုဏ်ကြောင့် ပစ္စုပ္ပန်ဘဝ မှာလည်း မချမ်းသာ၊ တမလွန် နောက်ဘဝတွင်လည်း အဝီစိ ငရဲသို့ပင် ကျသွားနိုင်လောက်အောင် ဒုက္ခပေးသော အကုသိုလ်မှု ဖြစ်၏။

(ဓမ္မပဒဋ္ဌကထာ-၂၁၃)။

ယင်းသို့သော ကာမအာရုံတို့ အတွက်၊ မကောင်းသော အသက်မွေးမှုနှင့် ရင်းနှီး၍ မိမိဖို့ချည်း ထင်မှတ်သော်လည်း –

"ပရလောကံ ဂစ္ဆန္တံ ပုတ္တဓီတရော ဝါ ဘာတရော ဝါ ဘောဂါဝါ နာနုဂစ္ဆန္တိ၊ သရီရမ္ပိ အတ္တနာ သဒ္ဓိံ နဂစ္ဆတိ"

"တမလွန် လောကသို့ သွားရောက် ကြကုန်သော သားသမီးတို့သည်ရင်း၊ ညီအကိုမောင်နှမစသည်တို့သည် ရင်း၊ ဥစ္စာပစ္စည်းတို့သည်ရင်းအတူမလိုက်ကုန်၊ မိမိ၏ ကိုယ်သည်လည်း မိမိနှင့်အတူမလိုက်"

ဟူ၍ရင်း၊

"တတ္တာဂေဟော နိဝတ္တန္တိ"

"ပစ္စည်းဥစ္စာဟူသည် ပစ္စည်းရှင် သေသောအခါ အိမ်မှာပင် နေရစ်သည်"

ဟူ၍ရင်း၊

"ဥစ္စာစု ထိုက်သူ့ဖို့၊ ခန္ဓာမွေး မြေကျွေးဖို့"

ဟူ၍ရင်း၊

"ဥစ္စာပစ္စည်းနှင့် ပတ်သက်၍ မကောင်းသဖြင့် ရှာဖွေသူတို့ အတွက် သတိပေးသော စကားများ ရှိခဲ့သည်တွင် စိန္တကျော်သူ ဦးညို၏ ဩဝါဒထူးပျို့သည်လည်း အလွန်မှတ်ဖို့ ကောင်းသော ကြောင့်"ရယ်ခြင်းသုံးပါးအပိုဒ်ကို ကူးထည့်လိုက်အံ့။

"သုံးပါးတသီး၊ ရယ်ငြင်းကြီးကား၊ ဇနီးအိမ်ရှင်၊ မိမိလင်လည်း၊ ချစ်ခင်သောအား၊ သမီးသားကို၊ ပိုက်ဖျားအားရမ်း၊ ချီရှုတ်နမ်းသော်၊ မယ်ဝမ်းကမွေး သူများသွေးကို၊ အလေးတမြတ်၊ သင့်သားမှတ်၍၊ လှည့်ပတ်ဖက်ချီ၊ နမ်းလေပြီဟု၊ မထီမလေး၊ အသွမ်းသွေး၍၊ အဝေးမျက်ကွယ်၊ မယားရယ်၏။ ငါသယ် ငါ့သား၊ ငါ့မြေးတာဟု၊ ဥစ္စာခင်မင်၊ ဆိုပြန်လျှင်လည်း၊ အရှင်မဲ့ပါ၊ ငါတို့မှာကား၊ ကမ္ဘာမကျော၊ မချင်းနေ၏ အောက်သွေယွင်းယို၊ သင်တို့ကိုယ်မှ၊ လို့ခပိုင်ဘဲ၊ ဖွယ် သရဲဟု၊ ကျိန်သဲသောနွယ်၊ မြေကရယ်၏။ ငါဝယ် ငါ့ရွှေ၊ ငါ့ကြေးငွေဟု၊ စိတ်စေကြည်သာ၊ ဆိုပြန်ပါ လည်း၊ ကြမ္မာဆော်တိုက်၊ ကောင်းတော်ခိုက်ကို၊ ညှိ ဆိုက်မျှသာ၊ တည်းခိုပါရှင့်၊ ငါးပြာရန်သူ၊ ယူလှည့် တို့ပါ၊ သေမင်းခွါလည်း၊ သင့်ရာအလျောက်၊ တို့ရောက် သည်ပင်၊ တို့အရှင်လျှင်၊ ဖြစ်ချင်လွန်းလှ၊ လွန်မင်းစွဟု၊ ဒေါသချီချယ်၊ ရွှေငွေရယ်သည်၊ သုံးသွယ်ရယ်ဆေး၊ ပျက်သွမ်းသွေး"

(ဩဝါဒထူးပျို့-၁၅)။

ယင်းသို့လျှင်"မိမိတို့နောက်သို့ ပစ္စည်းဥစ္စာ ရတနာတို့သည် မလိုက်မပါပါဘဲ ညှိသည့်အနေမျှသာဖြစ်ကြောင်း ရန်သူမျိုး ငါးပါးယူခဲ့သော်-ငါတို့ပါသွားမည်၊ သင်တို့ကို သေမင်းခေါ် လျှင် သင်တို့သာပါသွားမည်၊ ငါတို့ကားမပါ၊ သင့်သည့်နေရာ တို့သို့ ငါတို့ရောက်မည်၊ ငါ့ရွှေငါ့ငွေနှင့် ငါတို့ရဲ့အရှင်သခင် ဖြစ်ချင်လွန်းသူတို့"ဟု ရွှေငွေကရယ်သည်ဟူ၏။

"ပစ္စည်းသခ်ါရ-လူသခ်ါရ"ဟု ဗုဒ္ဓဘာသာဝင်တိုင်း လိုလို ပြောနေကြသည်၊ ဤပစ္စည်းသခ်ါရဖြစ်သကဲ့သို့-လူလည်းသခ်ါရ ဟုသိကဲ့သော်-အဘယ့်ကြောင့် အကုသိုလ်နှင့် လူက ရင်းနှီး၍ သခ်ါရပစ္စည်းကို ရှာဖွေသနည်း၊ လက်တွေ့တွင် များစွာကွာ ခြားပြီး၊ လောကတွင် စား-ဝတ်-နေမှု ကာမ အကြောင်းစု ကြောင့် မတရား ပစ္စည်းရှာသူတို့၏ ယူကြုံးမရသော ဖြစ်ရပ် တခုကား....

"ဥစ္စာစုပြိတ္တာမများ" မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်၊ ရာဇဂြိုဟ် ပြည်၌ အမျိုးသမီး ၄ ယောက်တို့သည်၊ မိမိတို့၏လင်ယောကျ်ား များအပေါ်၌မာနထားကာ "ကျုပ်တို့မိန်းမတွေလဲ ပစ္စည်းဥစ္စာ ရှာရင်-ယောကျ်ားတွေထက်ပင် ရနိုင်ကြောင်း" ပြော၍ မိန်းမ ၄ ယောက်အညီအမျှ ငွေရင်း မ,တည် ပြီးလျှင်၊ ထောပတ်၊ ပျားရည်၊ ဆီ၊ စပါးစသော ကုန်မျိုးစုံ အရောင်းအဝယ် လုပ်ကြ လေသည်။

နောက်များမကြာမီ အမြတ်အစွန်း ရလာကြသောအခါ၊ တပ်မက်သောလောဘတဏှာသည် အားကြီးလာရကား၊ မတရား သဖြင့် အလေးတင်းတောင်း မမှန်မကန်ခြင်းဖြင့် ခိုးဝှက်ရောင်းချ ကြလေသည်။ သို့နှင့် ပစ္စည်းချမ်းသာသောအဖြစ်သို့ ရောက်ကြ ပြီး၍၊ မကြာမီပင် ၎င်းတို့သေသွားကြသောအခါ၊ မြို့ရိုးကျုံး၏ အပြင်၌ အညစ်အကြေးစသည် ရှာဖွေစားရသော (ဝေမာနိက) ပြိတ္တာမများ ဖြစ်ကြလေသည်။

တနေ့သ၌ သူတို့လည်း မြို့တွင်းသို့ ဝင်ရောက်၍ ရှာဖွေစားသောက်ကြလျက်၊ ညအချိန်တွင် သူတို့မသေမီက နေသွားသောလမ်း၊ သူတို့၏အိမ်အနီးသို့ရောက်ကြသောအခါသူတို့၏လင်သားတို့သည် သူတို့ မတရားသဖြင့် ရှာဖွေစုဆောင်းထားကဲ့သောဥစ္စာပစ္စည်းတို့ကို သုံးစွဲလျက်၊ ပျော်ပျော်ပါးပါး စားသောက်နေထိုင်ကြသည်ကို မြင်ရသောအခါ၊ ရင်တွင်း၌ မချိမဆန့်ရင်ဘတ်စည်တီး၍ ငိုကြသည်မှာ....

“မယံ ဘောဂေ သံဟရိမှာ၊ သမေန ဝိသမေနစ၊
တေ အညေ ပရိဘုဉ္ဇန္တိ၊ မယံ ဒုက္ခဿ ဘာဂိနီ”

ဟု အော်ဟစ် မြည်တမ်းကြလေရာ၊ လူတို့သည် ကြောက်လန့်ကြကုန်လျက်၊ နံနက် မိုးသင်းလျှင် ဘုရား အမှူးရှိသောသံဃာတော်တို့အား ပင့်ပိတ်၍ ဆွမ်းကပ် လှူဒါန်း ကြပြီးသော် “မနေ့ညက မကောင်းဆိုးဝါးများ အသံနက်ကြီးနှင့် အော်ဟစ်သံကို ကြားကြရပါသည်ဘုရား” ဟု လျှောက်ထား ကြသောအခါ၊ မြတ်စွာဘုရားက–

“ဒါယကာတို့–ဤသို့ အော်ခြင်း အကြောင်းကြောင့် သင်တို့အား မည်သည့် အန္တရာယ်မျှမရှိပေ၊ ဤအရင်မှ ဖြစ်သောပြိတ္တာမ ၄ ယောက်တို့၏ အသံဖြစ်သည်၊ သူတို့ ဆိုလိုသောအဓိပ္ပါယ်မှာ—

မယံ ငါတို့သည်။ သမေနစ၊ ဖြောင့်မတ် မှန်ကန်သဖြင့်၎င်း။ ဝိသမေနစ၊ မဖြောင့်မတ်-မမှန်မကန်ဖြင့်၎င်း။ ဘောဂေ၊ ဥစ္စာပစ္စည်းတို့ကို။ သံဟရိမှာ၊ ရှောင်းဝယ်ရှာဖွေ စုဆောင်းခဲ့ရပေ၏။ တေ၊ ထိုငါတို့ ရှာဖွေစု

ဆောင်းကဲ့သော ဥစ္စာပစ္စည်းတို့ကို (ဣဒါနိ၊ ဤယခု အခါ၌)။ အညေ၊ ငါတို့မှတပါးကုန်သော သူတို့သည်။ ပရိဘုဥ္ဇန္တိ၊ သုံးဆောင်ခံစားကြလေကုန်ပြီ။ မယံ၊ ငါတို့ သည်၊ ဒုက္ခဿဘာဂိနီ၊ ဆင်းရဲ အဖို့အစုသာ ရရှိကြ ပါကုန်၏”။

ဟု မြတ်စွာဘုရားသည် ရွှေညာဏ်တော်ဖြင့် ရင်းမိန်းမ ၄ ယောက်တို့၏ အကြောင်းစုံကို ဟောတော်မူလေရာ၊ နာကြားကြ ရသော သူတို့မှာ လွန်စွာ သံဝေဂရကြလျက်ရှိစဉ် (ဥပရိသစ္စာနိ ပကာသေတိ)တရားအဆုံးတွင် ဤခန္ဓာသည် ဒုက္ခသစ္စာ ဆင်းရဲ စွာလျက်၊ ထိုခန္ဓာ၏ ဒုက္ခကို မသိမှုကြောင့် မတရားသဖြင့် မကောင်းသဖြင့်(အကုသိုလ်)နှင့် ရင်းနှီး၍ ခန္ဓာကျွေးသူတို့မှာ ဆင်းရဲအကြောင်းကို လုပ်သဖြင့် ဆင်းရဲရကြောင်း သစ္စာကို ဟောတော်မူလေလျှင် များစွာသော သူတို့ သောတာပန်ဖြစ်ကြ လေသည်။

(ပေတဝတ္ထုအဋ္ဌကထာ-၂၆၁)။

ဤဝတ္ထု၌၊ စီးပွားဥစ္စာ ရှာဖွေကြသောသူတို့သည်၊ ဤကိစ္စ မျိုးကင်းသောသူ ရှားလိမ့်မည် ထင်သည်၊ တနည်းနည်းနှင့် မဖြောင့်မမှန်သော ကိစ္စများ ပါတတ်လေသည်၊ ထိုးစံလို-လုပ်ရိုး လုပ်စဉ်လို သဘောထားကြသော်လည်း အမှန်မှာ မိမိတို့၏ အာရုံငါးခု ကာမမှုအတွက်သာ ဖြစ်လေသည်။ မည်သို့ပင်ဆိုစေ၊ မိမိပြုသော အမှုသည် မိမိအတွက်သာဖြစ်၍၊ ထိုရှာဖွေစုဆောင်း ထားရှိသည့် မတရားပစ္စည်းတို့သည် ဓမ္မတာ လမ်းစဉ်အတိုင်း ထိုက်သူတို့ ခံစားရမည်သာတည်း။

မိမိသည် ဤသို့သော မိမိမပိုင်သည့် ပစ္စည်းဟုသိလျက်၊ မိမိသည် အချိန်မရွေး သေတတ်သည့် ခန္ဓာကို ရရှိထားသူဟု အမှန်တကယ် သိနေပါက၊ ထိုအမှုမျိုးကို ပြုဝံ့ ပါဦးမည့်လော၊ မကောင်းသဖြင့် မိမိပြုထားသောကံသည် တမလွန်တွင် ငံမိသာထိုပြိတ္တာမ ၄ ဦးကဲ့သို့ ဖြစ်လိမ့်မည်ကို သတိရကာ၊ ကာမဂုဏ်အတွက်နှင့် မိမိဘဝ ဆုံးရှုံးမှုမဖြစ်ရန် အထူးသတိ ပြုသင့်ပေသည်။

---

"ကောကခွေးမုဆိုး" မြတ်စွာဘုရားသည်၊ အာရုံ ငါးပါးလိုက်စားမှုကြောင့် အပြစ်အမျိုးမျိုး ဖြစ်သည်ကို သုတ်၊ ဇာတ်၊ ဝတ္ထု အမျိုးမျိုးဖြင့်ပြ၍ ထိုကာမမှ လွတ်မြောက်မှုကို အပြင်းအထန် တိုက်တွန်းသည်၊ ဟောပြသည်၊ ဖြစ်သမျှအပြစ်အားလုံးသည် အာရုံငါးပါး လိုက်စားမှုကြောင့် အများဆုံးဖြစ်ရသည်၊ အရှင်မောဂ္ဂလာန်မထေရ်မြတ် နုစဉ်အခါက၊ ကာမဂုဏ်တရား၏ တိုက်တွန်းမှုကြောင့် မိဘမျက်မမြင် ၂ ပါးကို ရိုက်သတ်သည်အထိ အပြစ်ရောက်သည်၊ ပစ္စည်းရှာမှု အစုစုတွင်မက၊ မိဘ ရဟန်း ဘုရားထိအောင် ကျူးလွန် ကျော်နင်း စော်ကားစံ့ခြင်းသည် အာရုံငါးပါး ကာမတရားကြောင့်သာ ဖြစ်သည်ကို ရှုဦးလော့…

သာဝတ္ထိပြည်တွင် "ကောက" အမည်ရှိသော ဝံပုလွေ ခွေးမုဆိုးဘယောက်သည် တနေ့သောအခါ၊ လေးမြားတို့ကိုယူ၍၊ မိမိမွေးထားသော အလွန်ဆိုးသည့် ခွေးတို့ကို ခေါ်ပြီးလျှင် အမဲလိုက်ရန် တောသို့ သွားရာ၊ လမ်းခရီးတွင် ဆွမ်းခံကြွလာ

သောမထေရ်ကပါးကို တွေ့၍“ငါ့အား-ယနေ့အဖို့ ဘာမျှရမည် မဟုတ်၊ လမ်းခရီးတွင် သူယုတ်ကို တွေ့ရသည်၊ နိမိတ်မကောင်း” ဟု အမျက်ထွက်လေသည်၊ မထေရ်သည်လည်း ဆွမ်းခံဝင်ပြီး ဆွမ်းကိစ္စပြီးလတ်သော် ကျောင်းသို့ပြန်ကြွလာလေရာ၊ လမ်းတွင် မုဆိုးလည်း မည်သည့်သားကောင်မှ မရသဖြင့် ပြန်လာရာတွင် ဆုံမိလေပြန်သောအခါ၊ မုဆိုးက“ငါသည် တောကိုသွားစဉ်က ဤသူယုတ်နှင့်တွေ့သဖြင့် ဘာမျှမရခဲ့၊ ယခုလည်း တွေ့ပြန်သည်၊ ခွေးတို့ကို ကိုက်စားစေအံ့” ဟု လိုက်ခိုင်းလေသည်။ ရဟန်းက “တကာ-ဤကဲ့သို့မလုပ်ပါနှင့်”ဟု တောင်းပန်လေလျှင် မုဆိုးက အတင်းပင် အမျက်ထွက်လျက် ခွေးတို့ဖြင့် လိုက်လေသည်၊ မထေရ်လည်း ကြောက်လန့်သည်နှင့် အနီးရှိ သစ်ပင်တပင်သို့ လူတရပ်မျှ ရောက်အောင် တက်လေသည်။

ခွေးတို့လည်း သစ်ပင် အရင်း၌ စုအုံဝိုင်းရံ၍ နေလေရာ၊ မုဆိုးက“သင် သစ်ပင်ပေါ်သို့ တက်ပြေးသော်လည်း လွတ်မည် မဟုတ်”ဟု ပြောဆိုလျက်၊ သူ၏ မြှားထိပ်ချွန်ဖြင့် မထေရ်၏ ခြေဖဝါးပြင်ကို ထိုးလေသည်။ မထေရ်လည်း နာကျင်လှသဖြင့် “မလုပ်ပါနှင့်တကာ”ဟု အကြိမ်ကြိမ် တောင်းပန်သော်လည်း မရဘဲ၊ အတင်းပင် ထိုးမြဲထိုးလေသည်၊ မထေရ်သည် ခြေတဖက် ထိုးလျှင် ခြေတဖက်ကြွ၍ ပြောင်းခံ နေရစဉ် မြှား ၂ စင်းဖြင့် ဆက်လက်၍ ထိုးလေရာ၊ မထေရ်၏ ကိုယ်သည် မီးကဲ့သို့ ပူလာလေသည်။

မထေရ်သည် ခံစားအပ်သောဒုက္ခဝေဒနာပြင်းထန်မှုကြောင့် ဂရုစိုက်မှု သတိသည်လွတ်၍ ဝတ်ရုံ၍ ထားအပ်သော အပေါ်ရုံ (ကေစီ)သင်္ကန်းသည် လျှောကျ၍ မြှားနှင့်ဘိုးနေသော မုဆိုး၏

ဦးခေါင်း၌ လွှမ်းခြုံလိုက်သကဲ့သို့ဖြစ်လျက် ချပ်ပတ်၍ နေလေရာ၊ မုဆိုး၏ ခွေးတို့သည် "မထေရ်ကျလာပြီ" အထင်နှင့် သက်နှ်းအတွင်းသို့ အဘား၀င်၍ မုဆိုး၏ အသားကို စားကြလေသည် အသားများ ကုန်၍ အရိုးချည်း ကျန်ကာမှ သင်္ကန်းအတွင်းမှ ထွက်၍ အပြင်၌ ရပ်ကြည့်နေကြလေသည်။

မထေရ်သည်၊ သစ်ကိုင်း အခြောက်တခုကို ချိုး၍ ခွေးတို့ကို ပစ်ချကာ မောင်းလေသည်။ ထိုအခါမှ ခွေးတို့သည် မထေရ်ကို မြင်သောကြောင့် 'ငါတို့ကိုက်စားမိသည်ကား ငါတို့သခင်တည်း' ဟု သိ၍ တောသဲသို့ ၀င်ပြေးကြလေသည်။ မထေရ်သည်လည်း သစ်ပင်ပေါ်မှ ဆင်းလာ၍ မြတ်စွာဘုရားအထံတော်တွင် အကျိုးအကြောင်း လျှောက်ပြီးလျက် သံဝေဂဉာဏ်ကြီးစွာ ဖြစ်ပြီ လျှင် မြတ်စွာဘုရား အထံတော်၌ တရား အားထုတ်လေရာ၊ ရဟန္တာ ဖြစ်တော်မူသည်။

(ဓမ္မပဒ ဌကထာ—၂၀)။

အာရုံငါးပါး ကာမဘာရးအတွက် ရှာဖွေရာ၌၊ မိမိသည် အလွန် အသက်မွေး ကြမ်းတမ်းသော မုဆိုးဖြစ်ပါလျက်(ဒဿနာ နုတ္တရိယ)မျက်စိဖြင့် မြင်ရမှုတို့တွင် အမြတ်ဆုံး, အကောင်းဆုံး အမြင်ကိုပင် (ကာဠကဏ္ဍိမေဒိဌော) "သူယုတ်ကိုမြင်ရသည်" (အဇ္ဇကိဋ္ဌိနလဘိဿာမိ) "ယနေ့-ငါဘာမျှ ရမည်မဟုတ်"ဟု သူ့စကားနှင့်သူ နိမိတ်ဖတ်၍ တောသို့သွားရာတွင်လည်း ဘာမျှ မရဘဲ၊ ဤမထေရ်ကိုပင် ပြန်မြင်သောအခါ၊ ပို၍ ဒေါသထွက်ပြီးလျှင် ဤသို့သော မိုက်မဲမှုကို ပြုသဖြင့် ပျက်စီးသွားရသည်၊ ဤတွင်သာမဟုတ် ၎င်းမုဆိုး၏ အတိတ် ဘဝတခုမှ ဖြစ်ရပ်ကို ထိုရဟန်းအား ဟောပြပုံမှာ....

"ချစ်သားတို့–တခုသောဘဝတွင် ဤမုဆိုးသည် ဆေးဆရာဖြစ်ဖူးပြီ၊ တနေ့သောအခါတွင် ရွာတရွာသို့ လှည့်လည်သွားသော် ဆေးကုမည့်သူမရှိ၍ထမင်းဆာလှရကား၊ ရွာမှအထွက်တွင် ကလေးငယ်များ စုရုံး၍ကစားနေသည်ကိုမြင်သောအခါ၊ အနီးရှိ သစ်ပင်အခေါင်းထဲတွင် ခေါင်းထွက်၍ အိပ်နေသော မြွေတကောင်ကိုတွေ့၍၊ "ဤကလေးတို့ကို မြွေကိုက်စေပြီး၊ ငါဆေးကုရသော် အခကြေးငွေရလတ္တံ့" ဟုကြံ၍ "ကလေးတို့–ဟိုသစ်ခေါင်းထဲတွင် ဆက်ရက်ငယ် တကောင်ရှိသည် သွားဖမ်းကြ"ဟု ခိုင်းလေရာ၊ ကလေးတယောက်က ပြေးသွား၍ သစ်ခေါင်းတွင် နှိုက်ယူလိုက်သောအခါ၊ မြွေဖြစ်နေသည်ကို သိသဖြင့်ကြောက်လန့်၍ပစ်လိုက်လေရာ၊ ဆေးသမား၏ ကိုယ်ပေါ်သို့ ကျသဖြင့် ထိုမြွေကိုက်၍ သေရကြောင်း"ကို ပြန်ဟောထားသည်၊ ကာမဝတ္ထု ကာမမှုသည် ပရမတ်ဉာဏ် မရသော သူတို့အဖို့ "ငါကို နှိပ်စက်နေသည်"ဟူ၍ပင် မသိတော့ဘဲ၊ "လုပ်သမျှဒုက္ခချည်း" ဆိုသကဲ့သို့ ဖြစ်နေလေသည်၊ ဤသည့် ရဟန်းသာမညကို မဆိုထားဘိ၊ ရဟန္တာလည်း ဤကာမမှုန်သူတို့၏ အနှိပ်စက်ကို ခံရသည့်အကြောင်းများကိုလည်း ဆက်လက်၍သံဝေဂယူဦးလော့—

---

"ကာမစိတ်မှုန်သူ" မခထေရီ တပါးသည်၊ မြတ်စွာဘုရားအထံတော်မှ ကမ္မဋ္ဌာန်းသင်ယူခဲ့၍၊ တောသို့သွားကာ အားထုတ်ရာတွင် မကြာမီ ရဟန္တာဖြစ်၍ "မြတ်စွာဘုရား၏ဂုဏ်တော်တို့ကို အောက်မေ့လျက် ဖူးမြင်အံ့"ဟု သာဝတ္ထိသို့ ပြန်လာရာတွင်၊ ရွာတရွာမှ အမျိုးသမီးတယောက်သည်၊ သူ၏လင်နှင့် ရန်ဖြစ်၍၊ မိဘရှိရာသို့ သွားမည်ဟု ထွက်လာရာ၊ တောအုပ် တခုအတွင်း၌

မသေရ်ကိုမြင်၍ "ငါအဖေါ်ရပြီ" ဟူသော အမှတ်ဖြင့် မသေရ်၏ နောက်မှ ခွာ၍ လိုက်လာလေသည်၊ ဤအမျိုးသမီး နောက်က ပါလာသည်ကို မထေရ်လည်း မသိချေ။

အမျိုးသမီး၏ လင်ယောကျ်ားလည်း အိမ်တွင် အမျိုးသမီးကို မတွေ့သဖြင့် "သူ့မိဘအိမ်သွားမှာဘဲ" ဟူသော အထင်ဖြင့် အပြေးရေးနှင်၍ လိုက်လာလေရာ၊ ၎င်းမိန်းမကို တွေ့ပြီး 'သူ အဘယ်ကြောင့် တယောက်တည်း လာသနည်း'' ဟု ကြည့်လိုက် သော် မထေရ်ကို မြင်လေလျှင် " ဤကိုယ်တော်-ငါ့မယားကို သွေးဆောင်ခေါ်လာခြင်းဖြစ်မည်" ဟု စိတ်ကူးလျက်၊ မသေရ်ကို ကြိမ်းမောင်းခြိမ်းခြောက်သောအခါ၊ သူ့မိန်းမက "သူ့နောက်က လိုက်လာသည်ကို မထေရ်ပင် မသိကြောင်း၊ စကားသည်းတလုံးမှ မပြောရကြောင်း၊ နောက်သို့လည်း ပြန်၍ မကြည့်ကြောင်း" ပြောသောအခါ၊ ယောကျ်ားက "သင်သည် မိမိကိုယ်ကို ယူ၍ သွားပါသည်ဟု ငါ့ကိုဘယ်ပြောမည်နည်း-သင့်ကိုယူ၍ ဤကိုယ် တော် မသင့်လျော်သည်ကို လုပ်သည်" ဟု ကာမစိတ် မှန်ကာ ဒေါသကြီးစွာဖြင့် မိန်းမကို ညှိုး၍ ကိုယ်တော်ကို ရိုက်လေသည်၊ ရိုက်နှက်ပြီးမှ မယားကိုခေါ်၍ ပြန်လေသည်။

(ဓမ္မပဒ ဌကထာ-၄၁၅)။

ဤ၌ ရဟန္တာမထေရ်သည် အာရုံငါးပါးတွင်မက၊ အာရုံ ခြောက်ပါး တံခါးခြောက်ပေါက်ဘိုလုံပြီးသား(ဣန္ဒြိယသံဝရ) သီလနှင့် ပြည့်စုံလေသဖြင့် နောက်သို့ပြန်၍မကြည့် လေသော ကြောင့် ဤဘကာမ လိုက်လာသည်ဟူ၍လည်း မသိခဲ့၊ မယား ဖြစ်သူကလည်း ထိုယောကျ်ားနှင့် ရန်ဖြစ်၍ ထွက်လာရာ၊ မည်သူ

မျှ သွေးဆောင် ခေါ်ငင်ဖို့လည်း မလိုပေ၊ ရန်ဖြစ်သဖြင့် စိတ်လိုက်မာန်ပါ တယောက်ထည်း ထွက်လာ တတ်သည်မှာလည်း ထိုဒေါသ ရှေ့ဆောင်မှု၏ သတ္တိပင်ဟု မစဉ်းစားဘဲ မထေရ်ကို အရမ်းစွပ်စွဲလေသည်။

စွပ်စွဲရုံတွင်မက— "ရာဂအဟုန်၊ ကျဆင်မှုန်သို့၊ သုန်သုန်တိုက်လှည်း၊ အမိုက်သည်း၏...."ဟု မာန်လည်ဆရာတော်ဆိုသော အတိုင်း၊ သူယုတ်သူမြတ် မစဉ်းစားဘဲ၊ ကာမစိတ်မွန်ကာ မိုက်လုံးကြီးစွာဖြင့် ရိုက်နှက်လေသည်၊ ဤသည်မှာလည်း ကာမဝတ္ထုအကြောင်းပြု၍ ဖြစ်ရသော သံသရာ့ ဆင်းရဲရခြင်းပေတည်း၊ ယင်းသို့ မိုက်တွင်းနက်သူ လောကတွင် အမျှားအပြားပင် ရှိတတ်ပေရာ၊ ထိုသည့် လူမျိုးတို့၏ ဉာဏ်အသိတွင် ဤအာရုံထုဖုံးလွှမ်းပြုခဲ့လျှင် မည်သည့်အမှန်ကိုမျှ မမြင်ဘဲ ပြုတတ်သည်ကို ဆက်၍ ကြည့်လိုသော်—

"ရှဲထွင်းသမား–ကာမအား" သာဝတ္ထိမြို့တွင် ပတ္တမြား၊ ကျောက်, ရှဲတို့ကို ဖေါက်ထွင်းသော ရှဲထွင်း သမားတဦး ရှိလေသည်၊ ထိုအိမ်တွင် တိဿအမည်ရှိသော ရဟန္တာ တပါးအား၊ ရှဲထွင်းသမား၏ မယားသည် မိဘအရာမှာထား၍ ကိုးကွယ်ဆည်းကပ်လာသည်မှာ ၁၂ နှစ်ရှိလေပြီ၊ တနေ့သောအခါတွင် မထေရ်လည်း ဆွမ်းဘုဉ်းပေးရန် ရောက်ရှိလာသည်၊ ရှဲထွင်း သမားလည်း ဈေးမှ အမဲသားဝယ်လာ၍ ဟင်းချက်ရန် ကိုင်နေသည်။

ထိုအချိန်တွင် ကောသလမင်းကြီး၏ အမှုထမ်းတို့ ရောက်လာကာ၊ မင်းကြီး၏ အမိန့်အရ၊ ပတ္တမြားတလုံးကိုပေး၍ ထိုနေရာ

ဤနေရာတို့၌ ကြိုးတပ်ရန် အပေါက် ဖေါက်ပေးဘို့ ပြလေသည်၊ အပေါက်ဖေါက်ပြီးက အမြန်လာပို့ရန်ပါ မှာကြားလေသည်၊ ရှဲထွင်းသမားလည်း အမဲသားမှ သွေးပေသော လက်နှင့် ကိုင်ကြည့်ပြီး၊ အမှုထမ်းတို့ပြန်သွားမှ အလုပ် ကရိယာ ထည့်သော သေတ္တာပေါ်၌ တင်ထားခဲ့၍ လက်ဆေးရန် မီးဖိုသို့ ပြန်ဝင်သွားလေသည်။

ထိုအိမ်တွင်လည်း ကြိုးကြာငှက်တကောင် မွေးထားရာ၊ ထိုကြိုးကြာငှက်သည် သွေးတို့ဖြင့် ပေးကျံနေသော ပတ္တာများကို အနံ့ရ၍ အသားတုံးအထင်နှင့် မထေရ်၏ ရှေ့မှောက်မှာပင် ကောက်ယူ၍ မျိုချလိုက်လေသည်။ ရှဲထွင်းသမားလည်း ထွက်လာ၍ ထွင်းရန် ပတ္တာများကိုကြည့်ရာ မမြင်သဖြင့်–

"ပတ္တာများကို ဘယ်သူယူသလဲ"

ဟု မယားနှင့် သားသမီးအားလုံးတို့အား မေးရာ၊

"မယူကြပါ"

ဟု အားလုံးက တသံတည်း အဖြေပေးကြလေသဖြင့်၊

"ဒါဖြင့်–မထေရ်ဘဲ ယူမှာဘဲ"

ဟုကြံပြီးလျှင် ၎င်း၏မယားနှင့် တိုင်ပင်လေသည်။

"ပတ္တာများကို မထေရ်ယူတာဘဲ ဖြစ်ရမယ်"

ဟု ပြောသောအခါ၊ မယားဖြစ်သူက–

"ရှင်-ဒီလို မပြောပါနဲ့၊ မထေရ်ကို ကိုးကွယ်လာသည်မှာ ၁၂ နှစ်ရှိပါပြီ၊ တစုံတခုသော အပြစ်မှ မထေရ်ကို မတွေ့မိပါ၊ မထေရ်ယူမှာ မဟုတ်ပါ"

ဟု မယားက ဆိုလေသော် ရှဲထွင်းသမားသည် မကျေနပ်၍ မထေရ်အား....

"အရှင်ဘုရား–ဤနေရာမှာ ထားသော ပတ္တမြား ယူပါသလား"

ဟု မေးရာ၊ မထေရ်က....

"မယူပါဘူး–တကာ"

ဟု ပြန်ပြောလေသော်၊ ရွှေထွင်းသမားက—

"အရှင်ဘုရား-ဤနေရာတွင် အခြားသူမည်သူမျှမရှိ၍ အရှင်ဘုရားယူသည်သာဖြစ်ရမည်၊ ပတ္တမြားကိုပေးပါ"

ဟု ဇွတ်တောင်းနေရာတွင်၊ မထေရ်က ဝန်မခံသဖြင့် မယား နှင့် တိုင်ပင်ပြန်သည်။

"မထေရ်–ပတ္တမြား ယူတာတော့ အမှန်ဖြစ်သည်၊ နှိပ်စက်၍ မေးမည်"

ဟု ပြောပြန်လေသော်-မယားက....

"အရှင်–ငါတို့အား မပျက်စီး ပါစေနှင့်၊ ငါတို့ ပတ္တမြားဖိုး ပေးဆပ်ရသဖြင့် ကျွန်ဖြစ်ချင် ဖြစ်ပါစေ၊ မထေရ်ကိုတော့ ဤသို့ မညှင်းဆဲပါနှင့်"

ဟု မယားက ပြောသော်လည်း—

"ငါတို့အားလုံး ကျွန်ခံသည့်တိုင်အောင် ဤပတ္တမြား ဖိုး မကျေနိုင်"

ဟု ဆိုပြီးလျှင် ကြိုးတချောင်းကိုယူ၍ မထေရ်၏ ဦးခေါင်းကို ရစ်ပတ်ဖွဲ့ချည်လျက် တုတ်ဖြင့် ရိုက်နှက်လေသည်၊ မထေရ်၏ ဦးခေါင်း,နား,နှာခေါင်းတို့မှသွေးတို့သည် ယိုစီး၍ကျလေသည်

မျက်စိတို့သည် ဖူးဖူး ယောင်၍ အပြင်သို့ ထွက်လေသည်၊ မထေရ်သည် ဒုက္ခဒဏ်ချက် ပြင်းထန်သည့်အတွက် မြေ၌လဲကျလေသည်၊

ကြိုးကြာသည်လည်း သွေးအနံ့ရသဖြင့် ဆင်းလာ၍ မထေရ်မှ ထွက်ကျသော သွေးတို့ကို သောက်လေသည်။ ရွှေထွင်းသမားသည် မထေရ်အား ဒေါသထွက်နေသဖြင့်—

"နင်က-ဘာလာလုပ်သလဲ"

ဟုခြေဖြင့် ကန်ပစ်လိုက်ရာ တစုံတခုနှင့်ရိုက်မိ၍ ကြိုးကြာသေလေတော့သည်၊ မထေရ်လည်း—

"ဒကာ-ငါ့ခေါင်းက ကြိုးကို နဲနဲလျှော့ပါ၊ ဤကြိုးကြာကို သေသည်-မသေသည်ကို ကြည့်ပါဦး"

ဟုဆိုရာ၊ ရွှေထွင်းသမားက—

"ဤကြိုးကြာ သေသလို သင်လည်း သေရမည်"

ဟုဆိုလေသော် မထေရ်က—

"ပတ္တမြားကို ဤကြိုးကြာမျိုချလိုက်သည်၊အကယ်၍ ဤကြိုးကြာ မသေအံ့၊ ငါသည် သေသော်လည်း အသေခံမည်၊ ငါမပြော"

ဟုဆိုသောအခါမှ ကြိုးကြာ၏ ဝမ်းကို ခွဲ၍ ကြည့်လေသော် ပတ္တမြားကို တွေ့လေသဖြင့် ရွှေထွင်းသမားသည် တုန်လှုပ်လျက် ကြောက်လန့်သောစိတ်ဖြင့် မထေရ်၏ခြေရင်း၌ ဝပ်၍—

"အရှင်ဘုရား–တပည့်တော်သည် မသိသဖြင့် ပြုမိသည်ကို သည်းခံပါဘုရား"

ဟု လျှောက်ထားသောအခါ၊ မထေရ်က—

"ဥပါသက နေဝ တုယှံ ဒေါသောအတ္ထိ၊ နမယှံ ဝဋ္ဋသော ဝေသဒေါသော ခမာမိတေ"

"တကာ-သင့်အပြစ်လည်း မဟုတ်၊ ငါ့အပြစ်လည်း မဟုတ်၊ ဤအပြစ်၏ အရင်းခံသည် ဝိပါက ဝဋ် ရှပ်နှာမ်ခန္ဓာရခြင်း၏ အပြစ်ဖြစ်သည်၊ သင့်အား ငါသည်းခံ၏"

ဟု မိန့်တော်မူလေလျှင် ရွှံထွင်းသမားက–

"အကယ်၍ အပြစ်ကို အရှင်ဘုရား ခွင့်လွှတ်ငြားအံ့၊ အခါတိုင်းကဲ့သို့ တပည့်တော်အိမ်မှာ ဆွမ်းအလှူခံပါ"

ဟု လျှောက်သောအခါ၊ မထေရ်က...

"တောင်ပြီတကာ-ယနေ့မှစ၍ သူတပါး အိမ်အမိုး အောက် ဝင်မိခြင်း၏ အပြစ်ကို ငါမြင်ပြီ၊ အိမ်အမိုး အောက်သို့ မဝင်တော့အံ့၊မြတ်စွာဘုရား ဆုံးမအပ်သော သလုံးမြင်းခေါင်းနှင့် ရင်းရသော "ပိဏ္ဍိယလောပ" ဆွမ်းကိုသာလျှင် အိမ်စဉ်လှည့်လည်၍ ခံယူတော့အံ့"

ဟု မိန့်တော်မူလျက် ပြန်ကြွလေသည်။ မထေရ်သည် ထိုရိုက်နှက်ထားသော ဒဏ်ရာကြောင့် မကြာမီပင်၊ ပရိနိဗ္ဗာန်ပြုတော်မူလေသည်။ ရွှံထွင်းသမားသည် သေသောအခါ၊ ငရဲသို့ ကျ

သွားသည်၊ ကြိုးကြာသည် ထိုရှဲထွင်းသမား၏ မယားဝမ်း၌ ပဋိသန္ဓေလာဖြစ်သည်၊ ရှဲထွင်းသမား၏ မယားသည် မထေရ်၌ စိတ်ထားနူးညံ့သောကြောင့် နတ်ပြည်၌ ဖြစ်လေသည်။

(ဓမ္မပဒ ဌကထာ-၂၂)။

ဤဝတ္ထုု၌ ရှဲထွင်းသမားသည် ဤပတ္တမြားကို ထွင်းဖေါက်သည့်အတွက် ဆုလာဘ်ကိုသော်ငြင်း၊ လက်ခငွေကိုသော်ငြင်း၊ ရမည်၊ ထိုကာမဝတ္ထု-ကာမဂုဏ်မှုကြောင့် ရဟန္တာမထေရ်အား မယားတောင်းပန်ဆဲတွင်ပင် ရက်စက်စွာ ရိုက်နှက်သည်၊ကြိုးကြာ သေကာမှ၊ မထေရ်ကပြောသဖြင့် ကြိုးကြာဝမ်းထဲမှ ပတ္တမြားကို ပြန်ရသည်၊ ထိုအခါမှ မိမိမှားသည်ကို သိ၍ အပြစ်ကို ခွင့်လွှတ်ပါရန် တောင်းပန်သည်။

မထေရ်က "ဗေသောဒေါသော၊ ဤအပြစ်သည်။ တယ်၊ သင်၏။ နေဝဒေါသော၊ အပြစ်မဟုတ်။ မယ်၊ ငါ၏။ နဒေါသော၊ အပြစ်လည်းမဟုတ်။ ဧသောဒေါ သော၊ ဤအပြစ်သည်။ ဝဋ္ဋဿ၊ သံသရာဝဋ် ခန္ဓာဝဋ်၏။ ဒေါသော၊ အပြစ်သာတည်း"

ဤစကားသည် အရိယာတို့၏စကား၊ အရိယာတို့၏ အသုံးအနှုန်းဖြစ်သည်။ မှန်လှ၏၊ ပဋိစ္စသမုပ္ပါဒ် သံသရာတွင် သတ္တဝါဖြစ်လာသည်မှာ (အဝိဇ္ဇာ-တဏှာ-ဥပါဒါန်) ကိလေသဝဋ်ဟူသော အပူအလောင် တိုက်တွန်းချက်ကြောင့်(ဘဝ-သင်္ခါရ)ကမ္မဝဋ်ဟူသော ပြုမှု လုပ်မှု ဖြစ်လာသည်။ ယင်းသို့ ပြုလုပ်ပေးမှု

အကြောင်းပြု၍(ဝိညာဏ်-နာမ်ရုပ်-သဠာယတန-ဖဿ-ဝေဒနာ-တဏှာ-ဥပါဒါန်-ကမ္မဘဝ)ဝိပါကဝဋ်ဒုက္ခခန္ဓာဖြစ်လာသည်၊ထိုဝိပါက ဝဋ်အကျိုးခံစားရမည့် ကောင်းမွေဆိုးမွေခံရမည့်ရုပ်နာမ်ခန္ဓာဖြစ်သောကြောင့် သံသရာခန္ဓာဝဋ်၏အပြစ်ဟုဆိုတော်မူသည်။

ဆိုလိုရင်းသဘောမှာလူ့ဘဝလူ့ခန္ဓာရချင်မှု(ကိလေသဝဋ်)ကြောင့် ရအောင်ဖြစ်အောင် ကုသိုလ် ပုညာဘိသင်္ခါရ(ကမ္မဝဋ်)ကိုပြုလုပ်ခဲ့သဖြင့် လူ့ခန္ဓာရမှု (ဝိပါကဝဋ်) ဖြစ်လာသည်၊ ဤခန္ဓာရလာ၍ ဒုက္ခဆင်းရဲ အမျိုးမျိုးတွေ့ရကြုံရသည် ဦးခေါင်းရထားသည့်အတွက် ဦးခေါင်းတွင်ကြီးအတုတ်အနှောင်ခံရသည်၊ နား,နှာခေါင်းရလာဖြစ်လာရသည့်အတွက်၊ နားမှနှာခေါင်းမှ သွေးယိုကျရသည်၊ခန္ဓာကိုယ်ရရှိထားသည့်အတွက် အရိုက်အနှက်ခံရသည်- ဤခန္ဓာရအောင် (ကိလေသဝဋ်က) တိုက်တွန်းမှု၊ လိုချင်မှု မရှိပါကရအောင်ပြုလုပ်မှု (ကမ္မဝဋ်)မပြုလုပ်တော့ပေ၊ ထိုကံ မပြုလုပ်က ခန္ဓာ(ဝိပါကဝဋ်)မရပေ၊ ဤခန္ဓာမရက ရိုက်နှက်ဖို့ ခန္ဓာ မရှိလေသောကြောင့် အရိုက်ခံရမည် မဟုတ်ပေ၊ ထို့ကြောင့်–

> "ကိလေသဝဋ္ဋပ္ပဟာနေန ဟိ ကမ္မဝဋ္ဋံ ပဟီနမေဝ ဟောတိ၊ ဝိပါက ဝဋ္ဋဿ အနုပ္ပါဒနတော"
>
> (ထေရဂါထာအဋ္ဌကထာ-၂၂၀)။

> "ဟိသစ္စံ၊ မှန်၏။ ကိလေသဝဋ္ဋပ္ပဟာနေန၊ ကိလေသဝဋ်ကို ပယ်ခြင်းကြောင့်။ ကမ္မဝဋ္ဋံ၊ ရအောင်, ဖြစ်အောင် ပြုလုပ်သော ကမ္မဝဋ်ကို၊ ပဟီနမေဝ၊ ပယ်အပ်

ပြီးသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဝိပါကဝဋ္ဋသ၊ ပြုလုပ်မှုရှိမှုရရှိမည့် ဝိပါကဝဋ်ခန္ဓာ၏။ အနုပ္ပါဒနတော၊ ဖြစ်ခွင့်မရှိ၍ မဖြစ်ခြင်းကြောင့်”

ဤကျွန်ုပ်တို့၏ ယခုလက်ရှိ ခန္ဓာသည်၊ ဆင်းရဲမျိုးစုံ ဒုက္ခအဖုံဖုံတို့ ခိုအောင်း တည်နေရာဖြစ်၏၊ ၉၆ ပါး ရောဂါအနာလက်နက်တို့၏ ပစ်ကွင်းဖြစ်၏၊ အို၊နာ၊သေဘို့ နှိပ်စက်ရာ ဌာနဖြစ်၏၊ အတိတ်က မိမိပြုခဲ့သော ကုသိုလ် အကုသိုလ်ကံတို့၏ ကောင်းမွေ ဆိုးမွေကို ခံယူရာဖြစ်၏၊ ထို့ကြောင့် ရဟန္တာ အရိယာတို့သည် ပုဂ္ဂိုလ်ဟူသော ပညတ်ကို မစွဲယူတော့ဘဲ၊ ဤခန္ဓာကိုရအောင် ဖန်တီးခဲ့သည့် ဝဋ်ဆင်းရဲကိုသာလျှင် အပြစ်ဟု ဆိုလေသည်။ ဤဓမ္မပဒ ဌကထာ၌ပင်လျှင်၊ ကောသမ္ဗိဝါသီ တိဿသာမဏေ၏ ဝတ္ထု၌သည်း ဝဋ်သံသရာခန္ဓာရသဖြင့်မျက်စိကွဲရကား ဝဋ်ဆင်းရဲ၏ အပြစ်ဟူ၍ပင် ပြတော် မူသည်ကား၊ ပရမတ်ကို မြင်သိသော အရိယာတို့အမြင်သည် မှန်လှ၏၊ အပြစ်ကင်းလှ၏၊ ကျွန်ုပ်တို့ကား ပုဂ္ဂိုလ်သတ္တဝါဟု ပညတ်ကိုမဲသည်၊ အရိယာပုဂ္ဂိုလ်တို့ကား တခုခုဖြစ်လာတိုင်း ဝဋ်ကို သံသရာကိုခန္ဓာကိုမဲသည်၊ ဤဝတ္ထု၌ ရွှထွင်းသမား (ပုထုဇ္ဇန်) သည်၊ ပုဂ္ဂိုလ်ကိုမဲ၍စွပ်စွဲသည်၊ ရိုက်နှက်သည်၊ အရိုက်ခံရသော ရဟန္တာ (အရိယာ)သည် ပုဂ္ဂိုလ်ကိုမစွဲ၊ ဝဋ်ခန္ဓာကိုမဲသည်၊ ပုထုဇ္ဇန်တို့၏ ပညတ်မြင်မှုသည် မိမိ ကိုယ်ကို မိမိ သံသရာဘွင် နှစ်ဖို့ဖြစ်၏၊ ဤသည်လည်း ဝတ္ထုအာရုံကာမဂုဏ်၌ ကိလေလာကာမအားဖြင့် တပ်မက်မှုများကြောင့် ဖြစ်ရသော ဒုက္ခမျိုးစုံ ဆင်းရဲပုံကို သိသာရအောင် ပြည့်နှ်သော စကားရပ်ဖြစ်သည်။ ဤသို့ဖြစ်လာလျှင်=

"ဟီနဘာဝ၊ လူ့လောကဌ်၊ ကာမသတ္တဝါ၊ကာမာ-ရမ္မဏ၊ ကာမသဘော၊ ကာမဇောဖြင့်၊ မက်မောကြူးဟုန်၊ ငါးအာရုံနိုက်၊ ခုံခုံမင်မင်၊ သေရှင်မသိ၊ ဇွတ်ထိဇွတ်တိုး၊ ထင်တိုင်းတိုးလျက်၊ ပိုးနှင့်မီးလျှံ၊ နှိုင်းစံတမျှ၊ တရှုရှုတည့်၊ မောဟာအလို၊ အစတိုအောင်၊ ကိုယ်ကိုအပြင်း၊ ဒုက္ခတွင်းသို့၊ နစ်ဆင်း ခံလိမ့်မည်ကို သောဝိ"

ဟု မဃဒေဝ လင်္ကာသစ်-၂၃၁ တွင် ဆိုလေသည်၊သို့ကြောင့် လောကသမုတိ ပညတ်နယ်တွင် ပြုကြလုပ်ကြသည့် ကိစ္စအလုံးစုံသည်၊ ကာမာ-ရမ္မဏ-ကာမအာရုံ ကာမဂုဏ်ကြောင့်ဖြစ်ရသောဒုက္ခအစုစုံဆင်းရဲမှုသည် အလွန် များပြားလေရကား၊ လောကဆင်းရဲအမျိုးမျိုးဖြစ်ပုံ၊ သံသရာဌ် ဆင်းရဲဖြစ်ရပုံတို့ကို မြတ်စွာဘုရား ဟောကြားတော် မူသည့်အတိုင်း ဆက်လက်၍ မြတ်စွာဘုရားသည် ထိုထိုကာမဝတ္ထု ကာမမှုတို့၏ အပြစ်ကိုသိပါက၊ ထိုကာမအာရုံ ကာမဂုဏ်မှ ထွက်မြောက်၍ ချမ်းသာသုခ ရရှိစေရန် ဟောတော်မူသော တရားတော်ကို နာကြားကြပါဦးစို့။

◇◇◇◇◇◇◇◇◇◇

## ကာမထွက်မှ-ချမ်းသာရ

(၁၄)

ပါဠိတော်

"ကိဉ္စ ကိက္ခဝေ ကာမာနံ နိဿရဏံ၊ ယော ခေါ ဘိက္ခဝေ ကာမေသု ဆန္ဒရာဂ ဝိနယော ဆန္ဒရာဂပ္ပဟာနံ၊ ဣဒံ ကာမာနံ နိဿရဏံ"

**မြန်မာပြန်**

"ရဟန်းတို့-ကာမတရား၊ ကာမဂုဏ် တို့၏ ထွက်မြောက်ရာသည် အဘယ်နည်း၊ ရဟန်းတို့-ကာမဂုဏ်တရားတို့၌ လိုချင်တပ်မက်မှုကို မဖြစ်ရန် ဆုံးမခြင်း၊ လိုချင်တပ်မက်မှုကို ပယ်ခြင်းသည် ကာမဂုဏ်တို့၏ ထွက်မြောက်ရာပေတည်း"

**အဓိပ္ပါယ်ရှင်းလင်းချက်**

"မြတ်စွာဘုရားသည် ကာမတရား ကာမဂုဏ်များ၏ သာယာဖွယ်နည်းပုံ၊ အပြစ်များပုံကို အမျိုးမျိုးအဖုံဖုံ ဟောကြားတော်မူပြီး၍ ထိုငါးစုအာရုံ ကာမဂုဏ်မှ ထွက်မြောက်ရာ လမ်းကို ညွှန်ပြတော်မူပြန်သည်၊ ကာမဟူသည် (ဝတ္ထုကာမ·ကိလေသကာမ)ဟူ၍ ၂ မျိုးရှိသည်၊ ထို ၂ မျိုးတို့တွင် ဝတ္ထုကာမဟူသည်ကား "ဝတ္ထုကာမာစာတိ မနာပိယ ရူပါဒိ ဝတ္ထုကာမာစ" ဟူ၍ မဟာနိဒ္ဒေသဌကထာ၊ နေတ္တိ အဌကထာတို့ ဆိုသောအတိုင်း ချစ်အပ်, နှစ်သက်အပ်, သာယာအပ်, တွယ်တာစွဲလန်း အပ်သော အဆင်း, အသံ, အနံ့, အရသာ, အတွေ့ ဟူသော အာရုံငါးပါးတို့ကို ခေါ်သည်။

ကိလေသ ကာမဟူသည်ကား "ဉပတာ ပန ဋ္ဌေန ဝိဗာဓေ ဋ္ဌေနစ ကိလေသ ကာမာစ"ဟု အဌကထာများ အဆိုအရ ပူပန်စေတတ်။ ပူဆာစေတတ်သောသဘော၊ ဖျက်ဆီးခြင်း,ညှင်းပန်းနှိပ်စက်ခြင်း အနက်သဘောအားဖြင့် ထိုအာရုံငါးပါး ဝတ္ထုကာမတရားတို့၌ သာယာခင်မက် နှစ်သက်တွယ်တာ စွဲလန်းခြင်း

အဖြာဖြာတို့ဖြင့် စိတ်ကို ပူပန် ညစ်ညူးစေသော သဘောကို ကိလေသကာမဟု ဆိုသည်၊ အဓိပ္ပါယ်မှာ အဆင်းဟူသော ဝတ္ထုကာမ၌ နှစ်သက်သဘောကျမှုသည် ကိလေသကာမဖြစ်၍၊ အသံ, အနံ့, အရသာ, အတွေ့ ဟူသော ဝတ္ထုကာမတို့၌ သာယာခင်မင် နှစ်သက် တွယ်တာ စွဲလန်းခြင်းသည် ကိလေသကာမဟုဆိုသည်။

သာယာဖွယ် နှစ်သက်ဖွယ်သော အဆင်းစသော အာရုံအပေါ်တွင် ပညတ်နိမိတ်ကိုစွဲယူခြင်းဖြင့် အမှန်ပရမတ်ကို အမှန်တရားဟုပင် မသိအောင် တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် မှားယွင်းစွာ စွဲယူလေသောကြောင့်-

" ကာမေသု ကာမသုခလ္လိကာ နုယောဂ " ကာမဂုဏ်ချမ်းသာ၌ ငြိကပ်မှုအားဖြင့် လုံ့လ ပြုခြင်းသည် ကိလေသကာမဖြစ်လေသည်၊ ထိုကာမတို့မှ လွတ်မြောက်လိုသောသူသည် ထိုထိုအဆင်းစသော အာရုံတို့အပေါ်၌ စွဲလန်းမှု၊ ငြိကပ်မှု၊ တွယ်တာမှုဖြစ်သော ဆန္ဒရာဂကို ဝိပဿနာနည်းနှင့် ဆုံးမရမည်၊ တပ်မက်တွယ်တာစွဲလန်းသော ဆန္ဒရာဂ ကိလေသာကို ဝိပဿနာနည်းနှင့် ပယ်နိုင်အောင် ကြိုးစားလျှင် ဒုက္ခဆင်းရဲ ချုပ်ရာဖြစ်သော နိဗ္ဗာန်သို့ ဉာဏ်မြင်နှင့် မျက်မှောက်ပြုနိုင်လေသည်။

အာရုံငါးပါး ၆ ပါးသည် ဆုံးမရမည့် ပယ်ရမည့် ကိလေသာမဟုတ်ပေ၊ ထိုအာရုံတို့အပေါ်တွင် နှလုံးသွင်း မမှန်သဖြင့် တပ်မက်စွဲလန်း ပြစ်မှားတတ်သော လောဘဖြစ်မှု, ဒေါသဖြစ်မှု

သည်သာ ကိလေသာဖြစ်၍ ၎င်းကိုမဖြစ်ရန်အတွက် ဝိပဿနာ အလုပ်ကို အားထုတ်ကြရခြင်းဖြစ်ရာ၊ မြတ်စွာဘုရား၏ဝါဒတော် အရ၊ ထိုကိလေသာဖြစ်သော တရားကိုသာ မဖြစ်အောင်ပယ်နိုင် အောင် အားထုတ်ခြင်းသည်သာ ကာမမှ ထွက်မြောက်ကြောင်း ကာမမှ လွတ်ကြောင်းဖြစ်လေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇

## ဆန္ဒရာဂ ပယ်နိုင်မှု ဗုဒ္ဓဝါဒသာ

ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် ဒေဝဒဟ သုတ်တွင် မြတ်စွာ ဘုရား၏ ဝါဒတော်ကို အရှင်သာရိပုတ္တရာ သင်ကြားလိုက်ရာ၌—

"ကိံ ဝါဒီ ယသ္မာကံ သတ္ထာ၊ ကိမက္ခာယီ"

"အရှင်တို့၏ဆရာ မြတ်စွာဘုရားသည် အဘယ်ဝါဒ ရှိပါသနည်း၊ အဘယ်သို့ ဟောလေ့ ပြောလေ့ရှိပါ သနည်း"

ဟု မေးကဲ့သော်—

(ဆန္ဒရာဂ ဝိနယက္ခာယီ ခေါ နော အာဝုသော သတ္ထာ)

"ငါ့ရှင်တို့–ငါတို့၏ဆရာ မြတ်စွာ ဘုရားသည် လိုချင်တပ်မက်မှု(ဆန္ဒရာဂ)ကို ဆုံးမခြင်းကို ဟောပြော လေ့ရှိပါသည်"

ဟု ပြောတတ်အောင် အရပ်တပါးသို့ သွားမည့် ရဟန်းများ အတွက် လိုရင်းကို သင်ပြပေးခြင်း ဖြစ်လေသည်၊ ထိုဆန္ဒရာဂ ဟူသည် အဘယ်နည်းဟူမူ—

(ပါဠိ၌“ဟတ္ထိ”သဒ္ဒါသည် “ဆင်” ဟု အနက်ပေးသည်၊ တဖန်“နာဂ”ဟူသောသဒ္ဒါသည်လည်း“ဆင်”ဟုပင် အနက်ပေးသည်၊ ထိုပုဒ်နှစ်ခုကိုပေါင်း၍ “ဟတ္ထိနာဂ”ဟု ပါဠိတွေ့လျှင်“ဆင်”ဟူ၍ သာမည အနက်မပေးရဘဲ၊ ဆင်တို့တွင် အလွန်ကြီးသော “ဆင်ပြောင်ကြီး”ဟု အနက်ပေးရသကဲ့သို့၊ ယခု ပါဠိတော်တွင်ပါသော “ဆန္ဒရာဂ”ပုဒ်၌“ဆန္ဒ”သဒ္ဒါသည်“တဏှာ”ဟူသော အနက်ဖြစ်၍“ရာဂ”သဒ္ဒါသည်လည်း“တဏှာ’ပင် ဟောလေရကား၊ ထို ၂ ပုဒ်ပေါင်း “ ဆန္ဒရာဂ”ဟူရာ၌ တဏှာရိုးရိုးကိုမဟောဘဲ ‘အားကြီးသောတဏှာ’ကို ဟောလေသည်)။

ထိုဆန္ဒရာဂဟူသော တဏှာသည် အာရုံဝတ္ထုတိုက်ဆုံမှုအခိုက်တပ်မက်လာလျှင်, စွဲလန်းနှစ်သက်လာလျှင် ကာမဂုဏ်စိတ် ဖြစ်လေသည်၊ အာရုံဝတ္ထုတိုက်ဆုံမှုရှိသော ကာမဘုံသား ပုဂ္ဂိုလ်များအတွက်“ကာမ”ဟူ၍၎င်း၊ “ကာမဂုဏ်”ဟူ၍၎င်း ဖြစ်လေသည်၊ ဤသို့ကာမဘုံသားတို့တွင် အကြီးဆုံးသော ကာမဂုဏ်အနှောင်အဖွဲ့မှ လွတ်ထွက်နိုင်စေရန် ဟောကြားလေသည်။

ထိုစကားကို ထင်စွာ ပြဦးအံ့—ဘုရားဖြစ်ရန် စိတ်အကြံနှင့်တောသို့ထွက်လာသော သိဒ္ဓတ္ထ အလောင်းမင်းသားသည် တရားရရန် စိတ်အကြံနှင့် အားထုတ်နေရာ၊ နေရဥ္စရာမြစ်သာကမ်းနားသို့ သနားသယောင် မေတ္တာဆောင်၍ ဖျက် ဆီး လိုသောမာရ်နတ်သည်—

(သဟဿဘာဂဝေါ မရဏာယ၊လ။ဇ ဝံပုညာနိကာဟိသိ)

"ငါ၏ အချင်း အလောင်းမင်း-အသင် အသက် ရှင်ဖို့ကိစ္စသည် သေခြင်းကို အပုံတထောင်ပုံသော် တပုံ စာမျှသာ ရှိတော့သည်၊သင်အသက်ရှင်နေစေချင်ပါသည် အသက်ရှင်နေပါလျှင် ကုသိုလ်ကောင်းမှုတို့ကို သင်ပြုရ ပါလိမ့်မည်"

ဟု ပြောလာရာ၊ တရားရှာနေသော အလောင်းတော်က မိမိ၏ ရည်မှန်းချက်သည် အသက်မသေရန်၊ကုသိုလ်ရှာရန်မဟုတ်၊ သင်အနှောက်အယှက်ပေးနေသော တပ်ဆယ်တန်ကို လွန်မြောက် အောင် တိုက်ရပုံကို–

(ကာမာတေ ပဌမာ သေနာ၊ ဒုတိယာအရတိဝုစ္စတိ)

စသည်ဖြင့် တရားရှာသူတို့ တိုက်အပ်သော တပ်ဆယ်တန်ကို ပြန်ပြောသည်။

"ကာမာ၊ ကာမအာရုံ ကာမဂုဏ်ဘို့ကို၊ တေ၊ သင်၏ ပဌမာသေနာ၊ အမှတ် ၁ တပ်မကြီးတည်း။ အရတိ၊ ပျင်းခြင်း, အားမထုတ်ချင်ခြင်းကို။ ဒုတိယာ၊ သင်၏ အမှတ် ၂ တပ်မတို့ဟူ၍။ ဝုစ္စတိ၊ဆိုရ၏"

စသည်ဖြင့် တပ်ဆယ်တပ်ကို ၃ ဂါထာဖြင့် ပြန်ဟောထား၏ ကျယ်အံ့စိုး၍ ချွင်းခဲ့သည်၊ အလိုရှိသူများသည်(သုတ္တနိပါတ်ပါဠိ တော် ပဓာနသုတ်–၃၄၂ တွင်၎င်း၊မဟာနိဒ္ဒေသပါဠိတော်-၇၃။ စူဠနိဒ္ဒေသပါဠိတော်-၁၁၄ တို့တွင်၎င်း ရှာဖွေယူကြရန်)။

ဆိုလိုရင်းမှာ–ကာမဘုံသား သတ္တဝါ များ၌ ဤကာမ အနှောင်အဖွဲ့သည် အကြီးဆုံး ဖြစ်၍ အလောင်းတော်သည် မာရ်နတ်၏အမှတ် ၁၊ အဖျက်တပ်(ဝါ)ကာမဘုံသား ယောဂီ

များတို့အား၊ အရေးကြီးသော ရန်သူ ဖြစ်ကြောင်းသိ၍ အလောင်းတော်ကိုယ်တိုင် ပဌမ ရင်ဆိုင် တိုက်ရသောကြောင့် တရားရှုနေသော ယောဂီ၌ တရားကို သာယာနှစ်သက်မှုသည်ပင် "ဓမ္မရာဂ–ဓမ္မတဏှာ" ဟု ကာမတပ်ကို မလွန် နိုင်ပုံပြထား သည်။

---

"သုန္ဒရသမုဒ္ဒ–အောင်ပွဲရ" "ကာမတို့၏ထွက်မြောက်ရာကို သာယာတပ်မက်စွဲလန်းတတ်သော ဆန္ဒရာဂတဏှာကို ရှေးဦးစွာ မဖြစ်အောင် ဆုံးမ၍၊ နောက် ပယ်သည့်အထိ အား ထုတ် ရန် မြတ်စွာဘုရား ညွှန်ကြား ဟောပြောတော်မူ၏၊ ထိုသဘောလုပ် ငန်းအတွက် သီးသန့် တရားအားထုတ်ပုံကို ဖော်ပြမည်၊ ယခု ဤနေရာတွင်ကား-ထိုကာမအာရုံ ကိလေသာတို့ကိုတိုက်ခိုက်သွား ကြသော သာသနာ့ရဲဘော်၊ ကိလေသာတိုက်ပွဲဝင် အာဇာနည် သူရဲကောင်းတို့ကို နည်းယူရန်ဖော်ညွှန်းလိုပေသည် ဤနေရာတွင် ဤပုဂ္ဂိုလ်တို့သာ တိုက်ပွဲတွင် အောင်ပန်းဆွတ်ခူးကြပါသလော၊ မဟုတ်ပါ၊ အရိယာဖြစ်သူတိုင်း အဆင့်အတန်းအလိုက် အောင် ပန်းဆွတ်ခူးခဲ့ကြသူများချည်းဖြစ်သည်၊ သို့ရာတွင် ထင်ရှားသော တိုက်ပွဲဝင် ပုဂ္ဂိုလ်အချို့သာ အတိုချုပ်၍ ဖော်ပြမည် ဖြစ်ပါ သည်။

ထိုပုဂ္ဂိုလ်တို့တွင် ရှေးဦးစွာ"သုန္ဒရသမုဒ္ဒမထေရ်"အကြောင်း ကို ပြပါအံ့၊ သာဝတ္ထိပြည်တွင် ကုဋေလေးဆယ် ကြွယ်ဝသော သူဌေးသား"သုန္ဒရသမုဒ္ဒ"သည် တနေ့သောအခါ မြတ်စွာဘုရား ကျောင်းတော်ကို လူအများနှင့် သွားရောက်ကာ တရားနာ၍

အပြီးတွင် ထွက်မြောက်လိုသော စိတ်ရှိသည်ဖြစ်၍၊ ရဟန်းပြုရန် ဘုရားထံ လျှောက်ရာ၊ ပန်ကြားရမည့် မိဘများ၏ ခွင့်ပြုချက်ကို ရယူရန် ပြန်ခဲ့၍၊ မိဘများသို့ ခွင့်တောင်းလေသည်။

မိဘများမှာလည်း သားတယောက်တည်းဖြစ်၍ ခွင့်မပြုကြသောအခါ၊ ရဋ္ဌပါလ အမျိုးသားကဲ့သို့ ထမင်းမစားဘဲ အခန်းတွင်းဝင်၍ အိပ်နေတော့သည်၊ ၃ ရက်မျှ ရှိသောအခါ မိဘများမှာ ရဟန်းပြုသည်ထက် သေမည်ကို မလိုလားကြသဖြင့် ခွင့်ပြုကာမှ ကျောင်းတော်သို့ သွား၍ ရဟန်းပြုလေသည်၊ ရဟန်းဖြစ်ပြီးနောက် မြတ်စွာဘုရားထံမှ တရားသင်ယူ၍၊ သာဝတ္ထိတွင် မနေလိုတော့ဘဲ၊ ၄၅ ယူဇနာ ဝေးသော ရာဇဂြိုဟ်သို့ သွားနေလေသည်။

သာဝတ္ထိ ပြည်တွင် နက္ခတ်ပွဲ သဘင်ရှိသော တနေ့၌၊ သုန္ဒရသမုဒ္ဒ၏ သူငယ်ချင်းဖြစ်သော သူဌေးသားတို့သည် လှလှပပ ဝတ်စားဆင်ယင်၍ နက္ခတ်ပွဲသဘင်၌ ပျော်ရွှင်စွာ သွားလာနေကြသည်ကို သူ၏မိခင်က မြင်သဖြင့် “ငါ့သားတော့–ဤလို ရခဲတဲ့အခွင့်အရေးဆုံးပြီ”ဟု တမ်းတငိုကြွေးလေသည်၊ ထိုအချိန်တွင် သိမ့်သော ပြည့်တန်ဆာမတဦးသည်အိမ်သို့လာရာ သူဌေးကတော်ကြီး ငိုနေသည်ကို တွေ့သဖြင့် အဘယ်ကြောင့် ငိုနေသနည်းဟု မေးသောအခါ “သူ့သားကိုသတိရ လွမ်းဆွတ်ပုံ” အလုံးစုံကို ပြောပြလိုက်လေသည်။

ထိုအခါ ပြည့်တန်ဆာမက “လူထွက်လာရင် မကောင်းဘူးလား”ဟု ဆိုလေသော်“ကောင်းတာပေါ့၊ ဒါပေမဲ့ ရာဇဂြိုဟ်မှာ သွားနေတယ်”ဟု ပြောရာ၊ ပြည့်တန်ဆာမက “ကိစ္စမရှိပါအမိ၊

ထွက်လာရင် ကျွန်မအတွက် ဘာပေးမလဲ”ဟု မေးရာ၊ သူဌေးကတော်ကြီးက“အကယ်၍သင့်အစွမ်းသတ္တိဖြင့် လူထွက်လာလျှင် သင်နှင့် လက်ထပ်၍အိမ်ကြီးရှင်အဖြစ်ပေးမည်”ဟုဆိုသောအခါ၊ ပြည့်တန်ဆာမက “ဒါဖြင့်-ကောင်းပါပြီ၊ ယခုစရံအဖြစ် ပြင်ဆင်ရမည့် စရိတ်ပေးပါ” ဟုဆိုသောကြောင့် ငွေအမြောက်အမြားပေးလိုက်လေသည်။

ထိုငွေတို့ဖြင့် အခြံအရံ အသိုင်းအဝိုင်း များကိုပါ ခေါ်၍ ရာဇဂြိုဟ်သို့ သွားလေသည်၊ ရောက်လျှင် မထေရ်ဆွမ်းခံသွားရာလမ်းတို့ကို မှတ်သား၍ ၎င်းလမ်းတွင် ဘုံ ၇ ဆင့်ရှိသော တိုက်တလုံးကို ငှါးချမ်းပြီးလျှင် မထေရ် ဆွမ်းခံ ကြွလာလောအခါ ရှိသေစွာ တိုက်ပေါ်သို့ ပင့်၍ ဆွမ်းလှောင်းလေသည်။

နောက်တရက်တွင် အခြားမှာ ဆွမ်းမခံဘဲ၊ ဤအိမ်တွင်ပင် ဆွမ်း အမြဲကပ်လှုကြောင်း လျှောက်ထားရာ၊ မထေရ်လည်း သဘောတူလက်ခံလေသည်၊ မထေရ် ပြန်ကြွပြီးနောက်၊ အနီးအနားရှိကစားနေသော ကလေးများကိုခေါ်၍ “သင်တို့သည် မထေရ်ရောက်လာသောအခါ ဆူဆူညံညံ လုပ်ရမည်”ဆို၍ မုန့်ကျွေးထားလေသည်“အကယ်၍ ငါက မဆူရန် တားမြစ်သော်လည်း သင်တို့က နားမထောင်ဆဲ၊ ဆူမြဲဆူနေက ငါပိုက်ဆံပေးမည်”ဟု သင်ပေးထားသည်။

နောက်နေ့ မထေရ်ကို ဆွမ်းကပ်ခါနီးမှ ကလေးများသည် သင်ထားသောအတိုင်း ဆူကြလေရာ၊ ပြည့်တန်ဆာမက မဆူရန် ပြောသော်လည်းမရသောကြောင့်“ကဲ-အရှင်ဘုရား၊ ဤအရပ်က ကလေးများသည် ပြောရ အလွန်ခက်ပါသည် တပည့်တော်မ

တားလို့ပင် မရပါ၊ သို့အတွက် အပေါ်ထပ်သို့ကြွတော်မူပါ” ဟုပင့်လျှောင် မထေရ်လည်း တကယ်မှတ်၍ ကြွလေသည်။

မထေရ်ကို ဆွမ်းကပ်ပြီး၍ ပြန်ကြွသောအခါ၊ ကလေးများကို ခေါ်ပြန်လျက်၊ “နက်ဖြန် မထေရ်ကို ဆွမ်းကပ်ခါနီး ငါက အချက်ပြလိုက်သောအခါ၊ မင်းတို့က ဖုံတို့ သလဲတို့ကို ကျုံး၍ အပေါ်ထပ်ကိုပက်ကြလော၊ ငါထွက်ပြောလဲ နားမထောင်ဘဲ ပက်မြဲပက်လျှင်မင်းတို့ကို တယောက် ၁ စီ ပေးမည်”ဟု သင်ထား ပြန်သည်။

နောက် မထေရ်ကြွလာပြီး ဆွမ်းကပ်ခါနီး၍ အချက်ပြလိုက် သောအခါ၊ ကလေးတို့သည် ဖုံမှုန့် သဲမှုန့်တို့ဖြင့် မြှောက်၍ ကြဲဖြန့်ကြလေသည်၊ ထိုအခါ ပြည့်တန်ဆာမက “အရှင်ဘုရား- တပည့်တော် အော်ငေါက်တားမြစ်ပါသော်လဲ ဤကလေးများ သည် နားမထောင်ဘဲ ပြုမြဲပြုကြသည်၊ သူတို့အန္တရာယ်မှ လွတ် ကင်းအောင် အထက်ဆုံးထပ်သို့ ကြွတော်မူပါ” ဟု လျှောက် သော်-မထေရ်က ကောင်းပြီဆိုပြီး အပေါ်ဆုံးအထပ်သို့ တက် လေသည်။

“ထေရော ဥက္ကဋ္ဌသပဒါနစာရိကော၊ သမာနော ပိ ရသဘကျာယ ဗဒ္ဓေါ တဿာ ဝစနေန၊ သတ္တဘူမိကံ ပါသာဒံ အဘိရုဟိ”

(ဓမ္မပဒ ဌကထာ-၄၂၉)။

“ထေရော၊ မထေရ်သည်။ ဥက္ကဋ္ဌသပဒါနစာရိကော၊ မြင့်မြတ်သော ဆွမ်းခံလှည့်လည်ခြင်းသည်။ သမာနော၊ ဖြစ်ပါလျက်။ ရသတဏှာယ၊ ရသာတဏှာဖြင့်။ ဗဒ္ဓေါ၊ စွဲငြိသည်ဖြစ်၍။ တဿာ၊ ထိုပြည့်တန်ဆာမ၏၊ ဝစနေန၊

စကားဖြင့်။ သတ္တဘူမိကံ၊ ဘုံ ၇ ဆင့်ရှိသော။ ပါသာဒ
ပြဿာဒ်ထက်သို့။ အဘိရုဟိ၊ တက်လေပြီ''

မထေရ်ကို ရှေ့မှ တက်စေပြီး၊ ၎င်းက နောက်မှ လိုက်လျက်၊ အဆင့်ဆင့် တံခါးများကို ပိတ်ထား ခဲ့လေသည်၊ အပေါ်ဆုံး အထပ်သို့ ရောက်၍ နေရာတွင် မထေရ် ထိုင်မိသောအခါ၊ ပြည့် တန်ဆာမက–

"အရှင်ဘုရားသည် ငယ်ပါသေး၏၊ တပည့်တော် လည်း ငယ်ပါသေးသည်၊ အရှင်ဘုရားနှင့် တပည့်တော် ငယ်ရွယ်သူနှစ်ယောက်တို့သည် လောကီအာရုံ ကာမဂုဏ် ဖြင့် ခံစားပျော်ပါးကြပါကုန်အံ့၊ အရွယ်ကြီး၍ တောင် ဝှေးဆောင်ရသော အခါရောက်မှ တပည့်တော်တို့ နှစ် ယောက်စလုံး ရဟန်းပြုကြပါကုန်အံ့"

ဟု ကာမဂုဏ်ဖြင့်ဖိတ်၏၊ မထေရ်လည်း သတိရလျက်...

"ဩော်–ငါ့မှာ မစဉ်းစားမဆင်ခြင်ဘဲ ပြုအပ်သော
ငါ၏ အမှုသည် အလွန် ဝန်လေးလှပါ၏"

ဟု ဆင်ခြင်လျက်၊ ကြီးစွာ သံဝေဂ ဖြစ်လေသည်၊ မထေရ် သည် ချွေးများထွက်ကာ၊ ကာမတပ်နှင့် ရင်ဆိုင်တိုက်ရမည့်အခြေ စစ်မြေပြင်သို့ ရောက်နေသည်၊ ချွေးထွက်နေ၍ ပြီးမည်မဟုတ် မြတ်စွာဘုရားသည်–

"ကာမဂုဏ်တို့သည် သာယာဖွယ်နည်းကုန်၏၊ အပြစ် ကား များလှစွာ၏၊ ကာမအရာ၌ဖြစ်သော အပြစ်သည် အလွန်များလှ၏"

ဟု ဟောသည်ဟု ကာမဂုဏ်၏အပြစ်ကိုသာ နှလုံးသွင်းနေစဉ်

ပြည့်တန်ဆာမသည် "သီချင်းကလေး တအေးအေးဖြင့် မာယာလေးဆယ်တို့ကို ပြလျက် မထေရ်၏ အနီးသို့ကပ်လျက်၊ တိုးတိုးတမျိုး ကျယ်ကျယ်တဖုံ ကာမဂုဏ်ဖြင့် ဖိတ်ကြားပြန်၏"

မထေရ်သည် တရားကိုနှလုံးသွင်း၍ မလှုပ်မယှက် ကျောက်ရုပ်ကဲ့သို့ နေသည်မှတပါး၊ ခြေလက်လှုပ်ရှား အမူအရာ မခြားနားဘဲ ငုံ၍သာ နေရသည်၊ ထိုအချိန်တွင် ၄၅ ယူဇနာ ခရီးကွာသော သာဝတ္ထိပြည်မှ မြတ်စွာဘုရားသည် သုန္ဒရသမုဒ္ဒမထေရ်၏ ကာမတိုက်ပွဲကို ဉာဏ်တော်ဖြင့် သိမြင်တော်မူရကား–

"ယောဓကာမေ ပဟန္တွာန၊ အနာဂါရော ပရိဗ္ဗဇေ
ကာမဘဝ ပရိက္ခီဏံ၊ တမဟံ ဗြူမိဗြာဟ္မဏံ"

"ဣဓလောကေ၊ ဤလောက၌။ ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ကာမေ၊ ငါးစုအာရုံ ကာမဂုဏ်တို့ကို။ ပဟန္တွာန၊ ပယ်စွန့်၍။ အနာဂါရော၊ အိမ်ရာမထောင်သည်(ဟုတ္မာ၊ ဖြစ်၍)။ ပရိဗ္ဗဇေ၊ ကိလေသာကိုနှင်ထုတ်၏။ ကာမဘဝပရိက္ခီဏံ၊ အာရုံငါးပါး ကာမဂုဏ်တရားနှင့် ဖြစ်လိုသော ဘဝတို့သည် ကုန်ပြီးတံ၊ ထိုကာမ–ဘဝ ဤ ၂ ပါးကုန်သော သူကို။ ဗြာဟ္မဏံ၊ မကောင်းမှုကို အပပြုပြီးသောသူဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဆို၏"

ချစ်သား သမုဒ္ဒ–ဘဝများစွာ သံသရာတွင် ဤအာရုံငါးပါး လိုက်စားမှားသောကြောင့် မြုံးတွင်းငါးပမာ၊ သံသရာက မလွတ်သည်မှာ ယခုခန္ဓာက သက်သေခံ

လျက်ရှိချေသည်၊ သင်သည် ထိုကာမတို့ကို ပယ်လို၍ အိမ်ရာမထောင် လူ့ဘောင်စွန့်ခွါ သင်္ကန်းဝတ်၍ ထွက်လမ်းကို ရှာပါလျက်၊ ကာမထောင်တွင်းသို့ သက်ဆင်း၍ ကျရပါက၊ မျောက် သစ်ကိုင်းလွှတ် လောက-သံသရာ နှစ်ဖြာလုံးလုံး ရှုံးခြင်းကြီးရှုံးတော့မည်၊

ဤမိန်းမသည်၊ သင့်အား ဖြားယောင်းသွေးဆောင်သည်မှာ သူ့အတွက်သာ ဖြစ်၍ သင်ချစ်သားအတွက်ကား လက်တွေ့ ရင်ဆိုင်တိုက်၍ ပယ်ခွါနိုင်မှ ဗြဟ္မဏ (ဝါ)ကိလေသာ တော်လှန်ရေးသမား ဖြစ်မည်၊ ခန္ဓာကိုယ်တွင် သတိပညာ ယှဉ်တွဲကာ ကြိုးစားတိုက်လော့"

ဟု အကူအညီ ပေးကာ ရောင်ခြည်တော်လွှတ်၍ ဆုံးမရာတွင် သုန္ဒရသမုဒ္ဒထေရ်သည် အဘိညာဏ် ၆ ပါးနှင့် ရဟန္တာဖြစ်၍၊ တန်ခိုးဖြင့် ပြဿဒ်အမိုးကို ဖေါက်လျက် ကောင်းကင်ခရီးမှ ဘုရားရှိရာသို့ ကြွသွားလေသည်။

ဤကား....ဓမ္မပဒ ဌကထာ-၄၂၀ လာ၊ သုန္ဒရသမုဒ္ဒမထေရ် အကြောင်းဖြစ်၍၊ ထေရဂါထာ အဋ္ဌကထာ-၁၂၃ ၌လာသော ဤမထေရ်၏အကြောင်းနှင့် အနည်းငယ်ကွဲလွဲနေသည်၊သို့ရာတွင် လိုအပ်ချက်ကား ကာမတပ် ကာမဂုဏ်ကို နိုင်အောင်တိုက်သည် ချည်းဖြင်၏။

---

"သဗ္ဗကာမိထေရ်" အရှင် သဗ္ဗကာမိ ထေရ်သည်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် မပြုမီ၊ အရှင်အာနန္ဒာကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်လာသော ဝေသာလီမင်းသား ဖြစ်ပေသည်၊ အချိန်အရွယ်

ရောက်လေလျှင် ဆွေမျိုး အပေါင်းတို့က ၎င်းတို့၏ အမျိုးထဲမှ သင့်တော်သော အမျိုးသမီးတဦးနှင့် အိမ်ထောင် ချပေးလေသည်၊ အိမ်ထောင်ကျ၍ မျှားမကြာမီ အိမ်ထောင်ကို စွန့်ခွါ၍ အရှင်အာနန္ဒာထံတွင် ရဟန်းပြု၍၊ ဝေသာလီပြည် ဆွေမျိုးများ ရှိရာသို့ ပြန်လာရာတွင် မယားဟောင်း ဖြစ်သူသည်၊ လင်ယောကျ်ားနှင့် ကွဲကွာနေသောကြောင့် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်ကာ၊ ကြုံလှီပိန်ချုံးလျက် ကိုယ်ရေကိုယ်သား ဖြော့တော့စွာနှင့် တန်ဆာမဆင်၊ ပန်းမာလ်မဆောင်၊ နံ့သာမလိမ်း ညစ်နွမ်းသော အဝတ်တို့ကို ဝတ်လျက်၊ ငိုယိုကာ မထေရ်ရှိရာသို့ လာရောက်ရှိခိုးပြီးလျှင် သူ၏ အားထားရာမဲ့ပုံကို ပြောကြားလျှောက်ထားလေသည်။

ထိုအဖြစ်ကို တွေ့မြင်သိရှိရသော မထေရ်သည် စိတ်တွင် အတော်ပင် ထိခိုက်လျက်၊ သနားသော ကရုဏာ၊ တွယ်တာသော မေတ္တာတို့တိုးပွား၍ တွေ့မြင် ခံစားလိုက်ရသော အာရုံအတွက် မသင့်မတော်သော နှလုံးသွင်း ဖြစ်သွားသော ခဏ၌ပင်လျှင် ကိလေသာတို့သည် အလျှင်အမြန် ထကြွလေတော့သည်။

ထိုအခါတွင် အရှင်အာနန္ဒာ၏ တပည့်ဖြစ်သည့်အတိုင်း ဖြစ်ပေါ်လာသော ကိလေသာစိတ်ကို ဆိုင်ရာ ကမ္မဋ္ဌာန်းအာရုံနှင့် နှိမ်နင်းရမည်ကို ချက်ခြင်းသတိရလိုက်သဖြင့် ထိုလောဘ ကိလေသာတို့ အရှိန်အဟုန် မကြီးမီ၊ ကြိမ်လုံးနှင့် တို့လိုက်သော အာဇာနည် မြင်းကောင်းကဲ့သို့ ကြီးစွာသော သတိသံဝေဂရလျက်၊ အလျှင်အမြန်ပင် သုသာန်သို့ ထ၍ ကြွသွားပြီးလျှင် အဆင်သင့်တွေ့ရသော အသုဘနိမိတ်ကိုယူ၍ ရာဂကို ကွာစေပြီးကာ၊ ထို

အသုဘကမ္မဋ္ဌာန်းကြောင့် ရအပ်သော စျာန်ကို အခြေပြု၍ ကာမဂုဏ်တို့၏ အပြစ်ကို သိလျက်၊ ၎င်းမှ ထွက်မြောက်ရာ ဝိပဿနာတရားအလုပ်ကို ပွားများအားထုတ် အပ်သည်ရှိသော် အရဟတ္တဖိုလ်သို့ ရောက်၍ ရဟန္တာဖြစ်တော်မူလေသည်။

မထေရ်သည် ရဟန္တာဖြစ်ပြီး၍ သုသာန်မှ ပြန်ကြွလာသော အခါ၊ ယောက္ခမဖြစ်သူသည်၊ သမီးအား လှပစွာ တန်ဆာဆင် စေပြီးသော် များစွာသော အခြံအရံတို့ဖြင့် လာ၍၊ မထေရ်ကို လူထွက်စေအံ့ဟု ကျောင်းသို့ လာလေရာ၊ ထိုအကြောင်းကို သိသော မထေရ်က မိမိသည် ကာမဂုဏ်တို့ဖြင့် မလိမ်း မကျံ မကပ်ငြိတော့ကြောင်း ၆ ဂါထာတို့ဖြင့် ပြန်ပြောလေသည်မှာ—

၁။ "အခြေနှစ်ချောင်းရှိသော ဤကိုယ်သည် မစင် ကြယ်၍ မကောင်းသော အနံ့ ရှိသည့်ပြင်၊ ပိုး အမျိုးမျိုးဖြင့် ပြည့်ကာ၊ ထိုထို အပေါက်တို့မှ ယိုစီးကျဆင်းနေသည်ဖြစ်ပါလျက်၊ ပန်းနံ့သာ တို့ဖြင့် ပြုပြင်ထား၏၊

၂။ တောမုဆိုးသည် တနေရာမှ ပုန်းအောင်းနေလျက် ကျော့ကွင်းဖြင့် သားသမင်တို့ကို ဖမ်းယူသတ် ဖြတ်သကဲ့သို့၎င်း၊ တံငါသည် သည် သံမျှားချိတ် ဖြင့် ငါးတို့ကို ဖမ်းယူ သတ်ဖြတ်သကဲ့သို့၎င်း၊ မုဆိုးသည် မျောက်နှဲစေးဖြင့် မျောက်တို့ကို ဖမ်း ယူသတ်ဖြတ်သကဲ့သို့၎င်း၊ မိန်းမတို့သည် ထိုရုပ ါရုံ စသည်ဖြင့် ပုထုဇ္ဇန်အား ဖမ်းယူနှိပ်စက်ကုန်၏၊

၃။ သာယာဖွယ်၊ နှစ်သက်တပ်မက်ဖွယ်သော အာရုံ ငါးပါး ကာမဂုဏ် တရားတို့သည် မိန်းမတို့၏ ကိုယ်သဏ္ဍာန်၌ တွေ့မြင်သိရှိနိုင်ကုန်၏၊

၄။ အကြင်သို့သော ပုထုဇ္ဇန်သည်၊ မိန်းမတို့ကို ပြင်းစွာ တပ်မက်သော ရာဂစိတ် ရှိသည်ဖြစ်၍၊ ပေါင်းသင်း ဆက်ဆံကြကုန်၏၊ ထိုပုထုဇ္ဇန်တို့သည် ကြောက်မက်ဖွယ်ဖြစ်သော သင်းချိုင်းမြေကို တိုးပွားစေကုန်၏၊ ဘဝသစ် ဖြစ်မှုကို ရှာမှီးဆည်းပူးကုန်၏၊

၅။ လောက၌ အကြင်ပုဂ္ဂိုလ်သည် မြွေ၏ ဦးခေါင်းကို မိမိခြေဖြင့် ဝေးရာသို့ ရှောင်ကွင်း သွားသလို၊ ထိုမိန်းမ တို့ကို ရှောင်ကြဉ်၏၊ ထိုပုဂ္ဂိုလ်သည် သတိရှိသည်ဖြစ်၍ တဏှာကို ထွက်မြောက်နိုင်၏၊

၆။ ငါသည် ဝတ္ထုကာမ၊ ကိလေသာကာမတို့၌ အပြစ်ကိုမြင်၍ ကာမတို့မှ လွတ်မြောက်ရာ နိဗ္ဗာန်ကို ဘေးမရှိသောအားဖြင့် ရှုမြင်လျက်၊ အလုံးစုံသော တေဘူမက၊ ကာမတို့မှ ကျွတ်လွတ် လေပြီးသော သူဖြစ်၍ အာသဝေါကုန်ရာ အရဟတ္တဖိုလ်ကို ရအပ်ပြီ”၊

ဟု ဟောပြပြီးသည်ရှိသော်၊ ယောက္ခမသည် ထိုတရားသဘောကို နားလည်သောကြောင့်“မထေရ်သည် ကိလေသာဖြင့် လိမ်းကျံမှု မရှိတော့”ဟု သိသဖြင့် လာသော လမ်းခရီးအတိုင်း သမီးကို ခေါ်၍ ပြန်သွားလေသည်။

ဤမထေရ်သည် သာမညမဟုတ်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုပြီးနောက်၊ နှစ်ပေါင်း ၁၀၀ ကြာသောအခါ၊ ဝဇ္ဇီတိုင်းတွင် အရှင်ယသအမှူးရှိသော ရဟန္တာ ၇၀၀ တို့ သံဂါယနာတင်ရာတွင် ဝါတော် ၁၀၀ ရပြီး၊ သက်တော် ၁၂၀ ရှိပြီးသော သံဃနာယကာ မထေရ်ကြီးပင် ဖြစ်လေသည်၊ ဒုတိယသံဂါယနာ တင်ပြီးသောအခါ—

"အနာဂတေ ဓမ္မာသောကကာလေ ဥပ္ပဇ္ဇနကံ အဗ္ဗုဒံ သောဓေဟိ"

"နောင်အခါ သီရိဓမ္မာသောကမင်းကြီး လက်ထက်တွင် ဖြစ်မည့် သာသနာ့အမြုပ် အရှုပ်အထွေးကို စင်ကြယ်အောင် သံဂါယနာတင်၍ သုတ်သင် ရှင်းလင်းလော့"

ဟု နောင်တွင် တတိယသံဂါယနာ ခေါင်းဆောင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ဖြစ်မည့် တိဿ မဟာဗြဟ္မာ ကြီးအား မှာကြားတိုက်တွန်းပြီးလျှင် ပရိနိဗ္ဗာန် ပြုတော်မူလေသည်။

(ထေရဂါထာ အဋ္ဌကထာ-၁၂၀)။

မထေရ်သည်၊ ဓမ္မဘဏ္ဍာဂါရိက အရှင်အာနန္ဒာ၏ တပည့်ဖြစ်သည့်အတိုင်း၊ ရုတ်တရက် ဖြစ်ပေါ်လာသော ကာမဂုဏ်ကိလေသာစိတ်ကို ယောနိသောမနသိကာရအားဖြင့် တားဆီးနိုင်သော အသုဘကမ္မဋ္ဌာန်းကို ချက်ခြင်းပင် သတိရ၍ ကိလေသာကာမမီးတောက် မကြီးမီ သုသာန်သို့ကြွ၍ ဤခန္ဓာကိုယ်သည် စက်ဆုပ်ရွံရှာဖွယ် မတင့်တယ်သော "အသုဘ" သာဖြစ်သည်၊ အသုဘဖြစ်သော ဤခန္ဓာကို အန္ဓပုထုဇ္ဇန်တို့သည်သာ တင့်တယ်သည်ထင်၍ ကိလေ

သာဖြစ်ကြကြောင်း ငါသည် မြတ်စွာဘုရား ဟောသည့်အတိုင်း ရှုကြည့်ရန်မှာ–

"အဋ္ဌိကင်္ကလူပမာ ကာမာ ဗဟုဒုက္ခာ ဗဟုပါယာ
သာ"တိအာဒိနာ ဝတ္ထုကာမေသု ကိလေသ ကာမေသု
အနေကာကာရ ဝေါကာရံ အာဒိနဝံ ဒေါသံဒိသွာ"

ဟု (အဋ္ဌကထာဖွင့်သည့်အတိုင်း) ကာမဂုဏ်ဟူသည် "ခွေး ဝတ်ရိုးခဲ-ဝနိုင်ဘဲ" မို့ ပင်ပန်း ဆင်းရဲခြင်းသာ ဖြစ်ခလသော ကြောင့် တွယ်တာတပ်မက်ဖွယ် မဟုတ်ဟု အသုဘကို ရှုမြင်၍ နောက်မှ ထိုဈာန်ကို အခြေပြုကာ၊ ကာမတို့မှ လွတ်မြောက် ကြောင်း ဝိပဿနာ ပရမတ်ကို ရှုရာတွင်မှ အရဟတ္တဖိုလ်ရောက် ရဟန္တာဖြစ်သွားလေသည်။

---

"နာဂသမာလထေရ်၏ ထွက်ပုံ တနည်း" ဤမထေရ်သည် သာကီဝင်မင်းမျိုးဖြစ်၍၊ မြတ်စွာဘုရားသည် ကပိလဝတ်ပြည်သို့ ကြွ၍ ဆွေတော်မျိုးတော်တို့ကို တရား ဟောတော်မူသောအခါ၊ တရားတော်ကို သဘောကျ၍ ရဟန်းပြုပြီးသည်နောက်၊ မြတ်စွာ ဘုရားကို အလုပ်အကျွေး ဝတ္တရား ဆောင်ရွက်ဖူးသော မထေရ် ဖြစ်သည်။

တနေ့သောအခါ၊ မြို့တွင်းသို့ ဆွမ်းခံ ကြွသောအချိန်တွင် လှလှပပ တန်းဆာဆင်ထားသော အမျိုးသမီး က,ချေသည် တယောက်သည် အတီး-အမှုတ် တူရိယာဝိုင်းနှင့် လမ်းပေါ်တွင် ပရိသာတ်တို့အကြား၌ သီဆို ကပြနေသည်ကို မြင်သောအခါ၊ ထိုက,ချေသည်၏ဆိုပုံက,ပုံကိုကြည့်လျက် ကိလေသာစိတ်ဖြစ်မည့် အချိန်တွင် ချက်ခြင်း သတိရ၍–

"အယံ၊ ဤကချေသည်သည်။ စိတ္တကိရိယ ဝါယော ဓါတုဝိပ္ဖါရဝသေန၊ ကလိုသော စိတ်သည် ပြုစီရင်အပ်သော လှုပ်ရှားမှု ဓါတ်သတ္တိ လွန်ကဲသော ဖေါက်ပြန်မှုသဘော၏ တုန်လှုပ်ခြင်း၏အစွမ်းဖြင့်။ ကရဇကာယဿ၊ ဓါတ်လေးပါး အစုအဝေး၏။ တထာတထာ၊ ထိုထိုသို့သော အခြင်းအရာအားဖြင့်၊ ဝရိဝတ္တိ၊ လည်ပတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သခ်ါရာ၊ ဘုံသုံးပါး၌ဖြစ်သော သခ်ါရတရားတို့သည်။ အဟောအနိစ္စာ၊ ဩော်-မမြဲသဖြင့် ပျက်နေကြပါတကား"

ဤကချေသည်၏ လက်ခြေ ကွေးကောက် ချီမြှောက် နှိမ့်ချ အမျိုးမျိုး ကပြနေ သည်ဆိုရာတွင် စင်စစ်မှာကား၊ ကချင်သော ၎င်း၏စိတ်၊ ထိုကချင်သောစိတ်က တိုက်တွန်း နှိုးဆော် ပြုပြင်စီရင်အပ်သော လှုပ်ရှားမှု (ဝါယောဓါတ်)၏ သတ္တိလွန်ကဲသော ရုပ်ကလာပ်တို့၏ အဆင့်ဆင့် ဖေါက်ပြန်မှုသဘော၏ တုန်လှုပ်ကူးစက်မှုကြောင့် ဤမဟာဘုတ် အစုအဝေးဖြစ်သော ခန္ဓာကိုယ်၏ ထိုမှဤမှ ပြောင်းလဲနေသည့် သဘော အခြင်းအရာတို့ လှည့်လည်လှုပ်ရှားခြင်းကို "ကနေသည်" ဟုခေါ်ခြင်းဖြစ်သည်။

ယင်းသို့ ဖေါက်ပြန်သဘောတို့၏ လှုပ်ရှား ဖြစ်ပျက်နေခြင်းမှာ ထိုစိတ်၏ နှိုးဆွမှုကြောင့် ခန္ဓာတခုလုံး တရွရွ တလှုပ်လှုပ် တသုတ်သုတ်နှင့် ပင့်မြှောက်နှိမ့်ချ လည်ပတ်မှုသည် သက်သက်ရုပ်နာမ်ပရမတ်တို့၏ ကိစ္စသာတည်း၊ ငါဟူ၍လည်း စွဲယူစရာမရှိ၊ နှစ်သက်စရာမရှိ၊ တွယ်တာမက်မောစရာမရှိသော အမှန်သိမြင်ရမည့် ပရမတ်သဘောကို မသိသော ပုထုဇ္ဇန်တို့မှာ မျက်စိအာရုံကာမဂုဏ်၊ နားအာရုံကာမဂုဏ်တို့ဖြစ်ကြပေမည်။

သဘောမှန် ပရမတ်ကို ကောင်း အမှန်သိသော ငါတို့ကား၊ ထိုထိုပညတ်အာရုံ ကာမဂုဏ်တို့ အဖြစ်မခံ ထွက်မြောက်ရန် တွန်းလှန်မည်။

"အဟော အနိစ္စာ သင်္ခါရာ"
"ပေါက်ပြန်ဖြစ်ပျက် သင်္ခါရအချက်တို့သည် မြဲသော်
ဖြစ်လျှင်ပျက်ကြ သဘာဝမို့ မမြဲပါတကား...."

ဟု ကုန်တတ်ပျက်တတ်သော သဘောသို့ ဉာဏ်သက်ဝင်၍၊ ပရမတ်ရုပ်နာမ်ကို အခြေတည်မိသော မထေရ်သည်၊ ထိုပရမတ် သဘောတို့၏ မမြဲသဘော၊ ဆင်းရဲသဘော၊ အစိုးမရ သူ့သဘော တို့ကို ရှုမှတ် ပွားများလေရာ၊ အရဟတ္တဖိုလ်ရောက် ရဟန္တာ ဖြစ်သွားလေသည်။

(ထေရဂါထာ အဋ္ဌကထာ-၁)။

မထေရ်၏ နှလုံးသွင်းပုံသည် ရှင်းလှသည်၊ မဟာသတိပဋ္ဌာန် ပါဠိတော် ဣရိယာပထပိုင်းတွင် သွားခြင်းကို ရှုမှတ်ရာ၌၊ ရှေးဦး စွာ သွားချင်သော စိတ်ဖြစ်၍ နောက် လှုပ်ရှားတတ်သော ဝါယောကို တိုက်တွန်းသည်၊ နောက် လှုပ်ရှားမှု အမူအရာကို ဖြစ်စေသည်၊ နောက် စိတ်ကြောင့် ဖြစ်သော ဝါယောဓါတ်၏ သတ္တိလွန်ကဲသော ပြုပြင်စီရင်မှုကြောင့် တကိုယ်လုံးကို ရှေ့သို့ ယူသွား ကိုင်းသွား ညွတ်သွားခြင်းကို သွားသည်ဟုဆိုကြသည်။

သွားလို-ရပ်လို-ထိုင်လို-က,လိုသောကိစ္စအားလုံးသည်(စိတ်) ဟူသော"သိသဘော"သာ ဖြစ်သည်၊ ဘာမျှမလုပ်တတ်၊ သွား ခြင်း, ထိုင်ခြင်း, က,ခြင်း စသည်သည် ပြုလုပ်မှု၊ လှုပ်ရှားမှု

(ဝါယော)ဓါတ်၏ကိစ္စပင်။ ရွေ့ရှားခြင်း၊ ချိုးမြှောက်ခြင်း စသည့် ထိုထိုသော အမူအရာသည်(စိတ္တဇဝါယော) ပြုလိုသော စိတ်၏ အလိုသတ္တိအတိုင်း ခန္ဓာ၏ ဆောင်ရွက်ချက်ပင် ဖြစ်၍၊ အမှန် သဘောကို မသိမမြင်သူတို့အဘွက် "သွားနေသည်၊ က,နေသည်၊ ငါသွားသည်၊ ငါက,သည် စသည်ဖြင့် ထင်မှားသည်၊ ဤသည်ကို အဋ္ဌကထာ၌–

"ပဥ္စကာမ ကောဋ္ဌာသာ ဝိသေသတော ဝိသဘာဂ ဝတ္ထု သန္နိဿယာ ဝိပလ္လာသု ပနိဿယေန အယော နိသော မနသိကာရေန ပရိက္ခိတ္တာနံ အန္ဓပုထုဇ္ဇနာနံ မနောရမေနေ္တာ ကိလေသဝတ္ထုတာယ အနတ္တာဝဟ ဘာဝတော"

(ထေရဂါထာ အဋ္ဌကထာ–၁၂၁)။

အာရုံငါးပါး ကာမဂုဏ် တရားဟူသည် ဆန့်ကျင်ဖက် ဖြစ်သော ဝတ္ထုအာရုံ တိုက်ဆိုသည်တွင် ဖေါက်ပြန် မှားယွင်းစွာ မြင်မှုစသော အကြောင်းအခြေခံ၍ မမှန်မကန် နှလုံးသွင်းခြင်း သည် ခြံရံအပ်သော ပရမတ်ကို မမြင်မသိ ဉာဏ်မျက်စိမရှိသော ထိုပုထုဇ္ဇန်တို့သည် အလွန်နှစ်သက်ဖွယ်, ပျော်ရွှင်ဖွယ်ဟု ကိလေ သာစိတ်တို့ ဖြစ်ခြင်းသည် ထိုပုထုဇ္ဇန်တို့အတွက် အကျိုးမဲ့ကို ယူဆောင်ခြင်းပင်ဖြစ်သည်၊ ထိုကြောင့် အမှန် ဖြစ်ရှိနေသော ပရမတ်တို့၏ အရှိကိုအရှိအတိုင်း မြင်သိသော ဤမထေရ်မှာ ထိုကာမဂုဏ်ဘို့မှ ထွက်မြောက်ရာ အရဟတ္တဖိုလ်ကို ရသွားခြင်း ဖြစ်လေသည်။

"ကုလ္လထေရ်၏ထွက်နည်းတဖုံ" ကုလ္လအမည်ရှိသော အမျိုးကောင်းသားသည်၊ သိကြားလိမ္မာရှိသော အရှယ်တွင် မြတ်စွာဘုရားအားဖူးတော်၍၊ တရားကို နာရလျှင် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍၊ သာသနာတော်၌ ရဟန်းပြုလေသည်၊ သို့ရာတွင် ရဟန်းပြုပြီးသော်လည်း ၎င်းမှာရာဂစရိုက်သည် အလွန်ထက်သန်အားကြီးရကား၊ ကိလေသာစိတ်သည် ၎င်းအား မပြတ်အစဉ်ပွားစီးလျက်ရှိရာ၊ ကုလ္လထေရ်၏ ကိလေသာစိတ်အားကြီးသည်ကို သိသော မြတ်စွာဘုရားသည် ခန္ဓာကိုယ်၌ စက်ဆုပ်ဖွယ် ထင်မြင်ရန် အသုဘကမ္မဋ္ဌာန်းကို ပေး၍—

(ကုလ္လဘယာ အဘိက္ကံ သုသာနေ စာရိကာ စရိတဗ္ဗာ)

"ချစ်သား ကုလ္လ—သင်သည် အမြဲမပြတ် သုသာန်၌ လှည့်လည်၍ နေအပ်၏"

ဟု ညွှန်ကြားသောကြောင့် ကုလ္လထေရ်သည် သုသာန်သို့ ဝင်၍၊ ဖူးယောင်ပုတ်ပွနေသော စက်ဆုပ်ဖွယ် သူသေအလောင်းတို့ကိုမြင်၍၊ ထိုခဏမျှ အသုဘကမ္မဋ္ဌာန်းကို နှလုံးသွင်း ရှုမှတ်နိုင်ပြီးလျှင် သုသာန်မှ အပြင်သို့ထွက်လာသည်နှင့် ကာမအာရုံကာမဂုဏ်၊ ကာမရာဂစသည့် ကိလေသာတို့သည် ထကြွပြန်လေသည်။

တနေ့သောအခါ၊ သုသာန်မှ ပြန်လာသော ကုလ္လထေရ်အား ကာမအာရုံတို့ ပြန်လည် ထကြွနေကြောင်း သိတော်မူသော မြတ်စွာဘုရားသည်၊ အရွယ်အဆင်း အားဖြင့် ကောင်းခြင်း ငါးဖြာလက္ခဏာနှင့် ပြည့်စုံသော ယခုမှ သေလေသဖြင့် အဆင်း

အင်္ဂါမချို့ယွင်း မပျက်စီးသေးသော အမျိုးသမီးအလောင်း တခုကို ဖန်ဆင်းထားရှိပြီးလျှင် ကုလ္လကို ခေါ်၍ ပြလေသည်။

ကုလ္လမထေရ်သည် ထိုအမျိုးသမီး အလောင်းကို မြင်ကာ မတ္တခဏာ၌သာလျှင် အသက်ရှိသေးသော ချစ်နှစ်သက်ဖွယ်ရာဟု နှလုံးသွင်းမှားလျက်၊ အတွင်း၌ ကိန်းအောင်းနေသော ဆန္ဒရာဂ ကိလေသာ တဏှာသည် အလျှင်အမြန် ထကြွလာလေသည်၊ မြတ်စွာဘုရားသည် ကုလ္လ၏ ကိလေသာစိတ်ဖြင့် ကြည့်နေသည်ကို မြင်၍၊ ထိုကြည့်မြင်နေဆဲကာလ၌ပင် ဒွါရ ၉ ပေါက်မှအပုတ်ရည်တို့သည်စီးကျလာ၏၊ ရွံရှာဖွယ် မစင်ကြယ်သော ပိုးလောက်မျိုးစုံတို့သည်လည်း တရွရွဖြစ်လျက်၊ အလွန်လျှင် စက်ဆုပ်ဖွယ် ရွံရှာဖွယ်သော အနံ့ဆိုးတို့လည်း ထွက်လာ၏၊ ကြောက်မက်ဖွယ်ရာအဖြစ် ပြလေသည်။

ကုလ္လထေရ်သည် ၎င်း၏ မြင်ကွင်းပြောင်းလာသဖြင့် နှစ်သက်တပ်မက် သာယာသော အမြင်မှ ငြီးငွေ့စက်ဆုပ်သော ထိပ်လန့်ဖွယ် အသွင်ဆောင်လာသောအခါ၊ မြတ်စွာဘုရားက....

(အာတုရံ အသုစိံ ပူတိံ။လ။ဗာလာနံ အဘိနန္ဒိတံ)

"ချစ်သား ကုလ္လ—ဆင်းရဲ အမျိုးမျိုးတို့ဖြင့် နှိပ်စက်အပ်သော မစင်ကြယ်၍ ပုတ်သောအနံ့ရှိသော အထက်သို့လည်း လျှံ၍၊ အောက်သို့လည်း ယိုစီးထွက်ကျနေလျက်၊ ပုထုဇ္ဇန် လူမိုက်တို့သည် အလွန် နှစ်သက်အပ်သော ဤခန္ဓာကိုယ်ကို သဘောတရားအမြင်ဖြင့် ရှုကြည့်ပါလော့"

မြတ်စွာဘုရား၏ ထိုညွှန်ပြချက်ကို မဝေဝရ ကြားလေလျှင် ကြည့်နေသော ပကတိမျက်စိ၏အာရုံမှခွါ၍ ဉာဏ်ဖြင့် ရှုမြင်အပ် သော မိမိ၏ ခန္ဓာ၏ သဘာဝ ပရမတ္ထအပေါ်သို့သာလျှင် အာရုံ ပြောင်း၍ရှုကြည့်လေလျှင်၊ ပဌမ ပကတိ မျက်စိ၏ အသုဘ သညာသည် ပဌမစျာန်ကို ဖြစ်စေ၍၊ ထိုစျာန်ကို အခြေခံထား ပြီးလျှင်၊မိမိခန္ဓာကိုယ်၏ ဖြစ်မှုပျက်မှုကိုဉာဏ်ဖြင့် သိမြင်ရှုဆင်ခြင် သောအခါ၊ ဝိပဿနာဉာဏ်သည် ရင့်သန်လာလျက် မဂ်အဆင့် ဆင့်အားဖြင့် အရဟတ္တဖိုလ်ရောက် ရဟန္တာ ဖြစ်လေသည်။

ရဟန္တာဖြစ်လေပြီးသော အရှင်ကုလ္လသည်၊ မိမိ၏ အဖြစ် မှန်ကို ပြန်လည်သုံးသပ်လျက် ရွတ်ဆို မြွက်ကြားသော တရား တို့မှာ—

"ငါသည် ဝိပဿနာဉာဏ် တည်းဟူသော တရား ကြေးမုံကိုယူ၍၊ မဂ်ဉာဏ်ဟုဆိုအပ်သော ဉာဏ်အမြင်ကို ရခြင်းငှါ၊ အသုဘကမ္မဋ္ဌာန်းဟူသော အပြင် ဖြစ်ပျက် သဘာဝ ဝိပဿနာဟူသော အတွင်းတို့၌ အချည်းနှီးဖြစ် သော ဤခန္ဓာကို ဉာဏ်ဖြင့် ရှုအပ် မြင်အပ်ပြီ"

"ဤငါ၏ကိုယ်သည် မတင့်မတယ် စက်ဆုပ်ဖွယ် ဖြစ် သကဲ့သို့ ထိုအသေကောင် သည်လည်း စက်ဆုပ်ဖွယ်ပင် ဖြစ်၏၊ ဤခန္ဓာကိုယ်သည် အောက်ပိုင်း၌ မတင့်မတယ် ဖြစ်သကဲ့သို့ အထက်ပိုင်း၌လည်း မတင့်မတယ် စက်ဆုပ် ဖွယ်ပင်ဖြစ်၏"

"ဤခန္ဓာကိုယ်သည် နေ့အခါ၌ မတင့်မတယ် စက် ဆုပ်ဖွယ် ဖြစ်သကဲ့သို့၊ ညအခါ၌လည်း မတင့်မတယ်

စက်ဆုပ်ဖွယ်ပင်ဖြစ်၏၊ ဤခန္ဓာ ကိုယ်သည် ရှေးငယ်ရွယ်စဉ်အခါက မတင့်မတယ် စက်ဆုပ်ဖွယ် ဖြစ်သကဲ့သို့၊ အိုမင်းသောအခါ၌လည်း မတင့်မတယ်စက်ဆုပ်ဖွယ်သာ ဖြစ်၏”

“တည်ကြည်သော စိတ်ရှိသည်ဖြစ်၍၊ ခန္ဓာတို့၏ သဘောတရားကို ရှုသော ယောဂါဝစရပုဂ္ဂိုလ်အား၊ တရား၌ မွေ့လျော်မှု ဖြစ်သကဲ့သို့၊ အင်္ဂါငါးပါးနှင့် ပြည့်စုံသော တူရိယာငါးပါးဖြင့် ကာမဂုဏ်ခံစားသော သူအား ထိုသို့သော မွေ့လျော်မှုသည် မဖြစ်နိုင်”

(ထေရဂါထာ အဋ္ဌကထာ-၉၁)။

ဤကုလ္လထေရ် အကြောင်းဖော်ပြချက်တွင် အသုဘ ကမ္မဋ္ဌာန်းကြောင့် ရဟန္တာဖြစ်သည်ဟု မယူဆမိဖို့ အထူးအရေးကြီးပေသည်။

အသုဘကမ္မဋ္ဌာန်းဟူသည် ရာဂစရိုက် လွန်ကဲအားကြီးနေသော ကိလေသာ သောင်းကျန်းသူအား၊ စက်ဆုပ် ရွံရှာဖွယ်ဖြစ်သော အသုဘကို ရှုရာတွင်၊ သာယာသော၊ တပ်မက်သော၊ စွဲလန်းသော စိတ်တို့သည်၊သာယာဖွယ်,တပ်မက်ဖွယ်, စွဲလန်းဖွယ် မဖြစ်အောင်၊ စက်ဆုပ်အောင်, ရွံရှာအောင် မြင်မှု စွဲလန်းမှု၊ တပ်မက်မှုတို့ ကွာနိုင်သည်။ ယင်းသို့ကွာမှ ပုံမှန် ခန္ဓာပရမတ်ကိုပရမတ်အတိုင်း သိမြင်နိုင်ရာသောကြောင့် ခန္ဓာ၏ပုံမှန် သဘာဝ ပေါ်ရုံသာ အသုဘကမ္မဋ္ဌာန်းကို အသုံးပြုရသည်၊ မဂ်ဖိုလ် နိဗ္ဗာန် အတွက် တိုက်ရိုက်ဖြစ်သော တရားမဟုတ်ပေ၊ ၎င်းအသုဘကမ္မဋ္ဌာန်းသည်၊ သမထသာ ဖြစ်၍၊ “သုသိမ”ကို ဘုရားညွှန်ပြရာ၌—

"သုသိမ မဂ္ဂေါ ဖလံ ဝါ နသမာဓိ နိဿန္ဒော၊ နသမာဓိအာနိသံသော နသမာဓိဿနိပ္ဖတ္တိ၊ ဝိပဿနာယ ပနေသော နိဿန္ဒော-ဝိပဿနာယ အာနိသံသော၊ ဝိပဿနာယနိပ္ဖတ္တိ"

(နိဒါနဝဂ္ဂသံယုတ္တ ဌကထာ–၁၁၇)၊

"သုသိမ မဂ်ဖိုလ် ဆိုသည်မှာ၊ သမထ သမာဓိ၏ အကျိုးရင်းမဟုတ်၊ အကျိုးဆက်မဟုတ်၊ သမာဓိဖြင့် ပြီးသော အကျိုးမဟုတ်၊ ဝိပဿနာ၏ အကျိုးရင်းသာ ဟုတ်၏၊ အကျိုးဆက်သာဟုတ်၏၊ ဝိပဿနာဖြင့် ပြီးသော အကျိုးတရားသာဟုတ်၏"

ဟု ဟောတော်မူသည်၊ ရင်းပြင် ကုလ္လမထေရ်အား မိန်းမပျို အသုဘဖန်ဆင်းပေးပြီး ပုတ်ပွနေသည်ကို ပြသဖြင့် မြတ်စွာဘုရား၏ ညွှန်ပြချက်အရ–

"ထေရော သမ္မဒေဝ သရီရသဘာဝံ ဥပဓာရေန္တော အသုဘသညံ ပဋိလဘိတွာ တတ္ထ ပဌမံ ဈာနံ နိဗ္ဗတ္တေတွာ တံပါဒကံကတွာ ဝိပဿနံ ဝဍ္ဎေတွာ အရဟတ္တံ ပါပုဏိ"

(ထေရ ဌကထာ-၉၂)။

"ကုလ္လမထေရ်သည် ကောင်းစွာသာလျှင် ခန္ဓာကိုယ်၏ သဘောကို ဆင်ခြင်စဉ်းစားသည်ရှိသော် (အသုဘသညာ) မတင့်တယ်သော အမှတ်ကိုရ၍ ထိုအသုဘကို မြင်ခြင်းရှုခြင်း၌၊ ပဌမဈာန်ကို ရလေသည်၊ တဆင့်တဖန် ထိုဈာန်ကို အခြေခံ၍၊ ခန္ဓာ၏ သဘာဝဖြစ်ပျက်

ပရမတ်ကို ဝိပဿနာရှုပွားသဖြင့် ရဟန္တာ ဖြစ်လေသည်ကို ပြသည်။

ရင်းပြင် အောက်က ဖော်ပြခဲ့သော သဗ္ဗကာမိ မထေရ်သည် သုသာန်သို့ သွား၍ အသုဘရှုရာ၌လည်း–

"တာဝ ဒေဝ သုသာနံ ဂန္တွာ အသုဘနိမိတ္တံ ဥဂ္ဂဟေတွာ တတ္ထ ပဋိလဒ္ဓစျာနံ ပါဒကံကတွာ ဝိပဿနံ ဝဍ္ဎေတွာ အရဟတ္တံ ပါပုဏိ"

(ထေရ ၄ကထာ–၁၂၀)။

"ထိုခဏ၌ သဗ္ဗကာမိမထေရ်သည်သုသာန်သို့သွား၍ အသုဘနိမိတ်ကိုယူပြီးလျှင်၊ ထိုအသုဘရှုသဖြင့် ရအပ်သော စျာန်ကို အခြေခံ၍ ခန္ဓာ၏ ဖြစ်ခြင်း ပျက်ခြင်း ဝိပဿနာကို ရှုပွားသဖြင့် ရဟန္တာဖြစ်လေသည်"

ဟု ဖော်ပြထားသည်၊ စကားဆက်သဖြင့် (အဋ္ဌကသညာ) အရိုးစုကမ္မဋ္ဌာန်းရှုသော စေတိယတောင်မှ တိဿမထေရ်တပါး အကြောင်းကိုလည်းသတိရလာသည်၊ စေတိယတောင်မှ အနုရာဓမြို့တွင်းသို့ ဆွမ်းခံဝင်ရန် ကြွလာသော တိဿမထေရ်အား လင်ယောကျ်ားနှင့် ရန်ဖြစ်၍ မိဖအိမ် ပြန်လာသော အမျိုးသမီး တယောက်ကို တောလမ်းခရီးတွင် တွေ့ဆုံမိရာ ဖေါက်ပြန်သော စိတ်ဖြင့် ထိုအမျိုးသမီးက ပြင်းစွာရယ်လိုက်သည်တွင်၊ မျက်လွှာချ၍ကြွလာသော မထေရ်သည် "ဘာလဲ" ဟုစုံစမ်းလိုသဖြင့် မျက်လွှာကိုပင့်၍ လှမ်းကြည့်လိုက်ရာ မိန်းမ၏ သွားရိုးကိုမြင်သဖြင့်–

(တဿာ ဒန္တဋ္ဌိကေ အသုဘသညံ ပဋိလဘိတွာ အရဟတ္တံ ပါပုဏိ)

"တဿာ၊ ထိုအောင်၍ ရယ် လိုက် သော မိန်းမ၏။
ဒန္တဋ္ဌိကေ၊ သွားရိုးကို။ ဒိသွာ၊ မြင်၍။ အသုဘသညံ၊
မတင့်တယ်သော အမှတ်သညာ (အသုဘသညာ)ကို။
ပဋိလဘိတွာ၊ ရ၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။
ပါပုဏိ၊ ရောက်လေပြီ"

(ဝိသုဒ္ဓိမဂ္ဂ ၄ကထာ-၂၀)။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အဆိုကိုကြည့်ပါ၊ မိန်းမ၏သွားရိုးကို မြင်ရသော မဟာတိဿထေရ်သည်၊ ၎င်း၏ ရှေးအခါက လေ့ကျင့် ရှုမှတ်နေကျဖြစ်သော အရိုးစုအမှတ်(အဋ္ဌိကသညာ)သမထ နိမိတ်ကိုရ၍၊ အရဟတ္တဖိုလ်ကိုရ၏ဟု ဆိုလိုသော အဓိပ္ပါယ် ရောက်လေသည်၊ ထိုအချက်ကိုပင် အခွင့်ကောင်းယူ၍၊ အသုဘ သမထကမ္မဋ္ဌာန်းဖြင့်လည်း အရဟတ္တဖိုလ်ကို ရသည်ဟု ယူဆ ပြောဆိုပြီး၊ အသုဘကမ္မဋ္ဌာန်းကို အရဟတ္တဖိုလ် အလို့ငှါ၊ အားထုတ်သူတို့ရှိနေပေရာ အလွန် ဝမ်းနည်းဖွယ် ကောင်းသည်၊ ထိုသဘောကို တာဝန်ရှိသော မဟာဋီကာက ရှင်းပြပုံမှာ—

"အရဟတ္တံ ပါပုဏီတိ၊ သွားရိုးကို မြင်ပြီး ရဟန္တာ ဖြစ်သည်ဟူသည်ကား။ ထေရော၊ မဟာတိဿမထေရ်သည်။ ဟသန္တိယာ၊ အောင်၍ရယ်လိုက်သော။ တဿာ၊ ထိုမိန်းမ၏။ ဒန္တဋ္ဌိဒဿနေ နေ၊ သွားရိုးကို မြင်ရသ ဖြင့်သာလျှင်။ ပုဗ္ဗဘာဂဘာဝနာယ၊ ရှေးအခါက လေ့ ကျင့်လာခဲ့သော အရိုးစုကမ္မဋ္ဌာန်းကို။ သုဘာဝိတတ္တာ၊ လွန်စွာပွါးအပ်သည်အဖြစ်ကြောင့်။ ပဋိဘာဂနိမိတ္တဥ၊

ပဋိဘာဂနိမိတ်ကိုရင်း။ သာတိသယံ၊ လွန်ကဲသော။ ဥပစာရဈာနဥ္စ၊ ဥပစာရဈာန်ကိုရင်း။ လဘိတွာ၊ ရ၍။ ယထာဠ္ဌိတေ၀၊ ရပ်လျက်ပင်လျှင်။ တတ္ထ၊ ထိုနေရာ အရပ်၌။ ပဌမဇ္ဈာနံ၊ ပဌမဈာန်ကို။ အဓိဂန္တွာ၊ ရ၍။ တံ၊ ထိုပဌမဈာန်ကို။ပါဒကံကတွာ၊အခြေပြု၍။ဝိပဿနံ၊ အဋ္ဌိကသညာ သမထ ကမ္မဋ္ဌာန်းနှင့် ရလာသော ဈာန် တရား၏ မခိုင်မြဲမှု, ဆင်းရဲမှု, ငါမဟုတ်မှုတို့ကို ရှုကြည့် ရသော ဝိပဿနာကို။ ဝဍ္ဎေတွာ၊ ပွါး၍။ မဂ္ဂပရမ္ပရာယ၊ မဂ်အဆက်ဆက်အားဖြင့်။ အာသဝက္ခယံ၊ အာသဝေါ တရားလေးပါးကုန်သော ရဟန္တာအဖြစ်သို့။ ပါပုဏိ၊ ရောက်လေပြီ”

(ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ-၄၉)။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၏ ချတ်ယွင်းချက်ကို၊ မဟာဋီကာဆရာ အရှင်ဓမ္မပါလက သဘာဝကျကျ ရှင်းပြပေးပုံမှာ “မဟာတိဿ မထေရ်၏ ရဟန္တာဖြစ်ပုံသည် လုံးဝ သမထနှင့် မဂ်မရကြောင်း၊ မထေရ်သည် မိန်းမ၏ သွားရိုးကို မြင်လိုက်သောအခါ၊ မိမိ၏ ရှေးအခါကပင် လေ့ကျင့်အားထုတ်လာကဲ့သော (အဋ္ဌိက) အရိုးစု ကမ္မဋ္ဌာန်း၏ ပဋိဘာဂနိမိတ်ထင်လာ၍၊ လွန်ကဲသော ဥပစာရ ဈာန်ကိုရ၍၊ ထိုကမ္မဋ္ဌာန်းအာရုံအတိုင်း ပဌမဈာန်ကိုရပြီးလျှင် ထိုဈာန်ကို အခြေခံ ပါဒကပြုပြီးမှ ဝိပဿနာတက်၍ရှုလိုရကား၊ ထိုရသောဈာန်တရား၏ မခိုင်မမြဲမှု အနိစ္စ၊ ဆင်းရဲမှုဒုက္ခ၊ ငါမ ဟုတ်မှုအနတ္တတို့ကို အဆင့်ဆင့် ပွါးများ ရှုမှတ်သဖြင့် နောက်

ဆုံးတွင် ရဟန္တာဖြစ်ကြောင်း ဖော်ပြထားသည်မှာ ပါဠိတော်နှင့်အညီ ဖြစ်ပေသည်။

မိမိတို့အတွက် သံသရာလွတ်ကြောင်း ဝိပဿနာတရားအားထုတ်ရာတွင် သမထဟူ၍ရှင်း၊ဝိပဿနာဟူ၍ရှင်း ကွဲပြားခြားနားစွာ သိပါမှ လိုအပ်သော တရားကို ရမည်ဖြစ်ရာ၊ မိမိအားထုတ်သော တရားသည်၊ ပညတ်နိမိတ် ဖြစ်ပါက သမထသာဖြစ်၍ ပရမတ်အာရုံမှန်မှ ဝိပဿနာဖြစ်မည်ကို သတိရှိရသည်။

သို့အတွက် ပညတ်-ပရမတ် ခွဲခြား၍ သိရန်လည်း လိုပြန်သည် ပညတ်-ပရမတ် မကွဲပါကလည်း အလုပ်မတွင်ပေ၊ အချို့ပညတ်ကိုပင် ပရမတ်ထင်၍ အမှန်ဟု စွဲယူကာ၊ ရှုနေကြသော ယောဂီတို့လည်း နည်းအံ့မထင်၊ ပညတ်-ပရမတ်ခွဲ၍ သိရာတွင် ပေါ့ပေါ့ကွဲနေသဖြင့် မရကြောင်းကို ပရမတ်သိလိုသူတို့ လေးနက်စွာ လေ့လာကြစေလိုသည်။

အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ရင်ဆိုင်တွေ့ရာ၌ အနိုင်တိုက်ခဲ့ကြသော ပုဂ္ဂိုလ်တို့အကြောင်းကို ဖော်ပြရာ၌ အများအပြားပင် ကျန်သေးသော်လည်း တော်လောက်ပြီဖြစ်၍၊ ယခုအခါတွင် ပုဂ္ဂလအနေနှင့်မဟုတ်ဘဲ၊ ဓမ္မအနေနှင့် ထွက်မြောက်ရာဖြစ်သော လုပ်ငန်းကို ဖော်ပြမည်ဖြစ်ပါသည်။

◇◇◇◇◇◇◇◇◇◇

## ပရမတ်သိမှ-ထွက်မြောက်ကြ

ကာမမှ ထွက်မြောက်ခြင်းဟူသည်၊ကိလေသာမှ ထွက်မြောက်ခြင်းကို ဆိုပေရာ၊ ကိလေသာ ဟူသည်မှာလည်း ပူပန်စေတတ် နှိပ်စက်တတ်သော ညစ်နွမ်းကြောင်း တရားများ ဖြစ်ပေသည်၊

ထိုပူပန်စေတတ်သော ,ညစ်နွမ်းစေတတ်သော ကိလေသာတို့သည် ပညတ်ကိုသာမှီ၍ ဖြစ်တတ်လေသောကြောင့် ပရမတ်သဘော တရားကို သိနေသော ယောဂီ၌၊ ထိုကိလေသာတို့သည် စွဲဝင် ပူးကပ် နှိပ်စက်ခြင်း မပြုနိုင်ပေ၊ ထို့ကြောင့် ကျွန်ုပ်တို့သည့် ကိလေသာ ဖြစ်ခွင့်မရသော, ကိလေသာတို့ ပြုတ်ငြိမ်းသော ပရမတ်ကိုသာသိအောင်လေ့လာရှာဖွေအားထုတ်အပ်ပေသည်။

ဝိပဿနာဆိုသောအမည်သည် "ပညတ္တိံ ဌပေတွာ အနိစ္စာဒိ အာကာရေန ဝိသေသေန ပဿတီတိ ဝိပဿနာ" ဟူသော ဝိဂ္ဂဟ်အရ၊ ပညတ်ဟူသမျှ လုံးဝမပါစေဘဲ၊ ပရမတ်အာရုံ သတ်သတ်ကို ၎င်းပရမတ်တို့၏ သဘောလက္ခဏာအတိုင်း မြင် အောင် သိအောင် ရှုနိုင်သော ပညာကို ဝိပဿနာပညာဟုခေါ် သည်၊ ဝိပဿနာသည် ပရမတ်ကို ရှုရမည်ဆိုသော် မည်သည့် သဘောတရားကို ပရမတ်ဟုဆိုသနည်း မေးငြားအံ့၊ မဖေါက် မပြန် အမှန်အကန်ရှိသော တရားတို့သည် မြတ်ကုန်၏၊ ထိုမြတ် သော တရားတို့သည် ပရမတ်တို့ဖြစ်ကုန်၏၊ ၎င်းတရားတို့မှာ—

(စိတ္တံ-စေတသိကံ- ရူပံ-နိဗ္ဗာနံ)
"စိတ်-စေတသိက်-ရုပ်-နိဗ္ဗာန်"

ဟူ၍ ၄ ပါးဖြစ်သည်၊ ၎င်းတို့သည် ပရမတ်ဟူသောသဘော တရားတို့သာဖြစ်ကြ၍၊အကောင်အထည်,ဒြပ်, သဏ္ဍာန်, အဖြူ်, အမှုန့်, အလုံး, အခဲ စသည် ပညတ် သမုတိအနေဖြင့် မှည့်ခေါ် ရေတွက်၍ မရစကောင်းသော "သဘောမျှသာရှိသည့်တရား" တို့ပေတည်း။

ထိုပရမတ်တို့သည်လည်း အကြောင်းတရားတို့ အပြုအပြင် အထောက်အပံ့ခံ (သင်္ခတ) ပရမတ်၊ အပြုအပြင် အထောက်

အပ့ံမခံ (အသင်္ခတ)ပရမတ်ဟူ၍ နှစ်ပါးပြားလေသည်၊ ကျွန်ုပ်တို့သည် ပရမတ်ကို သိရမည်ဆိုသော်၊ အဘယ်ပရမတ်ကို သိရမည်နည်း၊ အပြုအပြင် အထောက်အပံ့ မခံသော ပရမတ်သည် အကြောင်း အထောက်အပံ့အားဖြင့် သိ၍ မရသော အကျိုးတရားသက်သက် ဖြစ်သောကြောင့် ၎င်းတို့ကို သိဖို့မလိုချေ။

ကျွန်ုပ်တို့ သိရမည့် ပရမတ်ကား-အကြောင်း အထောက်အပ့ံခံ(သင်္ခတ)ပရမတ်ကိုသာ သိရမည်ဖြစ်သည်၊ ၎င်းတို့သည် အဘယ်နည်း။

"စိတ်-စေတသိက်-ရုပ် ဤ ၃ ပါး သည်၊ 'ကံ'ဟူသော၊ 'စိတ်'ဟူသော၊ 'ဥတု'ဟူသော၊ 'အာဟာရ'ဟူသော အကြောင်းတို့ မကင်းရကား၊၎င်းတို့ကိုသာ သိဖို့လိုလေသည်၊ ထိုအကြောင်း မကင်းသော(သင်္ခတ)ပရမတ်တို့ဟူ၍ သိနိုင်ရန်ကား ၎င်းတို့သည် အကြောင်းတရားတို့ စုပေါင်း ပြုပြင်အပ်သော သင်္ခတတို့ဖြစ်၍ ၎င်းတို့ကို သိကြောင်း လက္ခဏာတို့ဖြင့် သိမှတ်နိုင်ရန် အင်္ဂုတ္တရ ပါဠိတော်၌ -

တီဏိမာနိဘိက္ခဝေ သင်္ခတဿ သင်္ခတ လက္ခဏာနိ ကတမာနိတီဏိ၊ ဥပ္ပါဒေါပညာယတိ၊ ဝယောပညာယတိ၊ ဌိတဿအညတတ္တံပညာယတိ၊ ဣမာနိခေါ ဘိက္ခဝေ သင်္ခတဿသင်္ခတလက္ခဏာနိ"

(တိကအင်္ဂုတ္တရ ပါဠိတော်-၁၅၀)။

"ချစ်သားတို့-အကြောင်းတရားတို့စုပေါင်း ပြုပြင်အပ်သော(သင်္ခတ)တရားတို့ကို သိကြောင်းမှတ်ကြောင်းတို့သည် သုံးပါးတို့ပေတည်း။

အဘယ် သုံးပါးတို့နည်းဟူမူ၊ ဖြစ်ခြင်းလက္ခဏာသည် ပရမတ်ဖြစ်၍ထင်ရှား၏၊ပျက်ခြင်းသဘောလက္ခဏာသည် လည်း ထင်ရှား၏၊ ဖြစ်ခြင်း အခိုက်အတံ့ အားဖြင့် ပြောင်း လဲ ခြင်း လက္ခဏာ သည်လည်း ထင်ရှား၏၊ ချစ်သားတို့—သင်္ခတ ပရမတ်ကို အကြောင်းတရားတို့ စုပေါင်းပြုပြင်အပ်သော သဘော လက္ခဏာ တို့သည် ထိုသုံးမျိုးတို့ပေတည်း"

ထိုသင်္ခတဟူသော သင်္ခါရတို့သည်၊ ဖြစ်ခြင်းသဘော၊ ပျက်ခြင်းသဘောတို့ဖြစ်၍ နိဗ္ဗာန်ဟူသော အသင်္ခတသည် ထိုသင်္ခတ လက္ခဏာ-သင်္ခါရသဘောမျိုး မဟုတ်ကြောင်း အသင်္ခတလက္ခဏ သုတ်ကို ဆက်၍ ဟောထားသည်၊ ကျွန်ုပ်တို့သည် သင်္ခတဟူ သော သင်္ခါရ-ရုပ်နာမ်၏သဘာဝကိုသာရင်း၏လက္ခဏာအတိုင်း သိဖို့မြင်ဖို့ အားထုတ်ရသည်၊ ယင်းသို့ သင်္ခါရ သိဖို့မြင်ဖို့အားထုတ် ရာ၌၊ ရှေးဦးစွာ သင်္ခါရဖြစ်သော "ရူပံ စိတ္တံ စေတသိကံ" တို့ကို ယထာဘူတ ကျနစွာ ပရမတ်သိ သိရန် လိုပေသည်။

"ရုပ်နာမ်ဆိုတာဘာလဲ" ရုပ်နာမ်ဆိုသော စကား၏ အနက် အဓိပ္ပါယ်အကျယ်ကိုဤနေရာတွင်ဖေါ်ပြနေရန်လိုလိမ့်မည်မထင် ကျွန်ုပ်တို့ရေးသား ပြုစုထားသည့် စာအုပ်များတွင် ရှင်းလင်း ထားပြီးဖြစ်သည်၊သို့ရာတွင်ဤနေရာတွင်သိသာရုံမျှဖေါ်ပြပါအံ့။

ခန္ဓာကိုယ်၏သဘာဝကိုဟောကြားရာ၌မြတ်စွာဘုရားသည်—

(ဣဒဥ္စ ရူပံ)

"ဤသည်ကား ဖေါက်ပြန်မှု၏သဘောတည်း"

(ဣဒဥ္စ နာမံ)

"ဤသည်ကား ညွတ်သိမှု၏သဘောတည်း"

(ဣဒံ ဝုစ္စတိ နာမ ရူပံ)

'ဤသည်တို့ကိုညွှတ်သိမှု ဖေါက်ပြန်မှုတို့ဟု ဆိုအပ်၏'

"ရူပံ"ဟူသော ပရမတ်ကို၊ လောကသမုတိ နယ်သားများ သိမှတ်နိုင်ရန်အတွက် လောကသုံး ပညတ်စကားနှင့် တွဲစပ်၍ ဟောတော်မူထားပုံကား—

"သီတေနပိရုပ္ပတိ၊ ဥဏှေနပိရုပ္ပတိ၊ ဇိဃစ္ဆာယပိရုပ္ပတိ၊ ပိပါသာယပိရုပ္ပတိ၊ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿေနပိရုပ္ပတိ၊ ရုပ္ပတီတိခေါ ဘိက္ခဝေ တသ္မာ ရူပန္တိ ဝုစ္စတိ" (ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-၇၁)။

"ဖေါက်ပြန်သော သဘောဆိုသည်မှာ....

| ပညတ် | ပရမတ် |
|---|---|
| (သီတေနပိ)အအေးဟုဆိုခြင်း သည်လည်း | (ရုပ္ပတိ) ဖေါက်ပြန် သဘောတည်း |
| (ဥဏှေနပိ) အပူဟု ဆိုခြင်း သည်လည်း | (ရုပ္ပတိ) ဖေါက်ပြန် သဘောတည်း |
| (ဇိဃစ္ဆာယပိ) ဆာလောင် ခြင်းသည်လည်း | (ရုပ္ပတိ) ဖေါက်ပြန် သဘောတည်း |
| (ပိပါသာယပိ) မွတ်သိပ်ခြင်း သည်လည်း | (ရုပ္ပတိ) ဖေါက်ပြန် သဘောတည်း |
| (ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿေနပိ)မှက်, ခြင်,ယင်,လေ,နေပူ ကိုက် ခဲခြင်းစသော တွေ့ထိခြင်း ဟု ဆိုခြင်းသည်လည်း | (ရုပ္ပတိ) ဖေါက်ပြန် သဘောတည်း |

အဓိပ္ပါယ်မှာ–အေးသည်၊ ပူသည်၊ ဆာလောင်သည်၊ မွတ်သိပ်သည်၊ မှက်,ခြင်,ယင်,မြွေ,ပျား, ကင်း, သန်း စသည် ကိုက်ခဲသည်၊ တွေ့ထိသည်၊ လေ,နေပူ တွေ့ထိသည်ဟု လောကတွင် မှတ်သားပြောကြားမှုအားလုံး၊ တွေ့သိမှု အားလုံးသည် ပညတ် အမည်တပ်ထားသော ပရမတ်တို့၏ (ရုပ္ပတိ) ဖေါက်ပြန်သဘော ချည်းတည်း။

ထိုပရမတ်သဘော "ဖေါက်ပြန်မှု" ကို မသိဘဲ၊ အေးသည် ပူသည် စသော အမှတ်ပညတ်ကို သိနေက၊ မည်သည့်နည်းနှင့်မျှ ဝိပဿနာ မဖြစ်ပေ၊ အဘယ်ကြောင့်ဟူမူ ပရမတ်ရုပ်ကို ပရမတ် သဘောရောက်အောင် မသိခြင်းကြောင့်ဖြစ်သည်။ ထိုသဘော တို့သည် အမှန်သဘော၊ အရှိသဘော(ပရမတ်)တို့ဖြစ်၍၊ နိမိတ် လက္ခဏာ အသွင်သဏ္ဌာန် မရှိရကား၊ ၎င်းတို့ကို သိနေသော ဉာဏ်အသိသည်၊ ကိလေသာ မဖြစ်တော့ပေ၊ ထိုပရမတ်ကို သိခိုက်၊ ကိလေသာ မဖြစ်ခြင်းသည် (ဆန္ဒရာဂဝိနယ) တပ်မက် တွယ်တာမှုကို တားမြစ်ထားသည်၊ ဆုံးမထားသည်၊ နောက် မိမိ၏ အသိသည်၊ ထိုပရမတ် သဘောတို့ အပေါ်မှာချည်း နေ လာနိုင်လျှင်ကား (ဆန္ဒရာဂပ္ပဟာန) ယောဂီ၏မဂ်နှင့် ဆိုင်ရာ ကိလေသာကို ပယ်နိုင်တော့သဖြင့် ကာမ ကိလေသာ၏ ထွက် မြောက်ရာသာမက၊ ကိလေသာ အားလုံး၏ ထွက်မြောက် ရာလည်း ဖြစ်လေတော့သည်၊ (အကျယ်မချဲ့သာပြီ)။

# ဟုတ်တိုင်းမှန်စွာ ထုတ်ဖေါ်ကာ

(၁၅)

**ပါဠိတော်**

"ယေတိ ကေစိ ဘိက္ခဝေ သမဏာဝါ ဗြာဟ္မဏာဝါ ဧဝံ ကာမာနံ အဿာဒဥ္စ အဿဒတော၊ လ။ ယထာ ပဇာနန္တော ကာမေ ပရိဇာနိဿတီတိ ဌာနမေတံ ဝိဇ္ဇတိ"

**မြန်မာပြန်**

"ရဟန်းတို့–အကြင် ရဟန်းဖြစ်စေ၊ ပုဏ္ဏားဖြစ်စေ မည်သူမဆို ဤကဲ့သို့ ကာမဂုဏ်တို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့်၊ ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာအားဖြင့်၊ ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ မသိကုန်၊ အမှန်စင်စစ် ထိုသူတို့အား ကိုယ်တိုင်သော်လည်း ကာမဂုဏ်တရားတို့ကို ပိုင်းခြား၍ သိကြလိမ့်မည်၊ သူတပါးတို့ကို သော်လည်း ကာမဂုဏ်တရားတို့၌ ပိုင်းခြား၍ သိကြောင်းအကျင့်ကို ညွှန်ပြ ဆောက်တည် စေကြလိမ့်မည်ဟူသော အကြောင်းသည်မရှိနိုင်၊ ရဟန်းတို့–ရဟန်းဖြစ်စေ၊ပုဏ္ဏားဖြစ်စေ မည်သူမဆို အကြင် ပုဂ္ဂိုလ်သည်၊ ဤကဲ့သို့ ကာမဂုဏ် တို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ် အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက် ရာကိုလည်း ထွက်မြောက်ရာအားဖြင့် ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ သိကုန်၏၊ အမှန်စင်စစ် ထိုသူတို့အား ကိုယ်တိုင်

သော်လည်း ကာမဂုဏ်တရားတို့ကို ပိုင်းခြား၍ သိကြလိမ့်မည်၊ သူတပါးတို့ကိုသော်လည်း ကာမဂုဏ် တရားတို့ကို ပိုင်းခြား၍ သိကြောင်း အကျင့်ကို ညွှန်ပြ ဆောက်တည်စေကြလိမ့်မည် ဟူသော အကြောင်းသည် ရှိသည်သာ တည်း”

**အစိပ္ပါယ်ရှင်းလင်းချက်**

မြတ်စွာဘုရားသည် ရဟန်းတို့အား၊ မည်သူမဆို အကြင်ပုဂ္ဂိုလ် တဦးတယောက်သည်၊ ကာမအာရုံ ကာမဂုဏ် တို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ်ဟု၊ အပြစ်ကိုလည်း အပြစ်ဟု ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာဟု ဟုတ်တိုင်းမှန်တိုင်း သိသူ မြင်သူမှသာလျှင် ထိုကာမတို့ကို ပညတ်နိုင်သည်၊ ကာမတို့၏ သဘောတရားမှန်ကို အမှန်အတိုင်း မသိမမြင်ပါဘဲလျက်၊ သိသူမြင်သူတို့၏ စကားကို သံယောင်လိုက်၍ ပြောဆိုခြင်းသည် အမှန်သဘောကို လုံးဝ သိသူတို့မဟုတ်ကုန်။ ထို့ကြောင့် ဤပါဠိတော် အပိုဒ် ၅ တွင် မြတ်စွာဘုရားက–

(ယထာတံ ဘိက္ခဝေ အဝိသယသ္မိံ)

“ချစ်သားတို့–ထိုကာမ တရားတို့ကို လွန်မြောက်မှု၊ ပယ်နိုင်မှုသည် ၎င်းတိတ္ထိ ပရိဗိုဇ်တို့၏ အရာမဟုတ်”

ဟု ဟောတော်မူခြင်းဖြစ်ပေသည်၊ အကြောင်းမူ ထိုတရားတို့ကို လွန်မြောက်ကြောင်း၊ ပယ်နိုင်ကြောင်းဖြစ်သော (မဇ္ဈိမပဋိပဒါ) မဂ္ဂင်ရှစ်ပါးသည် ထိုတိတ္ထိ ပရိဗိုဇ်တို့၏ သာသနာ အသိုင်းအဝိုင်းတွင် မရှိသောကြောင့် ဖြစ်သည်။

ထို့ကြောင့် ကာမအာရုံ ကာမဂုဏ်တို့ကို လွန်မြောက်ရန် ပယ်နိုင်ရန် မဂ္ဂင်ရှစ်ရပ် အကျင့်မြတ် ရှိကြကုန်သော မြတ်စွာဘုရားကိုင်း၊ ဤတရားမျိုးကို ကြားနာသက်ဝင်ကာ သဘောပေါက်ထားသော အရိယ သာဝကကိုင်း၊ မဂ္ဂင်တရားသည် ကျင့်ဆောင်အားထုတ်သူအား ကာမတရားတို့ကို ထွက်မြောက်စေရန် ပယ်နိုင်စေရန် ပို့ဆောင်ပြီး ဖြစ်သောကြောင့် ဤဘုရားအဆုံးအမ သာသနာမှတပါး ထွက်မြောက်နိုင်သူ ပယ်ခွါနိုင်သူ မရှိကြောင်း ဟောကြားသောအခိပ္ပါယ် ဖြစ်လေသည်။

⋄⋄⋄⋄⋄⋄⋄⋄⋄⋄

## ရုပ်ဆင်းတင့်တယ်..သာယာဖွယ်

(၁၆)

ပါဠိတော်

"ကောစ ဘိက္ခဝေ ရူပါနံ အဿာဒေါ၊သေယျထာပိ ဘိက္ခဝေ ခတ္တိယ ကညာဝါ။လ။ယံခေါ ဘိက္ခဝေ သုဘံ ဝဏ္ဏနိဘံ ပဋိစ္စဥပ္ပဇ္ဇတိ သုခံ သောမနဿံ၊ အယံ ရူပဿအဿာဒေါ"

မြန်မာပြန်

"ရဟန်းတို့–အဆင်းရုပ်၏သာယာဖွယ်သည် အဘယ်နည်း၊ ရဟန်းတို့-ဥပမာအားဖြင့် မမြင့်လွန်း, မနိမ့်လွန်း မပိန်လွန်းမဝလွန်း,မမဲလွန်းမဖြူလွန်း၍အပြစ်ခြောက်ရပ် ကင်းစင်သောအသက်အားဖြင့် တဆယ့်ငါးနှစ် တဆယ့် ခြောက်နှစ်အရွယ်ရှိမင်းမျိုးသတို့သမီးဖြစ်စေ၊ ပုဏ္ဏားမျိုး သတို့သမီးဖြစ်စေ သူကြွယ်မျိုး သတို့သမီး ဖြစ်စေရှိရာ၏၊

ရဟန်းတို့ ထိုအရွယ်၌ ထိုအဆင်းသည် လှပသည်၊ တင့်တယ်သည်မဟုတ်လော၊ မှန်ပါသည်၊ ရဟန်းတို့ ထိုလှပတင့်တယ်သော အဆင်းကို စွဲ၍ ဖြစ်သော ချမ်းသာခြင်း၊ ဝမ်းသာခြင်းသည် ထိုအဆင်းရုပ်တို့၏ သာယာဖွယ်တည်း"

**အစိုပ္ပါယ်ရှင်းလင်းချက်**

"မြတ်စွာဘုရားသည်၊ ကာမတို့၏ သာယာဖွယ်၊ ကာမတို့၏ အပြစ်၊ ကာမတို့၏ ထွက်မြောက်ရာကို ဟောတော်မူပြီး၍။ အဆင်းရုပ်တို့၏ သဘောကို ဟောတော်မူခြင်းငှါ "ရူပါနံအဿာဒေါ"ဟု အစချီ၍ ဟောတော်မူသည်၊ ကာမအာရုံ ကာမဂုဏ်စိတ် ဖြစ်ရာတွင် အဆင်း, အသံ, အနံ့, အရသာ, အတွေ့သည် ဝတ္ထုကာမဖြစ်၍ ကိလေသာ မဟုတ်သော်လည်း၊ ကိလေသာကာမဖြစ်ရန်၊ တနည်း ထိုအဆင်းတို့မရှိလျှင်၊ ထိုအဆင်းတို့ကို မတွေ့ရလျှင် မျက်စိစိအာရုံကာမဂုဏ်ကိလေသာစိတ်မဖြစ်နိုင်ပေ၊ ဝတ္ထုကာမသည် ကိလေသာ ကာမ ဖြစ်ရန် ကြီးစွာသော အထောက်အပံ့ဖြစ်၏။"

## ရူပသဒ္ဒါ-ရှင်းစရာ

ရူပံဟူသော ပုဒ်၊ ရူပဟူသော ပုဒ်တို့သည် အနက်အမျိုးမျိုး ဟောသောကြောင့် ဤနေရာတွင် သုံးသော ရူပသဒ္ဒါ၏အနက်ကို သိစေရန် ရှင်းလင်းအံ့။

"ခန္ဓေ ဘဝေ နိမိတ္တမှိ၊ ရူပံ ဝဏ္ဏေစပစ္စယေ
သဘာဝ သဒ္ဒ သဏ္ဌာန၊ ရူပဇ္ဈာနဝပူသုစ"
(အဘိဓာန်ပါဠိ-အနေကတ္ထဝဂ်-ဂါထာအမှတ်-ဂ၂၅)

"ရူပံ၊ ရူပသဒ္ဒါသည်၊ ခန္ဓေ၊ ရူပက္ခန္ဓာ၌ရင်း။ ဘဝေ၊ ရူပဘဝ၌ရင်း။ နိမိတ္တမှို၊ အကြောင်း၌ရင်း။ ဝဏ္ဏေ၊ အဆင်း၌ရင်း။ ပစ္စယေ၊ ဝိဘတ်ပစ္စည်း၌ရင်း။ သဘာဝသဒ္ဒ သဏ္ဌာန ရူပဇ္ဈာန ဝပုသုစ၊ သဘော-သဒ္ဒါ-သဏ္ဌာန်-ရူပဈာန်-ကိုယ်တို့၌ရင်း။ သိယာ၊ ဖြစ်ရာ၏"

ဆိုလေရာတွင်ရင်း –

"ရူပသဒ္ဒေါ ရူပါယတနေ ရူပက္ခန္ဓေ သဘာဝေ ကသိဏာယတနေ ရူပဈာနေ ရူပကာယေ အာဂတော"

ဟူ၍ရင်း။

"ရူပသဒ္ဒေါ ခန္ဓ, ဘဝ, နိမိတ္တ, ပစ္စယ, သရီရ, ဝဏ္ဏ သဏ္ဌာနာဒိသု ဒိဿတိ" ဟူသော (ဗုဒ္ဓ ဝံသ ဋ္ဌကထာ-၆၀)

တွင်ဆိုသောကြောင့်ရင်း။

အရံပန ရူပသဒ္ဒေါ (ဘူတ္တုဂ္ဂိရူပံ)ခန္ဓ, ဘဝ, နိမိတ္တ, ပစ္စယ, သရီရ, ဝဏ္ဏ, သဏ္ဌာနာဒိသု အနေကေသု အတ္ထေသု ဝတ္တတိ"

(အင်္ဂုတ္တရ ဋ္ဌကထာ ကေနိပါတ်–၁၆)။

တို့၌ ဆိုသောကြောင့်ရင်း၊ အင်္ဂုတ္တရဋ္ဌကထာ အဆိုအတိုင်း (ထေရီဂါထာအဋ္ဌကထာ–၁၀၁)တွင်လည်း ဤအတိုင်းဆိုရာ-

"ယံကိဉ္စိ ရူပံ အတီတာနာဂတ ပစ္စုပ္ပန္နံ" ဟူသော ပုဒ်၌ ပါသော"ရူပံ"သည် ခန္ဓာ ဟူသော ပရမတ်ကို ဟောလေသည်။

“ရူပူပ ပတ္တိယာ မဂ္ဂံ ဘာဝေတိ” ဟူသော ပုဒ်၌ ပါသော“ရူပံ”သည် ရူပဘာဝပညတ်ကို ဟောလေသည်။

“အဇ္ဈတ္တံ အရူပသညီ ဗဟိဒ္ဓါ ရူပါနိပဿတိ” ဟူသော ပုဒ်၌ ပါသော“ရူပ”သည် ကသိုဏ်းနိမိတ် ပညတ်ကို ဟောသည်။

“သရူပါ ဘိက္ခဝေ ဥပ္ပဇ္ဇန္တိ ပါပကာ အကုသလာ ဓမ္မာနော အရူပါ”ဟူသော ပုဒ်၌ ပါသော“ရူပ”သဒ္ဒါသည် အကြောင်းပညတ်ကို ဟောလေသည်။

“အာကာသော ပရိဝါယော ရူပန္တေဝ သင်္ခံ ဂစ္ဆတိ” ဟူသော ပုဒ်၌ ပါသော “ရူပ” သည် ကိုယ်ဟူသော အပေါင်းပညတ်ကို ဟောသည်။

“စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ” ဟူသော ပုဒ်၌ပါသော “ရူပ”သဒ္ဒါသည် အဆင်းဟူသော ပရမတ်ကို ဟောသည်။

“ရူပပ္ပမာဏော ရူပပ္ပသန္နော”ဟူသော ပုဒ်၌ပါသော “ရူပ”သဒ္ဒါသည် သဏ္ဌာန် ဟူသော ပညတ်ကိုဟောသည်။

ဤသို့စသော များစွာသော အနက်ရှိသော ရူပသဒ္ဒါကို ၎င်း၏အတွဲဖြစ်သော ဆက်စပ်သော ပုဒ်တို့ကို ကြည့်၍ ပရမတ်အနက်ရှိသောပုဒ်၊ ပညတ်အနက် ဟောသော ပုဒ်တို့ကို ခွဲခြားပြီးလျှင်၊ အဓိပ္ပါယ်ကို အလုပ်သဘော ရောက်အောင် ကောက်ယူရလေသည်။

ဤ်ယခု ပါဠိတော် ဟောပုဒ်တွင် "ကောစ ဘိက္ခဝေ ရူပါနံ အဿာဒေါ"ဟူသော ပုဒ်၌ပါသော "ရူပ"သဒ္ဒါကား "အယံပန ရူပသဒ္ဒေါ ဣဋ္ဌရူပံ"ဟု အင်္ဂုတ္တရဋ္ဌကထာ ဆိုသော အတိုင်း ပသာဒ်ဖြစ်သော "မိန်းမရုပ်"ကို ကောက်ယူရလေသည်။

သို့ကြောင့် ထိုအဆင်းရုပ်၏ သာယာဖွယ်ကား၊ မိမိ၏စိတ်၌ နှစ်သက်ဖွယ်၊ သာယာဖွယ်၊ တပ်မက်ဖွယ်၊ ကြည့်ချင်ဖွယ်၊ လိုချင်ဖွယ်ဖြစ်သော ထိုအဆင်းကို မြင်ရသဖြင့် ထိုအဆင်းကို အစွဲပြု၍ မိမိ၌ ချမ်းသာမှု၊ ဝမ်းသာမှု၊ကျေနပ်မှုသည် ထိုအဆင်း၏ သာယာဖွယ်တည်း၊ ယင်းသာယာဖွယ် ဟူသည် ထိုအဆင်း ဝတ္ထုကာမအပေါ်၌၊ ကိလေသာကာမအားဖြင့် တပ်မက်သော ကာမဂုဏ်စိတ်ဖြစ်သော အခိုက်တွင် ဖြစ်လေသည်။

ထိုအခိုက်တွင် ဖြစ်သော ကိလေသာစိတ်တို့ ပွားစီးအောင် မပြတ် နှလုံး သွင်းခြင်းအားဖြင့် ကာမအာရုံ ကာမဂုဏ်သည် အလွန်ခိုင်ခန့်သောအဆောက်အအုံ အဖြစ်သို့ ရောက်ရှိလေသဖြင့် ထိုအာရုံ ကာမဂုဏ်တို့၏အစ သာယာဖွယ်ကို မြင်နိုင် သိနိုင်စေရန် မြတ်စွာဘုရား ဟောကြားတော်မူလေသည်၊

---

## အဆင်းရုပ်တွင်-အပြစ်မြင်

(၁၇)

ပါဠိတော်

"ကောစ ဘိက္ခဝေ ရူပါနံ အာဒီနဝေါ၊ ဣဓ ဘိက္ခဝေ တမေဝ ဘဂိနိံ ပဿေယျ၊ လ။အယမ္ပိ ဘိက္ခဝေ ရူပါနံ အာဒီနဝေါ"

မြန်မာပြန်

"ရဟန်းတို့ - အဆင်းရုပ်တို့၏ အပြစ်သည် အဘယ်နည်း၊ နောက်အခါ၌ ထိုလုပသော သတို့သမီးကိုပင် အသက်အားဖြင့် ရှစ်ဆယ်၊ ကိုးဆယ်၊ တရာရှိသည်ဖြစ်၍ တောင်ဝှေးကိုသာ လက်ကိုင်ပြုကာ မှီခိုရာရှိလျက်၊ အရွယ်လွန်သဖြင့် သွားကျိုးဆံဖြူ ဆံပင်ကျွတ်သဖြင့် ခေါင်းပြောင်ကာ အရေတွန့်လျက်၊ ကိုယ်၌လည်း မှည့်အမည်းစွဲကာ၊ နာကျင်စွာ တုန်တုန်ခိုက်ခိုက် သွားလာနေသည်ကို တွေ့မြင်ရာ၏၊ ရဟန်းတို့-ထိုအခြင်းအရာကို သင်တို့ နှလုံးသွင်း ထားကြကုန်လော့၊ ရှေးအခါက ရှိသော လှပတင့်တယ်သော အဆင်းသည် ပျောက်ကွယ်ခဲ့ပြီမဟုတ်လော၊ အပြစ်သည် ထင်ရှား ဖြစ်ပေါ်နေသည်မဟုတ်လော၊ မှန်ပါသည်၊ ဤသည်လည်း အဆင်းရုပ်တို့၏ အပြစ်ပေတည်း"

အဓိပ္ပါယ်ရှင်းလင်းချက်

မြတ်စွာဘုရားသည်၊ အဆင်းရုပ်တို့၏ သာယာဖွယ်ကို ဟောတော်မူပြီးနောက်၊ ထိုအဆင်းရုပ်တို့၏ အပြစ်ကိုလည်း ဖေါ်ပြဟောကြားလေသည်၊ သာယာဖွယ် ဖြစ်သောလှပတင့်တယ်သည့် အဆင်းရှိသော ထိုအမျိုးသမီးသည် အသက်ကြီးရင့်သဖြင့် ၈၀-၉၀-၁၀၀ အရွယ်ရောက်သော်၊ ခါးကကိုင်းသဖြင့် တောင်ဝှေး အကူအညီဖြင့် သွားနေရလျက်၊ ရုပ်အသွင်မှာလည်း ဆံပင်ဖြူခြင်း သွားကျိုးခြင်း၊ ခေါင်းမှ ဆံပင်ကျွတ်သဖြင့် ခေါင်းပြောင်ကာ အရေတို့တွန့်လျက် ကြည့်၍ မကောင်းသော အသွင်သဏ္ဌာန်ရှိလျက် မြင်ရသောအခါ၊ ရှေးအခါက အလွန်လှပ တင့်တယ်၍

ရှုချင် ကြည့်ချင်စဘွယ်သော အဆင်းရုပ်တို့သည် ယခုအခါ မရှိတော့ပြီ။

မှန်၏ ဇာတိဟူသော အဖြစ်သည်ရှိကဲ့သော်—ဇရာ ဟူသော ရင့်မှုရော်မှုသည်၊ဓမ္မတာ တရားအတိုင်းဖြစ်လာရ၏၊ဇရာဟူသော အရင့်အရော် တရားကို ပညာဉာဏ်ဖြင့် မမြင်သမျှ၊ အာဒီနဝ အပြစ်ကို မမြင် မသိပေ၊ မြတ်စွာဘုရားသည် ဇရာတရားကို ပဋိစ္စသမုပ္ပါဒ်ဝိဘင်း၌—

"ကတမာစ ဘိက္ခဝေ ဇရာ၊ ယာတေသံ တေသံ သတ္တာနံ တမှိတမှိ သတ္တနိကာယေ ဇရာဇီရဏတာ၊ ခဏ္ဍိစ္စံ ပါလိစ္စံ ဝလိတ္တစတာ အာယုနော သံဟာနိ ဣန္ဒြိယာနံ ပရိပါကော အယံဝုစ္စတိဇရာ"

"ချစ်သားတို့–အဘယ် တရားသည်လျှင် အိုခြင်း၊ ရင့်ခြင်း၊ ရော်ခြင်းမည်သနည်း၊ ထိုထိုသို့သော သတ္တဝါ တို့၏၊ ထိုထိုသို့သော ဖြစ်ရာဌာန ဘုံဘဝ၌ အကြင် အိုခြင်းသည်ရင်း၊ အကြင်အိုသောအခြင်းအရာသည်ရင်း၊ အကြင်သွားကျိုးသည်၏အဖြစ်သည်ရင်း၊ အကြင် ဆံဖြူ သည်၏ အဖြစ်သည်ရင်း၊ အကြင် အရေတွန့်သည်၏ အဖြစ်သည်ရင်း၊ အသက်ပိုင်း၏ ဆုတ်ယုတ် သည်၏ အဖြစ်သည်ရင်း၊ စက္ခုစသော ဣန္ဒြေတို့၏ ရင့်ကျက်ခြင်း သည်ရင်း ရှိ၏၊ ချစ်သားတို့-ပြဆိုခဲ့သော ထိုတရား သဘောသည်၊ အိုးမင်း ရင့်ရော်ခြင်း ဇရာတရားဟူ၍ ခေါ်ဆိုအပ်၏"

ထိုအိုမင်းခြင်း၊ ရင့်ရော်ခြင်း၊ ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ အရေတွန့်လိပ်ခြင်း စသောအဖြစ်၊ အသက်ဇီဝိတိန္ဒြေ၏ ဆုတ်ယုတ်ခြင်း၊ မျက်စိ,နားစသော ဣန္ဒြေတို့ ရင့်ကျက် မှုံ မှိုင်းလာခြင်း စသော အခြင်းအရာ လက္ခဏာအားလုံးသည် ဇရာတရားဖြစ်လေသည်၊ ထိုတရားသည် ဇာတိရလာဖြစ်လာရသော သတ္တဝါ၊ အရာဝတ္ထုတိုင်း အဆင့်ဆင့် ဖြစ်လာကြောင်းကို... နွားကျောင်းသား ဥပမာဖြင့် ဝိသာခါအမှူးရှိသော သီတင်းသည် ငါးရာအား ဟောတော်မူထားကြောင်း "ဇာတိဇရာယသန္တိက" အဖြစ်သည် အရင့်သို့ပို့ပုံကို ဓမ္မပဒ ဌကထာ-၃၃ တွင် တွေ့နိုင်သည်။

ယင်းသို့ ဇရာတရားသည် အမြဲနှိပ်စက်၍ ၎င်း၏ ဓမ္မတာလမ်းကြောင်းသို့ သွားနေသည်ကို မမြင်ကြသော သူတို့အား ထိုအဆင်းရုပ်၌ အဿာဒအဖြစ် သာယာဖွယ်, နှစ်သက်ဖွယ်ဟု ရှုမြင်တတ်သော အာရုံကာမဂုဏ်စိတ်သည်၊ ထိုအစွဲများ,အမြင်မှားသောသူအား အသက်သေအောင်ပင် သတ်တတ်လေသည်။

(**မှတ်သားစရာများ**) ကျွန်ုပ်တို့သည်၊ အိုမင်းရင့်ရော် ဆိုသည်ကို ပညတ်-ပရမတ် နှစ်မျိုးဖြင့် ရှုမြင်တတ်ဖို့ လိုလေသည်၊ အိုမင်းခြင်းသည် လောကအမြင်အားဖြင့် ဆံဖြူသည်၊ သွားကျိုးသည်၊ အရေတွန့်သည်၊ ခါးကိုင်းသည်ကို ခေါ်၍ ရင့်ရော်ခြင်း ဆိုရာ၌၊ ရုပ်ကလာပ် စတင်သည်မှ တရွေ့ရွေ့ တရိပ်ရိပ်နှင့် ဖေါက်ပြန်ပြောင်းလဲနေသော သဘောကိုပရမတ်ဇရာခေါ်သည်၊ ၎င်းပရမတ်ဇရာကို မမြင်သော သူတို့အတွက် ပညတ်ဇရာ အိုမင်းမှုကို ရှုမြင်တတ်လျှင် သံဝေဂဉာဏ်ဖြစ်ပေသေးသည်၊ သို့ရာတွင် ပညတ် အိုမင်းခြင်း၊ ဆံဖြူသွားကျိုးခြင်း စသော အမြင်အသိ

သံဝေဂဉာဏ်မျှဖြင့် မည်သည့်လောကုတ္တရာ မဂ်ဖိုလ် နိဗ္ဗာန် တရားကိုမျှ မရနိုင်ချေ၊ အကြောင်းမူ-ပညတ်အာရုံ ဖြစ်နေသောကြောင့်တည်း။

သို့ရာတွင် ထိုသံဝေဂဉာဏ်ဖြစ်လောက်သည့် ပညတ် အိုမင်းခြင်းမျှ မသိ မမြင်သော သူတို့ကား လောကုတ္တရာတရား၏ အခြေခံပင် မရပေ။

သီဟိုဠ်ကျွန်း သဒ္ဓါတိဿ မင်းကြီး သည်၊ တနေ့သ၌ နန်းတွင်းသူ မောင်းမ အခြံအရံ အသိုင်းအဝိုင်းနှင့် ကျောင်းတော်သို့ လာရာ၊ ကျောင်းဝင်းအတွင်းသို့ ရောက်လေသော် လောဟပါသာဒ ပြဿဒ်ကျောင်းနေ၊ သာမဏေ တပါးသည် မင်းနှင့် ပရိသာတ်ကို ကြည့်ရန် တံခါးခုံ၌ ရပ်နေလေသည်။ ထိုမင်း၏ ပရိသာတ် ကျောင်းရှေ့သို့ ရောက်လာသောအခါ၊ ထိုမောင်းမ အထဲမှ တဦးသော အမျိုးသမီးကို သာမဏေမြင်သောအခါတွင် ဆင်ခြင်ထိန်းသိမ်းအပ်သော တရားလက်လွှတ်၍ ရှုကြည့်လေသော်-အမျိုးသမီး သူငယ်မသည်လည်း လှည့်လည် သွားလာနေသော လမ်းခရီးမှခွါ ထွက်၍ သာမဏေကိုပင် ကြည့်လေသည်၊ ရင်းတို့ ၂ ဦးသည် အလိုဆန္ဒတူမျှသဖြင့် ပြင်းထန်စွာ ရာဂစိတ် ထကြွကြလျက်၊ ၂ ဦးစလုံး၏ အတွင်း၌ ကိလေသာအပူမီးသည် အားကြီးစွာဖြင့် လောင်မြိုက်ရကား၊ ၂ ဦးစလုံးပင် ထိုနေရာ၌ သေကြောင်း အင်္ဂုတ္တရ ဋ္ဌကထာ ဧကနိပါတ်တွင် ဖေါ်ပြထားသည်။

အလားတူပင် ဖေါ်ပြသော အဆင်းရုပ်ကို မြင်ကာမျှဖြင့် သေသော ဝတ္ထုများရှိသေးသည်၊ အတွင်းမီးဟူသော ရာဂသည် သေအောင်ပင် လောင်တတ်ကြောင်း၊ အဆင်းရုပ်၏ ရင့်ရော်နေ

သော သဘောသည်၊ မိမိစွဲလန်းနှစ်သက်စဉ်မှာပင် ရင့်ရော်ခြင်း ချုပ်ဆုံးကုန်ခပျောက်ခြင်းဟူသော ပရမတ်၏ လမ်းစဉ် သဘော တရားကို လေ့လာမှု၊ သုံးသပ်မှုပြုသော ယောဂီအားသာလျှင် သက်သာရာကို ရနိုင်လေသည်။

မြတ်စွာဘုရား၏ကိုယ်ခန္ဓာသည်လည်း(ဇာတိ)အဖြစ်တရားက စလာသောကြောင့် အိုမင်းရင့်ရော်ခြင်းတို့ဖြစ်လေသည်၊ ပရမတ် တရားတို့၏ မျက်နှာမလိုက်ပုံဖြစ်၏။

"**ဇရာဓမ္မသုတ်**" မြတ် စွာ ဘု ရား သည်၊ သာဝတ္ထိပြည် ဝိသာခါဒါယိကာမကြီး ဆောက်လုပ် လှူဒါန်းအပ်သော ပုဗ္ဗါရုံ အမည်ရှိသည့် ပြာသဒ်ကျောင်း၌ နေတော်မူစဉ်၊ တနေ့သော အခါ သက်တော်ကြီးရင့်တော်မူပြီဖြစ်သော မြတ်စွာဘုရားသည် ညနေစောင်းအချိန်တွင် ကျောင်း၏အနောက်ဖက်တွင် နေရောင် ကိုကျောပေးကာ နေပူစာ လှုံ၍ နေတော်မူသည်။

ထိုနေရာသို့ အရှင်အာနန္ဒာ ရောက်လာလေသော်၊ အရှင် အာနန္ဒာသည် မြတ်စွာဘုရား၏ ခန္ဓာကိုယ်ကို လက်ဖြင့် အသာ အယာ ဆုပ်နယ်လိုက်ပြီးလျှင်၊ အံ့ဩစွာနှင့်"အို-မြတ်စွာဘုရား အလွန်အံ့ဩဖွယ်ဖြစ်ပါသည်၊ ထူးဆန်းလှပါသည်ဘုရား၊ ယခု တပည့်တော် တွေ့သိနေရသော မြတ်စွာဘုရား၏ အရေအဆင်း တော်သည် ရှေးအခါကနှင့် လုံးဝ မတူတော့ပါ၊ အသားအရေ တို့သည် လျော့ပါးကုန်လျက်၊ အရေတို့သည် တွန့်လိပ်၍ နေပါ တော့သည်၊ခန္ဓာကိုယ်သည်လည်း ရှေ့သို့ကိုင်း၍နေပါပြီ၊မျက်စိ စသော ဣန္ဒြေတို့သည်လည်း—ဖေါက်ပြန်ခြင်းသို့ ရှေးရှုထင်ပါ ကုန်၏"ဟု လျှောက်လေသည်။

ထိုအခါ မြတ်စွာဘုရားက"အာနန္ဒာ-သင်ပြောသည့်အတိုင်း မှန်ပေ၏၊ ပျိုမြစ်နုနယ်ခြင်းသည် အိုခြင်းသဘောရှိ၏၊ ကျန်းမာခြင်းသဘောသည် နာခြင်း သဘောရှိ၏၊ အသက်ရှည်ခြင်းသဘောရှိကဲ့သော် သေခြင်း သဘောသည်ရှိ၏၊ ငါ၏ အရေအဆင်းသည် ရှေးကကဲ့သို့ စင်ကြယ်ဖြူစင်ခြင်းမရှိတော့ပေ၊ ခန္ဓာကိုယ်အားလုံးသည် လျော့ပါးကာ အရေတို့သည် တွန့်လိပ်ကုန်၏၊ ခန္ဓာကိုယ်သည် ရှေ့သို့ကိုင်း၏၊ မျက်စိစသော ဣန္ဒြေတို့သည်လည်း ဖောက်ပြန်ခြင်းသို့ ရှေးရှုထင်ကုန်၏" ဟု မိန့်တော်မူလျက် ဇရာတရား၏ နှိပ်စက်ပုံကို....

"ဓိတံ ဇမ္မိဇရေအတ္ထု၊ ဒုဗ္ဗဏ္ဏ ကရဏီဇရေ၊
တာဝ မနောရမံ ဗိမ္ဗံ၊ ဇရာယ အဘိမဒ္ဒိတံ။
ယောပိ ဝဿသတံဇီဝေ၊ သောပိမစ္စုပရာယဏော၊
နကိဉ္စိ ပရိဝဇ္ဇေတိ၊ သဗ္ဗမေဝါဘိမဒ္ဒတိ"

"ဇမ္မိဇရေ၊ ယုတ်မာလှစွာ ဟဲ့ဇရာ။ တံ၊ သင့်အား။ ဓိ၊ စက်ဆုပ်ဖွယ်သည်၊ အတ္ထု၊ ဖြစ်ပစေ။ ဒုဗ္ဗဏ္ဏကရဏီ၊ ရုပ်ဆင်းအင်္ဂါ ပျက်စီးစွာကို ခါခါမယုတ် ပြုလုပ်တတ်သော။ ဇရေ၊ ရက်စက်ယုတ်မာ ဟဲ့ဇရာ။ မနောရမံ၊ သူတပါးတို့စိတ်နှလုံးကို ရွှင်ပြုံးနှစ်ချိုက်စေတတ်သော ဗိမ္ဗံ၊ ရွှေသားရုပ်လို ခန္ဓာကိုယ်ကို။ ဇရာယ၊ ရင့်ရော်အိုမင်း ဖျက်ဆီးခြင်းဖြင့်။ အဘိမဒ္ဒိတံ၊ ရုံခါမပြတ်၊ ဖိစီးနှိပ်စက်အပ်လေစွတကား....

ဝဿသတံ၊ အနှစ်တရာ၊ ယောပိ၊ အကြင်သူသည်။ ဇီဝေ၊ အသက်ရှည်၏။ သောပိ၊ အနှစ်တရာ အသက်ရှည်

ပါသော ထိုသူသည်လည်း။ ပစ္စုပရာယဏော၊ သေမင်း လက်တွင်း သက်ဆင်း လည်းလျောင်း ရခြင်းသည်။ ဟောတိ၊ ဖြစ်၏၊ ကိဉ္စိ၊ ဦးမဲ ဦးဖြူ မည်သူတစုံတယောက်ကိုမျှ၊ နပရိဝဇ္ဇေတိ၊ မေ့လျော့သောအား ကွင်းရှောင်၍ မထားချေ။ သဗ္ဗမေဝ၊ ရှိသမျှ သတ္တဝါ အားလုံးကို သာလျှင်။ အဘိမဒ္ဒတိ၊ အိုရာမှုသေ နှိပ်စက်ချေ၏”

ဟူ၍ မြတ်စွာဘုရား ဟောပြတော်မူလေသည်။

(မဟာဝဂ္ဂ သံယုတ်ပါဠိတော်-၁၉၀)။

ငယ်ရွယ်သူ အမျိုးသမီးသည် ငယ်ရွယ်စဉ်အခါ၌၊ လှပတင့်တယ်သည်ဟု နှလုံးသွင်းမှားကာ တပ်မက်သော စိတ်ဖြစ်ခဲ့သော သင်တို့အား ထိုအမှန်ဖြစ်သော ဇရာတရား၏ ရင့်ရော်ပုံကို ဉာဏ်ပညာဖြင့် မမြင် ခဲ့သောကြောင့် နှစ်သက်တပ်မက်မှု အဿာဒသည် ယခုအခါ အဘယ်မှာနည်း၊ နှစ်သက်တပ်မက်သော တဏှာလည်း သင်တို့၏ စိတ်တွင် မရှိကြတော့ပေ၊ စင်စစ် နှစ်သက်သော တဏှာသည် တပ်မက်ဖွယ်ဟူသော နှလုံးသွင်းမှားမှု၌သာ ဖြစ်သဖြင့် ယခုအမှန်မြင်ရသော သင်တို့အား နှလုံးသွင်းမှား၍ စွဲလန်းတပ်မက်မှု အားလုံးသည် ချုပ်ဆုံးကုန်ပျောက်ခဲ့လေပြီ၊ ယခုအခါ အပြစ်သာ ထင်တော့သည်၊ ဤသည်လျှင် အဆင်းရုပ်တို့၏ အပြစ်တည်းဟု ဟောတော်မူသည်။

# နာမှုသေမှု-ဆင်းရဲစု

(၁၈)

ပါဠိတော်

“ပုနစ ပရံ ဘိက္ခဝေ၊ တမေဝ ဘဂိနိံ ပဿေယျ အာဗာဓိကံ ဒုက္ခိတံ ဗာဠ္ဟဂိလာနံသကေ မုတ္တကရီသေ ပလိပန္နံ။လ။အယမ္ပိ ဘိက္ခဝေ ရူပါနံ အာဒီနဝေါ”

(ဗျာဓိ မရဏကိုတွဲ၍ ဖေါ်ပြပါသည်)။

မြန်မာပြန်

“ရဟန်းတို့–တဖန် ထို့ပြင်လည်း၊ ထိုသတို့သမီးကိုပင် အခြားသူတို့က ထူပေး သိပ်ပေး ရလောက်အောင် အနာရောဂါ နှိပ်စက်၍ ဆင်းရဲကာ အပြင်းအထန် မမာမကျန်းသဖြင့် မိမိ၏ ကျင်ကြီးကျင်ငယ်ကိုပင် မသုတ်သင်နိုင်သောကြောင့် ပေကျံလူးလဲ၍ အိပ်နေသည်ကို သင်တို့ မြင်ရ၏၊ ထိုအဖြစ်ကို သင်တို့ သတိပြုကြရာ၏၊ ရှေးအခါက တပ်မက်ခဲ့သော အဆင်းရုပ်သည် ပျောက်ကွယ်ခဲ့ပြီ မဟုတ်လော၊ အပြစ်သည် ထင်ရှားနေပြီ မဟုတ်လော၊ မှန်ပါသည်။

ရဟန်းတို့–တဖန် ထို့ပြင်လည်း ထိုအမျိုးသမီးကိုပင် သေ၍ သုသာန်၌ တရက်ရှိသော အလောင်း၊ နှစ်ရက်ရှိသောအလောင်း၊ သုံးရက်ရှိသောအလောင်း သေပြီးသည်နောက်၊ ဖူးယောင်ပုတ်ပွလျက် ရုပ်ဆင်းပျက်ပြားပြီးလျှင် အညိုအမဲ ကွက်တို့ဖြင့် သွေးပြီတို့ ပုတ်ပွယိုစီး

လျက် ထွက်ကျနေသည်ကို သင်တို့မြင်ရာ၏၊ အသား အသွေးတို့နှင့်တကွ အကြောအရိုးတို့သာ ဆက်နေသော အလောင်းအဖြစ်သာ သင်တို့မြင်ရာ၏။ ထိုသတို့သမီး အလောင်းကို ကျီး, စွန်ရဲ, တောခွေး, သစ်ကျားတို့ ခဲစားအပ်သည်ဖြစ်၍၊ အရိုးတို့လည်း တခြားစီပြန့်ကြဲ လျက်ရှိသော အလောင်းကိုသာလျှင် သင်တို့မြင်ရာ၏၊ ပြန့်ကြဲလျက်ရှိသော အရိုးတို့သည် ဆွေးမြေ့ကုန်လျက် မြေတို့နှင့် ရောနှောကာ နေသော သူသေအလောင်းကို သာလျှင် သင်တို့တွေ့မြင်ရာ၏၊ ရဟန်းတို့ ထိုအဖြစ်ကို သင်တို့ သတိပြုကြရာ၏၊ ဤသတို့သမီး၏ ငယ်ရွယ်စဉ်က တပ်မက်နှစ်သက်ခဲ့ရသော လောဘတဏှာ ဖြစ်လောက် သည့် အဆင်းရုပ်တို့သည် ကွယ်ခဲ့ပြီ မဟုတ်လော၊ အပြစ် သည် ထင်ရှားနေသည် မဟုတ်လော၊ မိမိတို့ တပ်မက် ခဲ့သော အဆင်းသည် ယခုအခါ ဘာမျှပင် မရှိတော့၊ ဤသည်လျှင် အဆင်းတို့၏ အပြစ်ပင်တည်း”

**အဝိပ္ပါယ်ရှင်းလင်းချက်**

မြတ်စွာဘုရားသည် ရဟန်းတို့အား – အိုမင်း ရင့်ရော်၍ ဒုတ်တောင်ဝှေးကို အားကိုးအားထားပြုရသော အမျိုးသမီး၏ အဆင်းရုပ်၌ အပြစ်အာဒီနဝကို ဟောတော်မူပြီးနောက်၊ အနာ နှိပ်စက်ခံနေရသော ဗျာဓိတရား၏ အဆင်းရုပ်၌ အပြစ်အာဒီနဝ ကိုဆက်လက်၍ ဟောတော် မူပြန်လေသည်၊ ယင်းသို့ အားကို ရာမဲ့သော အသက် ၉၀–၁၀၀ အရွယ်ရှိ အမျိုးသမီးသည် ယခု အခါ သူတပါးထူပေးမှ ထနိုင်,ထိုင်နိုင်၍ သူတပါး သိပ်ပေးမှ အိပ်နိုင်သော အခြေအနေ ဖြစ်နေသည့်ပြင်၊ ကျင်ကြီးကျင်ငယ်

တို့အကြား၌ ပြုပြင်သုတ်သင်ပေးမည့်သူ ကင်းနေ့သော ထိုအမျိုးသမီး၏ အဖြစ်ကို သင်ချစ်သားတို့-မြင်နိုင်အောင် နှလုံးသွင်းကြကုန်၊ ထိုအမျိုးသမီးသည် ငယ်ရွယ်စဉ်က လှပခဲ့သည့် ရုပ်ဆင်းအင်္ဂါတို့သည် ကွယ်ပျောက်ခဲ့လေပြီ၊ ယခု အိုမင်းရင့်ရော် နာခဲ့ပြန်သော် အိပ်ရာမှ မထနိုင်ဘဲ လဲလျောင်း၍သာ နေရသည့် ဤခန္ဓာ၏ အပြစ်အာဒီနဝကို ကြည့်ကြရန် "ဇရာဇဇ္ဇရိတာ ဟောန္တိ ဟတ္ထပါဒါ အနဿဝါ" အိုခြင်းသို့ ရောက်သော ပုဂ္ဂိုလ်၏ လက်ခြေတို့သည်၊ မိမိတို့၏ စိတ်အလိုသို့ မလိုက်မပါနိုင်ကြတော့ပေ။

ဥပရိပဏ္ဏာသ ပါဠိတော် ဒေဝဒူတသုတ်၌လည်း ဒုတိယသေမင်းတမန်အဖြစ် ယမမင်းက ဧစ်မေးရာ၌....

"အမောင်ယောကျ်ား–အနာရောဂါ နှိပ်စက်ခံရသော၊ ဆင်းရဲဒုက္ခ ရောက်သည်ဖြစ်၍ နာကျင်လျက်ရှိသော၊ မိမိ၏ ကျင်ကြီးကျင်ငယ် အကြား၌ လူးလဲအိပ်စက်၍ နေသော၊ အခြားသူများ ထူမပေးမှ ထိုင်နိုင်သော၊ သိပ်ပေးမှ အိပ်နိုင်သော၊ ဗျာဓိနှိပ်စက်သူကို သင်မြင်ဖူးသလော—

ယင်းသို့ သင်မြင်သည်ရှိသော် သင်သည်ကား လိမ္မာရေးခြား ရှိသောအားဖြင့် ဤလူနာအား ရုပ်နာမ်နှစ်ပါး ရှိ၍ အနာ နှိပ်စက်ခံရသည့် ရုပ်နာမ်နှစ်ပါး ရှိသော ဤသူသည် အနာနှိပ်စက်ခြင်းဘေးမှမလွတ်နိုင်၊ ငါသည်လည်း ဤသူကဲ့သို့ ရုပ်နာမ်နှစ်ပါးရှိခဲ့၏။ ငါလည်း အနာနှိပ်စက်ခံရမည့် ဘေးမှမလွတ်နိုင်၊ ငါ့အား အနာ

နှိပ်စက်ခြင်းမခံရမီ၊ ကိုယ်ဖြင့်ရင်း, နှုတ်ဖြင့်ရင်း, စိတ်ဖြင့်
ရင်း ကုသိုလ်ကောင်းမှုတို့ကို ပြုအံ့" ဟု

သင့်စိတ်တွင် မဖြစ်သလောဟု မေးကြောင်း —

(ဥပရိပဏ္ဏာသ ပါဠိတော် ဒေဝဒူတသုတ်-၂၁၉)တွင်ဟော
တော်မူသည်။

ဤဗျာဓိတရားသည် ရုပ်နာမ်တို့၏ (ဇာတိ) အဖြစ်မှ ပေါက်
ပွါးလာသည်။

ဇာတိရလာသော သတ္တဝါအားအိုခြင်း၊ နာခြင်း၊ သေခြင်း
သည် မည်သည့်နည်းနှင့်မျှ ရှောင်၍ မလွတ် ရသောကြောင့်
မိမိတို့ ယခု ဇာတိ အဖြစ်ကို ရရှိထားသော ဤရုပ်နာမ်ခန္ဓာ၏
သွားရာလမ်းကြောင်းကိုသာလျှင် မိမိတို့က စောင့်စားမြော်လင့်
လျက် နေရလေသည်၊ မိမိတို့ရရှိထားသော ရုပ်နာမ်ခန္ဓာသည်
နာသော၊ သေသော သူတို့၏ ရုပ်နာမ်ခန္ဓာနှင့် ဘာမျှမပို-မလျော့
တမျိုးတည်း တစားတည်းဖြစ်သည်၊ ထိုသူတို့၏ ရုပ်နာမ်နာတတ်
လျှင် မိမိ၏ ရုပ်နာမ်လည်း နာတတ်သော သဘောပါရှိပြီးဖြစ်၍
ထိုသူတို့၏ ရုပ်နာမ်သေပါလျှင်၊ မိမိ၏ ရုပ်နာမ်လည်း သေတတ်
သော သဘောပါရှိလေသည်၊ သို့ဖြစ်၍ ယခု မိမိသည်မနာသေး
မသေသေးသဖြင့် ကုသိုလ်ပြုခြင်း၊ သံသရာပြတ် ဝိပဿနာ အား
ထုတ်ခြင်းတို့အတွက် အကောင်းဆုံးသော မသေမီ အချိန်ဖြစ်
သည်ကို သတိထားရသည်။

ရင်းပြင်-အနာနှိပ်စက်သော ဗျာဓိဘေးကို ကြိုတင်၍ သတိ
တရားရရန် —

"ငါသည် ယခုအခါ အနာကင်းနေသည်၊ ကျန်းမာနေသည်၊ အအေးအပူ မျှတလျက်ရှိသည်၊ မကြာတော့သော နောက်တချိန်တွင် မမာမကျန်းသော အနာနှိပ်စက်ခံရသော အဖြစ်သို့ ကေန်ရောက်လတ္တံ့၊ အနာနှိပ်စက်ခံရသော ငါ့အား မြတ်စွာဘုရား၏ အဆုံးအမဝိပဿနာ အဓိပ္ပါယ် သာသနာကို ငါ အားထုတ်နိုင်ဖို့မလွယ်ပြီ၊ တောသို့ဖြစ်စေ၊ တောင်သို့ဖြစ်စေ၊ ကမ္မဋ္ဌာန်းကျောင်းသို့ဖြစ်စေ၊ သွားရောက်၍အားထုတ်ရန် မလွယ်ချေ၊ ငါသည် မနှစ်သက်အပ်သော၊ သဘောမကျအပ်သော အနာရောဂါ မဖြစ်မီ၊ ဗျာဓိတရားတို့ မနှိပ်စက်နိုင်မီ ကြိုတင်၍ တရားအလုပ် အားထုတ်တော့အံ့၊ ယင်းသို့အားထုတ်သဖြင့် ငါ့အား မရောက်မရသေးသော မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရန်, ရရန်, မျက်မှောက်မပြုရသေးသော နိဗ္ဗာန်သို့လည်းမျက်မှောက်ပြုနိုင်ရန် ငါသည် လုံ့လ ဝီရိယ ရှေ့ထား၍ အားထုတ်ကာ နေတော့အံ့ဟု ဗျာဓိမကင်းသော ရုပ်နာမ်ရှိသူတို့ သတိတရားထားရန်"

(ပဉ္စကနိပါတ် အင်္ဂုတ္တရ ပါဠိတော် ဒု-အနာဂတဘယသုတ် ၉၁)တွင် မြတ်စွာဘုရား ဟောတော်မူထားသည်။

သို့ဖြင့် အနာနှိပ်စက်ခံရသောသူ၌၊ ၎င်းသည် ရှေးကျန်းမာစဉ်က သူ၏ လှပသော အဆင်းရုပ်သည် ဤသို့ ဖြစ်လာလိမ့်မည်ဟု သူမြော်လင့် ခဲ့မည်လည်းမဟုတ်၊ တောင့်တ လိမ့်မည်လည်းမဟုတ်မူ၍ သူ၏ အဆင်းရုပ်ကို အမှီသဟဲ အစွဲပြု၍ ရာဂ,ဒေါသ, မောဟ,မာနစသော အကုသိုလ်တရားတို့ပင် ဖြစ်ပွားခဲ့ပေဦးမည်၊

ယခု အခါသော် ရှေးက လုပ်ခဲ့သော အဆင်း ရုပ်တို့လည်း ကွယ်ပျောက်၍ မမြော်လင့်ခဲ့သော အနာ ရောဂါမျိုးတို့ဖြင့် အနှိပ်စက်ခံနေရကား အပြစ် အာဒီနဝပေတည်း။

---

## သေမှုကြောင့်ရ-ဒုက္ခ

"သဗ္ဗ ဇီဝိတံ မရဏပရိယောသာနံ" "ဝိညာဏ်တင်းလင်း၊ သက်ရှည်ခြင်း သေတွင်းနောက်ဆုံးရှိချေ၏" ဟူသော အတိုင်း ဤဘဝဇာတ် ဖြစ်ပေးသမျှသည် မရဏ ဟူသော သေခြင်းဖြင့် နိဂုံးချုပ် ယုတ်သိမ်းလေသည်၊ သေခြင်းသဘောဟူသည်-

"ကတမဉ္စ ဘိက္ခဝေ မရဏံ၊ ယံ တေသံ တေသံ သတ္တာနံ တမှာတမှာ သတ္တနိကာယာ စုတိ, စဝနတာ, ဘေဒေါ, အန္တရဓာနံ, မစ္စု, မရဏံ, ကာလကိရိယာ, ခန္ဓာနံ ဘေဒေါ, ကဠေဝရဿနိက္ခေပေါ, ဇီဝိတိန္ဒြိယဿုပစ္ဆေဒေါ၊ အယံဝုစ္စတိ မရဏံ"

(ပဋိစ္စသမုပ္ပါဒ် ဝိဘင်းပါဠိတော်)။

"ချစ်သားတို့-သေခြင်းသဘောသည် အဘယ်နည်း ထိုထိုသို့သော သတ္တဝါတို့၏၊ ၎င်းတို့၏ ဖြစ်ရာ ဇာတိရသော တည်နေရာဘဝမှရွေ့လျောသွားခြင်းသည်၎င်း၊ ရွေ့လျောသော အခြင်းအရာသည်၎င်း၊ ပျက်ခြင်းသည် ၎င်း၊ ကွယ်ခြင်းသည်၎င်း၊ အသက်ကို စွန့်ရခြင်းသည် ၎င်း၊ သေခြင်းသည်၎င်း၊ ဘဝမှ ယုတ်ခြင်းသည်၎င်း၊

ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့၏ ပျက်ခြင်းသည်ရှင်း၊ ခန္ဓာကိုယ် အကောင်ပုတ်ကို စွန့်ပစ် ရခြင်းသည်ရှင်း၊ အသက်ဟု ဆိုကြသော ဇီဝိတိန္ဒြေ၏ ပြတ်ခြင်းသည်ရှင်း ရှိ၏၊ ချစ်သားတို့ ဤယခု ပြကဲ့သော သဘောတရားကို သေခြင်းမည်၏ဟု ဆိုအပ်၏”

ဟု ဟောတော်မူလေသည်။

ဤ သေခြင်းဟူသော စကားရပ်၌–

၁။ ရဟန္တာပုဂ္ဂိုလ်တို့၏ သံသရာဝဋ်ဒုက္ခမှအကြွင်းမဲ့ ပြတ်ခြင်းဟု ဆိုအပ်သော “သမုစ္ဆေဒမရဏ”

၂။ ရုပ်နာမ်ဓမ္မသင်္ခါရဟု ဆိုအပ်သော တရားတို့၏ ပျက်ခြင်း ဘင်ခဏဟု ဆိုအပ်သော “ခဏိက မရဏ”

၃။ သစ်ပင်သေ၏၊ သံသေ၏ စသော ခေါ်ဝေါ် သမုတ်အပ်သော “သမ္မုတိ မရဏ”

ဤမရဏ ၃ မျိုးလုံးကို ယခု ပြမည့်အပိုင်းအတွက် လုံးဝမလို အပ်၊ လိုအပ်သည်မှာကား ဘဝတခုဖြင့် ပိုင်းခြားအပ်သော ဇီဝိတိန္ဒြေအစဉ်၏ ပြတ်ခြင်း မရဏကိုသာ ဤနေရာ၌ သတိ၏ အာရုံအဖြစ်ဖြင့် လိုအပ်၏၊ ရုပ်နာမ် ခန္ဓာ ရသောသူအား ဤခန္ဓာ၏ သေအံ့သော အဖြစ်ကို သတိဖြင့် မြင်စေရာသည်၊ သူသတ်ယောကျ်ားသည် သတ်အံ့သောငှါ၊ ဒါးလက်နက်ကို ကိုင်၍ ဦးခေါင်းကို ဖြတ်အံ့ဟု အစဉ်တစိုက် လိုက်နေသကဲ့သို့ သေခြင်းတရားသည် ရှေးရှုကပ်၍ ငါ၏ အနား၌ တည်၏ဟု

အမြဲမပြတ် အောက်မေ့အပ်၏၊ အဘယ့်ကြောင့်ဟူမူ၊ အိုခြင်း သေခြင်းသည် ပဋိသန္ဓေ (ဇာတိအဖြစ်)နှင့် အတူ ပါလာသော ကြောင့်ရင်း၊ အသက်ကို ဆောင်တက်သောကြောင့်ရင်းဖြစ်၏၊ ဥပမာအားဖြင့် ထင်စွာပြအံ့၊ မှိုငုံသည် ထိပ်ဖျားမှာ မြေမှုန့်ကို ရွက်ဆောင်၍ ထွက်ပေါ်လာသကဲ့သို့ ထို့အတူ သတ္တဝါတို့သည် ဇရာ မရဏကို ရွက်ဆောင်၍ဖြစ်ကြကုန်၏၊ ဤသို့လျှင် ခဏိက မရဏသည် ဇာတိနှင့်အတူတကွ လာ၏။

ပဋိသန္ဓေ နေသော သတ္တဝါအား ဧကန်မုချအားဖြင့် သေရ မည်မှန်သောကြောင့် လိုရင်းဖြစ်သော မရဏသဘောသည်လည်း ဇာတိနှင့်တကွပင် ပါလာသည်မည်၏။ ထို့ကြောင့် ဤသတ္တဝါ သည်၊ ပဋိသန္ဓေတည်နေ ဖြစ်ပေါ်သည်ကစ၍ တက်လာသော နေသည် ဝင်ခြင်းသို့ ရှေ့ရှု၍သွား၏၊ ရောက်ရာအရပ်မှ အနည်း ငယ်မျှ နောက်သို့ မဆုတ်သကဲ့သို့ရင်း၊ တောင်ပေါ်မှ စီးဆင်း သော တောင်ကျချောင်းရေသည် လျင်သောအဟုန်ဖြင့် မြက်, သစ်ခက်,သစ်ရွက်တို့ကို ယူဆောင်၍ တဟုန်တည်း စီးဆင်း၏။ အနည်းငယ်မျှ ဆုတ်နစ် တန့်စားခြင်း မရှိသကဲ့ရင်း၊ ဤအတူ ပဋိသန္ဓေအဖြစ် ယူလာသော သတ္တဝါသည်။ နောက်သို့ တဖန် ဆုတ်နစ်ခြင်းမရှိတော့ပေ၊ သေခြင်းသို့သာလျှင် ရှေ့ရှုသွား၏။ ထိုသေတတ်သော အဖြစ်သည် ငါ့အား မဖြစ်ပါစေနှင့်ဟူ၍ တောင့်တ၍ ရကောင်းသည်မဟုတ်ပေ။

ပဋိသန္ဓေ(ဇာတိအဖြစ်)တည်လာရသော ခန္ဓာကိုယ်သည် သေခြင်းသို့ ရောက်အောင် သွားသည်။ သေခြင်းသို့ရောက်သော် ဘာမျှ ပြုစရာ, လုပ်စရာ မရှိတော့ပေ။

"မရဏန္တံ ဂမိဿန္တိ–ဣမံကာယံခိပ္ပံသာန္တိ"
"သေခြင်းအဆုံးသို့ ရောက်လေသော်၊ ဤအသေကောင်ကို သင်းချိုင်းမှာ သွား၍ပြစ်ရချေတော့အံ့"
ဟု မြတ်စွာဘုရားသည် သေပြီးကာလတွင် ဘာမျှအသုံးကျသည်မဟုတ်သောကြောင့် သွား၍ပြစ်ရမည်ကို သတိပေး ဟောကြားလျက်၊ ပြု၍ လုပ်၍ရသော မသေမီကာလတွင်သာ မိမိအတွက် ပြုလုပ်ထားအပ်ကြောင်း သေပြီးမှ ငိုယိုနေ၍ သောက ပရိဒေဝ စသော အပူမီး ကိလေသာတို့သာ တိုးပွား လာနိုင်ကြောင်း ဟောတော်မူသည်။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်ဟု ပြောဆိုယူထားသော သူတို့ကား၊ ဘုရားအလိုတော်နှင့် ဆန့်ကျင်၍ သေပြီးမှ အကြီးအကျယ်ချဲ့၍ ပြုလုပ်နေကြကြောင်း။

သေသော ကိစ္စသည် သံသရာပင်မပြတ်သော်လည်း ယခုဘဝအနေနှင့်ကား လုံးဝအဆက်ပြတ်သွားပြီဖြစ်လေသည်၊ သေသူ၏ မသေမီက သူပြုထားသော ကံကိုသာ အားကိုးအားထား၍၊ ထိုကံလမ်းညွှန်မှုကို ခံယူကာ ဘဝတခုခု၊အဖြစ်တခုခုသို့ သွားနေရလေသည်။ ဝေမာနိကပြိတ္တာမျိုး ဖြစ်မှသာလျှင် သေသူကို ရည်မှတ်၍ လှူက အကျိုးရတန်သရွေ့ ရတတ်လေသည်၊သို့ရာတွင် ၎င်းကို ရည်ရွယ်၍ လှူတိုင်း ရပါသည်ဟုဆိုရန် အတော်ပင် ခက်သည်။

မည်သို့ဆိုစေ၊ သေပြီးသောသူအား မသေမီကသာလျှင် မိမိအတွက် ပြုဖွယ်၊ လုပ်ဖွယ်၊ ဆောင်ရွက်ဖွယ် ကိစ္စတို့ကို စိတ်ချရလောက်အောင် ပြုလုပ်ထား ထိုက်လှပေသည်၊ ထို့ကြောင့် မြတ်စွာဘုရားသည် မအိုမီ၊ မနာမီ၊ မသေမီကာလက မိမိအကျိုး

စီးပွားကို အလိုရှိသော သူတို့သည်၊ ပြုလုပ်အပ်သော မိမိ၏ သံသရာဘဝအတွက် မိမိကိုယ်နှင့်သာ မိမိရင်းနှီး၍ စိတ်ချလက်ချ ပြုလုပ်သင့်ကြောင်း ဟောတော်မူလေသည်။

ကျန်ရစ်သူတို့ကလည်း သေတတ်ပျက်တတ်သော ခန္ဓာကိုယ်မျိုးဟု အမှန်သိရန်လိုသည်၊ သေသူကို ရက်ရှည်ထား၍ အကျိုးမရှိကြောင်း အချိန်ရလျှင် ချက်ခြင်းပင် သုသာန်ပို့ရန် အရေးကြီးကြောင်း အလောင်းကို တာရှည်ထားသဖြင့် မိမိတို့မှာသာ၊ အလုပ်ပျက်၊ ငွေကုန်၊ လူပမ်း အပူအလောင်သာ တိုး၍ လာကြောင်း သိကြရသည်။

---

“နာရဒမထေရ်နှင့် မုဏ္ဍမင်း” အခါတပါး၌၊ နာရဒမထေရ်သည် ပါဋလိပုတ်ပြည်၊ ကုက္ကုဋာရုံ ကျောင်း၌ နေတော်မူ၏ ထိုအခါ မုဏ္ဍမင်း၏ အလွန်နှစ်သက် မြတ်နိုးအပ်သော မိဖုရား ဘဒ္ဒါသည် သေလေသည်။ ထိုမုဏ္ဍမင်းသည် ၎င်း၏ ချစ်အပ်သော မိဖုရား သေသောကြောင့် ရေလည်းမချိုး၊ နံ့သာလည်း မလိမ်းကျံ၊ ပွဲတော်လည်းမတည်၊ တိုင်းရေးပြည်ရာလည်း မပြုပြင် မစီရင်ဘဲ၊ နေ့ရောညပါ မိဖုရား ဘဒ္ဒါ၏ အလောင်းနား၌သာလျှင် တပ်မက်မောစွာ တွေဝေနေ၏။

၎င်းနောက် ရွှေတိုက်စိုး“ပိယက”ကိုခေါ်၍ မိဖုရား ဘဒ္ဒါ၏ အလောင်းကို သံခေါင်းတခု ပြုလုပ်၍ ဆီတို့ကို ပြည့်အောင် ထည့်ပြီးစိမ်ပါ၊ နောက်သံခေါင်းတခုဖြင့် အုပ်ထားပါကငါတို့ တာရှည်စွာ ကြည့်ရှုနိုင်ပေသည်”ဟု ပြော၏။

ရွှေတိုက်စိုးလည်း ပြောသမျှ လုပ်ပေးပြီး၍၊ ဤသို့ကြံ၏ “ဤမုဏ္ဍာမင်းသည် သူ့မိဖုရားကိုအလွန်ချစ်မြတ်နိုးသောကြောင့် ဤသို့ပြု၏၊ သို့ရာတွင် ဤမင်း၏ ရင်၌ စူးဝင်နေသော ‘သောက’ တည်းဟူသော ငြောင့်ကို နှုတ်ပယ်နိုင်သော တရားကို နာကြားစေရသော် ကောင်းပေမည်” ဟု ကြံ၏။

“ဤပါဋလိပုတ်ပြည်၌ နေသော အရှင်နာရဒသည်ပညာရှိ၏ ထက်မြက်လိမ္မာ၏၊ အသက်သိက္ခာလည်းကြီး၏၊ ရဟန္တာလည်း ဖြစ်၏၊ မုဏ္ဍာမင်းသည် ထိုအရှင်ထံ ဆည်းကပ်၍ တရားနာ ရသော် သောကတည်းဟူသော ငြောင့်ကိုကောန်ပင်နှုတ်နိုင်ရာ၏” ဟုကြံ၍ မုဏ္ဍာမင်းအထံသို့ ကပ်ပြီးလျှင် “မင်းမြတ်-ဤပါဋလိပုတ်ပြည်၊ ကုက္ကုဋာရုံကျောင်း၌ နေသော အရှင်နာရဒသည်၊ ထက်မြက်သော ဉာဏ်ပညာရှိ၏၊ ရဟန္တာလည်းဖြစ်၏၊ ထိုအရှင်ထံဆည်းကပ်၍ တရားနာရသော် အရှင်မင်းမြတ်၏ သောကဘည်းဟူသော ငြောင့်ကို နှုတ်နိုင်ကောင်းပါ၏” ဟု သံတော်ဦးတင်၏။

ထိုအခါ မုဏ္ဍာမင်းသည် “အချင်းပိယက-သို့ဖြစ်လျှင် ထိုအရှင်ကို ကြိုတင်၍ အကြောင်းကြားထားပါ၊ ငါသည် ထိုအရှင်ထံ ဆည်းကပ်၍ တရားနာအံ့” ဟု ဆိုလေရာ၊ ရွှေတိုက်စိုး ပိယကသည် အရှင်နာရဒအား ရှိခိုးလျှောက်ထားပြီးသော် မင်းအား “အရှင်မင်းမြတ်-မထေရ်ထံမှ အခွင့်ရပြီဖြစ်၍ သွားနိုင်ကြောင်း” သံတော်ဦးတင်သောအခါ၊ မုဏ္ဍာမင်းက “သို့ဖြစ်လျှင် အကောင်းဆုံးသော ယာဉ်ရထားတို့ကို ပြင်ဆင်လော့” ဟု အမိန့်ပေးသည့်အတိုင်း၊ ရွှေတိုက်စိုး ပိယကသည် စီမံ ပြင်ဆင် ပြီးကြောင်း လျှောက်ထားသောအခါ၊ မုဏ္ဍာမင်းသည် ယာဉ်ရထားစီးလျက်

ကုက္ကုဋ္ဌာရုံကျောင်းသို့ သွားရောက်၍ အရှင်နာရဒထံ ရှိခိုးဆည်းကပ်လေသောအခါ၊ အရှင်နာရဒက....

"မင်းကြီး-သမဏဖြစ်စေ၊ ဗြာဟ္မဏဖြစ်စေ၊ နတ်ဖြစ်စေ၊ မာရ်ဖြစ်စေ၊ ဗြဟ္မာဖြစ်စေ လောက၌ မည်သူမဆို တောင့်တ၍ မရသောအရာတို့သည် ငါးမျိုးရှိကုန်၏၊ အဘယ်သည်တို့နည်းဟူမူ....အိုတတ်သော သဘောတရားသည်"မအိုပါစေလင့်"ဟု မည်သူမျှ တောင့်တ၍မရကောင်းသော အရာဖြစ်သည်။

နာတတ်သော သဘောသည် "မနာပါစေလင့်"ဟု တောင့်တ၍မရ၊ သေတတ်သောသဘောသည် "မသေပါစေလင့်"ဟုတောင့်တ၍မရ၊ ကုန်တတ်သောသဘောသည်"မကုန်ပါစေလင့်"ဟုတောင့်တ၍မရ၊ပျက်စီးတတ်သောသဘောသည် "မပျက်စီးပါစေလင့်"ဟု တောင့်တ၍မရ။

"မင်းကြီး–အကြားအမြင် မရှိသော ပုထုဇ္ဇန်အား အိုတတ်သော သဘောတရားဖြင့် အိုခဲ့၏၊ ယင်းသို့ အိုသည်ရှိသော်- ထိုပုထုဇ္ဇန်အား ဤသို့ မဆင်ခြင်နိုင်၊ အိုတတ်သောသဘောသည်ငါတယောက်ထည်းအားသာ မဟုတ်စင်စစ်မူကားဤဘုံသို့သာခြင်း၊တပါးသောဘုံသို့ သွားခြင်း၊ သေခြင်း၊ ဖြစ်ခြင်းရှိသည့် အားလုံးသော သတ္တဝါတို့အား အိုတတ်သော သဘောသည် အို၏၊ ထိုသို့ အိုခြင်းကြောင့် ငါသည် ပူဆွေးခဲ့သော်၊ ပင်ပန်းခဲ့သော်၊ ငိုကြွေးခဲ့သော်၊ ရင်ဘတ် စည်တီး မြည်တမ်း

နဲ့သော်၊ တွေဝေမိန်းမောခဲ့သော် ငါသည် ထမင်းလည်း မစားလိုရာ၊ ခန္ဓာကိုယ်သည်လည်း အဆင်းအင်္ဂါ ပျက်ယွင်းရာ၏၊ အလုပ်အကိုင်တို့လည်း ပျက်ရာ၏၊ ရန်သူတို့လည်း ဝမ်းမြောက် ကုန်ရာ၏၊ မိတ်ဆွေတို့လည်း ဝမ်းနည်းကုန်ရာ၏"ဟု ပုထုဇ္ဇန်သည် မဆင်ခြင်နိုင်။

အိုတတ်သော သဘောရှိ၍ အိုခဲ့သော် ပုထုဇ္ဇန်သည် ပူဆွေး၏၊ ပင်ပမ်း၏၊ ငိုကြွေး၏၊ ရင်ဘတ်စည်တီး မြည်တမ်း၏၊ တွေဝေမိန်းမော၏၊ မင်းကြီး—ဤပုထုဇ္ဇန်ကို အဆိပ်ရှိသော သောကမြှောင့် စူးဝင်သည်ဖြစ်၍ မိမိကိုယ်ကိုပင်လျှင် ပူပန်စေတတ်သူဟု ခေါ်ဆိုအပ်၏။

(နာတတ်၊ သေတတ်၊ ကုန်တတ်၊ ပျက်စီးတတ်သော သဘောတို့လည်း ဤနည်းအတိုင်းဖြစ်၏)။

"မင်းကြီး—အကြားအမြင် ရှိသော အရိယာတပည့်အား၊ အိုတတ်သော သဘောတရားသည် အိုခဲ့၏၊ အိုသည် ရှိသော်—ဤသို့ ဆင်ခြင်၏၊ အိုတတ်သော သဘောတရားသည် ငါတယောက်ထည်းသာ ဖြစ်သည် မဟုတ်၊ စင်စစ်မူကား—ဤဘုံသို့ လာခြင်း၊တပါးသော ဘုံသို့ သွားခြင်း၊ သေခြင်း၊ ဖြစ်ခြင်းရှိသော သတ္တဝါအားလုံးအား အိုတတ်သော သဘောသည် အိုခဲ့သော်—ငါသည်သာ ပူဆွေးခဲ့မူ၊ ပင်ပန်းခဲ့မူ၊ ငိုကြွေးခဲ့မူ၊ ရင်ဘတ်စည်တီး မြည်တမ်းခဲ့မူ၊ တွေဝေ မိန်းမောခဲ့မူ၊ ငါသည် ထမင်းလည်း မစားလိုရာ၊ ခန္ဓာကိုယ်သည်လည်း

အဆင်းအင်္ဂါ ပျက်ယွင်းရာ၏၊ အလုပ်အကိုင် တို့လည်း ပျက်ရာ၏၊ ရန်သူတို့လည်း ဝမ်းမြောက် ကုန်ရာ၏၊ မိတ်ဆွေတို့လည်း ဝမ်းနည်းကုန်ရာ၏'' ဟု ဆင်ခြင်၏။

အိုတတ်သော သဘောရှိ၍ အိုခဲ့သော်-ထိုအရိယာ တပည့်သည် မစိုးရိမ် မပင်ပန်း၊ မငိုကြွေး၊ ရင်ဘတ် စည်တီး မမြည်တမ်း၊ တွေဝေခြင်းသို့ မရောက်၊ မင်းကြီး-ထိုအရိယာတပည့်ကို အဆိပ်ရှိသော သောကငြောင့်ကို ထုတ်နုတ်သူ ဟူ၍ ဆိုအပ်၏။ သောက ငြောင့်မစူးသော အရိယာ တပည့်သည် မိမိကိုယ်ကိုပင် ငြိမ်းအေးစေ၏။

(နာတတ်၊ သေတတ်၊ ကုန်တတ်၊ ပျက်စီးတတ် သော သဘောတို့လည်း ဤနည်းအတိုင်းဖြင်၏)။

မင်းကြီး-သမဏဖြစ်စေ၊ ဗြာဟ္မဏဖြင်စေ၊ နတ် ဖြစ်စေ၊ မာရ်ဖြစ်စေ၊ ဗြဟ္မာဖြစ်စေ၊ လောက၌ မည် သူမဆို တောင့်တ၍ မရကောင်းသော အရာတို့သည် ဤငါးမျိုးတို့ပင်တည်းဟု မိန့်တော်မူသည်''

ယင်းသို့ ဟောကြား လိုက်သည်ရှိသော် မုဏ္ဍမင်းသည် နာရဒ မထေရ်အား ''အရှင်ဘုရား-အကျွန်ုပ်သည် ဤတရားဒေသနာ တော်ကို ကြားနာရ၍ သောကငြောင့်ကို နုတ်ပယ်ပြီးပါပြီ'' ဟု လျှောက်၏။

ထို့နောက် မုဏ္ဍမင်းသည် ရွှေတိုက်စိုးကိုခေါ်၍-

''အချင်း ပိယက-ငါသည် ထိုသောကဘို့ ကင်းပြီဖြစ် သောကြောင့် မိဖုရား ဘဒ္ဒါ၏ အလောင်းကို မီးသင်္ဂြိုဟ် လော့၊ ထိုမိဖုရား၏ အရိုးပြာကို အရိုးအိုး တည်ထား လော့၊ ယနေ့မှစ၍ ငါတို့သည် ရေချိုးကုန်အံ့၊

နဲ့သာလည်း လိမ်းကျံကုန်အံ့၊ပွဲတော်ကိုလည်းတည်ကုန်အံ့ တိုင်းရေး ပြည်ရာ တို့ကိုလည်း ပြုပြင်လုပ်ဆောင်ကုန်အံ့''ဟု မိန့်လေသတည်း။

(ဤကား-ပဉ္စကနိပါတ်- အင်္ဂုတ္တရပါဠိတော်-နာရဒသုတ်-၅၀ ကို သင့်သည်ကိုသာ ထုတ်နုတ်၍ ဘာသာပြန်လိုက်သည်။)

---

''ဥရဂဇာတ်'' လောကတွင် ရှိကြသော လူသတ္တဝါတို့သည် သေမည်ကို သိကြသူများသာဖြစ်သည်၊ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာများကား သာ၍ပင် သိကြသည်၊ အကြောင်းမူ သေတတ်သောခန္ဓာနှင့်စပ်၍၊ အသေတရားများကို မကြာခဏပင် နာကြားနေကြရသည်၊ သို့သေမည်ကို သိထားသည်ဆိုသော သူများသည် မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိ၏ သားမယား၊ မိဘ၊ ညီအကို၊ မောင်နှမ၊ မိတ်ဆွေသင်္ဂဟ၊ ဆွေမျိုးညာတိစသော သူတို့ သေကြလျှင်သော်ငင်း၊ သတင်း ကြားရလျှင်သော်ငင်း သေခြင်း တရားသည် ဓမ္မတာတရားဖြစ်၍ မပူမဆွေးကြဘဲ၊ တရား ရကြပါသလားဟု မေးလျှင် ဤမေးခွန်းသည် သက်သက် မဖြစ်နိုင်သော မေးခွန်းမျိုးဟု ယူဆကြပေလိမ့်မည်။

သေခြင်းသဘောကိုကား သိကြသည်မှန်၏၊ သို့ရာတွင် မိမိအတွက်မဟုတ်သလို၊ မိမိအတွက် ဆိုပါကလည်း အလွန်စောသေးသည်ဟူသော အဆင်ရှိကြသည် '' ဒီအသက်လောက်နဲ့တော့ သေဖို့ မကောင်းသေးပါဘူး စောလှပါသေးတယ်'' ဟူသော

စကားမျိုးသည် သေသင့်သော အချိန်ကိုသိ၍လော၊ မသိနိုင်သော တရားငါးပါးကိုပင် မကြားဖူး၍လော မပြောတတ်ပေ။

ကျွန်ုပ်တို့ ပြောတတ်သည်ကား ထိုစကားမျိုးပြောသောသူတို့သည် သေတတ်သည်ကို အများပြော အနေနှင့်သာ ကြားရဖူး၍ တကယ်ယုံကြည်မှု မရှိသေးသောသူ၊ သေရမည့်ဘေးကို အလွန်ကြောက်သောသူသာ ဖြစ်ပေလိမ့်မည်၊ တကယ်ပင် နှစ်နှစ်ကာကာ ယုံကြည်မှုရလျှင်၊ မိမိ၏ အသေကိုပင် မိမိ သိနိုင်သော ဝိပဿနာအလုပ် အားထုတ်ပေတော့မည်ဖြစ်သည်၊ ရှေးအခါက တကယ်သိသော သူတို့၏ သဘောထားကို ကြည့်ပါ။

လွန်လေပြီးသောအခါက၊ ကာသိတိုင်း၊ ဗာရာဏသီပြည်တွင် ဓမ္မပါလ မည်သော ပုဏ္ဏားရွာ တရွာရှိလေသည်၊ ထိုရွာတွင် တခုသောအိမ်၌ ပုဏ္ဏားကြီး, ပုဏ္ဏေးမ, သား, သမီး, ချွေးမ, ကျွန်မ, ငါးဦးတို့ နေထိုင်ကြလေသည်။ ထိုသူတို့သည် "ငါတို့ကား-သေတတ်သောသူတို့ ဖြစ်ကြသည်၊ သေခြင်းဟူသည် သတ္တဝါခန္ဓာဖြစ်ရှိသော သူတို့၏ မထူးဆန်းသော ကိစ္စဖြစ်၍၊ သေတတ်သောသဘောသာရှိ၏" ဟု "မရဏာနုဿတိ"သေခြင်းကိုသာ နှလုံးသွင်းလျက် နေကြမြဲ ဖြစ်လေသည်၊ တဦးတယောက် အပြင်သို့ ကိစ္စရှိ၍ ထွက်သွားခဲ့သော် ကျန်လူများအား သေခြင်းသဘောကို ပြောပြခဲ့လျက်၊ ကျန်လူများအတွက် ဘာကိုမျှ မစိုးရိမ်ဘဲသာ လျှင် သွား၏၊ ကျန်လူများကလည်း အပြင်သွားသော သူအား ပူပန်ခြင်း၊ စိုးရိမ်ခြင်း မရှိဘဲသာလျှင် "သေခြင်းတရားကိုသာ မပြတ်နှလုံးသွင်းလျက် နေကြလေသည်။

တနေ့သောအခါ၊ သားနှင့်အတူ နွားတို့ကိုယူ၍ လယ်ထွန်ခြင်းငှါ လယ်ထဲသို့ ထွက်သွားလေသည်၊ ရှေးဦးစွာ သားဖြစ်သူ

သည် သစ်ရွက်ခြောက်တို့ကို မီးထည့်ရန် စုနေစဉ် မြွေဟောက် တကောင်သည် မီးရှို့မည်ကို ကြောက်၍ သစ်ခေါင်းမှ ထွက်ပြီးလျှင် သားအား ကိုက်လိုက်ရာ၊ ထိုနေရာဘွင်ပင် လဲကျသေဆုံးလေသည်၊ သေလေပြီးသော သားသည် သိကြားမင်း ဖြစ်သွားလေသည်၊ ဖခင်ဖြစ်သော ပုဏ္ဏားကြီးလည်း သားသေသည်ကို မြင်၍ မိမိတို့ လယ်ထွန်မည့် အနီးမှ ဖြတ်သွားသော ယောကျ်ား တယောက်ကိုတွေ့၍—

"အဆွေယောကျ်ား—ပုဏ္ဏေးမနှင့် အိမ်သားများကို ပြောလိုက်စေလိုပါသည်၊ အိမ်သားအားလုံးသည် ရေချိုးပြီးလျှင် အဝတ်ဖြူဝတ်၍ ပန်းနံ့သာတို့နှင့် တယောက်စာ ထမင်းကိုယူ၍ အလျှင်အမြန် လာကြပါ"

ဟု မှာလိုက်လေသည်၊ ခရီးသွား ယောကျ်ားလည်း ပုဏ္ဏားကြီးအိမ်သို့ သွား၍ မှာလိုက်သောအတိုင်း ပြောပြလေလျှင် မှာလိုက်သော စကားအရ ပြုလုပ်စီမံကြ၍ သွားကြလေသည်၊ ပုဏ္ဏားလည်း ရေချိုး၍ ထမင်းစားပြီးသော်၊ အိမ်သားအားလုံး ဝိုင်း၍ ထင်းတို့ကို စုဆောင်းပြီးလျှင် အလောင်းကို ထင်းပုံထက်သို့တင်၍၊ မီးသွေးဖုတ်ရန် ထင်းပုံကို မီးတိုက်သကဲ့သို့ စိုးရိမ်ခြင်း၊ ပူဆွေးခြင်းမရှိကြပါဘဲ "အနိစ္စသညာ"ကို နှလုံးသွင်း၍ (အဂ္ဂိစျာပန)မီးတိုက်ကြလေသည်။

မြွေကိုက် သေ၍ သိကြား ဖြစ်နေသော ပုဏ္ဏားသားသည် ဘုရားအလောင်းတော်ဖြစ်၍ မိမိ၏ရှေးရှေးဘဝတို့၌ပြုအပ်သော ကုသိုလ်ကံတို့ကို ဆင်ခြင်လျက်၊ မိခင်ဘခင်စသော အဆွေအမျိုးတို့အားလည်း အစဉ်သနားသဖြင့် ပုဏ္ဏားအရောင် ဆောင်၍

လာရောက်ပြီးလျှင်၊ အဆွေအမျိုးတို့ မပူမဆွေးသည်ကိုကြည့်၍ အကယ်ပင် သဘောပေါက်သဖြင့် မပူကြခြင်းလော၊ သို့တည်း မဟုတ် ဟန်လုပ်၍ နေခြင်းလောဟု သိလိုသဖြင့်—

"အချင်းတို့—သမင်ရလို့ ကင်နေကြသလား၊ ကျက်လျှင် ကျွန်ုပ်မှာ ဆာလောင်လှပါသဖြင့် အသားနဲနဲပေးကြပါ"ဟု တောင်းလေသော်....

ပုဏ္ဏားကြီးက

"မိးရှို့နေခြင်းသည်သမင်မဟုတ်ပါလူသေဖြစ်ပါသည်"

ဟု ဆိုသောအခါ၊ သိကြားပုဏ္ဏားက....

"ဩော်—သင်တို့ ရန်သူသေလို့ မီးရှို့နေကြသကိုး"

ဟု ဆိုပြန်ရာ....

ပုဏ္ဏားကြီးက—

"ကျွန်ုပ်တို့၏ ရန်သူမဟုတ်ပါ၊အလွန် ဂုဏ်ကျေးဇူးများသော ယယ်ရွယ်သူဖြစ်သည့်ကျွန်ုပ်တို့၏ ရင်နှစ်သားချစ်ပါ"ဟု ပြောရာ....

သိကြား ပုဏ္ဏားက—

"ဤသို့ဆိုလျှင် သင်တို့သည် အဘယ့်ကြောင့် မစိုးရိမ်ကြသနည်း၊ မငိုကြွေး ကြသနည်း"ဟု ဆိုလေသောအခါ၊ ပုဏ္ဏားကြီးက—

(ဥရ ဂေါ တစ ဇိဏ္ဏံလ။
ဂတောသော တတ္တယာဂတိ)

ဟူသော ၂ ဂါထာဖြင့် ပြန်ပြောပုံကား—

"မြွေသည် အရေဟောင်းကို စွန့်၍ သွားသကဲ့သို့ ဤအတူ သံသရာ၌ ကျင်လည်ရသော သတ္တဝါသည် အသက်ကုန်၍ သေသည်ရှိသော် ခန္ဓာကိုယ်ကို အသုံးမပြုနိုင်တော့ဘဲ၊ မိမိ၏ ဆွေးမြေ့သော ခန္ဓာကိုယ်ကို စွန့်၍ သွားရ၏၊

ထိုသေသူသည် သူ၏ကံအတိုင်း ပို့ဆောင်ရာ ဂတိသို့ သွားရသည်ဖြစ်၍၊ မီးလောင်ကျွမ်းနေသော ခန္ဓာကိုယ်သည် သူ၏ ဆွေမျိုးတို့၏ ငိုကြွေးခြင်းကိုမသိ၊ သို့ကြောင့် ကျွန်ုပ် မငိုပါ"ဟု ပုဏ္ဏားကြီးကဆို၏။

ပုဏ္ဏားကြီးကို မေးပြီးသော အခါ၊ ပုဏ္ဏေးမ ကြီးအား သိကြားပုဏ္ဏားက—

"ရှင်မသည် သေသူနှင့် မည်သို့တော်စပ်ပါသလဲ"

"ဆယ်လတိုင်အောင် လွယ်၍ မွေးပြီးလျှင် ကိုယ်တိုင် နို့တိုက်မွေးရသည့် မိခင်အရင်း ဖြစ်ပါသည်"ဟု ပြောလေသော်....

သိကြား ပုဏ္ဏားက—

"သို့ဖြစ်လျှင် ယောကျ်ားက စိတ်ခိုင်သူမို့ မငိုလျှင် ရှိပါစေတော့၊ အမိတို့မည်သည်မှာ သားသမီးအပေါ်၌ အလွန်စိတ်နူးညံ့ပါသည်၊ သင်သည် အဘယ်ကြောင့် မငိုသနည်း"ဟု မေးရာ—

ပုဏ္ဏေးမကြီးက—

(အနဗ္ဘိတော တတော အာဂါ။လ။
ဂတောသောတဿယာဂတိ)။

ဟု ပြန်ပြောသည်။

"ငါသည် သူ့ကို လာရန် မခေါ်ခဲ့ပါ၊ ယခုလည်း သွားတော့ဟု ခွင့်မပြုဘဲ သူသွား၏၊ အကြင်သို့သော အခြင်းအရာအားဖြင့် မခေါ်ဘဲလာ၍၊ ထိုထိုသို့သော အခြင်းအရာအားဖြင့် ခွင့်မပြုဘဲ သွားသော သံသရာ၌ ဤသို့ ဤသို့ တဘဝမှ တဘဝသို့ ကျင်လည် သွားလာ နေသော သတ္တဝါအတွက် ငိုကြွေးခြင်းသည် အကျိုး ဘယ်မှာရှိမည်နည်း" (နောက်ဂါထာအတူ)

ဟု ပုဏ္ဏားမကြီးက ပြောပြီးသောအခါ....

သိကြားပုဏ္ဏားက နှမဖြစ်သူသို့—

"မောင်နှင့် နှမဟူသည် အလွန်ချစ်ခင်ကြပါလျက်၊ ယခု မောင်သေသောအခါ သင် အဘယ်ကြောင့် မငိုသနည်း"ဟုမေးလေလျှင်—

နှမက –

(သစေရော ဒေကိသာအဿံ ။လ။
ဂတောသောတဿယာဂတိ)

ဟု ပြောလေသည်။

"အကယ်၍ ငိုကြွေးခဲ့ပါမူ၊ ပိန်ချုံးရုံမျှသာ ရှိရာ၏၊ ထိုသို့ ငိုကြွေးခြင်းဖြင့် ငါ့အား အဘယ်အကျိုးတစုံတရာ ရအံ့နည်း၊ ငါတို့ဆွေမျိုးမိတ်ဆွေစသော အကျွမ်းဝင်သူတို့ စိတ်ဆင်းရဲမှုသာ ဖြစ်ပါမည်" ဟု ပြန်ပြောသည်။

နောက် မယားဖြစ်သူထံ ချဉ်းကပ်ပြန်၍ –

"သေသူသည် သင်၏ လင်ဟုဆိုသည်၊ မယားဖြစ်သူ တို့မှာ လင်ကိုသာလျှင် အားကိုးရာ အားထားရာ မှန်၏၊

ယခု လင်သေသောအခါ သင်သည်မုဆိုးမ ဖြစ်ပေတော့မည်၊အားထားရာမဲ့ပြီ၊ သို့အတွက် သင်အဘယ့်ကြောင့် မငိုသနည်း''ဟု မေးပြန်ရာ–

မယားဖြစ်သူက–

(ယထာပိဒါရ ကောဇန္ဒို၊လ။
ဂတောသော တဿယာဂတိ) ဟုပြောသည်။

''သူငယ်သည် ကောင်းကင်၌ သွားသောလကို၊ငါ၏ ရထားဘီးကို ယူပေးပါဟု ဆို၍ ငိုသကဲ့သို့ ဤအတူ အကြင်သူသည် သေသူကို စိုးရိမ်၏၊ ယင်းသို့ စိုးရိမ်ခြင်းသည်၊ ထိုသူငယ်၏အဖြစ်နှင့် တူသည်သာတည်း''ဟု ဆိုပြန်သောအခါ၊ ကျွန်မထံသို့ ကပ်၍။

သိကြားပုဏ္ဏားက–

''သေသူသည် သင်၏ အရှင်သခင်ဟုဆိုသည်၊ သင်၏ အရှင်သည် သင့်ကို အလွန် နှိပ်စက်ညှင်းဆဲသူ ဖြစ်ရမည်၊ ယခုတော့ ငါလွတ်ပြီဟု ဝမ်းသာသော စိတ်နှင့် သင်မငိုသလော''ဟု မေးပြန်၏။

ထိုအခါ ကျွန်မက–

(ယထာပိဗြာဟ္မ ဥဒကုမ္ဘော ။လ။
ဂတောသောတဿ ယာဂတိ)

''ပုဏ္ဏားကြီး....ကွဲလေပြီးသော ရေအိုးသည် တဖန် ပြန်စပ်၍ မရသကဲ့သို့၊ ဤအတူ အကြင်သူသည် သေသူကို စိုးရိမ်၏၊ ထိုသူ၏ ဤစိုးရိမ်ခြင်းသည် ကွဲလေပြီးသော အိုးကို စပ်၍ မရသည်နှင့် တူ၏၊

ထိုသေသူသည် မိမိလားရောက်ရာ ဂတိသို့ သွားလေပြီဖြစ်၍ မီးလောင်ကျွမ်းနေသော ဤကိုယ်ခန္ဓာသည်၊မိမိတို့၏ ငိုကြွေးခြင်းကို မသိ၊ ထို့ကြောင့် အရှင့်သားကို အကြောင်းပြု၍ မငိုကြောင်း”

ကျွန်မက ဆိုလေသော်-

သိကြားသည် ထိုသူတို့၏ စကားကိုကြားရ၍ အလွန်ကျေနပ်လှ ရကား-

“သင်တို့၏(မရဏဿတိ)သေခြင်းကို နှလုံးသွင်းပွားများမှုသည် တကယ်ပင် မှန်လှပေသည်၊ ယနေ့မှစ၍ သင်တို့သည် ဆင်းရဲကြီးစွာ အသက်မမွေးကြရန်အတွက် ငါသည် သင်တို့အိမ်တွင် ရတနာ ၇ ပါး ပြည့်အောင် ထားခဲ့ပြီ၊ သင်တို့သည် ပေးလှူခြင်း၌ မမေ့ပါနှင့်၊ သီလစောင့်ခြင်း၊ဥပုသ်သုံးခြင်းတို့၌ မမေ့မလျော့ပါလေနှင့်”

ဟု ဆုံးမစကား ပြောကြားလျက်၊ ငါသည် သေသွားသော သင်တို့၏သား၊ ယခုသိကြားဖြစ်နေသည်ကို ပြောပြီးလျှင်၊ နတ်ပြည်သို့ ပြန်လေသည်၊

ပုဏ္ဏားကြီး မိသားစုလည်း ဒါန-သီလ စသည်ကို အသက်ထက်ဆုံး ပြုကျင့်ကြလျက် သေသောအခါ နတ်ပြည်သို့ လားကြလေသည်။

(ဤကား-ဇာတက ပါဠိတော်-ပအုပ်-၁၂၂။ ပေတဝတ္ထုပါဠိတော် အဋ္ဌကထာ-၅၆ ကို၊ မြန်မာဘာသာ ပြန်၍ ထည့်လိုက်သည်)။

သတ္တဝါ၏အဖြစ်သည် အတိအကျ ဆိုရမူ၊ သေဖို့ဖြစ်လာသည်ဟုဆိုက အမှန် ဆိုခြင်းပင် ဖြစ်၏။ လောက စီးပွားရေး၊ သံသရာ စီးပွားရေးသည် မသေမီသာ ပြုလုပ်ရသည်၊ သေမည့်ပန်းတိုင်ကား သတ္တဝါဟု ဖြစ်ရှိနေသော ခန္ဓာ အမျိုးမျိုးတို့အတွက် ကျိန်းသေစိုက်ထူထား၏၊ သေခြင်းကို သိပါသည် ဆိုသောသူများ ထိုအသေကို နှစ်သက်စရာဟု မထင်အပ်ပေ၊ နှစ်သက်စရာဟု ထင်နေကြ၍သာ ထိုအသေမျိုး မရအောင်ချုပ်ပြတ်အောင် အားထုတ်ရမည့် ဝိပဿနာအလုပ်ကို မလုပ်သိုဘဲ နေကြခြင်းက၊ ထိုအသေကို နှစ်သက်ပါသည်ဟု ဝန်ခံ နေသလိုဖြစ်၍ နေ၏။ မြတ်စွာဘုရားသည် ဤ အို၊ နာ၊ သေတတ်သော ခန္ဓာ၏ အဖြစ်ဆိုးကို နည်းအမျိုးမျိုးနှင့် ညွှန်ပြသည်၊ အပြစ်ကို ဝေဖန်ပြပါလျက် မလိုက်နာကြချေ။

မြတ်စွာဘုရားသည် အသုဘအဖြစ်ကို ဟောခြင်းကား ခန္ဓာကိုယ်၏ဖွဲ့စည်းထားသော ဝတ္ထုပစ္စည်းများသည်၊ ဘာမျှဘပ်မက်ဖွယ်ရာ မရှိကြောင်း အတွင်းအပြင် စုံလင်အောင် ဟောပြသည်။ ထင်မြင်အောင် ဟောပြသည်။ အသေကောင်၌ ကြာလေရွံဖွယ်ကောင်းသေဖြစ်သော အမှန် သဘောတရားသည် မသေသေးသော မိမိခန္ဓာကိုယ်နှင့်လည်း ဘာမျှ မထူးခြားကြောင်းကို ဟောပြသည်၊ ၎င်းပြင်....မြတ်စွာဘုရားသည်—

"သစေ ဣမဿ ကာယဿ၊ အန္တော ဗာဟိရကော သိယာ၊ ဒဏ္ဍံ နူနဂဟေတွာန၊ ကာကေ သောဏေ နိဝါရယေ"ဟု ဟောတော်မူသည်။

"တ္တမသဿကာယဿ၊ ဤကိုယ်အား။သစေ၊ အကယ်၍၊ အန္တောဗာဟိရကော၊ သံပုရာသီး အခြမ်းကဲ့သို့ အတွင်း အပြင် ပြောင်းပြန်လှန်နိုင်သည်၊ သိယာ၊ ဖြစ်ငြားအံ့။ ဧဝံသတိ၊ ဤသို့ပြောင်းပြန်လှန်ထားသည်ရှိသော်။ တံ့ သင်သည်။ ဒဏ္ဍံ၊ တုတ်တောင်ဝှေးကို။ ဂဟေတွာ၊ကိုင်၍ ကာကေသောဏေ၊ ကျီး,ခွေး,တို့ကို။ နိဝါရယေန္တူနှ၊ ခြောက်လှန့်တားမြစ်ရမည်မဟုတ်ပါလော"

လက်ရှိ အသက်ရှင်နေသော မိမိ၏ခန္ဓာကိုယ်၌ လူသေကောင် ကဲ့သို့ မထူးခြားသော ထင်မြင်မှုရရှိလျှင်-ဤခန္ဓာကိုယ်ကို မှီ၍ ဖြစ်သော တဏှာ, မာန, ဒိဋ္ဌိ, တို့ မဖြစ်ရာသောအကြောင်းမျိုးစုံ ကိုလည်း ဟောထားသည်၊ အသက်ရှိစဉ်က အလွန်အဖိုးတန်သူ ဖြစ်စေကာမူ၊ အသက်သေက တပြားမျှ တန်ဖိုးမရှိတော့ကြောင်း ဟောကြားရာ၌-

"သီရိမာနှင့်ရဟန်းတပါး" ရာဇဂြိုဟ်ပြည်၌၊ သာလဝတီ မည်သော ပြည့်တန်ဆာမ၏သမီး သီရိမာသည်၊ အမိသေသွား သဖြင့် ပြည့်တန်ဆာရာထူးကို ဆက်လက် ရယူထားသူ ဖြစ်လေ သည်၊ သီရိမာသည် ပုဏ္ဏ သူဌေးကြီး၏သမီး ဥတ္တရာကို ထော ပတ်အပူနှင့် လောင်းသည်ကစ၍ မြတ်စွာဘုရား အထံတော်၌ တရားနာပြီး၊ မာန်မာနတွေကျလျက် သောတာပန်အရိယာ ဖြစ် သောအခါမှစ၍၊ ၎င်းအိမ်တွင် နေ့စဉ် သံဃာတော်ရှစ်ပါး ဆွမ်း ဝတ်ပြုလေသည်၊ တနေ့သောအခါ တောကလာသော ကိုယ် တော်တပါးသည် သီရိမာ အိမ်မှ လှူသော ဆွမ်းသည် အလွန် ကောင်းမွန်ကြောင်း၊ သီရိမာသည် အလွန် ချောလှကြောင်း

ပြောသံ ကြားရသဖြင့် ထိုအိမ်သို့ ဆွမ်းခံရန် တောင်းပန်၍ အတင်းလိုက်လေသည်။

ထိုနေ့တွင် သီရိမာလည်း အတော်ပင် နေမကောင်းသော ကြောင့် အခြားနေ့များကဲ့သို့ ကိုယ်တိုင် ဆွမ်းမလောင်းနိုင်ဘဲ၊ အလုပ်အကျွေး အခိုင်းအစေများကိုသာ ခိုင်းရ၏၊ သီရိမာကို ကြည့်ချင်,မြင်ချင်နေသော ကိုယ်တော်မှာ အတော်စိတ်ပျက် သွားသည်၊ သို့ရာတွင် သံဃာများအား ဆွမ်းကိစ္စ လှူပြီးသော အခါ၊ အိပ်ခန်းတွင်း၌ရှိသော သီရိမာက "ကိုယ်တော်တွေကို ဆွမ်းလောင်းပြီးက-ငါ့ကို ချီ,မ၍ အပြင်သို့ တွဲပို့ ပေးကြပါ၊ သံဃာတော်များကို ဖူးမြင်လိုပါသည်"ဟု ဆိုသောအခါ အခြွေ အရံတို့က တွဲယူချီ,မကြပြီး အပြင်သို့ ပို့လေသည်။

သီရိမာသည် မမာမကျန်း ဖြစ်နေသဖြင့် မဖီးမလိမ်း မပြင် မဆင်နိုင်သော်လည်း ပင်ကိုယ် အလှကြောင့် ကြည့်မဝအောင် ဖြစ်နေသော ကိုယ်တော်မှာ အချိန်တန်၍ ကျောင်းသို့ ပြန်ရ သော်လည်း ဆွမ်းပင်မစားနိုင်ဘဲ၊ သက်နံးခြုံ၍ ကျိန်းတော့သည်၊ ထိုနေ့ညချမ်းအချိန်တွင်ပင် သီရိမာလည်း သေ၍ ယာမာဘုံတွင် သုယာမ နတ်မင်းကြီး၏ မိဖုရားဖြစ်လေသည်။

ဘုရင်လည်း သီရိမာ သေကြောင်း မြတ်စွာဘုရားအား လျှောက်ထားရာတွင် မြတ်စွာဘုရားက သီရိမာ၏ အလောင်းကို မြေမမြှုပ်ရ၊ မီးမရှို့ရ၊ အသုဘရှုနိုင်ရန် "အာမက"သုသာန်သို့ ပို့ထား၍၊ တောခွေးစသည်တို့ မစားနိုင်ရန် အစောင့်များချထား ရန် အမိန့်ပေးသည့်အတိုင်း ဘုရင်လည်း ဆောင်ရွက်လေသည်၊ သေပြီးနောက် ၄ ရက်မြောက်သောအခါ၊ သီရိမာအလောင်း၏

ကိုယ်သည် ပုတ်လျက် ဒွါရ ကိုးပေါက်မှ အပုတ်ရည်တို့သည် ယိုစီး၍ ထွက်ကျလေသည်၊ အသားတို့သည်လည်း ပွ၍ ကွဲကျလေသည်၊ထိုအခါ မင်းသည် မြို့အတွင်း၌ ရှိသမျှလူအပေါင်းသည် အိမ်တွင် အစောင့် ကလေးသူငယ်တယောက်သာ ထားခဲ့၍အိမ်ရှိလူအကုန်သိရိမာ အသုဘရှုရန်သုသာန်သို့လာခဲ့ကြရမည် မလာမရောက်က တယောက်လျှင် ရှစ်ကျပ်သော အသပြာဒဏ်ဆောင်ရမည်ဟု စည်လည်စေသည် မြတ်စွာဘုရား အထံတော်သို့လည်း သုသာန်၌ လူပရိသာတ် စုံပြီ ဖြစ်ကြောင်း လျှောက်ထားရာ၊ မြတ်စွာဘုရားကလည်း ရဟန်းသံဃာအားလုံး သုသာန်သို့ ထွက်ရန် အမိန့်ပေးသဖြင့် မြတ်စွာဘုရားနှင့် သံဃာတော်များ ကြွလေရာ၊ သိရိမာဟူသော အသံကို ကြားသဖြင့် ၄ ရက်လုံးလုံး ဆွမ်းမစား၊ စကားမပြောသော ကိုယ်တော်မှာ ချက်ခြင်းထ၍ လိုက်ကြွသွားလေသည်။

သုသာန်သို့ ရောက်လေလျှင် ဘုရားနှင့် ရဟန်းသံဃာများက သိရိမာအလောင်း၏ ညာဖက် နံပါး၌၊ ဘိက္ခုနီ ပရိသာတ် မင်းနှင့်လူပရိသာတ်တို့က အလောင်း၏ လက်ဝဲနံပါး၌ နေရာယူလျက် အားလုံးပရိသာတ်စုံလင်သောအခါ၊ မြတ်စွာဘုရားက ဘုရင်အား—

"မင်းကြီး-ငွေတထောင်ပေး၍ သိရိမာကို ယူကြလော့"

"ငွေတထောင် ပေးမည့်သူ မရှိပါဘုရား"

"ငါးရာ"

"မရှိပါ"

"နှစ်ရာ့ငါးဆယ်"

"မရှိပါ"

"တရာ့ငါးဆယ်- နှစ်ဆယ့် ငါးကျပ် , တဆယ့်ငါး ကျပ်-တကျပ်-ငါးမူး,တမတ်,တပဲ,အလကားယူကြလော့"

"မရှိပါ"

"ပဿထဘိက္ခဝေ မဟာဇနသာပ်ယံမာတုဂါမံ၊ ဣမသ္မိံ ယေဝ နဂရေ သဟဿံ ဒတွာ ပုဗ္ဗေ ကေ ဒိဝသံ လဘိံသု၊ ဣဒါနိ မုခေဂဂကျန္တေ့ာပိနဣ္ဆိ၊ ဧဝရူပံ နာမရူပံ ခယဝယပ္ပတ္တံ ပဿထ ဘိက္ခဝေ အာတုရံ အတ္တဘာဝံ"

"ချစ်သားတို့လူအပေါင်း၏ချစ်အပ်သောမာတုဂါမ သီရိမာကို ကြည့်ကြ ပါကုန်လော့၊ ဤရာဇဂြိုဟ်မြို့၌ မသေမီအခါက၊ ငွေတထောင် ပေးမှ တနေ့တာရ၏၊ ယခုအခါတွင် အလကား ယူမည့်သူပင် မရှိချေ၊ ဤသို့ သဘောရှိသော နာမ်ရုပ်နှစ်ပါး ပရမတ္ထ တရားတို့၏ နာကျင်စရာကောင်းသော ဖြစ်တတ်,ပျက်တတ်ကုန်တတ်သော အဖြစ်သို့ရောက်သည်ကိုသာ ကြည့်ကြကုန်လော့"

ဟု ဟောတော်မူပြီးလျှင် (ပဿစိတ္တကတံဗိမ္ဗံ) ဟူသော ဂါထာကို ဟောတော်မူပြီးလျှင်—

"ဝိဇယသုတ်" သုတ္တနိပါတ် ပါဠိတော်လာ ဝိဇယသုတ်ကို ဟောတော်မူသည်။

၁။ သွားသော်ရင်း၊ ရပ်သော်ရင်း၊ ထိုင်သော်ရင်း၊ အိပ်သော်ရင်း၊ ခန္ဓာ အစိတ်အပိုင်းတို့ကို ကွေး၏၊ ဆန့်၏၊ ဤကဲ့သို့ခန္ဓာအစိပ်အပိုင်းတို့ကို ကွေးခြင်း ဆန့်ခြင်းသည် ခန္ဓာကိုယ်၏ လှုပ်ရှားမှုပင်ဖြစ်၏။

၂။ ခန္ဓာတည်းဟူသော ကိုယ်ကောင်ကို အရိုး,အကြော
တို့ဖြင့် ဖွဲ့စပ်အပ်သည့် အရေအသားတို့ဖြင့် လိမ်းကျံ
အပ်သည်၊ အရေထူ အရေပါးဖြင့် ဖုံးလွှမ်းအပ်
သည်ဖြစ်၍ဟုတ်မှန်သော သဘောကို မမြင်နိုင်ပေ။

၃။ ဤကိုယ်ကောင်သည် အူဖြင့်ပြည့်၏၊ အစာသစ်ဖြင့်
ပြည့်၏။ အသည်းဖြင့်ရင်း၊ စည်ပေါင်းအိမ်ဖြင့် ရင်း၊
နှလုံးဖြင့်ရင်း၊ အဆုပ်ဖြင့်ရင်း၊ အညှိုဖြင့်ရင်း၊အဖျဉ်း
ဖြင့်ရင်း ပြည့်နှက်နေ၏။

၄။ နှပ်ဖြင့်ရင်း၊ တံတွေးဖြင့်ရင်း၊ ချွေးဖြင့်ရင်း၊ အဆီခဲ
ဖြင့်ရင်း၊ သွေးဖြင့်ရင်း၊ အစေးဖြင့်ရင်း၊ သည်းခြေ
ဖြင့်ရင်း၊ ဆီကြည်ဖြင့်ရင်း ပြည့်နှက်နေ၏။

၅။ ထိုမှတပါး ထိုခန္ဓာ၏ ကိုးပါးသော ယိုစီးရာအဝ
တို့မှ အညစ်အကြေးအစုံသည် အခါခပ်သိမ်းယိုစီး၏၊
မျက်စေ့ပေါက်မှ မျက်ချေးသည် ယိုစီး၏၊ နားမှ
နားဖာချေးသည် ယိုစီး၏။

၆။ နှာခေါင်းပေါက်မှ နှပ်သည် ယိုစီး၏၊ တရံတခါ
ခံတွင်းပေါက်မှ သည်းခြေ သည်လည်း ပျို့အန်၏၊
သလိပ်သည်လည်း ပျို့အန်၏၊ ကိုယ်မှ ချွေးအညစ်
အကြေးတို့သည်လည်း ယိုစီး၏။

၇။ ထိုမှတပါး ထိုကိုယ်၏ ဦးခေါင်းသည် အပေါက်
အခေါင်းရှိ၏၊ ဦးနှောက်ဖြင့်ပြည့်၏၊ ထိုခန္ဓာကိုယ်
ကို သူမိုက်သည်(အဝိဇ္ဇာ)မသိမှုသည် ဖုံးလွှမ်းသည်
ဖြစ်ရကား- တင့်တယ်၏ဟူ၍အောက်မေ့မှတ်ထင်၏။

၈။ အကြင်အခါ ထိုကိုယ်ခန္ဓာသည် အသက်ဝိညာဏ်ကင်းသဖြင့် သေခြင်းသို့ ရောက်သည်ဖြစ်၍ ဖူးဖူးရောင်၏ ညိုသောအဆင်းဖြစ်၏၊ သုသာန်၌ စွန့်ပစ်အပ်သည်ဖြစ်၍အိပ်ရ၏၊ ထိုအခါ၌ ထိုကိုယ်ကို ဆွေမျိုး မိတ်သင်္ဂဟတို့သည် ငဲ့ကွက်ခြင်း ကင်းကြကုန်၏။

၉။ ထိုကိုယ်ကို အိမ်ခွေးတို့သည်ငှင်း၊ တောခွေးတို့သည်ငှင်း၊ သစ်ကျူတ်တို့သည်ငှင်း၊ ပိုးတို့သည်ငှင်း၊ ကျီးတို့သည်ငှင်း၊ လင်းတတို့သည်ငှင်း ခဲစားကြကုန်၏၊ တပါးကုန်သော အသုတ်အသိုးစားသည့် သတ္တဝါတို့သည်လည်း ခဲစားကုန်၏။

၁၀။ ဤသာသနာတော်၌ ပညာရှိသော ပုဂ္ဂိုလ်သည် မြတ်စွာဘုရား စကားတော်ကို ကြား နာ ရ ၍ ထိုခန္ဓာကိုယ်ကို ဟုတ်မှန်သောအတိုင်း ပိုင်းခြား သိနိုင်၏၊ ရှုမြင်နိုင်၏။

၁၁။ ဤအသက် ဝိညာဏ်ရှိသော အသုဘသည် မသေမီသာ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်းဖြစ်သကဲ့သို့ ထိုအသက် ဝိညာဏ် မရှိတော့သော အသုဘသည်လည်း မသေမီ အခါက သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်းဖြစ်၏၊ ထိုအသုဘအကောင်သည် ယခုအခါ သေပြီးဖြစ်၍ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း မဖြစ်တော့သကဲ့သို့၊ ထို့အတူ ဤအသက် ဝိညာဏ်ရှိနေသော အသုဘသည်လည်း နောင်သေသောအခါ၊သွားခြင်း

ရုပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း မဖြစ်တော့လတ္တံ့။ ဤသို့ မိမိ၏အတွင်း ခန္ဓာကိုယ်၌၎င်း၊ အပြင်ခန္ဓာကိုယ်၌၎င်း တပ်မက်မှု (ဆန္ဒရာဂ)ကို ကင်းကွာစေရာ၏။

၁၂။ ဤသာသနာတော်၌ ပညာရှိသော ပုဂ္ဂိုလ်သည် (ဆန္ဒရာဂ) ဖြင့်တပ်မက်ကင်းသည်ဖြစ်၍ သေခြင်းကင်းကာ ငြိမ်းအေးရာ-တဏှာမှ ထွက်မြောက်ရာ ရွေ့လျောခြင်း မရှိရာ နိဗ္ဗာန်ကိုရနိုင်၏။

၁၃။ အခြေနှစ်ချောင်းရှိသော ဤခန္ဓာကိုယ်သည် မစင်ကြယ်၍ မကောင်းသော အနံ့ရှိသောကြောင့်၊ ပန်းနံ့သာ စသည်တို့ဖြင့် ပြုပြင်ဆောင်ရွက်နေရ၏။ ထိုသို့ဖြစ်ပါလျက် အမျိုးမျိုးသော အပုတ်တို့ဖြင့် ပြည့်သည်ဖြစ်၍ ထိုထိုအပေါက်တို့မှ ယိုစီး၏။

၁၄။ အကြင်သူသည် ဤသို့သဘောရှိသော ကိုယ်ဖြင့် မာနထောင်လွှားခြင်းငှာ ဖြစ်၏။ သူတပါးကိုလည်း မထေမဲ့မြင်ပြုရာ၏။ ထိုသူ၏ မာနထောင်လွှားမှု မထေမဲ့မြင်ပြုမှုသည် အရိယာဖြစ်ကြောင်း အမှန်တရား(သစ္စာ)ကို မမြင်သည်မှ တပါး အဘယ်မှာ အကြောင်းရှိပါအံ့နည်း။

ဤတရား ဒေသနာကိုဟောတော်မူသည့်အဆုံး၌ ရှစ်သောင်းလေးထောင်သော ပရိသာတ်သည် တရားထူး သိမြင်ကြကုန်ပြီး သိရိမာနတ်သမီးသည် အနာဂါမိဖိုလ်သို့ရောက်ပြီး စွဲလန်းသော ရဟန်းသည် သောတာပတ္တိဖိုလ်သို့ရောက်လေသည်။

(ဤကားသုတ္တနိပါတ်ပါဠိတော် ဝိဇယသုတ်- ၃၀၇။ ၎င်း အဋ္ဌကထာ—၂၃၃ ဓမ္မပဒဋ္ဌကထာ-၆၆ တို့ကို လုံး၀ မြန်မာပြန်သည်)။

ယင်းသို့လျှင် မြတ်စွာဘုရားသည် အဆင်းရုပ်ဖြစ်သော ကိုယ်ခန္ဓာ၏ အိုမင်းရင့်ရော်သေဆုံးသည်မှ ပုတ်ပွပြီး အရိုးကျကာ ပျောက်ပျက်သည်အထိ၊ အဆင့်ဆင့်အားဖြင့် အပြစ်ထင်ရှားအောင် ဟောပြတော်မူလျက်- ထိုမကောင်းသော ရွံရှာဖွယ်ရာ အသုဘဖြစ်သည့် တွယ်တာစရာမကောင်းသည့် ဤသည့်အဆင်းရုပ်ခန္ဓာကို အပြစ်ဟူ၍ မြင်ပြီးလျှင်၊ ထိုခန္ဓာမှ လွတ်လိုကျွတ်လို မရလိုသော ထွက်မြောက်လိုသော စိတ်ဖြစ်လာသောအခါ ထွက်မြောက်ရာကို ညွှန်ပြတော်မူပြန်သိရကား—

## အဆင်းရုပ်သွင် ထွက်မြောက်ချင်

(၁၉)

**ပါဠိတော်**

"ကိဥ္စာဘိက္ခဝေ ရူပါနံနိဿရဏံ၊ ယောဘိက္ခဝေ ရူပေသုဆန္ဒရာဂဝိနယော၊ ဆန္ဒရာဂပ္ပဟာနံ၊ ဣဒံရူပါနံ နိဿရဏံ"

**မြန်မာပြန်**

"ရဟန်းတို့ ရုပ်တရားတို့၏ ထွက်မြောက်ရာသည် အဘယ်နည်း၊ ရဟန်းတို့အဆင်း ရုပ်တို့၌ လိုချင်တပ်မက်မှုကို မဖြစ်ရန်ဆုံးမခြင်း, လိုချင်တပ်မက်မှုကို ပယ်ခြင်းသည် အဆင်းရုပ်တို့၏ ထွက်မြောက်ရာပေတည်း"။

**အစိပ္ပါယ်ရှင်းလင်းချက်**

အာရုံငါးပါး ကာမတရားတို့မှ ထွက်မြောက်မှု, အဆင်းရုပ်တို့မှ ထွက်မြောက်မှု, ခံစားမှုတို့မှ ထွက်မြောက်မှု, ထိုသုံးမျိုးတို့၏ ထွက်မြောက်မှု ဟူသမျှသည် ထိုထို ကာမ,ရူပ,ဝေဒနာတို့အပေါ်၌ တပ်မက်မှု ဆန္ဒရာဂ တခုကိုသာ မဖြစ်ပေါ်အောင်ဆုံးမခြင်း၊ ပယ်ခြင်းတခုသာဖြစ်၍ နောက်ဆုံးခံစားမှု(ဝေဒနာ)တို့၏ ထွက်မြောက်ရာ အခဏ်းတွင်မှ အလုပ်သဘောနှင့် တွဲယှဉ်၍ ပြည့်စုံစွာပြအံ့။

◇◇◇◇◇◇◇◇◇◇

## ဟုတ်မှန်သဘော-ပုဟ်ပြန်ပော

(၂၀)

**ပါဠိတော်**

"ယေဟိကေစိဘိက္ခဝေ သမဏာဝါဗြာဟ္မဏာဝါ ဧဝံရူပါနံအဿာဒဉ္စ အဿာဒတော။ပေ။ ယထာပဇ္ဇပန္နောရူပေပရိဇာ နိဿတိတိဌာန မေတံဝိဇ္ဇတိ"

**မြန်မာပြန်**

"ရဟန်းတို့ ရဟန်းဖြစ်စေ ပုဏ္ဏားဖြစ်စေမည်သူမဆို အကြင်ပုဂ္ဂိုလ်သည် အဆင်းရုပ်တို့၏သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာအားဖြင့် ဟုတ်မှန်သောအတိုင်း ခွဲခြား၍ မသိကုန်၊ ထိုသူတို့အား စင်စစ်ကိုယ်တိုင်သော်လည်း အဆင်းရုပ်တို့ကိုပိုင်းခြား၍ သိကြ

လိမ့်မည်၊ သူတပါးကိုသော်လည်း အဆင်းရုပ်တို့ကို ပိုင်းခြား၍ သိကြောင်းအကျင့်တရားတို့ကို ဆောက်တည်စေကြလိမ့်မည်ဟူသော အကြောင်းသည် မရှိနိုင်သည် သာတည်း"။

"ရဟန်းတို့-ရဟန်းဖြစ်စေ ပုဏ္ဏားဖြစ်စေ မည်သူမဆို အကြင် ပုဂ္ဂိုလ်သည် ဤသို့အဆင်း ရုပ်တို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကို လည်း အပြစ်အားဖြင့် ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာ အားဖြင့် ဟုတ်မှန်သောအတိုင်းခွဲခြား၍ သိကုန်၏။ ထိုသူတို့အား စင်စစ်ကိုယ်တိုင်သော်လည်း အဆင်းရုပ်တို့ကို ပိုင်းခြား၍ သိကြလိမ့်မည်၊ သူတပါးကိုသော်လည်း အဆင်းရုပ်တို့ကိုပိုင်းခြား၍ သိကြောင်း အကျင့်တရားတို့ကို ဆောက်တည်စေကြလိမ့်မည် ဟူသောအကြောင်းသည်ရှိသည်သာတည်း"

## အဓိပ္ပါယ်ရှင်းလင်းချက်

ကာမတရားတို့ကို သာယာဖွယ်ဟူ၍ အပြစ်ဟူ၍ထွက်မြောက်ရာဟူ၍ သူ့ကိစ္စနှင့်သူပိုင်းခြား၍ သိသူလည်းမဟုတ်- သူတပါးတို့အားလည်း ပိုင်းခြားသိအောင် ဆောက်တည်စေကာ ညွှန်ပြနိုင်သူလည်း မဟုတ်သောသူတို့၏ ပြောဆိုမှု ပညတ်သည်ဟု ကြေညာမှုသည်၊ ၎င်းတို့၏ အရာမဟုတ်သည်၌ သက်သက်ရောယောင် လိုက်ခြင်းသာ ဖြစ်သကဲ့သို့၊ ဤအဆင်းရုပ်တို့၌လည်း အဆင်းရုပ်တို့၏ သာယာဖွယ်ကို အပြစ်ကို ထွက်မြောက်ရာကို မလေ့လာ မသိရှိကြပါဘဲလျက်၊ မိမိတို့ကိုယ်တိုင် အဆင်းရုပ်တို့ကို

ပိုင်းခြား၍ သိသယောင်-သူတပါးတို့ကို ပြောကြားရာ၌လည်း မိမိတို့ကိုယ်တိုင်သိ၍ ညွှန်ပြသယောင်ပြုလုပ် ပြောဆိုနေသော်လည်း သူတို့၏အရာမဟုတ်ပုံကို ဟောပြသဖြင့်လည်း ဤအဆင်းရုပ်တို့၏ သာယာဖွယ်ကိုအပြစ်ကို ထွက်မြောက်ရာကို ကိုယ်တိုင်ကိုယ်ကျ သိမြင်အောင်ရှာဖွေအားထုတ်ခဲ့သဖြင့် ကိုယ်တိုင်ပိုင်နိုင်စွာ သိထားကြသော မြတ်စွာဘုရားနှင့် အရိယာသာဝကတို့၏ ဉာဏ်ဖြင့် သိမြင်မှုမျက်မှောက်ပြုနိုင်မှုသည် ပိုမို၍ ထင်ရှားလာလေသည်။

---

## ခံစားမှုဝယ်-သာယာဖွယ်

(၂၁)

**ပါဠိတော်**

"ကောစဘိက္ခဝေ ဝေဒနာနံ အဿာဒေါ၊
ဣဓဘိက္ခဝေ ဘိက္ခုဝိဝိစ္စေဝ ကာမေဟိ။ လ။
အဗျာပဇ္ဈပရမာဟံ ဘိက္ခဝေ ဝေဒနာနံ
အဿာဒံဝဒါမိ"

**မြန်မာပြန်**

"ရဟန်းတို့ခံစားမှုတို့၏ သာယာဖွယ်သည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်း၍သာလျှင် ကြံစည်ခြင်းနှင့်တကွ ဖြစ်သောသုံးသပ်ခြင်းနှင့်တကွ ဖြစ်သော ပိတ်ဆို့တတ်သော တရားတို့၏

ကင်းခြင်းကြောင့်ဖြစ်သော နှစ်သက်ခြင်း၊ ချမ်းသာခြင်း ရှိသော ပဌမဈာန်သို့ရောက်၍ နေ၏။ ထိုပဌမဈာန်သို့ ရောက်၍ နေသောအခါ မိမိဆင်းရဲရန်လည်း မစေ့ဆော် သူတပါးဆင်းရဲရန်လည်း မစေ့ဆော်၊ မိမိသူတပါးနှစ်ဦး ဆင်းရဲရန်လည်းမစေ့ဆော် ထိုအခါ၌ ဆင်းရဲမရှိသော ခံစားမှုကိုသာလျှင် ခံစား၏၊ ရဟန်းတို့ ဤခံစားမှုတို့၏ သာယာဖွယ်ကား ဆင်းရဲမရှိခြင်းမျှသာလျှင် ဖြစ်၏ ဟု ငါဆို၏။

ရဟန်းတို့ ထို့ပြင်လည်း၊ ဒုတိယဈာန် တတိယဈာန် စတုတ္ထ ဈာန် သို့ ရောက်နေသော အခါ မိမိဆင်းရဲ ရန်လည်း မစေ့ဆော်၊ သူတပါးဆင်းရဲရန်လည်း မစေ့ ဆော် မိမိသူတပါး နှစ်ဦးဆင်းရဲရန်လည်း မစေ့ဆော် ထိုအခါ၌ဆင်းရဲမရှိသော ခံစားမှုကိုသာလျှင် ခံစား၏၊ ရဟန်းတို့ ဤခံစားမှုတို့၏ သာယာဖွယ်ကား ဆင်းရဲမရှိ ခြင်းမျှသာဖြစ်၏ဟု ငါဆို၏။"

## အဓိပ္ပါယ်ရှင်းလင်းချက်

ရှေးဦးစွာ ဝေဒနာဟူသော စကားကို ရှင်းလင်း သိထား ရန်လိုသေးသည်၊ "ဝေဒနာဝေဒနာ" ဟူ၍ ပြောဆို နေကြသော စကားသည် ပါဠိ ဘာသာကို မြန်မာ ဘာသာ စကားဟု ထင်မှတ်၍ ရောနှော ပြောဆိုနေကြလေသည် သုံးနှုန်းပြောဆို ရာတွင် နားလည်သလိုလိုရှိသော်လည်း တကယ်အဓိပ္ပါယ်ကောက် ယူရာ၌ရင်း၊ သတိပဋ္ဌာန်တရားအလုပ် အားထုတ်ရာ၌ရင်း ယောင် မှားမှုဖြစ်ကြလေသည်။

အများအားဖြင့် "ဝေဒနာခံစားသည်" ဆိုသောစကား၌ "ဆင်းရဲ" တွေ့နေရသည်ကိုသာ မှတ်ယူထားကြလေရာ (ဝေဒနာ နုပဿနာ) သတိပဋ္ဌာန်အလုပ်တွင် "ခံစားမှုတို့၏ သဘောကို ရှုနေ သိနေရမည့်အစား" ဆင်းရဲတခုခု တွေ့နေမှ "ဝေဒနာ နုပဿနာ"ဟု ထင်၍ ထိုဒုက္ခကိုပင် ရှာဖွေရှုနေသူတို့ များလှလေ သည်။

ဝေဒနာဟူသည် ပါဠိစကားဖြစ်၍"ခံစားခြင်း, ခံစားမှု"ဟု အဓိပ္ပါယ်ထွက်ရှိသော မြန်မာစကားဖြစ်လေသည်၊ မိမိတို့မြန်မာ ဘာသာအရ "ခံစားမှု,ခံစားသည်ကို သိမှု" ပင်ဖြစ်သည်၊ မိမိ နားမလည်သော မိမိဘာသာမဟုတ်သည့်အမှတ်မျိုး အသိမျိုးဖြင့် ဉာဏ်ဖြစ်ရန်ခဲယဉ်းလှသည်၊ မိမိနားလည်သော ဘာသာစကား၌ ပင်လျှင် ပညတ်မဖြစ်သော ပရမတ်ကိုသိစေရန် အတော်ပင် ရှင်းလင်းနေရရာ-ပါဠိဘာသာရောသော "ရုပ်"ဟူ၍ရှင်း "ဝေ ဒနာ"ဟူ၍ရှင်း ရှုနေမှတ်နေသော ယောဂီတို့မှာ မိမိတို့သည် မည်သို့သဘောပေါက်၍ မည်မျှနားလည်သည်ကိုကား ကျွန်ုပ်တို့ မသိပေ။

မည်သို့ဆိုစေ-ဤဝေဒနာကိစ္စ ဤမျှ ရှင်းနေ၍လည်း ရမည် မဟုတ်သည့်အပြင်၊ ကျွန်ုပ်တို့၏ အဓိကထားသော ကိစ္စလည်း မဟုတ်သဖြင့် လစ်လျူရှုချပေမည်။ မြတ်စွာဘုရား၏ အလိုသော် ခံစားမှု၏ သာယာဖွယ်ကို ဟောနေသဖြင့် ထို"ဝေဒနာ"ဟူသော ခံစားမှု၌ အဘယ်သည် သာယာဖွယ်နည်း ဟူမူ၊ ပဌမဈာန် ရအောင် အားထုတ်သော ပုဂ္ဂိုလ်သည် ကာမဂုဏ်တို့ကိုခွါ၍၊ ကာယ,ဝစီ,မနော, အကုသိုလ်တို့ ကင်းဆိတ်၍ (ဝိတက်၊ဝိစာရ

ပီတိ၊သုခ)ဟူသော ကြံစည်ခြင်း၊ သုံးသပ်ခြင်း၊ နှစ်သက်ခြင်း၊ ချမ်းသာခြင်း ရှိသော ပဌမစျာန်သို့ ရောက်နေ သောအခါ၊ ထိုအခိုက် စျာနယောဂီသည် မိမိ ဆင်းရဲဖြစ်ရန်လည်းမစေ့ဆော် သူတပါးဆင်းရဲဖြစ်ရန်လည်း မစေ့ဆော်၊ မိမိသူတပါးနှစ်ဦးစလုံး ဆင်းရဲဖြစ်ရန်လည်း မစေ့ဆော်သဖြင့် ထိုအခါတွင် ဆင်းရဲမှု မရှိသော ခံစားခြင်းဖြစ်နေ၏၊ ခံစားခြင်း၏ သာယာဖွယ်, နှစ်သက်ဖွယ်ဟူသည် ထိုစျာန်ရသော ပုဂ္ဂိုလ်၏ ထိုအခိုက် ဆင်းရဲမရှိခြင်း သည်သာလျှင် ဖြစ်၏ဟု ဘုရားဟောသည်၊ လုံးလုံး ဆင်းရဲချုပ်သွားသည်ကား မဟုတ်ပေ။

ဒုတိယစျာန်မှာ ကြံစည်ခြင်း၊သုံးသပ်ခြင်း(ဝိတက်-ဝိစာရ)တို့ ချုပ်ခြင်းကြောင့် မိမိ၏ ကိုယ်ကို့စိတ်ကိုကြည်လင်စေတတ်သော စိတ်၏ဘည်ကြည်ခြင်း(သမာဓိ)ရသည်ဖြစ်၍၊ ထိုသမာဓိကြောင့် ဖြစ်သော နှစ်သက်ခြင်း ချမ်းသာခြင်း ရှိနေသောအခါ၊ ဒုတိယ စျာန်သို့ ရောက်၏။

တတိယစျာန်မှာ ဒုတိယစျာန်မှ ရရှိနေသော နှစ်သက်ခြင်း ကိုသည်း မစွဲမက်ခြင်းကြောင့် ဂရုစိုက်မှုနှင့် ပြည့်စုံသည်ဖြစ်၍၊ ဆင်ခြင်ဉာဏ်ရှိလျက် ချမ်းသာခြင်းကိုသာ ကိုယ်နှင့် ခံစား၏၊ အရိယာပုဂ္ဂိုလ်တို့သည် အကြင် တတိယစျာန်ကြောင့် ထိုသူကို 'လျစ်လျူရှုသူ၊ သတိရှိသူ၊ ချမ်းသာစွာနေလေ့ရှိသူ'ဟု ပြောကြား ကုန်၏၊ သို့ဖြင့် နှစ်သက်ခြင်းကို မစွဲမက် ခွါထွက်၍ နေသော အားဖြင့် တတိယစျာန်သို့ ရောက်၏။

စတုတ္ထစျာန်မှာ ချမ်းသာခြင်း၊ ဆင်းရဲခြင်း နှစ်မျိုးကို ပယ် ခြင်းကြောင့် ရှေးမဆွကပင်လျှင် ဝမ်းသာခြင်း သောမနဿ၊နှလုံး မသာယာခြင်း ဒေါမနဿတို့၏ ချုပ်ခြင်းကြောင့် ဆင်းရဲသည်း

မဟုတ်၊ ချမ်းသာလည်းမဟုတ်သော လစ်လျူရှုမှုကြောင့် ဖြစ်သော စင်ကြယ်သော သတိရှိသော စတုတ္ထစျာန်သို့ ရောက်၍နေသောအခါ၊ မိမိဆင်းရဲရန်လည်း မစေ့ဆော်၊ သူတပါး ဆင်းရဲရန်လည်း မစေ့ဆော်၊ မိမိသူတပါး နှစ်ဦးစလုံး ဆင်းရဲရန်လည်း မစေ့ဆော်၊ ထိုအခါ၌ ဆင်းရဲမရှိသော ခံစားမှုသာလျှင်ဖြစ်၏၊ ခံစားမှုတို့၏ သာယာဖွယ်ကား အလွန်ဆုံး ဆင်းရဲမရှိခြင်းမျှသာ ဖြစ်၏ဟု ဘုရားဟောပေသည်၊ ဆင်းရဲ လုံး၀ ချုပ်ဆုံးကွယ်ပျောက်သည်ကား မဟုတ်ပေ။

"ပုဏ္ဏသာတိ-ချမ်းသာ၏"စတုတ္ထစျာန်သို့ရောက်၍နေသော ချမ်းသာသည်၊ ခန္ဓာကိုယ်၏ ပင်ပန်းနွမ်းနယ်မှုကို ပယ်ဖျောက်နိုင်၏၊ခွါနိုင်၏၊ရာဇဂြိုဟ်ပြည်၊ဗိမ္ဗိသာရမင်းသည်တက္ကသိုလ်ပြည် ပုက္ကုသာတိ မင်းနှင့် (အဒိဋ္ဌသဟာယ) မမြင် ဖူး သော မိတ်ဆွေတို့ဖြစ်ကြ၏၊ တဦးနှင့်တဦး ကုန်သည်တို့၏ ဆက်သွယ်မှုကြောင့် လက်ဆောင်ပဏ္ဏာများ လဲလှယ်ကြ၍ အလွန်ပင်ရင်းနှီးလေသည်။

တခါသော်-ပုက္ကုသာတိမင်းသည် အဆင်းငါးပါးနှင့်ပြည့်စုံသော အဖိုးမဖြတ်နိုင်လောက်သော ကမ္ဗလာရှစ်ထည်ကိုရသဖြင့် မိတ်ဆွေ ဗိမ္ဗိသာရမင်းကို သတိရကာ ရွှေကြုတ်တွင် ထည့်၍ ပို့လွှတ်လိုက်လေသည်၊ ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းထံရောက်၍ ဖွင့်ကြည့်သောအခါ၊ အလွန်တန်ဖိုးရှိ၍ လှပခြင်းမျိုးစုံ, နူးညံ့ခြင်းမျိုးစုံနှင့် ပြည့်စုံသော ကမ္ဗလာတို့မှာ အလွန် ကောင်းမွန်လှသဖြင့် မိမိအတွက် ၄ ထည်၊ မြတ်စွာဘုရားသို့ ၄ ထည် လှူဒါန်းလေသည်။

ဗိမ္ဗိသာရမင်းသည်၊ ဤမျှကောင်းမွန်၍ အဖိုးတန်လှသော လက်ဆောင်ပဏ္ဏာ ပေးပို့ရရှိသဖြင့် စဉ်းစားသည်ကား၊ "လက်ဆောင်ပြန်ပေးရန် ငါတို့ တိုင်းပြည်တွင် ဤပစ္စည်းထက်ကောင်းသော ပစ္စည်းမရှိချေ၊ ဤပစ္စည်းထက်ညံ့သော ပစ္စည်း ပေးပို့ရန်လည်း မသင့်တော်၊ သို့အတွက် အဘယ်ပစ္စည်းသည် အမွန်အမြတ် ဖြစ်သည်ကို စဉ်းစားသောအခါ၊ ဤလူ့ပြည်၊ နတ်ပြည် နဂါး ဂဠုန်စသည့် ပြည်တို့၌ မွန်မြတ်သော အဖိုးတန်သော ရတနာအမျိုးမျိုး ရှိကြသော်လည်း၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာကို မမှီနိုင်၊ မတုနိုင်၊ မယှဉ်နိုင်ဖြစ်၍ ရတနာသုံးပါး သည်သာလျှင် အမွန်မြတ်ဆုံး၊ အကောင်းဆုံး လက်ဆောင် ပဏ္ဏာဖြစ်သည်"ဟု ရွှင် လန်း ဝမ်း မြောက် စွာ တက္ကသိုလ်ပြည်မှ ကုန်သည်တို့အား "တက္ကသိုလ်ပြည်တွင် ရတနာသုံးပါး ရှိ-မရှိ" မေးရာ၊ "အသံပင် မကြားဖူးကြောင်း၊ ဖူးမြင်ရမှုသည် အဘယ်မှာ ရပါမည်လဲ"ဟု လျှောက်ကြ သောကြောင့် ဗိမ္ဗိသာရမင်းကြီးသည် ရွှေပြားတို့ကို ခပ်စေ၍—

"ယံကိဉ္စိဝိတ္တံ - အစရှိသော ဘုရားရတနာကိုဍင်း၊
ယံဗုဒ္ဓသေဋ္ဌာ - အစရှိသော တရားရတနာကိုဍင်း၊
ယေပုဂ္ဂလာ - အစရှိသော သံဃာရတနာကိုဍင်း၊"

ရေး၍၊ အထူးသဖြင့် အာနာပါန ကမ္မဋ္ဌာန်း အစီအရင်ကို အားထုတ်ပုံ နည်းနိသျှနှင့်တကွ ရွှေပြားတွင် ညွှန်ကြား၍ ပေးပို့အပ်သော အကြောင်းကြား သဝဏ်လွှာတွင်....

"ဘဂဝတော သာသနံ သွာက္ခာတံ နိယျာနိကံ၊
သစေ မယှံ သဟာယော သက္ကောတိ၊
နိက္ခမိတွာ ပဗ္ဗဇတု"

(ဥပရိပဏ္ဏာသ ဋ္ဌကထာ-၁၉၉)။

"ဘဂဝတော၊ မြတ်စွာဘုရား၏။ သွာက္ခာတံ၊ ကောင်းစွာ ဟောတော်မူအပ်သော။ သာသနံ၊ အဆုံးအမ သာသနာတော်သည်။ နိယျာနိကံ၊ ဝဋ္ဋမှ ထွက်မြောက်ရာ ဖြစ်၏။ မယှံ၊ အကျွန်ုပ်၏။ သဟာယော၊ မိတ်ဆွေ ပုက္ကုသာတိသည်။ သစေသက္ကောတိ၊ အကယ်၍ဖြစ်နိုင် ခဲ့သည်ရှိသော်။ နိက္ခမိတွာ၊ အိမ်ရာထောင်သော လူ့ဘောင်မှထွက်၍။ ပဗ္ဗဇတု၊ ရဟန်းပြုတော်မူနိုင်ပါစေ"

ဟု အထူး သဝဏ်လွှာပါးပြီး ပို့လွှတ်သည်၊ အကျဉ်းချုံး၍ ဆိုရသော်၊ ပုက္ကုသာတိ တက္ကသိုလ် မင်းသည် နန်းတော်၏ အထက်ဆုံးအထပ်တွင် ဥပုသ်စောင့်သုံး၍၊ ရသေ့ဝတ်လျက် အာနာပါန အစီအရင်အတိုင်း အားထုတ်လေရာ၊ စတုတ္ထစျာန် ကိုရလေသည် ဗိမ္ဗိသာရမင်း၏ "တောထွက် ရဟန်းပြုရန်" တိုက်တွန်းချက်အတိုင်း၊ မြတ်စွာဘုရားကို ရည်ရွယ်၍ ရဟန်းဝတ် ကာ၊ ယူဇနာတရာရှိသော တိုင်းပြည်ကိုစွန့်လျက်၊ ရသေ့အသွင် ဖြင့် မြတ်စွာဘုရား ရှိတော်မူရာ သာဝတ္ထိပြည်ဖက်သို့ မှန်း၍ ထွက်လာလေရာ၊ တိုင်းသူပြည်သားတို့က သိရှိ၍ အတင်းတား သော်လည်း မနေဘဲ၊ မြတ်စွာဘုရားကို လေးစား ရိုသေသော အားဖြင့် ဘိနပ်မစီး ထီးမဆောင်းဘဲ၊ တောလမ်း ခရီးကြမ်းသို့ အပြင်းလာခဲ့လေသည်။ လမ်းတွင် လှည်းကုန်သည်တို့နှင့်တွေ့၍

လှည်းများနောက်မှ လိုက် လေ သည်။ ညအိပ် သောအခါ လမ်းဘေး သစ်ပင်အောက်တွင် ထိုင်လျက်....

"နိသိန္နဌာနေ ပါဒပရိကမ္မံ ဝါ ပိဋ္ဌိပရိကမ္မံ ဝါ ကတ္တာနာမ နတ္ထိ၊ ကုလပုတ္တော အာနာပါန စတုတ္ထ ဈာနံ သမာပဇ္ဇိတွာ မဂ္ဂဒရထကိလမထပရိဠာဟံ ဝိက္ခမ္ဘေတွာ ဝိတိနာမေတိ"

(ဥပရိပဏ္ဏာသ ဋ္ဌကထာ-၂၀၃)။

"ကုလပုတ္တော၊ ပုက္ကုသာတိ အမျိုး ကောင်း သား သည်။ နိသိန္နဌာနေ၊ နားနေရာအရပ်၌။ ပါဒပရိကမ္မံ ဝါ၊ ခြေဆန့်ခြင်းအမှုကိုသော်၎င်း။ ပိဋ္ဌိပရိကမ္မံ ဝါ၊ ကျော ဆန့်ခြင်း အမှုကိုသော်၎င်း။ ကတ္တာနာမ၊ ပြုလုပ်ခြင်း မည်သည်။ နတ္ထိ၊ မရှိချေ။ ကုလပုတ္တော၊ ပုက္ကုသာတိ အမျိုးကောင်း သားသည်။ အာနာပါနစတုတ္ထဈာနံ၊ အာနာပါန စတုတ္ထဈာန်ကို။ သမာပဇ္ဇိတွာ၊ ဝင်စား၍။ မဂ္ဂဒရထ ကိလမထပရိဠာဟံ၊ ခရီးပမ်းခြင်း, ကိုယ်လက် ပူလောင်နှိပ်စက်ခြင်းကို။ ဝိက္ခမ္ဘေတွာ၊ ဖယ်ခွါခြင်းဖြင့်။ ဝိတိနာမေတိ၊ အချိန်ကို ကုန်လွန်စေ၏"

ဤသည်လျှင်၊အာနာပါနဖြင့် စတုတ္ထဈာန်ကိုရသားပြီးသော ပုက္ကုသာတိ အမျိုးကောင်း သားသည် ခရီးကြမ်းသွားလာ ရသဖြင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်လက် ကိုက်ခဲပူဆာခြင်း စသော ကိုယ်ဆင်းရဲ ပင်ပန်းခြင်းတို့ကို ဈာန်ဝင်စားခြင်းဖြင့် သက်သာရာကို ရစေလေသည်၊ ထိုဈာန်ချမ်းသာ သည်ပင်လျှင်၊ ခံစားမှုတို့၏ သာယာဖွယ်တည်းဟု ဟောသည်။

"ဘုရားနှင့်အရှင်မောဂ္ဂလာန်" မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုကာနီး၌၊ ဝေဠုဝရွာသို့ ကြွတော်မူ၍ ထိုရွာ၌ပင် ဝါကပ်တော်မူသည်၊ ထိုအခါတွင် မြတ်စွာဘုရားအား ကြမ်းထန်းသော သေခြင်းသို့ နီးကပ်သော အနာရောဂါသည် ဖြစ်ပေါ်၍လာ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရောဂါဝေဒနာ ပြင်းထန်သည်ကို ဂရုမစိုက်ဘဲ သည်းခံတော်မူ၏၊ ထိုအခါတွင် "ငါသည် အလုပ်အကျွေးတို့ကို မသိစေမူ၍၊ ရဟန်းသံဃာတို့ကို မပန်ကြားဘဲ ပရိနိဗ္ဗာန် ပြုခြင်းသည် မသင့်မတော်ချေ၊ ဤရောဂါကို ဘာဝနာ ဝီရိယဖြင့် ပယ်ခွါ၍ နေရမူ ကောင်းလေစွ" ဟု အကြံဖြစ်တော်မူ၏။ ထိုနောက် မြတ်စွာ ဘုရားသည် ဘာဝနာ ဝီရိယဖြင့် ရောဂါဝေဒနာကို ငြိမ်းစေလျက်၊ အနာရောဂါမှ ထမြောက်၍ မကြာမီ ကျောင်းမှ ထွက်တော် မူလာပြီးလျှင် ကျောင်း၏ အရိပ်ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူ၏။

အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ အနာ ရောဂါမှထမြောက်၍ကျန်းမာတော်မူလာသည်ကိုမြင်၍ အလွန်ဝမ်းမြောက်စွာဖြင့် စိတ်သက်သာရာ ရကြောင်း စသည်တို့ကို လျှောက်လေသည်။

မြတ်စွာဘုရားက...."အာနန္ဒာ-ယခုအခါ ငါသည် ကြီးရင့်အိုမင်းလှပြီ၊ အရွယ်လွန်လေပြီ၊ အဆုံးပိုင်းသို့ ရောက်နေပြီ၊ ငါသည် အသက်ရှစ်ဆယ်ရှိပြီ ..."

"သေယျထာပိ အာနန္ဒ ဇဇ္ဇရသကဋံ ဝေဠမိဿကေန ယာပေတိ၊ ဧဝမေဝ ခေါ အာနန္ဒ-ဝေဠမိဿကေန မညေ တထာဂတဿ ကာယော ယာပေတိ၊ ယသ္မိံ အာနန္ဒ သမယေ တထာဂတော သဗ္ဗနိမိတ္တာနံ အမနသိကာရာ

ဧကစ္စာနံ ဝေဒနာနံ နိရောဓာ အနိမိတ္တံ စေတော သမာဓိံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ဖါသုတရော အာနန္ဒ တသ္မိံ သမယေ တထာဂတဿကာယော ဟောတိ”

(မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်–၇၅)။

“အာနန္ဒာ၊ ပျက်စီးချွတ်ယွင်းနေသော လှည်းအိုကြီးသည် နွယ်ကြိမ်တို့ဖြင့် ဖွဲ့စည်း၊ တုပ်နှောင်ခြင်းဖြင့် ခိုင်သည်ဟု ထင်ရသကဲ့သို့၊ ဤအတူပင် ငါဘုရား၏ ပျက်စီးလျက်ရှိသော ခန္ဓာကိုယ်ကို (ဈာန်စသော) နွယ်ကြိမ်တို့ဖြင့် ဖွဲ့စည်းတုပ်နှောင်ကာ သမာပတ်ဖြင့် ခိုင်ခံ့သကဲ့သို့ ဖြစ်၏၊အာနန္ဒာ–အကြင်အခါ မြတ်စွာဘုရားသည်အလုံးစုံသော အာရုံနိမိတ်တို့ကို နှလုံးမသွင်းခြင်းကြောင့်၎င်း၊ အချို့သော ဝေဒနာတို့၏ ချုပ်ခြင်း ကြောင့်၎င်း၊ သင်္ခါရနိမိတ်ကို အာရုံမပြုသော သမာဓိသို့ ရောက်နေ၏၊ အာနန္ဒာ–မြတ်စွာဘုရား၏ ခန္ဓာကိုယ်သည် ထိုအခါ၌ သာလွန်၍ ချမ်းသာပေ၏”

မြတ်စွာဘုရား၏ ဖလသမာပတ်စသည် ဝင်စားရာတွင် ဈာန်အခြေခံ၍ ဝင်စား၏၊ထိုဈာန်သည်စတုတ္ထဈာန်သို့ရောက်သည်နှင့် “သုခဿစ ပဟာနာယ, ဒုက္ခဿစ ပဟာနာယ” ဆိုသောအတိုင်း ချမ်းသာခံစားမှု၊ ဆင်းရဲခံစားမှု တို့ကို လစ်လျူရှု၍ ဥပေက္ခာဖြစ်လာလေသည်။ ထိုအချိန်တွင် ရောဂါအနာအပေါ်၌ ခံစားသော ဝေဒနာဒုက္ခတို့ ကွာလေသည်၊ ထိုအခါ မြတ်စွာဘုရားသည်လည်း ချမ်းသာသည်၊ ဖူးမြင်ရသော အရှင်အာနန္ဒာလည်း

ဝမ်းသာသည်၊ ဤသည်လျှင် ခံစားမှု (ဝေဒနာ)တို့၏ သာယာဖွယ်ပင်။

ထို့အတူ အရှင်မဟာမောဂ္ဂလ္လာန်သည်လည်း လူသတ်သမားတို့၏ လက်ချက်ဖြင့် အရိုးတို့သည် ဆန်ကျိုးဆန်ကွဲမျှ မှုန့်မှုန့်ညက်ညက်ကျေအောင် အရိုက်ခံရ၍ လူဆိုးတို့က သေပြီဟုဆိုကာ ချုံတခုတွင် ပစ်ထားခဲ့လေသည်။

မထေရ်သည် "ငါကား မြတ်စွာဘုရားကို ဖူးမြင်ပြီးမှ ပရိနိဗ္ဗာန်ပြုအံ့"ဟု ကြံပြီးလျှင်....

"အတ္တဘာဝံ ဈာန ဝေဌနေန ဝေဌေတွာ ထိရံကတွာ အာကာသေန သတ္ထုသန္တိကံ ဂန္တွာ"

(ဓမ္မပဒ ဌကထာ–၄၂)၊

"ထေရော၊ အရှင် မောဂ္ဂလာန် မထေရ်သည်။ အတ္တဘာဝံ၊ ဖရိုဖရဲ ပြိုကွဲကျေမွ လျက်ရှိသော မိမိ၏ကိုယ်ကို။ ဈာနဝေဌနေန၊ ဈာန်ကြိုးဖြင့် ရစ်ပတ် ဖွဲ့ချည်ခြင်းဖြင့်။ ဝေဌေတွာ၊ ရစ်ပတ်တုပ်နှောင်၍။ ထိရံကတွာ၊ တောင့်တင်းခိုင်မာအောင်ပြု၍၊ အာကာသေန၊ ကောင်းကင်ခရီးဖြင့်။ သတ္ထုသန္တိကံ၊ မြတ်စွာဘုရား၏ အထံတော်သို့။ ဂန္တွာ၊ ကြွသွား၍"

အရှင်မဟာမောဂ္ဂလာန်မှာ ရှေးကဝိပါက်ကြောင့်လူဆိုးတို့၏ ရိုက်နှက်ခြင်းခံရသော်လည်း ဈာန်၏ ကျေးဇူးကြောင့် မြတ်စွာဘုရားထံ နောက်ဆုံး ဖူးမြော်ခွင့် တောင်းခွင့် ရလေသည်ကား ဈာန်ခံစားမှု၏ သာယာဖွယ်ပင်တည်း။

"တံကျင်လျှိုခံရသောသူခိုး" အရှင်မဟာကဿပ၏ဘပည့်ရဟန်းတပါးအားစျာန်တရားကိုအားထုတ်စေရာ၊စတုတ္ထစျာန်ကိုရလေသည်၊တနေ့သောအခါ ဆွမ်းခံသွားရာ ၎င်း၏ဦးရီးတော်သူ ရွှေပန်းတိမ်အိမ်၌ အမျိုးသမီး တယောက်အား တပ်မက်သော စိတ်ကြောင့် စျာန်ပျက်ပြားလျက်၊ လူထွက်ပြီးလျှင် ၎င်းအိမ်၌ နေလေသည်၊ သူသည် အလုပ်အကိုင်မလုပ်လိုဘဲ ပျင်းရိမှုကြောင့် နေအိမ်မှ နှင်ထုတ်ရာတွင် ခိုကိုးရာမဲ့လျက် မကောင်းသော သူတို့နှင့် ပေါင်းမိလေရကား....ခိုးသူဖြစ်လျက် အသက်မွေးလေသည်။

တနေ့တွင် မင်း၏အာဏာသားတို့ကဖမ်းမိ၍ မင်းထံ ပြသော အခါ၊ ခိုးသူအား သုသာန်သို့ ထုတ်၍ သတ်ရန် အမိန့်ချသောကြောင့် လက်ပြန်ကြိုးတုပ်၍ ဆွဲသွားကြပြီးလျှင် လမ်းလေးခွသို့ရောက်တိုင်း ကြိမ်ဖြင့် ရိုက်ကြလေသည်၊ ထိုအချိန်တွင် အရှင်မဟာကဿပ မထေရ်ကြီးလည်း ဆွမ်းခံဝင်ရာမှ မြို့တံခါးမှ သုသာန်သို့ ထုတ်ယူလာသော ခိုးသူကိုမြင်၍ မှတ်မိလေရကား–

"တယာ၊ သင်သည်။ ပုဗ္ဗေ၊ ရှေးအခါက၊ ပရိစိတ ကမ္မဋ္ဌာနံ၊ လေ့ကျင့် လာခဲ့သော ကမ္မဋ္ဌာန်းကို။ ပုန၊ တဖန်။ အာဝဇ္ဇေဟိ၊ နှလုံးသွင်း ဆင်ခြင်လော့"

ဟု သတိပေးသောအခါ၊ သတိရသဖြင့် လမ်းတွင်အားထုတ်လေရာ....

"စတုတ္ထစျာနံ နိဗ္ဗတ္တေသိ"

"စတုတ္ထစျာန်ကို ရလေသည်"

ထိုစျာန်ကို ရပြီးနောက်၊ သုသာန်တွင် တံကျင်လျှို၊ လက်ဝါးကပ်စင် တင်သော်လည်း၊ သူသည် မကြောက်မလန့်, မနာမကျင်သဖြင့် အရပ်ရပ်မှ လာကြည့်သူအပေါင်း အံ့သြ ကြရလေသတ်၊ လက်နက်အမျိုးမျိုးဖြင့် ထိုးခုတ်ကြသော်လည်း မထိခိုက်သောကြောင့် ဘုရင့်ထံပြန်၍ ပြကြရာတွင် ဘုရင်လည်းဘုရားထံခေါ်သွား၍ အကျိုး အကြောင်း၊ လျှောက်ပြ သောအခါ၊ မြတ်စွာဘုရားက....

"ယောနိဗ္ဗနထော ဝနာဓိမုတ္တော"

အစရှိသော ဒေသနာတော်ကို ဟောသည်။

ခိုးသူလည်း....

"ဥဒယဗ္ဗယံ ပဋ္ဌပေတွာ တိလက္ခဏံ အာရောပေတွာ သင်္ခါရေ သမ္မသန္တော သောတပတ္တိဖလံပတွာ"

(ဓမ္မပဒ ဌကထာ-၃၃၆)။

"ဥဒယဗ္ဗယံ၊ ရုပ်နာမ်တို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို။ ပဋ္ဌပေတွာ၊ ဆောက်တည်၍။ တိလက္ခဏံ မမြဲ ဆင်းရဲ, ငါမဟုတ်သော လက္ခဏာသုံးပါးကို။ အာရောပေတွာ၊ တင်၍။ သင်္ခါရေ၊ ရုပ်နာမ်နှစ်ပါး သင်္ခါရ တရားတို့ကို။ သမ္မသန္တော၊ ကောင်းစွာ ရှုမှတ်သည်ဖြစ်၍။ သောတာပတ္တိဖလံ၊ သောတာပန်အဖြစ်သို့။ ပတွာ၊ ရောက်၍"

ဤခိုးသူမှာ ထိုစျာန်သာမရပါက၊ ထောက်ရာတည်ရာမရှိဘဲ၊ သေမည်မုချပင်၊ ထိုစျာန်ကို ပြန်ရလေသောကြောင့် ဆင်းရဲကို ခွါနိုင်သောစတုတ္ထစျာန်ကြောင့် တံကျင် လျှိုထားသည်ကိုလည်း

မသိ၊ ထိုးခုတ်မှုကိုလည်း မထိမရှသဖြင့် သူမနာ၊ ကြောက်ရွံ့ထိပ်လန့်ခြင်းလည်း မရှိသဖြင့် မသေရသည့်အပြင်၊ ဘုရားထံတွင် တရားနာရ, အားထုတ်ရသဖြင့် သောတာပန် ဖြစ်ပြီးနောက်၊ ရဟန္တာပင် ဖြစ်သွား လေရကား၊ ချမ်းခံစားရမှု ဝေဒနာ၏ သာယာဖွယ်ကား ဤသို့ပင်။

"**မဟာသုဒဿနစကြာမင်း၏ဈာန်ချမ်းသာ**" မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုရာ ဖြစ်သော ကုသိနာရုံ မြို့သည် ငါ အလောင်းတော် မဟာသုဒဿန စကြာဝတေးမင်း ဖြစ်စဉ်က၊ ကုသာဝတီ နေပြည်တော် ဖြစ်ခဲ့ဖူးကြောင်း စသဖြင့် မဟာသုဒဿနသုတ်ကို ဟောလျက်....

အာနန္ဒာ-ထိုနောက် မဟာသုဒဿနမင်းသည် ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊စတုတ္ထဈာန်သို့ ရောက်ရှိနေကြောင်း အကျယ်တဝင့် ဟောတော်မူသည်။ စကြာမင်းသည်လည်း ဈာန်ရ၍ဈာန်ချမ်းသာခံစားနေသည်မှာလည်းခံစားမှု(ဝေဒနာ)တို့၏ သာယာဖွယ်ပင်တည်း။

(သုတ်မဟာဝါပါဠိတော်-မဟာသုဒဿနသုတ်-၁၅၂)

၎င်းပြင် ဈာန်ချမ်းသာကို **ခံစားသူ**တို့၏ သာယာဖွယ်ကို ပြသော ပါဠိတော်များမှာ....

(အင်္ဂုတ္တရပါဠိတော်-ပဉ္စကနိပါတ်-သမာဓိသုတ်နှင့်ပဉ္စင်္ဂိက သုတ်-၂၀။ မူလပဏ္ဏာသ ပါဠိတော်—မဟာအဿပုရသုတ်-၃၄၄။ သုတ်သီလက္ခန်ပါဠိတော်၊ သာမညဖလသုတ်-၇၀)တို့ တွင် အကျယ်တဝင့် ယူနိုင်သည်။

## ခံစားမှုတွင်-အပြစ်မြင်

(၂၂)

**ပါဠိတော်**

"ကော စ ဘိက္ခဝေ ဝေဒနာနံ အာဒီနဝေါ၊
ယံဘိက္ခဝေ ဝေဒနာ အနိစ္စာ ဒုက္ခာ ဝိပရိဏာမဓမ္မာ၊
အယံ ဝေဒနာ အာဒီနဝေါ"

**မြန်မာပြန်**

"ရဟန်းတို့-ခံစားမှုတို့၏ အပြစ်သည် အဘယ်နည်း၊ ရဟန်းတို့-ခံစားမှုတို့၏ မမြဲခြင်း, ဆင်းရဲခြင်း, ပြောင်းလဲဖေါက်ပြန်တတ်သော သဘော ရှိခြင်းသည် ခံစားမှုတို့၏ အပြစ်ပေတည်း"

**အဓိပ္ပါယ်ရှင်းလင်းချက်**

"ဝေဒနာဟူသည် ခံစားမှုပင် ဖြစ်သည်၊ ထိုခံစားမှုဟူသည် ချမ်းသာကိုခံစားမှု၊ ဆင်းရဲကိုခံစားမှု၊ ချမ်းသာမဟုတ်၊ဆင်းရဲမဟုတ်သည်ကိုခံစားမှုအားဖြင့်ခံစားမှု၃မျိုးရှိသည်၊အကျယ်အားဖြင့် မဇ္ဈိမပဏ္ဏာသပါဠိတော် ဗဟုဝေဒနိယသုတ်တွင် ၁၀၈ ပါး အထိ ဟောထားပေသည်။ မြတ်စွာဘုရား၏ ဉာဏ်တော် ကျယ်ပွားသည့်အတိုင်း၊ အကြွင်းအကျန်မရှိ ဟောထားသည်ဖြစ်၍ ကျွန်ုပ်တို့ ဉာဏ်မမှီနိုင်ရာကို ဖေါ်ပြနေ၍ အကျိုးမပြီး၊ အကျဉ်းဆုံးကို ချုပ်၍ကြည့်လျှင် ၃ ပါးသာရှိသည်။ ကျွန်ုပ်တို့ သိနိုင်လောက်သော ထို ၃ ပါးကိုပင် ပိုင်နိုင်အောင် သုံးသပ်ရန်အရေးကြီးသည်။

ဝေဒနာဆိုသဖြင့် ဒုက္ခတမျိုးတည်းကိုသာ ကောက်ယူနေက၊ ငါးပါးမှောက်လိမ့်မည်၊ ဝေဒနာဟုဆိုလျှင် ၃ ပါးလုံး၏သဘောကို လေ့လာသင့်ရှိထားမှ၊ ပယ်သင့် ယူသင့်ကိုသိမည်။ ဤအပိုင်းတွင် ခံစားမှုတို့၏ အပြစ်ကိုဟောသောအပိုင်းဖြစ်၍၊ ထိုသဘောကိုပင်ပြအံ့၊ ခံစားမှုဟူသော သဘောတွင် "ယံကိဉ္စိ ဝေဒယိတံ တံဒုက္ခသ္မိံ" ဟု သဠာယတန သံယုတ်ပါဠိတော်-ရဟောဂတသုတ်တွင် ဟောတော် မူထားရကား၊ မည်သည့် ခံစားမှုမဆို ဆင်းရဲချည်းဖြစ်သည်၊ အနတ္တလက္ခဏာသုတ်တွင် ခံစားမှုမှန်သမျှသည် အနိစ္စဟူသော ပျက်သဘော၊ ဒုက္ခဟူသော ဆင်းရဲသဘော၊ အနတ္တဟူသော ၎င်းတို့၏ သူ့သဘောသာဖြစ်၍၊ မည်သည့် ခံစားမှုကိုမှ (နေတံမမ) ငါ့ဥစ္စာမဟုတ် (နေသောဟမသ္မိ)ငါမဟုတ်(နမေသောအတ္တာ)ငါ၏ အနှစ်သာရ အခိုင်အမာ မဟုတ်ဟူ၍ မှန်မှန်ကန်ကန် ပညာဉာဏ်ဖြင့် ရှုအပ်,မြင်အပ်၏"ဟု ဟောတော်မူထားပေရာ၊ ထိုမခိုင်မမြဲ လွန်ဆင်းရဲ၍ ငါလဲမဟုတ်, သူမဟုတ်သော ဤသည့် (ဝေဒနာ) ခံစားမှုသည် အပြစ် စင်စစ်ကောန်ဖြစ်၏။

အာရုံငါးပါး ကာမဂုဏ် တရားတို့ကို ခံစားခြင်းအပြစ်ကို "ကာမ"အပိုင်းတွင် ဖော်ပြခဲ့ပြီး၊ ယခု ရူပ,အရူပ ဟူသော ဈာန်ခံစားမှု, ဈာန်ဝင်စားမှုတို့၌လည်း အပြစ်ကို ဖော်ပြရဦးမည်၊ မြတ်စွာဘုရားသည် ခံစားမှုတို့၏ မတည်မြဲဘဲ ပြိုကွဲပျက်စီးနေမှု၊ဆင်းရဲမှု၊ပြောင်းလဲဖောက်ပြန်မှုတို့ကိုအဓိကထား၍ဟောကြားခဲ့၏။ သဠာယတန ဝဂ္ဂပါဠိတော် ဝေဒနာသံယုတ်တွင် "ဂေလညသုတ်" သည် ထိုခံစားမှုတို့၏ မမြဲပုံ, ဆင်းရဲပုံတို့ကို အထင်ရှားဆုံး ဟောတော်မူထား၏။

ယခု ဖေါ်ပြလိုသည်မှာ၊ ခံစားမှုတို့၏ မမြဲသော ပရမတ်သဘောသာမဟုတ် စျာန်အဘိညာဏ်ခံစားရမှု၏ လောကနယ်ထဲမှ မမြဲ၍ ပျက်စီးပုံကို သတိပြုပါ...

"**အကာန်းမနှင့်ညားသောသာမဏေ**" ရဟန္တာ မထေရ်ကြီးတပါး၏ တပည့် သာမဏေ တပါးအား၊ ဆရာ ဥပဇ္ဈာယ်က စျာန်အဘိညာဏ် ရစေတတ်သော သမထတရားကို ရှေးဦးစွာ အားထုတ်စေ၏၊ သာမဏေသည် စျာန်အဘိညာဏ်ရပြီးနောက် သူရရှိသော စျာန်အဘိညာဏ်ကိုပင် မကြာခဏ ဝင်စား၍ ပျော်နေလေသည်၊ စျာန်အဘိညာဏ်ရက၊ ဝိပဿနာကို တက်၍ အားထုတ်ရန် ဆရာ ဥပဇ္ဈာယ်၏ သင်ကြားပေးမှုကိုပင် မလိုက်နာဘဲ၊ စျာန်ကိုသာ ဂရုစိုက်နေရကား၊ ဝိပဿနာကို ဆက်၍ အားမထုတ်ပေ၊ တခါသော် ဥပဇ္ဈာယ်ဖြစ်သော ရဟန္တာမထေရ်သည်၊ သာမဏေကို အသိမပေးဘဲ၊ မဟာစေတီသို့ ကြွ၍ ဖူးမြော်လေရာ၊ သာမဏေသည် ဆရာ ဥပဇ္ဈာယ်ကို မတွေ့သဖြင့် ခြေရာခံ၍ လိုက်သွားလေသော်၊ မဟာစေတီ၌ မြတ်စွာဘုရား၏ ဂုဏ်တော်ကို အာရုံပြုလျက်၊ နှစ်သက်ရွှင်လန်းစွာ ဖူးမြော်နေသည်ကို တွေ့ရသောအခါ၊ နောက်မှ အသံပေး၍ လှည့်ကြည့်လေလျှင်.... "အရှင်ဘုရား–ပန်းတို့ဖြင့် ပူဇော်သော် ကောင်းပါလားဘုရား" ဟု လျှောက်သောအခါ "သာမဏေ–ဤဓါတ်တော်တို့ ကျိန်းဝပ်ရာ မဟာစေတီနှင့် တူသော စေတီမရှိပေ၊ ပန်းတို့ဖြင့် အဘယ်သူ မပူဇော်ချင်ဘဲ ရှိမည်နည်း" ဟု မိန့်တော်မူလတ်သော် သာမဏေသည် စျာန်ဝင်စား၍ ဟိမဝန္တာသို့ သွားပြီးလျှင် အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းတို့ကို ရေစစ်ဖြင့် အပြည့်ထည့်၍

ယူလာလေသည်၊ မထေရ်လည်း တောင်ဘက်မုခ်မှ အနောက်ဖက်မုခ်သို့ မရောက်မီ၊ သာမဏေ ပြန်ရောက်၍ ဆရာသို့ပေးလှူကာ "အရှင်ဘုရား—ပူဇော်ပါလော့" ဟု လျှောက်၏၊ မထေရ်က "သာမဏေ ပန်းအလွန်နည်းလှသည်" ဟု မိန့်လေသော် "အရှင်ဘုရား—ဘုရားဂုဏ်တော်ကိုသာ အာရုံပြု၍ လှူတော်မူပါ" ဟု လျှောက်သည့်အတိုင်း စေတီယင်ပြင် စောင်းတန်း ပစ္စယာအားလုံး ပန်းမွေ့ရာ ခင်းသော်လည်း မကုန်နိုင် လေသောကြောင့် မထေရ်က "သာမဏေ-ပန်းများမကုန်" ဟု မိန့်တော်မူရာ "အရှင်ဘုရား—ရေစစ်ကို မှောက်လိုက်ပါ" ဟု လျှောက်သည့်အတိုင်း ရေစစ်ကို မှောက်မှ ပန်းများကုန်လေတော့သည်။

ထိုအခါ ရဟန္တာမထေရ်က၊ သာမဏေ၏ ဈာန်တန်းခိုး အစွမ်းကိုကြည့်၍ "ဤမျှ ဣဒ္ဓိပါဒ်ကြီးသော ဈာန်အဘိညာဏ်ကို ဤသာမဏေသည် တာရှည် ထိန်းသိမ်းနိုင်ပါမည်လော" ဟု ဆင်ခြင်တော်မူရာ၊ မထိန်းသိမ်း နိုင်ကြောင်း သိတော် မူသဖြင့် သာမဏေအား....

"သာမဏေရ၊ သာမဏေ။ တွံ၊ သင်သည်၊ ဣဒါနိ၊ ဤယခုအခါ၌။ မဟိဒ္ဓိကော၊ ကြီးသောတန်ခိုးရှိ၏။ ပန၊ ယင်းသို့ပင် တန်ခိုးရှင်ဖြစ်ပါသော်လည်း။ ပစ္ဆိမကာလေ၊ နောင်သောအခါ၌။ ဝေရှုပံ၊ ဤကြီးသော တန်ခိုးကို။ နာသေတွာ၊ ဖျက်ဆီး၍။ ကာဏပေသကာရိယာ၊ ယက်ကန်းသည်မ အကာန်း၏။ ဟတ္ထေန၊ လက်ဖြင့်။ မဒ္ဒိတ ကဉ္ဇိယံ၊ နယ်ပယ်အပ်သော ပအုံးရည်ကို။ ပိဝိဿသိ၊ သောက်ရပေလိမ့်အံ့"

ဟု မိန့်ကြားတော်မူရာ၊ သာမဏေလည်း လူငယ်ဖြစ်သည့်အတိုင်း သတိတရား ရသောအားဖြင့် "ဆရာဘုရား-ကမ္မဋ္ဌာန်းပေးတော်မူပါ"ဟု မလျှောက်မတောင်းဘဲ"ငါ၏ ဥပဇ္ဈာယ်ဆရာသည် ဘာတွေ ပြောနေသလဲမသိဘူး" ဟူသော သဘောနှင့် မကြားယောင်ဆောင်၍ သွားလေသည်။

ဥပဇ္ဈာယ် မထေရ်သည် မဟာစေတီကိုရင်း၊ ဗောဓိပင်ကိုရင်း ရှိခိုးပူဇော်ပြီး၍၊ သာမဏေအား သပိတ်သင်္ကန်းကို ယူစေလျက် ကုရုဏ္ဍိတိဿမဟာဝိဟာရသို့ သွားလေသည်၊ သာမဏေသည် ဈာန်ကစားလိုသည့်အတွက် မထေရ်နှင့်အတူ ဆွမ်းခံမလိုက်ဘဲ၊ မထေရ် ရွာတံခါးရောက်မှ ကောင်းကင်ခရီးဖြင့် လာ၍မထေရ်၏ သပိတ်သင်္ကန်းကိုပေးလေသည်။ မထေရ်လည်း သာမဏေအား သတိရစေရန်....

"သာမဏေရမာ ဧဝမကာသိ၊ ပုထုဇ္ဇနိဒ္ဓိနာမ စလာ အနိဗဒ္ဓါ၊ အသပ္ပါယံ ရူပါဒိအာရမ္မဏံလဘိတွာ၊ အပ္ပမတ္တ ကေနေဝ ဘိဇ္ဇတိ"

"သာမဏေ၊ ဤကဲ့သို့ ဈာန်ကို မကစားပါနှင့်။ ပုထုဇ္ဇန်တို့၏တန်းခိုးမည်သည် ငြိမ်သက်ခြင်းမရှိ၊မမြဲပေ၊ မသင့်မတော်သော ရူပါရုံစသည်နှင့် တွေ့လျှင် အနည်းငယ်မျှနှင့်ပင် ပျက်စီးတတ်သည်"

ဟု အမြဲဆုံးမလေသည်၊ သာမဏေလည်း"ငါ့ဥပဇ္ဈာယ်ဆရာသည် ဘာတွေ ပြောနေသည်မသိ"ဟု နားမထောင်ချင်ပေ၊ ဤသို့ဖြင့် ကမ္ဘုဝိန္ဒုကျောင်းသို့ ရောက်သွားကြလေသည်၊ တနေ့

သော် သာမဏေသည် ကျောင်းမှထွက်၍ တောသို့ ကောင်းကင်ခရီးဖြင့် သွားလေရာ၊ ယက္ကန်းသည်၏ သမီးသည် ရွာမှထွက်၍ ဘောအနီးမှ ရေကန်တွင် ကြာပွင့်ဆင်း၍ ခူးရင်း သီချင်းဆိုလေသည်၊ ထိုသီချင်းသံကို ကောင်းကင်မှ သွားသော သာမဏေ ကြားလေလျှင်၊ သောတအာရုံ ကာမဂုဏ်ဖြစ်၍ ထိုသီချင်းသံ၌ နှစ်သက်သော တွယ်တာစိတ် ကိလေသာဖြစ်သည်နှင့် စျာန်ကြိုးပြတ်ကာ အတောင်ကျိုးသောငှက်ကဲ့သို့ ကောင်းကင်မှ မြေပြင်ကန်ပေါင်ရိုးပေါ် သို့ ကျလာလေသည်။

သာမဏေသည် ထိုခဏ၌ပင် ဥပဇ္ဈာယ် ဆရာ မထေရ်၏ သပိတ်,သင်္ကန်းတို့ကို ယူ၍ လျင်မြန်စွာ မထေရ်၏ထံသို့ သွား၍ ပေးလေလည်း။ မထေရ်လည်း''စောစောကပင် သိနေ၍ တား မြစ်သော်လည်း မရသည်ကိုသိ၍ ဘာမျှ မပြောလိုက်ပေ။

သာမဏေသည် ကြာကန်သို့ လျင်မြန်စွာ ပြန်သွားလေသည်၊ ယက္ကန်းသည် သမီးသည် သာမဏေ၏ ကောင်းကင်ယံမှ လာပုံ၊ ယခု ဤရေကန်သို့ရောက်လာပုံတို့ကို သိသဖြင့်....

''အဒ္ဓါ သေမံ နိဿာယ ဥက္ကဏ္ဌိတော''

''ဤသာမဏေသည် ငါ့ကို အမှီပြု၍၊ သာသနာတော်မှ လျောကျကာ လူသွက်မည် ထင်သည်ဟု သိသဖြင့် သာမဏေ ကျောင်းကို ပြန်သွားပါ၊ ဘာကိစ္စရှိပါသလဲ''ဟုမေးသောအခါ သာမဏေက ဖြစ်ကြောင်းကုန်စင် ''သင့်အား တပ်မက်စွဲလန်းသဖြင့် လူထွက်တော့အံ့'' ဟု ပြောသောအခါ၊ ယက္ကန်းသည် သမီးက များစွာသော အကြောင်းတို့ကိုပြလျက် အိမ်ရာ ထောင်ခြင်း၏အပြစ်၊ မြတ်စွာဘုရား သာသနာ၏ ကောင်းမြတ်သော

အကျိုးတို့ကို ပြောကြား တိုက်တွန်း ပါသော်လည်း သာမဏေ လူမထွက်ရန် မတတ်နိုင်ရကား....“သာမဏေသည် ငါ့အတွက် တန်းခိုးစျာန်မှ လျှောကျခဲ့၏၊ ငါသည် ယခုအခါ ငြင်းပယ်ဘို့ မသင့်”ဟု ကြံ၍၊ “သာမဏေ ခေတ္တနေပါဦး” ဟု ပြောကြား ခဲ့၍၊ မိဘများထံ သွားပြီး အကျိုးအကြောင်း ပြောသည်တွင် မိဘတို့လိုက်လာ၍ အမျိုးမျိုးတောင်းပန် ပြောကြား ပါသော် လည်း မရသော အဆုံးတွင်....‘‘သာမဏေ–ငါတို့မှာ ပစ္စည်းဥစ္စာ ချမ်းသာသူတို့မဟုတ်၊ ယက္ကန်းယက်မှ စားရ, သောက်ရသော သူတို့ဖြစ်၍၊ သင်ယက္ကန်းအလုပ် လုပ်နိုင်မည်လားဟု မေးသော အခါတွင် သာမဏေက “ တကာကြီး-လူဖြစ်လျှင်တော့ လူ့အ လုပ် လူ့ကိစ္စဆိုရင် ယက္ကန်းအလုပ်ဘဲဖြစ်ဖြစ် ကျူထရံအလုပ်ဘဲ ဖြစ်ဖြစ် လုပ်နိုင်ပါသည်”ဟု ဆိုသဖြင့် အိမ်သို့ ခေါ်သွားကာ သမီးနှင့် ပေးစားလိုက်လေသည်။

သာမဏေလူထွက်လည်း ယက္ကန်းပညာကို သင်ယူလျက် ယက္ကန်းရုံတွင် အခြားသော ယက္ကန်းခပ်သူတို့နှင့်အတူ ယက္ကန်း ယက်လေသည်။ တနေ့သောအခါ အခြား ယက္ကန်းယက်သူတို့၏ ဇနီးများက ထမင်းလာပို့ကြသဖြင့် ထမင်းစားပြီးကြသော်လည်း သူ့မှာ ထမင်းပို့သူ မလာသေးသဖြင့် ယက္ကန်းကိုသာ ခပ်လျက် နေရာ အတော်ပင် စိတ်တိုနေလေသည်၊ နောက်မှ သူ့ဇနီး ထမင်းလာပို့သောအခါ “ထမင်းပို့မှု အလွန် နောက်ကျသည်”ဟု ဆိုမြည်လေရာ၊ ဇနီးက–

“အခြားသူများမှာ ချက်ပြုတ်စရာ အိမ်တွင် ပစ္စည်း အဆင်သင့်ရှိကြသည်၊ ကျုပ်တို့မှာ ရှာဖွေပြီးမှ ချက်

ပြုတ်ရသည်၊ အိမ်တွင် ဘာရှိသည့်, ဘာမရှိဟူ၍ သင်သိသည်မဟုတ်၊ ရှင်းရှင်း ပြောရလျှင် စားချင်လျှင်စား မစားချင်လျှင်နေ''

ဟု ခပ်မာမာပင် ပြန်ပြောလိုက်လေသည်။

''မာတုဂါမေ ာစနော မ အပိစက္ကဝတ္တိ ရာဇာနံ အတ္တနိ ပဋိဗဒ္ဓစိတ္တံ ဥ တွာ ဒါသံဝိယသလ္လက္ခေတိ''

''မိန်းမတို့မည်သည်ကား စကြာမင်းပင်ဖြစ်စေကာမူ မိမိအား တပ်မက် နှစ်သက် အပ်သော စိတ်ရှိသည်ကို သိလျှင် ကျွန်ကဲ့သို့ပင် အောက်မေ့တတ်၏''

ဤသို့ မဇ္ဈိမပဏ္ဏာသ ဌကထာ၊ သမ္မောအဌကထာတို့ အဆိုအရ၊ ဤအမျိုးသမီးက မထေမဲ့မြင် ပြောကြားလေရာ၊ ကိုရင်လူထွက် ယက္ကန်းသမားက''ငါ့အပေါ်၌ ထမင်း စောစောမပို့ခြင်းသည် သက်သက် နှိပ်စက်သည့် သဘောသာဖြစ်သည်''ဟု ဒေါသဖြစ်လျက်၊ ယက္ကန်းယက်ရာမှ လွန်းနှင့်ပစ်ပေါက်လိုက်ရာ မျက်စိကို ထိုးစိုက်မိပြီး မျက်လုံး ကွဲသွားလေသည်၊ သွေးများလည်း ယိုစီး၍ကျလာလေသည်၊ ထိုအခါမှ သူ့ ဥပဇ္ဈာယ်ပြောသော စကားကို ပြန်၍ သတိရကာ—

''နောင် အခါတွင် ယက္ကန်းသည်မ အကာန်း၏ လက်ဖြင့်ဆုပ်နယ်၍ ပေးအပ်သောပအုံးရည်ကိုသောက်ရလတ္တံ့''

ဟု အမှတ်ရပြီးလျှင်၊ ငါ့ဥပဇ္ဈာယ်ဆရာသည် အရှည်ကို မြင်သဖြင့် ငါ့ကို သတိပေးပါလျက် ငါသည် ဆရာ့စကားကို နားမထောင်သောကြောင့် ဤလိုဒုက္ခနှင့်တွေ့ရသည်ဟု သတိရလျက်

ကြီးစွာသောအသံဖြင့် ငိုလေရာ အခြား ယက္ကန်းသည်တို့က "မငိုပါနှင့်၊ ငိုသည့်အတွက် မျက်စိ ပြန်ကောင်းလာမည်မဟုတ်ကြောင်း" ပြောကြသောအခါ သာမဏေလူထွက်က "ကျွန်ုပ် ငိုသည်မှာ မျက်စိကွဲသွားသည့်အတွက် မဟုတ်ပါ၊ ကျွန်ုပ်၏ဆရာ ဥပဇ္ဈာယ် ပြောစကား နားမထောင်မိ၍ဖြစ်ကြောင်း" နောက်က အကြောင်းတွေ ပြန်လည်ပြောပြလေသည်။

(ဤကား မဇ္ဈိမပဏ္ဏာသ ဌကထာ–၁၆၉။ သမ္မောအဋ္ဌကထာ–၂၇၀–၂၈၀။တို့ အဆိုအတိုင်း မြန်မာပြန်ထားသည်)။

ဤသာမဏေ၏ ဈာန်ကစားမှုသည် မိမိ၏ မဂ်ဖိုလ်နိဗ္ဗာန် ရရေး ဝိပဿနာအလုပ်ထက် အားကိုးမှုပြုကာ၊ သမထ၏ ထုံးစံ အတိုင်း မခိုင်မမြဲသော ပျက်စီးမှု၊ ဆင်းရဲမှု၊ ပြောင်းလဲဖေါက် ပြန်မှုစသောသဘောကိုလည်းမတွေ့မမြင်၊ သိမြင်သော ဆရာသမား၏ ဆုံးမမှုကိုလည်း မနာမယူ၊ ဈာန်အဘိညာဏ် ခံစားရမှုကိုပင် အဟုတ်ကြီးထင်၍ အားထား ခဲ့သော်လည်း ထိုတရား သဘောတို့၏ ဓမ္မတာ လမ်းစဉ်အရ ပျက်စီးမှုသည် ထိုဈာန်အဘိညာဏ်ကို အားကိုးသဖြင့် တွေ့ရှိ ခံစားရသော (ဝေဒနာ)တို့၏ အပြစ်တည်း။

"ဈာန်အဘိညာဏ်ရဖူးသူ" ရဟန်း သုံးကျိပ် တို့သည်၊ ကလျာဏီမဟာစေတီကို ရှိခိုးပူဇော်ပြီး၍ တောလမ်းခရီးဖြင့် ပြန်လာ ကြသောအခါ၊ ခရီး အကြားတွင် ကိုင်း လုပ် ရန် တောရှင်း၍ မီးရှို့ကာ လာနေသော လူတယောက်ကို မြင်ကြရာ ထိုသူမှာ မီးလောင်ထားသော သစ်တုံးတခုကို ထမ်းလျက် ဆံပင်

စုပ်ဖွား၊ ကိုယ်လက်တို့တွင်လည်း အိုးမဲတွေ ပေကျံ၍၊ ကြည့်မကောင်းအောင် ရှိနေသဖြင့် ရဟန်းငယ် များသည် တပါးကို တပါး ကြည့်ကာ—"ဟိုမှာ-ကိုရင့်ဘကြီး၊ ကိုယ်တော့်ဦးလေး" စသည်ဖြင့် လှောင်ပြောင် သရော်ကြလေသည်။

အနီးအနား ရောက်သောအခါ " တကာကြီး-သင့်နာမည် ဘယ်လိုခေါ်သလဲ" ဟု မေးကြလေသည်၊ ထိုသို့ နာမည်မေးလိုက်သောအခါ၊ ထိုသူသည် စိတ်ထိခိုက်ကာ နှလုံး မသာမယာဖြင့် ထမ်းလာသော တုံးကြီးကို ပစ်ချလိုက်ပြီးလျှင်၊ ဖရိုဖရဲဝတ်ပြီး ခါးတောင်းကြိုက် လာသော ပုဆိုးစုပ်ကို ကောင်း မွန် စွာ ပြင်ဝတ်ပြီး၊မထေရ်ကြီးတို့ကို ရိုသေစွာရှိခိုး၍"အရှင်ဘုရားများ-ခေတ္တဆိုင်းပါ" ဟု လျှောက်ပြီးလျှင်၊ မထေရ်တို့ ရပ်နေစဉ်၌ပင် ရဟန်းငယ်တို့က လှောင်ပြောင်မြဲ လှောင်ပြောင် ကြလေသေးသည်၊ ထိုအခါတွင် ထိုသူက "အရှင်ဘုရားများ-အရှင်တို့သည် တပည့်တော်၏ ဤအခြေအနေကိုသာ ကြည့်၍ ပြောင်လှောင် ရယ်မောကြသည်၊ တပည့်တော်ကို ဤမျှသာဟု အမှတ်မပြုကြပါနှင့်၊ တပည့်တော်သည် လွန်ခဲ့သော တချိန်က အရှင်တို့လို ရဟန်းဖြစ်ခဲ့ဘူးသူပါ၊ အရှင်ဘုရားတို့မှာ စိတ်ငြိမ်သက်မှုမျှပင် မရှိပါ။

တပည့်တော်မှာ သာသနာတွင် အလွန်တန်းခိုးကြီးခဲ့ပါသည်၊ အာနုဘော်ကြီးခဲ့ပါသည်၊ ကောင်းကင်ကို မြေကြီးပြု၍၊မြေကြီးကိုလည်း ကောင်းကင်ဖြစ်အောင်ပြုနိုင်ခဲ့ပါသည်၊ အဝေးကိုအနီးဖြစ်အောင်အနီးကိုလည်း အဝေးဖြစ်အောင်ပြုစွမ်းနိုင်ခဲ့ပါသည်၊ စကြာဝဠာတထောင်ကို ခဏချင်းဖြင့်ထွင်းဖေါက်သွားရောက်နိုင်

ခဲ့ပါသည်၊ တပည့်တော်၏လက်တို့ကို ကြည့်ပါ၊ယခုအခါပေကျံ ကွဲယုနေ၍ မျောက်လက်နှင့်ပင် တူနေပါသည်၊ ဤလက်တို့ဖြင့် တချိန်က ဤလိုနေရာမှာထိုင်လျက်၊လ,နေ,တို့ကိုသုံးသပ်ကိုင်တွယ် ခဲ့ပါသည်၊ တပည့်တော်၏ ဤခြေတို့ဖြင့် လ,နေ,တို့ကို ခြေပွတ် အိုးခြမ်းအဖြစ် အသုံးပြုခဲ့ပါသည်။

ယင်းသို့ တန်းခိုးအမျိုးမျိုး၊ ဣဒ္ဓိပါဒ်အဖုံဖုံတို့နှင့်ပြည့်စုံခဲ့သော တပည့်တော်မှာ ထိုစျာန်အဘိညာဏ်တို့ကို အားကိုးသမှုပြု၍၊ မပြိုမကွဲ ခိုင်မြဲသော တရားဟု အမှတ်မှားကာ မေ့လျော့မှုကြောင့် ထိုစျာန်အဘိညာဏ်တို့ ကွယ်ပျောက်ကာ၊ အားကိုးရာမဲ့ ယခု ဘဝ ဤအခြေအနေကိုသာ ရှုတော်မူကြပါ။

"တုမှေမာ ပမဇ္ဇိတ္ထ၊ အရှင်ဘုရားတို့ မမေ့မလျော့ ကြပါကုန်လင့်"

"ပမာ ဒေနဟိ ဝေရူပံ ဗျသနံ ပါပုဏန္တိ၊ မေ့လျော့ လျှင် တပည့်တော်လို ပျက်စီးကြပါလိမ့်မည်"

"အပ္ပမတ္တာ ဝိဟရန္တာ ဇာတိ ဇရာ မရဏာဿ အန္တံ ကရောန္တိ၊မမေ့မလျော့နေကြပါလျှင် ဖြစ်ခြင်း၊အိုခြင်း၊ သေခြင်းအဆုံးကို ရောက်အောင် ပြုနိုင်ကြပါကုန်မည်"

"တဿာ တုမှေ မညေဝ အာရမ္မဏံ ကရိတွာအပ္ပ မတ္တာဟောထဘန္တေ၊ ထို့ကြောင့် အရှင်ဘုရားတို့သည် တပည့်တော်၏အဖြစ်ကို သံဝေဂယူ၍ မမေ့မလျော့ဘဲ၊ အားမကိုးလောက်သည့် စျာန်အဘိညာဏ် တရားသည် ပျက်ခြင်း၊ အဖန်ဖန်ဆင်းရဲခြင်း၊ ပြောင်းလဲဖေါက်ပြန်

တတ်သော သဘောရှိသည်ကို သိတတ်သော ဝိပဿနာ
ဉာဏ်ပညာဖြင့် ဒုက္ခဇာတ်သိမ်း ငြိမ်းရာကို ရအောင်
နှလုံးသွင်းတော်မူကြပါ”

ဟု လျှောက်လေရာ၊ ရဟန်းသုံးကျိပ်တို့သည် လွန်စွာ ထိပ်လန့်ခြင်း သံဝေဂကို ရကြကုန်၍ ငြိမ်သက်စွာ ကြွတော်မူကြပြီးလျှင် ဝိပဿနာတရားကို ကြိုးစား၍ အားထုတ် ကြလေသောကြောင့် အားလုံးပင် ရဟန္တာ ဖြစ်တော်မူကြလေကုန်သည်။

(ကြည့်ကား ပဋ္ဌမ ပဏ္ဏာသ ဌကထာ—၁၇၂။ သမ္မောအဋ္ဌကထာ–၂၀၂။ အရ မြန်မာပြန်သည်)။

ဈာန်အဘိညာဏ်သည် ခိုင်မြဲသော တရားမဟုတ်၊ မခိုင်မမြဲသော အခြားတရားတို့နှင့်မတူ၊ ၎င်းကိုရအောင် အမျိုးမျိုးသော အာရုံငါးပါး ကာမဂုဏ်တရားတို့မှ ဝေးကွာအောင် ရှောင်ကွင်း၍ စိတ်ကို ကျဉ်းကြပ်အောင် ဆောက်တည်ကာ၊အားထုတ်ယူရစေကာမူ၊ ထိုဖယ်ခွါထားသော အာရုံငါးပါးတို့ တိုက်တွေ့လာလျှင်သည်း ခဏချင်းဖြင့် ၎င်း၏ ဓမ္မတာအတိုင်း ပျက်စီးတတ်ပေရာ၊အရင်းအနှီးများစွာရင်းပြီးမှရှုံးရသူကဲ့သို့ဖြစ်ရကား၊ ခံစားမှုဟူသမျှတွင် ကာမအားဖြင့် ခံစားမှု ရူပ,အရူပ (ဈာန်) ခံစားမှု အမျိုးမျိုးရှိသည့်အနက်“ခံစားမှု”ဟူသော အသံပါလာလျှင် မည်သည့် ခံစားမှုမဆို မကောင်းကြောင်းကို “ယံကိဉ္စိ ဝေဒယိတံ တံဒုက္ခသ္မိံ”ဟု ဘုရားဟောလေသည်။

သို့အတွက် ချမ်းသာသောနိဗ္ဗာန်သည် ခံစားမှုဟူ၍ဘာမျှမရှိကြောင်း “သက်သက်ငြိမ်းအေးမှု”သာ ရှိကြောင်း ဟောတော်မူသည်။

# ခံစားမှုမှ–ထွက်မြောက်ကြ

(၂၃)

**ပါဠိတော်**

"ကိဉ္စ ဘိက္ခဝေ ဝေဒနာနံ နိဿရဏံ၊ ယော ဘိက္ခဝေ ဝေဒနာသု ဆန္ဒရာဂဝိနယော ဆန္ဒရာဂပ္ပဟာနံ ဣဒံ ဝေဒနာနံ နိဿရဏံ"

**မြန်မာပြန်**

"ရဟန်းတို့–ခံစားမှုတို့၏ ထွက် မြောက် ရာ သည် အဘယ်နည်း၊ ရဟန်းတို့–ခံစားမှုတို့၌ တွယ်တာတပ်မက်မှုကို မဖြစ်စေရန် ဆုံးမခြင်း၊ မဖြစ်အောင် ပယ်ခြင်းသည် ခံစားမှုတို့၏ ထွက်မြောက်ခြင်းတည်း"

**အစိပ္ပါယ်ရှင်းလင်းချက်**

ခံစားမှုဟူသော (ဝေဒနာ) တရားမှာ (သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ) "ချမ်းသာခံစားမှု၊ ဆင်းရဲခံစားမှု၊ ချမ်းသာမဟုတ်၊ ဆင်းရဲမဟုတ်သည်ကိုခံစားမှု" အားဖြင့် ၃ မျိုး ရှိလေသည်၊ ထိုသုံးမျိုးသော ခံစားမှုတို့မှ လုံးဝ ထွက်မြောက်နိုင်ရန်အတွက်မှာ မည်သည့်ခံစားမှုမဆို၊ ခံစားမှု တခုခုအပေါ်၌ ဆန္ဒရာဂမဖြစ်အောင် ဆုံးမခြင်း၊ တားဆီးခြင်း၊ စောင့်ရှောက်ခြင်းအားဖြင့် လုပ်ငန်းစ၍ ထိုခံစားမှုတို့ အပေါ် တပ်မက်စွဲငြိသော ဆန္ဒရာဂကို လုံးဝ ပယ်သတ်နိုင်မှုသည် ခံစားမှု(ဝေဒနာ) မှ ထွက်မြောက်ခြင်း ဖြစ်လေသည်၊ ထိုထွက်မြောက်ရာတွင် ထွက်မြောက်ခြင်း ၃ မျိုးရှိလေသည်။

"တိဝိဓ ကာမရာဂဿနိဿရဏံ၊ ဝိက္ခမ္ဘနနိဿရဏံ တဒင်္ဂနိဿရဏံ၊ သမုစ္ဆေဒနိဿရဏန္တိ၊ တတ္ထအသုဘေ ပဌမဇ္ဈာနံ ဝိက္ခမ္ဘနနိဿရဏံနာမ၊ ဝိပဿနာ တဒင်္ဂ နိဿရဏံနာမ၊ အရဟတ္တမဂ္ဂေါ သမုစ္ဆေဒနိဿရဏံနာမ"

(အင်္ဂုတ္တရဋ္ဌကထာ-တ-၆၇)။

"ကာမရာဂဟူသော တရား၏ ထွက်မြောက်ရာသည် သုံးပါးအပြားရှိ၏၊ ဝိက္ခမ္ဘနနိဿရဏ ဟူသော ကြာကြာ ခွါ၍ ထွက်မြောက်ခြင်း၊ တဒင်္ဂနိဿရဏ ဟူသော ခဏ ခွါ၍ ထွက်မြောက်ခြင်း၊ သမုစ္ဆေဒနိဿရဏ ဟူသော အပြတ်ခွါ၍ ထွက်မြောက်ခြင်း တို့ဖြစ်၏။ ထိုသုံးပါး တို့တွင် ပဌမဈာန်ရအောင် အသုဘရှုခြင်းသည် ဆန္ဒ ရာဂကို ကြာကြာခွါ ထားနိုင်သောကြောင့် "ဝိက္ခမ္ဘန နိဿရဏ"မည်၏၊ ခန္ဓာကိုယ်အား ပရမတ်ဖြစ်ပျက်ကို ရှုနေမှုသည်၊ ဆန္ဒရာဂကို ခဏိကအားဖြင့် ပယ်၍ ထွက်မြောက်သောကြောင့် "တဒင်္ဂနိဿရဏ" မည်၏၊ အရဟတ္တမဂ်သည် ကိလေသာ အားလုံးတို့ကို သတ်၍၊ ကိလေသာမှ ထွက်မြောက်ရာ ဖြစ်သောကြောင့် "သမုစ္ဆေဒနိဿရဏ"မည်၏။

အခြားသော ထွက်မြောက်မှု နိဿရဏ ၁ဝဝ မျိုးအထိ၊ ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ၌ ပြသေး၏၊ မည်သို့ပင်ဖြစ်စေ၊ ဆန္ဒရာဂမှ ထွက်မြောက်နိုင်လျှင်၊ ထွက်မြောက်ရန် အား ထုတ် နိုင်လျှင် မြတ်စွာဘုရား၏ ဟောတော်မူချက်ပြည့်စုံပြီဖြစ်၏။ ထွက်မြောက် ခြင်းသုံးပါး ပြရာ၌....

(၁) လှပသောအဆင်းရူပါရုံတခုကိုဆန္ဒရာဂအားဖြင့် တပ်မက်မှု ဖြစ်လာလျှင် ထိုအဆင်း၌တပ်မက်သောစိတ်တို့ကင်းကွာပြတ်စဲသွားစေရန် အသုဘဟူသော မတင့်မတယ် စက်ဆုပ်ရွံရှာဖွယ် ဖြစ်အောင်ရှု၍ ပဋိမစ်ျာန်စသည်ရလျှင် ထိုအဆင်း၌ တပ်မက်သော စိတ်တို့ အတော်ကြာအောင်ပင် ခွါထွက် နိုင်သည်ဖြစ်သောကြောင့် ထိုကာမမှ ထွက်မြောက်မှုသည် (ဝိက္ခမ္ဘနနိဿရဏ)မည်၏၊ သို့ရာတွင်ထိုစျာန်ကြောင့် ခွါခြင်း၊ ထွက်မြောက်ခြင်းသည် စိတ်ချရသော ခွါခြင်း၊ ထွက်မြောက်ခြင်းမျိုး မဟုတ်ပေ၊ အဘယ့်ကြောင့် ဟူမူ၊ (အနုသယ)မျိုးစေ့ ပြုတ်အောင် ခွါနိုင်သော၊ ပယ်သတ် နိုင်သော ပညာမျိုး မဟုတ်သော ကြောင့်ဖြစ်၏။

(၂) လှပသော အဆင်းရူပါရုံတခုကိုတွေ့လျှင် (ဒိဋ္ဌေ ဒိဋ္ဌမတ္တံအရ) မြင်တတ်သော သဘောနှင့် မြင်အပ်သော သဘောသာလျှင် ရှိ၏ဟု ပညတ်အာရုံ မယူသော အနိမိတ္တသမာဓိဖြင့် ပရမတ်အာရုံအတိုင်း အသွင်သဏ္ဌာန်ကို မမှတ်မယူမြင်တတ်သော သဘောသည် ဖေါက်ပြန်တတ်၏၊ ချုပ်ပျက်တတ်၏၊ မြင်အပ်သော သဘောသည်လည်း ဖေါက်ပြန်တတ်၏၊ ချုပ်ပျက်တတ်၏၊ မြင်သိ သဘောသည်လည်း ဖေါက်ပြန်တတ်၏၊

ချုပ်ပျက်တတ်၏။ သို့ဖြစ်၍ မြင်တတ်,မြင်အပ်, မြင်သိသဘောတို့သည် ပရမတ်တို့၏ သဘော တရားအတိုင်း၊ မိမိ သူတပါး ပြုသူ ပြင်သူမရှိ "သူ့သဘောအတိုင်း ဖြစ်ပျက်တတ်သော သ ဘောတို့" ဟု ရှုနေ, သိနေသော အချိန်သည် ထိုမျှလောက် အချိန်နည်းသော်လည်းကိလေသာ ကို ခွာခြင်း, ထွက်ခြင်း၌ ဝိပဿနာရှုဆဲ၊ ပရမတ် အာရုံကို သိဆဲအချိန်သည် (တဒင်္ဂနိဿရဏ)မည် ၏။ခေတ္တခဏပင်ဖြစ်သော်လည်း ထိုရှုဆဲ,သိဆဲ၌ (ဖုဿဖုဿဗျန္တီကရောတိ) ဟူ၍ အင်္ဂုတ္တရပါဠိ တော် ဟောချက်အတိုင်း၊ တိုက်တွေ့တိုင်း ဉာဏ် က ကိလေသာကို သတ်၍သတ်၍ သွားသော ကြောင့် ထိုဝိပဿနာဖြင့် ကိလေသာသတ်မှုသည် စိတ်ချရလေသည်။'

(၃) ယင်းသို့ ဒိဋ္ဌိ ကိလေသာမှစ၍ မဂ်အဆင့်ဆင့် ပယ်သတ်လျက် သွားရာ အရဟတ္တမဂ်အရောက် တွင် ကိလေသာ ဟူသရွေ့ အကြွင်းအကျန်မရှိ၊ အမြစ်မှတူး၍ သတ်ပြီး ဖြစ် သော ကြောင့် (သမုစ္ဆေဒနိဿရဏ) အပြီးသတ် ထွက်မြောက် ခြင်းဖြစ်လေသည်။

ထွက်မြောက်ခြင်း(နိဿရဏ)ကို ဟောရာ၌"ဆန္ဒရာဂ ဝိနယ၊ ဆန္ဒရာဂပ္ပဟာန"နှစ်ချက်ပြ၍ချည်း ဟောတော်မူသည်၊ ထိုတွင် ကိလေသာကို သတ်ဆဲ, ဆုံးမဆဲ, အားထုတ်ဆဲ ပုဂ္ဂိုလ်ကို

"ဆန္ဒရာဂဝိနယ"တနည်း"တဒင်္ဂနိဿရဏ"ဟုခေါ်၍ကိလေသာကိုသတ်ပြီး, ဆုံးမပြီး, အားထုတ်ပြီးသော ပုဂ္ဂိုလ်ကို 'ဆန္ဒရာဂပ္ပဟာန' တနည်း"သမုစ္ဆေဒနိဿရဏ"ဟု ခေါ်နိုင်လေသည်။

ဝိပဿနာအလုပ် အားထုတ်သော ကျွန်ုပ်တို့သည် "ဆန္ဒရာဂဝိနယ" "တဒင်္ဂနိဿရဏ"ဖြစ်ရန်သာ အရေးကြီးစွာ ဂရုစိုက်ဖို့လိုလေသည်၊ ကျွန်ုပ်တို့၏ ခန္ဓာ၌ (ဝေဒနာ ၃ ပါး) ခံစားမှု ၃ မျိုးတို့သည် အခါခပ်သိမ်းဖြစ်ရှိနေသည်။ ချမ်းသာခံစားခိုက်ဆင်းရဲခံစားမှု၊ ချမ်းသာ ဆင်းရဲ မဟုတ်သော ခံစားမှုမျိုးမရှိပေ၊ ဆင်းရဲခံစားခိုက်၊ ချမ်းသာခံစားမှု၊ ချမ်းသာမဟုတ်, ဆင်းရဲမဟုတ်သော ခံစားမှုတို့ မဖြစ်မရှိပေ၊ ချမ်းသာမဟုတ်, ဆင်းရဲမဟုတ်သော သဘောကို ခံစားခိုက်၊ ချမ်းသာခံစားမှု, ဆင်းရဲခံစားမှုမျိုးတို့ မဖြစ်,မရှိပေဟု ဘုရားဟောတော်မူသည်။

ဆိုလိုသည်မှာ ကျွန်ုပ်တို့တွင် (ဝေဒနာ) ခံစားမှု တမျိုးမျိုးအမြဲရှိနေသည်။ ဝေဒနာဆို၍ ဒုက္ခတမျိုးထည်းဟု မယူဆလေနှင့်၊ ငါးပါးမှောက်သွားမည်၊ မိမိသည်အကယ်၍(သုခဝေဒနာ) ချမ်းသာကို ခံစားနေသည်ဖြစ်အံ့၊ ချမ်းသာနေဆဲတွင် မည်သို့သဘောထားမည်နည်း၊ ချမ်းသာနေလျှင် ချမ်းသာနေသည်ဟုထင်နေလျှင် နှစ်သက်သဘောကျမှု, တပ်မက်မှု "ရာဂါနုသယ" ကား လက်ပိုက်ကြည့်နေမည် မဟုတ်ပါချေ၊ ဝေဒနာသံယုတ်၊ ပဟာနသုတ်ကို ကြည့်လော့၊ ထို့ကြောင့် ကျွန်ုပ်တို့သည်....

"ဖြစ်ပျက်မမြင်၊ ချမ်းသာထင်၊ စွဲလျှင်ရာဂမည်"
"ဆန္ဒရာဂ၊ တဏှာပြ၊ မုချလမ်းမှားပြီ"

ဟု ဆိုခဲ့သည်၊ ချမ်းသာကို ခံစားနေသော ပုဂ္ဂိုလ်၏စိတ်သည် သာယာသည်၊ နှစ်သက်သည်၊ တပ်မက်သည်၊ တွယ်တာသည်၊ စွဲလန်းသည်။ သို့ဖြစ်၍ မြတ်စွာဘုရားသည်သဋ္ဌာယတနသံယုတ်၌-

"သုခံ ဝေဒယမာနဿ၊ ဝေဒနံအပ္ပဇာနတော၊
သောရာဂါနုသယော ဟောတိ၊ အနိဿရဏဒဿိနော"

(ပဟာနသုတ်-၄၀၈)။

"ချမ်းသာသော ခံစားမှုကို ခံစားသောသူအား ထိုခံစားမှုတို့၏သဘောတရားကို ပျက်မှုဟူ၍ မသိသော ကြောင့် ခံစားမှုတို့၏ အပျက်သဘောကို မမြင်သော ထိုပုဂ္ဂိုလ်သည်၊ ရာဂ တဏှာ ကိလေသာသို့ ကိန်းဝပ် ရောက်ရှိခြင်းသည်ဖြစ်၏"

ဟု ဟောတော်မူသည်၊ ထိုချမ်းသာ ခံစားမှု၌ ကိလေသာ မဖြစ်စေရန်ကား....(ပါဠိမြှုပ်ခဲ့အံ့)။

"ချစ်သားတို့=အကယ်၍ ချမ်းသာကို ခံစားဆဲဖြစ်သောထိုသူသည်၊ဤသို့သိရာ၏၊ငါ့အား ချမ်းသာခံစားမှုကား ဖြစ်လေပြီ၊ ထိုချမ်းသာ ခံစားမှုဟူသည် အလိုအလျောက် ဖြစ်သည်မဟုတ်၊ အစွဲအမှီရှိ၍သာဖြစ်ပေါ်လာ၏။ အဘယ်ကိုစွဲမှီ၍ ဖြစ်လာသနည်း၊ ဤခန္ဓာကိုယ်ကိုပင် စွဲမှီ၍ ဖြစ်လာ၏၊ ဤအစွဲအမှီ ခံရသော ခန္ဓာကိုယ်သည်ကား မမြဲသောသဘော ပြုပြင်အပ်သောသဘော၊ အကြောင်းကို အစွဲပြု၍ ဖြစ်ပေါ်ခြင်းသဘော ရှိ၏။ ဤခန္ဓာသည် ဤသို့ မမြဲသော၊ ပြုပြင်အပ်သော၊

အကြောင်းကိုစွဲ၍ ဖြစ်ပေါ်ခြင်းရှိလျှင် ဤခန္ဓာကိုစွဲမှီ၍ ဖြစ်သော ချမ်းသာခံစားမှုသည် အဘယ်မှာ မြဲပါလိမ့်မည်နည်းဟု သိ၏။ ထိုသူသည် ဤခန္ဓာ ကိုယ်၌ရင်း၊ ချမ်းသာခံစားမှု၌ရင်း၊ မမြဲသော သဘောကို မပြတ်ရှုလျက်နေ၏၊ ပျက်တတ်သော သဘောကို မပြတ်ရှုလျက်နေ၏၊ တပ်မက်ကင်းမှုကို မပြတ်ရှုလျက်နေ၏၊ ချုပ်ငြိမ်းသော သဘောကို မပြတ် ရှုလျက်နေ၏၊ စွန့်ပစ်ခြင်းသဘောကို မပြတ်ရှုလျက်နေ၏၊ ယင်းသို့ ရှုမြင်နေသောသူအား ရာဂတဏှာ ကိလေသာသည် ထိုသူ၌ မကိန်းဝပ်တော့ပေ"

ဤကား (သုခဝေဒနာ) ချမ်းသာခံစားမှု၌ ထွက်မြောက်ရာလမ်းတည်း။

ချမ်းသာခံစားခြင်းတကာတို့တွင် ဈာန်ချမ်းသာ ခံစားခြင်းသည် အမွန်ဆုံး, အမြတ်ဆုံးနှင့် အသာဆုံးဖြစ်၏၊ ထိုဈာန်အဘိညာဏ်တို့ချမ်းသာကိုခံစားကြသောဈာနလာဘီပုဂ္ဂိုလ်ကြီးများပင်လျှင် ထိုခံစားမှုကိုသာ သာယာမနေဘဲ "တံဈာနံပါဒကံ ကတွာ" ထိုရရှိခံစားနေရသော ဈာန်ချမ်းသာကိုပင် အခြေခံထား၍၊ "ခယဝယံသမ္မသန္တော" ကုန်တတ် ပျက်တတ်သော သဘောကို ရှုမြင်လျက် "ဝိပဿနံ ဝဍ္ဎေန္တော" ဝိပဿနာကို ပွားကာ "မဂ္ဂပရမ္ပရာယ" မဂ်အဆင့်ဆင့်တက်ပြီးလျှင် "အရဟတ္တံ အပါပုဏာတိ" ရဟန္တာအဖြစ်သို့ ရောက်၏။

ဈာန်ချမ်းသာကို ခံစားသော ပုဂ္ဂိုလ်၏ ဝိပဿနာလမ်းနှင့် အရဟတ္တဖိုလ် ရရောက်သူတို့ကား များလှချေ၏၊ သက်သေတွေ

ထုတ်ပြရန်ကား ကျယ်ဝန်းလှသဖြင့် ယခုသာသနာ နယ်ပယ်တွင် ထင်ရှားနေသော(ဒုက္ခဝေဒနာ) ဆင်းရဲခံစားမှု၏ ထွက်မြောက်လမ်းကိုသာ ဖော်ပြပါအံ့။

"ဒုက္ခံဝေဒယမာနဿ၊ ဝေဒနံအပ္ပဇာနတော၊
ပဋိဃာနုသယော ဟောတိ အနိဿရဏဒဿိနော"

"ဆင်းရဲသော ခံစားမှုကို ခံစားသော သူအား၊ ထိုခံစားမှု သဘောတရားကို ပျက်မှုဟူ၍ မသိသောကြောင့် ခံစားမှုတို့၏ အပျက်သဘောကို မမြင်သော ထိုပုဂ္ဂိုလ်သည်၊ပဋိဃာနုသယဟူသောဒေါသ ဒေါမနဿတို့ ကိန်းဝပ်ခြင်းသို့ ရောက်၏"

ဟု ဟောတော်မူသည်၊ ထိုဆင်းရဲ (ဒုက္ခဝေဒနာ) ခံစားမှု၌၊ စိတ်ငြိုငြင်မှု မကျေနပ်မှု၊ မကြည်သာမှု၊ ကသိကအောင့်ဖြစ်မှုသည် (အနာဂါမိမဂ်ဟန္တာ)က လွဲလျှင် ဖြစ်မည်ချည်းတည်း၊ ဖြစ်ခဲ့သော် မည်သို့သဘောထားမည်နည်း၊ ဆင်းရဲကို ဆင်းရဲဟု သိနေရုံမျှနှင့် ဒေါသ, ဒေါမနဿတို့က ခွင့်လွှတ်မည် မဟုတ်ပေ၊ ထိုဆင်းရဲခံစားမှုအား၊ ၎င်း၏ သဘောတရားကို ဉာဏ်အသိနှင့် သိနေရန်အတွက် မြတ်စွာဘုရား၏ ညွှန်ပြဟောကြားပုံကို လေ့လာကြည့်ပါ၊ သင့်အတွက် အကျိုးမယုတ်ပါ။

"ချစ်သားတို့-အကယ်၍ဆင်းရဲကိုခံစားရဆဲဖြစ်သော ထိုသူသည်၊ ဤသို့ သိရာ၏၊ ငါ့အား-ဆင်းရဲ ခံစားမှုကားဖြစ်လေပြီထိုဆင်းရဲခံစားမှုဟူသည်အလိုအလျောက်ဲ ဖြစ်သည်မဟုတ်၊ အစွဲအမှီရှိ၍သာ ဖြစ်ပေါ်လာ၏၊ အဘယ်ကိုစွဲမှီ၍ ဖြစ်ပေါ်သနည်း။ ဤခန္ဓာကိုယ်ကိုပင်

စွဲမှီ၍ ဖြစ်လာ၏၊ ဤအစွဲအမှီခံရသော ခန္ဓာကိုယ်သည်ကား၊ မမြဲသောသဘော၊ ပွုပြင်အပ်သော သဘော၊ အကြောင်းကို အစွဲပြု၍ ဖြစ်ပေါ်ခြင်း သဘောရှိ၏၊ ဤခန္ဓာသည် ဤသို့ မမြဲသော, ပြု ပြင် အပ်သော, အကြောင်းကိုစွဲ၍ ဖြစ်ပေါ်သောသဘောရှိလျှင် ဤခန္ဓာကိုစွဲမှီ၍ဖြစ်သော ဆင်းရဲခံစားမှုသည် အဘယ်မှာမြဲပါလိမ့်မည်နည်းဟုသိ၏၊ ထိုသူသည် ဤခန္ဓာကိုယ်၌၎င်း၊ ဆင်းရဲခံစားမှု၌၎င်း၊မမြဲသောသဘောကို မပြတ် ရှုလျက်နေ၏၊ ပျက်တတ်သော သဘောကို မပြတ် ရှုလျက်နေ၏၊ တပ်မက်ကင်းမှုကို မပြတ် ရှုလျက်နေ၏၊ ချုပ်ငြိမ်းသော သဘောကို မပြတ် ရှုလျက်နေ၏၊ စွန့်ပစ်ခြင်းသဘောကို မပြတ်ရှုလျက်နေ၏။ ယင်းသို့ ရှုမြင်နေသောသူအား ပဋိဃာနုသယ ဟူသော ဒေါသ, ဒေါမနဿသည် မကိန်းဝပ်တော့ပေ"။

(သဠာယတနသံယုတ် ဂေလညသုတ်–၄၁၃)၊

ဤပါဠိတော် ဟောချက်ကို အလုပ်တရား၏ အမှန်ကိုရှာသောယောဂီသည်၊ သေချာစွာလေ့လာအပ်ပေသည်၊ "ဝေဒနာ ဝေဒနာ"နှင့် ဒုက္ခတမျိုးကိုသာ ပေ၍ ရှုနေသော ယောဂီသည် မည်သို့ပင် သည်းခံနိုင်ပါသည်ဆိုစေကာမူ၊ စိတ်ငြိုငြင်မှု, ကသိကအောင့်ဖြစ်မှု ရှိလာလျှင် ထိုစိတ်နှင့်အတူ ဒေါသ,ဒေါမနဿကား ဝင်ပြီးဖြစ်လေပြီ၊ နူးညံ့ သိမ်မွေ့သော ပညာဉာဏ်ဖြင့်သာ သိအပ်သော ကြံစည်စိတ်ကူးယူသော စိတ်ကူးယဉ်သူတို့၏ အရာမဟုတ်သော ပညာရှိမဟုတ်၊ ပညာရှိယောင်ဆောင်ကာ လှည့်ပတ်အပ်သော သဘောမရှိသော ဤတရားကား အလွန်ပင်

သိမ်မွေ့လှ၍၊ နူးညံ့လှ၍၊ ဝိပဿနာဖြစ်သော ဉာဏ်၌ ညစ်နွမ်းစေတတ်သော(ကိလေသာ) အခိုးအငွေ့၊ အရှိန်အစော်၊ အနံ့အသက် လုံးဝကင်းစင်၍ စင်ကြယ်သော "မဇ္ဈိမပဋိပဒါ-ဝိသုဒ္ဓိပဋိပဒါ" စိတ်အကျင့်လမ်းစဉ်၊ ဉာဏ်အကျင့်လမ်းစဉ် ဖြစ်သည်ကို သတိကြီးစွာထား၍ လေ့လာဖို့လိုသည်။

ဝိပဿနာအလုပ်သည် ရုပ်နာမ်ခန္ဓာကို အရှုခံအဖြစ် ထား၍ ဉာဏ်အသိလေ့ကျင့်ရသော အလုပ်ဖြစ်သည်ကိုလည်း မျက်ခြေပြတ်၍မရပေ၊ ရုပ်နာမ်ခန္ဓာကို ပေတေထား၍ ရှုနေလျှင်၊ကြည့်နေလျှင် ဖြစ်တတ်သော သဘောကို လေ့လာကြည့်ပါ။

"အပြင်ဒုက္ခရှုနေ၍တရားမရ" ခန္ဓာကိုယ်၏ နကိုသဘောသည် ဖေါက်ပြန်လျက် ပျက်လျက်ရှိသည်။ ၎င်းကိုသိတတ်သော အသိမှန်ဉာဏ်၏ အရာသာဖြစ်သည်။ ထိုသဘောကို သိနေသော ဉာဏ်သည် ထပ်ကာထပ်ကာသိနေသောအခါ ထိုအသိဉာဏ်သည် ခန္ဓာပေါ်ဝယ် အမြင်တမျိုး ဖြစ်လာသည်။ ရှေးက ဤခန္ဓာအပေါ် မိမိထင်လာသမျှ၊ မြော်လင့်သမျှတို့သည် ယခုအမြင်နှင့်ဆိုလျှင် ဝေးကွာလျက်ရှိ၏၊ ဆန့်ကျင်လျက်ရှိ၏။ သို့အတွက် ဤခန္ဓာအပေါ် စိတ်ပျက် စရာဖြစ်လာ၏၊ ပျော်စရာဟူ၍ရှာမတွေ့၊ တပ်မက်ဖွယ်၊ သာယာဖွယ်၊ နှစ်သက်ဖွယ်ဟူ၍ ဉာဏ်၌မမြင် "သက်သက်ဒုက္ခပါတကား" ဟု အသိပြောင်းလာ၏၊ ဤသို့လျှင် ဤလုပ်ငန်း၏ သဘောတရားကို ရိပ်မိဖို့ ကောင်းသည်၊ ဗုဒ္ဓဘာသာဝင်တိုင်း ရနေသော "သဗ္ဗေသင်္ခါရာဒုက္ခာ" ပုဒ်တွင် "ယဒါပညာယ-ပဿတိ" ဆိုသော စကားမှာ ဉာဏ်ကိုပညာကို

အထူးပြုဆိုကြောင်း ပြလေရာ စဉ်းစားစရာပင် မလိုလောက်အောင်ပင် စင်းနေလေသည်။

စင်းနေသော သဘောထက်၊ အတိအလင်း ဆိုထားသော သဘောကိုသည်း လေ့လာပါဦး။

"တတ္ထဟတ္ထပါဒေ အတိစိရံသမိဥ္စိတွာ ဧဝဝါပသာ ရေတွာ ဧဝဝါဠိတယ ခဏေခဏေ ဝေဒနာဉပ္ပဇ္ဇန္တိ၊ စိတ္တံ ကေဂ္ဂနလဘတိ ကမ္မဋ္ဌာနံပရိပတတိ၊ ဝိသေသံ နာဓိဂစ္ဆတိ"

ရုပ်နာမ်ခန္ဓာတွင် တရား တွေ့အောင် အားထုတ်လိုသော ယောဂီသည်၊ ခန္ဓာနှင့်ဉာဏ် ကွဲအောင် ညွှန်ပြထားလေသည်၊ ရုပ်နာမ်ခန္ဓာကို မလှုပ်မရှား ဣရိယာပုထ်ကို မပြောင်းမလဲ ပေတေ၍ရှုနေက၊ ဆင်းရဲဖြစ်သော (ဒုက္ခဝေဒနာ) တို့သည် မိုးတိမ်များတက်သကဲ့သို့ တရွေ့ရွေ့ တရိပ်ရိပ် တက်လာမည်၊ ထိုအခါတွင် တချိန်ထက်တချိန်အချိန်ရှိသရွေ့ ကိုယ်ပင်ပန်းသည် နာကျင်သည်စိတ်ကသိကအောင့်ဖြစ်မည်၊လှုပ်ရှားမည်ငြိမ်သက်မှု မရ၊ ဆင်းရဲခံစားမှုကိုသာ မသက်မသာ သိနေရသဖြင့် ခန္ဓာ၏ ပင်ကိုပရမတ်သဘောသိမှုမဖြစ်၊ဒုက္ခဝေဒနာပေါ်သို့ စိတ်ဆင်းရဲ စွာ လည်ကျလာမည်၊ ခန္ဓာ၏ ပရမတ်အမှန်သဘောသိမှ ရမည့် တရားကို မရနိုင်တော့ချေ၊ ဤကား ဒုက္ခဝေဒနာ တွေ့နေသော ပုဂ္ဂိုလ်တဦး၏ ဖြစ်ရိုးဖြစ်စဉ်ပင်ဖြစ်သည်။

၎င်းကို သတိပဋ္ဌာန်လုပ်ငန်း စီစစ်ရေး တာဝန်အရ၊ မူလ ပဏ္ဏာသ ဋ္ဌကထာ-ပဌမအုပ်-၂၆၈ တွင် အဆိုပြုလိုက်ရာ၊ သုတ်

သီလက္ခန်အဋ္ဌကထာ – ၁၇၆ ကဲ ထောက်ခံ၍၊ ဥဇုံကာယံပဏိဓာယအပိုဒ်–၁၈၈၊ သမ္မောအဋ္ဌကထာ– ၃၄၂၊ ၃၃၁၊ ၃၅၂။ မဟာဝဂ္ဂသံယုတ္တဋ္ဌကထာ–၂၂၈ တို့က တညီ တညွတ်ထည်း အတည်ပြုဆုံးဖြတ်သားသည်ကို နောက်ဆုံး ဆဋ္ဌသံဂါယနာ သာသနာ့ခေတ် တခုလုံးက သာသနာ့တော်၏ အမှန်ကန်ဆုံး ပြဋ္ဌာန်း၍ တသာသနာလုံးအတွက် ဖြန့်ချိထားသည်။

ဉာဏ်သိရမည့် ဒုက္ခနှင့် သူသိငါသိ ဒုက္ခသည်၊ သံသရာ လည်မှုပြတ်မှုထက်မက ကွာခြား၏၊ သူသိငါသိ အပြင်သိ ဒုက္ခ မျိုးသည် လူတိုင်းသိ၏၊ သတ္တဝါတိုင်းသိ၏၊ ပညတ်နယ်သားတိုင်း သိ၏။ ဤသို့ သတ္တဝါတိုင်း သိနေသော ဒုက္ခရောက်မှု၊ ဒုက္ခဖြစ်မှု၊ ဆင်းရဲမှုမျိုးကား သံသရာတွင် လည်ပတ်ရာ၌အချက်အချာဖြစ်၏၊ ဉာဏ်သိဒုက္ခကား ဒုက္ခဟူ၍, ဆင်းရဲဟူ၍ အသံသာတူသည် သဘောကား ပညတ်အာရုံ၊ သူသိငါသိ အပြင်အပ ဆင်းရဲမှုကို ဆင်းရဲဘဲ, ဒုက္ခဘဲဟု သိနေသော ပညတ်ဖြင့် လုံးဝအာရုံ ပြုနိုင် သိနိုင်သည်မဟုတ်ပေ။

> "ဥဒယဗ္ဗယ ပဋိပီဠနဋ္ဌေန ဒုက္ခာတိ ဒုက္ခလက္ခဏံ
> အာရောပေတိ"

ဖြစ်ခြင်းပျက်ခြင်းတို့သည် အမြဲမပြတ် နှိပ်စက်အပ်သော အနက်သဘောကြောင့်ဒုက္ခဟူ၍,ဆင်းရဲဟူ၍ ဒုက္ခလက္ခဏာဆင်းရဲ ဟူ၍ မှတ်ကြောင်း တင်၏ ရှု၏။ ရုပ်နာမ်ခန္ဓာတွင် ဖေါက်ပြန်မှု ပရမတ်သဘောတို့၏ ၎င်းတို့ သဘောအတိုင်း၊ ဖြစ်လျက်ပျက် လျက်နေသော သဘောသည်ပင်လျှင် နှိပ်စက်နေသော သဘော တို့ဖြစ်၍၊ ဒုက္ခဟူသော တရား၏အနက် ၄ ချက်တွင်၊ မူလအနက်

ဖြစ်သော'ပိဋ္ဌနုတ္ထ နှိပ်စက်ပြ၏'ဟူသောအတိုင်းဒုက္ခဖြစ်နေသည်၊ ဆင်းရဲနေသည်၊ ဤရုပ်နာမ်ဖြစ်မှု သင်္ခါရစုသည်ပင်လျှင် "ဒုက္ခလက္ခဏာ ဒုက္ခခန္ဓာကိုယ်"ဟု ဉာဏ်ဖြင့်သာ ပိုင်းခြားသိကောင်းသောတရားကို ထိုထိုပရမတ်တို့သို့ ဉာဏ်မကပ်သော ပဏ္ဍိတမာနီတက္ကိသမား ကြံဝိုးဝါးတို့ သိနိုင်သောအရာ မဟုတ်ချေ။

ဤခန္ဓာတွင် ယခုသိနေရသော ဖေါက်ပြန် သဘောသည် ပျက်ပျက်၍သာနေလေသောကြောင့်ဆင်းရဲပင်မြစ်အမှန်ဖြစ်၏။ ထိုဆင်းရဲမျိုးသည် ခန္ဓာဇာတိအဖြစ် ရှိသော သတ္တဝါတိုင်းအား ထိုဖြစ်မှုပျက်မှုသည် ဖြစ်ချင်သူအား၊ဖြစ်ရှိနေသူအား နှိပ်စက်၏၊ အဖြစ်မရှိလျှင် နှိပ်စက်မှုငြိမ်း၏။ ထို့ကြောင့် ဆင်းရဲသော ဒုက္ခဝေဒနာရှုလိုသော ယောဂီသည် အပြင်ဒုက္ခဋ္ဌရိယာပုထ် မရှေ့မပြင်သဖြင့် တွေ့ရသော ဒုက္ခစသော ပရမတ်ရုပ်နာမ်၌ ဉာဏ်ဖြင့်သာ သိရမည့် ဖြစ်ပျက်နေမှုကို မမြင်သူတို့၏ သူသိငါသိ လောကပညတ်သိစသော ဒုက္ခမျိုးစုံ ဆင်းရဲအဖုံဖုံကို မည်သည့်နည်းနှင့်မျှမရှုမမြင်မူ၍ ဝိပဿနာဉာဏ်ဖြင့် သိရမည့် ပညတ်မဖက် ပရမတ်ဖြစ်ပျက် ဒုက္ခသစ္စာ သဘောကိုသာ ၎င်းတို့၏ လက္ခဏာအတိုင်း ရှုမှတ်ရန် လိုပေသည်၊ သတိပဋ္ဌာန်ပါဠိတော် ဝေဒနာနုပဿနာပိုင်းတွင် –

"ဝေဒနာသု၊ ခံစားသောသဘောတို့၌။ သမုဒယဝယဓမ္မာနုပဿီဝါ၊ ဖြစ်ခြင်းပျက်ခြင်းသဘောကို ရှုလေ့ ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏"ဟူ၍ လုပ်ငန်းအဓိကပြု၍ ဟောတော်မူချက်တွင် ဝေဒနာဟူသော ခံစားမှုတခုခုတွေ့လာသော်မည်သို့ရှုရကြောင်း ကိုယ့်အလုပ် ကိုယ်သိစေကုန်။

ဒုက္ခဝေဒနာ ဆင်းရဲခံစားရမှုမှ လွတ်အောင် ရှုသွားကြကုန်သောပုဂ္ဂိုလ်တို့အကြောင်းကို ကျွန်ုပ်တို့၏ သစ္စာဒီပကအဖွဲ့ချုပ်မှ ထုတ်ဝေသော"မဇ္ဈိမဉာဏ်သိဘို့ရန်"ဟူသောစာအုပ် စာမျက်နှာ အမှတ် ၃၅ မှစ၍ ဖေါ်ပြထားသည်။

ဒုက္ခဝေဒနာဟူသော ဆင်းရဲခံစားမှုဖြစ်သော်-အပြင်ဖက်က ဖြစ်သောဆင်းရဲခံစားရမှုသည်ပညတ်အာရုံဖြစ်၍ပရမတ်ရုပ်နာမ်သို့ မထိမခိုက်ပေ၊ ဣရိယာပုထ်ကြောင့်ဖြစ်စေ၊ အပြင်အပမှ လုလ္လ ပယောဂကြောင့်ဖြစ်စေ တွေ့ထိခံစားရသော ဒုက္ခဝေဒနာသည် ပညတ်ကို အာရုံပြုသော ဒုက္ခဒုက္ခတာမျိုးဖြစ်၍၊ သင်္ခါရဒုက္ခ မဟုတ်ရကား၊ သံဝေဂ အထောက်အပံ့မျှသာ ဖြစ်လေသည်။

ယင်းသို့ ဒုက္ခဝေဒနာနှင့် ရင်ဆိုင်ကြုံတွေ့ကြသော ပုဂ္ဂိုလ်တို့သည်၊ ဝိပဿနာရှုရာတွင် မည်သည့် ပုဂ္ဂိုလ်မျှ ပေတော၍မရှု၊ ထိုဒုက္ခဝေဒနာကိုခွါ၍၊ (ဝါ)နှလုံးမသွင်းဘဲ ခံစားမှုသဘောတရား၏ ပျက်မှုကိုသာရှုကြကြောင်း ဖေါ်ပြထားသည်၊ မြတ်စွာဘုရား၏ မာနဒိန္န ဟူသော အနာဂါမ်သာဝကသည် တခါသော် သေလောက်သည့် ရောဂါ ဝေဒနာ ဖြစ်သောကြောင့် အရှင်အာနန္ဒာကိုအပင့်ခိုင်းပြီးလျှင် တရားနာလေရာ၊ အရှင်အာနန္ဒာက သတိပဋ္ဌာန်လေးပါး တရားကို ဟောလေသည် ထိုအခါ မာနဒိန္န သူကြွယ်က....

"ဧဝ ရူပါယစာဟံဘန္တေ ဒုက္ခာယ ဝေဒနာယ ဖုဋ္ဌော
သမာနော ကာယေကာယာနုပဿီဝိဟရာမိ။ လ။ အာတာ
ပီ သမ္ပဇာနော သတိ မာဝိနေယျလောကေ အဘိဇ္ဈာ ဒေါ
မနဿံ" (မဟာဝဂ္ဂသံယုတ်ပါဠိတော်-၁၅၅)။

"အရှင်ဘုရား=တပည့်တော်သည် ဤသို့ သဘော ရှိသော ဆင်းရဲခံစားရမှုသည် နှိပ်စက် ပါသော်လည်း ကာယဟူ၍ ဖေါက်ပြန်မှု အပေါင်း၌ ဖေါက်ပြန်မှု အပေါင်းဟူ၍ လောဘ, ဒေါသကိုပယ်ဖျော်ကလျက် ဂရုစိုက်ပြီး ဉာဏ်နှင့် ရှုနေပါသည်။

ခံစားမှု၌၊ သိမှု၌၊ ဖြစ်ပေါ်သောသဘောတရားတို့၌၊ ဤသို့သာ ရှုလျက်နေပါ၏"

ဟု လျှောက်လေသည်၊ ဤ၌ မာနဒိန္န သူကြွယ်သည် အနာ ဂါမ် ဖြစ်လေပြီးသောကြောင့် သတိပဋ္ဌာန်ရှုရာ၌ အတော်ပင် ကျင်လည်စွာ ရှုနိုင်နေပေသည်။ ဝိပဿနာ သတိပဋ္ဌာန်ရှုမှုသည် ခန္ဓာကိုယ်၏ အတွင်း သဘောတရားဖြစ်၍ ရောဂါအနာ ဒုက္ခ ဝေဒနာသည်အပြင်ဖက်က ပညတ်အာရုံဖြစ်ပေရကား၊ထိုပညတ် ကိုခွါ၍ ရှုသည်ဖြစ်သောကြောင့် အဋ္ဌကထာတွင်–

"တံဝေဒနံဝိက္ခမ္ဘေတွာ""ထိုဆင်းရဲခံစားရမှု(ဒုက္ခဝေဒနာ) ကိုခွါ၍၊(ဝါ)နှလုံးမသွင်း မရှုမမှတ်ခြင်းဖြင့် ခွါ၍"ဟုအသီးသီး ဆိုကြလေသည်။ အဘယ်ကြောင့် ဆင်းရဲခံစားမှုကို ခွါရသနည်း ဟူမူ ပညတ်အာရုံဖြစ်သောကြောင့်ဟူပေ၊

"မြေကိုက်ခံ၍ တရားနာခြင်း" ဂင်္ဂါဝနဝါလိ ဟူသော အရပ်၌၊ ရဟန်းသုံးကျိပ်သည် ဝါကပ်၍ တရား အားထုတ်ကြ လေသည်၊ ၁၅ ရက်တကြိမ် အလှည့်ကျ တရားဟောကြရသည်၊ တခုသော တရားဟော အလှည့်တွင် မထေရ် တပါးသည် မြတ်စွာဘုရား၏ ပညတ်တော်အတိုင်း ပစ္စည်းလေးပါးတို့၌ ရောင့်

ရဲခြင်းအကျိုးကို ဟောလေသည်၊ ပိဋကပါဠိက အမည်ရှိ မထေရ်တပါးသည် နောက်ကျနေသောကြောင့် ပရိသတ်အစွန် ချောင်ကျ၍ မှောင်ကွယ်သော နေရာ၌ ထိုင်ကာ တရားနာလေသည်။ မြွေပွေးတကောင်သည် မထေရ်၏ ဒူးခေါင်းသားကို မွေးညှပ်ဖြင့် ဆွဲနှုတ်သကဲ့သို့ အပြင်းအထန် ကိုက်လေသည်။ မထေရ်သည် မြွေပွေးကို မြင်သဖြင့် "ယနေ့-ငါသည် တရားနာမှု၏ အန္တရာယ်မဖြစ်စေအံ့"ဟု ကြံ၍ မြွေပွေးကို ဖမ်းကာ တောင်းတခုတွင် ထည့်ထားပြီးလျှင် အဝ၌ ပိတ်ဆို့လျက် တရားနာမြဲ နာလေသည်၊ အရဟတ်တက်လတ်သော် မထေရ်သည် မြွေဆိပ်တက်ခြင်းကို သည်းခံသောအားဖြင့် ဖယ်ခွါ၍ တရားအားထုတ်လေရာ—

၁။ မြွေဆိပ်သည် ကိုက်ရာဌာနမှ ဆင်း၍ မြေသို့ဝင်ခြင်း၊

၂။ မထေရ်သည် အနာဂါမိဖိုလ်၌တည်ခြင်း၊

၃။ တရားဟော ပုဂ္ဂိုလ်၏ တရား ပြီးဆုံးခြင်းသည် တပြိုင်နက် ဖြစ်လေသည်။

ထိုနောက် တရားပွဲပြီးဆုံး၍ ရဟန်းများပြန်ကြမည် ရှိသောအခါ၊ မြွေကိုက်ခံရသော မထေရ်က "ငါ့ရှင်တို့—ငါသည် ခိုးသူတယောက်ကို ဖမ်းမိထားပြီ" ဟု ဆို၍ မြွေကို မြေ၌လွှတ်၏၊ ရဟန်းတို့က "ငါ့ရှင်—ဘယ်အချိန်၌ သင့်ကို ကိုက်သနည်း" ဟု မေးရာ "မနေ့ညဦးက ကိုက်ပါသည်"ဟု ဆိုသောအခါ"ငါ့ရှင်အဘယ့်ကြောင့် ငါတို့ကို မပြောသနည်း"ဟု ဆိုကြသောအခါ

မထေရ်က " ငါ့ရှင်တို့-အကယ်၍ ငါသည် မြွေကိုက်ပြီဟု ပြော လျှင် ယခု တရားထူးကိုငါရမည်မဟုတ်ပါ"ဟု ပြောဆိုလေသည်။

နောက်တပုံ....

ကဋ္ဋမ္ဗရ အမည်ရှိ မိန်းမတယောက်သည် သားငယ်ကို ရင်ဝယ် ပိုက်လျက် တရားနာ သွားအံ့ဟု စိတ္တလ တောင်သို့ သွား၍ ပရိသာတ်အစွန် သစ်ပင်တပင်၏ အရင်းတွင် သားငယ်ကို အိပ် စေ၍၊ မိမိမူကား သစ်ပင်ကိုမှီလျက် တရားနာ နေလေသည်၊ သန်းခေါင်ယာမ်အချိန်တွင် မြွေတကောင်သည် ၎င်း၏ မျက် မှောက်၌ အိပ်နေသော သားငယ်ကလေးအား အစွယ် ၄ ချောင်း ဖြင့် အပြင်းအထန် ကိုက်လေသည်၊ ထိုမိန်းမသည် "အကယ်၍- ငါ့သားအား မြွေကိုက်သည်ဟု အော်လေ လျှင် တရား၏ အန္တရာယ်ဖြစ်ပေလိမ့်မည်၊ ငါသည် သံသရာ၌ ကျင်လည်ခဲ့ရသော ဘဝများတွင် သားသမီးပေါင်း မြောက်မြားစွာရခဲ့ဖူးပြီ၊ တရား ကိုသာ နာ၍ သိအပ်သော တရားကိုသာ ဂရုစိုက်နှလုံးသွင်းအံ့" ဟုကြံ၍ ညဉ့်သုံးယာမ်ပတ်လုံး တရား အားထုတ်လေရာ သော တာပတ္တိဖိုလ်သို့ ရောက်၍ အရုဏ်တက်သောအခါ သစ္စာဆိုခြင်း အားဖြင့် သားငယ်ကို အဆိပ်ကျစေလျက် ကောက်ချီ၍ ပြန် သွားလေသည်။

(အင်္ဂုတ္တရ ဌကထာ-ဒုအုပ်- ၁၃၄၊ ၁၃၅)။

ဤ၌ ပဌမပိဏ္ဍပါတိက မည်သော ရဟန်းမှာ တရားနာနေ ရာတွင်ဒူးခေါင်း၌ မြွေကိုက်လေသည်၊ နောက်တွင် ထိုမြွေကိုက်မှု ကြောင့်ဖြစ်သော အဆိပ်တက်မှု ဒုက္ခဝေဒနာကို ခွါ၍ တရား အားထုတ်လေရာ၊ အနာဂါမ်လည်းဖြစ်၊ မြွေဆိပ်လည်း မြေသို့ဝင်

တရားပွဲလည်း ပြီးဆုံး သွားကြောင်းကို ဆင်ခြင်ကြည့်လျှင် မြေကိုက်ခံရခြင်း မြေဆိပ်တက်ခြင်းဟူသည် သေအံ့သော ဆင်းရဲကြီးစွာသော ဆင်းရဲဖြစ်၏၊ ကိုက်သော မြေကလည်း မြေပွေးဖြစ်၍ သေဘတ်သော အဆိပ်ရှိ သတ္တဝါဖြစ်၍ ဆင်းရဲဒုက္ခမှာ သေးငယ်သည်မဟုတ်။

ဤနေရာတွင် ကိုက်သောမြေကို "ဂေါနသ" ဟုဆိုရာ အဘိဓာန်၌ စပါးအုံးဟူ၍ရင်း၊ ငန်းကျဲဟူ၍ရင်း၊ မြေပွေးဟူ၍ရင်း၊ ဖေါ်ပြသည်၊ သို့ရာတွင် ဝိမတိဝိနောဒနီ ဋီကာ၌—

"ဂေါနသာတိသပ္ပဝိသေသာ ယေယံပိဠ္ဌေသု မဟန္တာနိ မဏ္ဍလာနိ သန္ဒိဿန္တိ"

"ဂေါနသဟူသည်ကား ထူးသောမြေတည်း၊ထိုမြေ၏ ကျောတွင် အလွန်ကြီးသော အဝိုင်း အကွက် တို့သည် ထင်ထင်ရှားရှားရှိကုန်၏" ဟူ၍ ဆိုရာ မြေပွေးပင် ဖြစ်လေသည်။

အင်္ဂုတ္တရဋီကာ၌ကား "ဂေါနသောတိမဏ္ဍလသပ္ပေါ" ဟု ဆိုသဖြင့် အကွက်အဝိုင်းရှိသော မြေပွေးဟုပင် ယူဆရသည်။

မည်သို့ပင်ဆိုစေ၊ မထေရ်မှာ မြေကိုက်သဖြင့် အဆိပ်တက်လာလေရာ ထိုအဆိပ်ကို အဋ္ဌကထာ၌ "ဝိသံဝိက္ခမ္ဘေတွာ" အဆိပ်တက်မှုကို ခွါ၍ဟုပြသည်ကို ထင်ရှားခိုင်လုံစေရန် ဋီကာ၌—

"ဝိသံဝိက္ခမ္ဘေတွာတိ-ဝိပဿနာ တေဇေန ဝိသဝေဂံ ဝိက္ခမ္ဘေတွာ"

(အင်္ဂုတ္တရဋီကာ=၁၂၂)။

"အဆိပ် တက်ခြင်းကို ခွါဖယ်၍ ဟူသည်ကား၊ ဝိပဿနာရှုသောဉာဏ်၏ အစွမ်းသတ္တိဖြင့် အဆိပ်တက်ခြင်းအဟုန်ကို ဖယ်ခွါ၍"

ဟု ဖေါ်ပြပေရာ ဝိပဿနာဉာဏ်သည် ရုပ်နာမ်ပရမတ်ကိုသာ ရှုသည်ဖြစ်၍ မြွေကိုက်ခြင်း, အဆိပ်တက်ခြင်းစသော ပညတ်အာရုံကို နှလုံးမသွင်း အသိအမှတ်မပြုသောအားဖြင့် မြွေဆိပ်တွင်သာမက ပညတ်မျိုးစုံကိုပင် ဖယ်ခွါ၍ ရှုသည် ဖြစ်သောကြောင့် မထေရ်သည် "တိဏ္ဏံဖလာနံပါပုဏာတိ" သုံးမဂ်သုံးဖိုသ်ရောက်၍ အနာဂါမ် ဖြစ်လေသည်။ ဒုက္ခဇဝဒနာ တွေ့လာတိုင်းသော ပုဂ္ဂိုလ်များအတွက် ဒေသနာတော်တွင် ဖယ်၍ခွါ၍ ရှုသည်ချည်းတည်း။

ငင်းပြင် ကဋ္ဌမ္ဗရ အမည်ရှိ မိန်းမ တယောက်သည်လည်း စိတ္တလတောင်သို့ သွား၍ တရားနာရာတွင် သားငယ်ကလေးအား ၎င်း၏ရှေ့တွင်သိပ်ထားသည်၊ တရားနာနေစဉ် သန်းခေါင်ယာမ်အချိန်၌ ကလေးငယ်အားမြွေကိုက်သည်။ ထိုအခါတွင် "ငါ့သားကလေးကို မြွေကိုက်လို့" ဟု အော်လိုက်ပါက အခြားတရားနာသူတို့ အနှောက်အယှက်ဖြစ်မည်၊ ငါသည် သံသရာဘဝပေါင်းများစွာ ကျင်လည်ခဲ့ရာတွင် ဖြစ်ရာဘဝတို့၌ သားသမီး မြောက်များစွာ ရခဲ့ဘူးပြီ တရားကားမရခဲ့၊သို့အတွက် တရားအနှောက်အယှက်တော့ မဖြစ်စေလို သားသေထိုက်က သေစေတော့" ဟု နှလုံးပိုက်၍ ထိုအချိန်မှစ၍ တရားကို အထူးဂရုစိုက်၍ အားထုတ်လေရာ သောတာပန်ဖြစ်ပြီး၊ အရှုဏ်တက်ကာမှ သစ္စာဆို၍ ကလေးမှ မြွေဆိပ်ကို ကျစေခြင်းဖြင့် အသက် ချမ်းသာရာရပြီး ကလေးကိုချီ၍ အိမ်ပြန်လေသည်ဟုဆိုသည်။

ဤ၌ တရားနာနေသော အမျိုးသမီး၏ နှလုံးသွင်းမှန်ပုံကို ချီးကျူးစရာကောင်းသည်၊ အရေးတစုံ ကိုယ်၌ကြုံလာက 'အနမတဂ္ဂသုတ်'ကိုနှလုံးသွင်းနိုင်ဖို့လိုသည်၊ဓမ္မပဒပါဠိတော်စက္ခုပါလ မထေရ်သည် အပြင်းအထန်တရားအားထုတ်နေရင်းမျက်စိရောဂါ ဖြစ်လာသည်၊ အိပ်သော ဣရိယာပုထ်ကိုပယ်၍ တရားအားထုတ်ရန် အဓိဋ္ဌာန်ထားမှုကြောင့် မျက်စိဆေးကို လဲလျောင်း၍ပင် မခပ် သောကြောင့် ဆေးဆရာသည်းဆေးမကုတော့ဘဲ စွန့်ပစ်၍သွား သောအခါ၊ မထေရ်သည် စဉ်းစားလေသည် "ငါသည် ဤမျက်စိတို့ကိုပင် ဂရုစိုက်သောအားဖြင့် တရားအားထုတ်မှုကို လျော့ချမည်လော၊ သို့မဟုတ် မျက်စိရောဂါကို ဂရုမစိုက်ဘဲ၊ တရားကိုသာ ဆက်လက်အားထုတ်မည်လော" ဟု စဉ်းစားပြီး သောအခါ ဆုံးဖြတ်ပုံကား....

"အနမတဂ္ဂသ္မိံ ဟိသံသာရဝဋ္ဋေ တဝ အက္ခိကာဏာဿ ဂဏနာ နာမနတ္ထိ၊ အနေကာနိ ပန ဗုဒ္ဓသတာနိ၊ ဗုဒ္ဓ သဟဿာနိ အတီတာနိ တေသုတေကေဗုဒ္ဓေါပိ နပရိစိဏ္ဏော ဣဒါနိဣမံအန္တော ဝဿံ တယောမာသေန နိပဇ္ဇိဿာမီတိ တေမာသံနိဗဒ္ဓဝီရိယံ ကရိဿာမိ၊ တသ္မာ တေစက္ခုနိ နဿန္တုဝါ ဘိဇ္ဇန္တုဝါ ဗုဒ္ဓသာသန မေဝဓာရေဟိ မာစက္ခုနိ"

(ဓမ္မပဒ ဋ္ဌကထာ-၇)။

"ငါ့ဆုံးဖြတ်ချက် အမှန်ကို ဆိုလိုက်မည် အစမထင် သော သံသရာဘဝ အမျိုးမျိုး၌ ကျင်လည်လာရသော ငါ့ဘဝတို့တွင် မျက်စိ မကာန်းသော ဘဝမရှိခဲ့ပေ၊

ကာန်းဖူးမည်သာ၊ ထိုမျက်စိကို ဂရုစိုက်နေမှုကြောင့် ဘုရား တရား၊ တထောင်ပင်တွေ့ကြုံပင်တွေ့ကြုံရငြားလည်း ဘုရားတဆူဆူတွင်မှငါလေ့လာဆည်းပူးခဲ့ရသည်မရှိခဲ့ပေ ယခု ငါသည်ဝါတွင်း၊သုံးလပတ်လုံးတရားအားထုတ်ရာ၌ အိပ်သော ဣရိယာပုထ်ကိုပယ်၍ အားထုတ် တော့အံ့ဟု အဓိဋ္ဌာန်ပြု၍အားထုတ်ပါမှ ဤမျက်စိ ဒုက္ခပေးသည်၊ထို ကြောင့်....

တေ၊ သင်၏။ စက္ခုနိ၊ မျက်စိတို့သည်။ နဿန္တု၊ ဝါ၊ ပျက်ချင်လည်းပျက်စေတော့။ ဘိဇ္ဇန္တု၊ ဝါ၊ ကွဲချင်လည်း ကွဲစေတော့။ ဗုဒ္ဓသာသနမေဝ၊ မြတ်စွာဘုရား၏ ဆုံးမ တိုင်းသော တရားအလုပ်ကိုသာလျှင်။ ဓာရေဟိ၊ ဆောင် ရွက် အားထုတ်လေလော့။ စက္ခုနိ၊ မျက်စိတို့ကို။ မာဓာ ရေဟိ၊ မဆောင်မရွက် ဂရုမစိုက်လေလင့်”

ဟု မိမိကိုယ်ကို မိမိဆုံးမပြီးလျှင် တရား အားထုတ်တော့ရာ၊ မျက်စိလည်းပျက်သည်၊ ရဟန္တာလည်းဖြစ်သည်၊ လွန်စွာသတိ တရား ရဖို့ကောင်းသော အချက်များပင်။

ယခု မိန်းမသည်လည်း “သံသရာ၌ ကျင်လည် ခဲ့ရသော ငါသည် ဤလို သားသမီးပေါင်း မြောက်မြားစွာ ရခဲ့ဖူးသည်၊ သားမြေ့ကိုက်သည်ကို အောင့်လိုက်ပါက တရားနာသူတို့ အန္တရာယ် ဖြစ်မည်၊ ငါ့သား သေသော်-သေပေစေ၊ ဖြစ်ခြင်းရှိက သေခြင်း ရှိမည်သာ၊ သို့အတွက် ငါတရားရမှုသာ ဂရုစိုက်မည်”ဟုအကြံပြု ပြီးတရားအားထုတ်လေရာ သောတာပန်ဖြစ်လေသည်။

ပဌမဝတ္ထုတွင် ပိဋကပါတိက မထေရ် မြွေကိုက်ခံရပြီး၊တရား အားထုတ်ရာ တရားရလေသည်၊ ထိုမထေရ် မြွေကိုက်သည်ကို (ဝါ)မြွေကိုက်ခံရသဖြင့် မြွေကိုက်နာ အဆိပ်တက်ခြင်းကိုရှု၍ တရားရသလား၊ ထိုအနာ ထိုအဆိပ်တက်မှုကို ဖယ်ခွါ၍ ရှုသော ကြောင့် တရားရသလား ဆိုသည်ကို အဋ္ဌကထာ စကားဖြင့် ပေါ်ပြခဲ့ပြီ၊ ထိုမထေရ်သည် ထိုဒုက္ခဝေဒနာကို ရှု၍ တရား ရပါသည်ဟု ဒုက္ခဝေဒနာရှု ဆရာတို့က မျက်စိမှိတ်၍ ငြင်း ခဲ့သော်...ဤအမျိုးသမီးမှာ ကလေးကို မြွေကိုက်သည်၊ ကလေး အမေတရား ရသည်၊မြွေကိုက်ခံရသောကလေး၏ ဒုက္ခဝေဒနာကို အမေဖြစ်သူက ဘယ်နည်းဘယ်ပုံယူ၍ ရှုသောအားဖြင့် တရား ရသနည်း....အမှန်တရားကို မသိမမြင်သူတို့၏ သနား စ ဖွယ် ယူမှားချက်ပင်။

ရင်းပြင် သံဝေဂယူဖွယ် ကောင်းသည်မှာ သစ္စသံယုတ်တွင် မြတ်စွာဘုရားက–

"ချစ်သားတို့–အသက်တရာရှည်သော ယောကျ်ား တ ယောက် ကို တ ယောက် သော သူ က အမောင် ယောကျ်ား၊ သင့်အား နံနက်တကြိမ် လှံဖြင့် အချက် ပေါင်းတရာထိုးအံ့၊ နေ့ခင်းတကြိမ် လှံဖြင့်အချက်တရာ ထိုးအံ့၊ ညနေပိုင်းတွင်တကြိမ် လှံဖြင့်အချက်တရာထိုးအံ့ တနေ့လုံးတွင် လှံအချက်ပေါင်းသုံးရာထိုး၍ နှိပ်စက်အံ့၊ ဤသို့ဖြင့် နေ့စဉ် လှံချက်သုံးရာတို့ဖြင့် အနှစ်ပေါင်းတရာ တိုင်တိုင် လှံဖြင့် အထိုးခံပြီးသော သင့်အား အနှစ်တရာ

ပြည့်သောနေ့၌ သစ္စာလေးပါးကို သင်ထိုးထွင်း၍ သိအောင် ဟောပြပေးအံ့ဟု ဆိုရာ၏။

ချစ်သားတို့—မိမိအကျိုးကိုသာလိုလားသောသူမှန်လျှင် ထိုလှံဖြင့်ထိုး၍ သစ္စာတရားကို ပြမည့်သူ၏ထံသို့ ချဉ်းကပ်ချန်ထိုက်၏၊ အဘယ့်ကြောင့်ဟူမူ သံသရာဘဝသည် အစပင်မရှိခဲ့၊ ဘဝပေါင်းများစွာတွင် လှံထိုးခံရ၍ သေခဲ့ရသောဘဝ၊ ဒါးချက်ဖြင့် သေခဲ့ရသောဘဝ၊ ပုဆိန်ချက်ဖြင့် သေခဲ့ရသော ဘဝကား များလှသည်၊ သစ္စာတပါးမျှပင် မသိခဲ့ရ၊ စင်စစ်မှာ သစ္စာသိခြင်း၌ ဤမျှ ဆင်းရဲဒုက္ခခံမှ သိရသည်ကား မဟုတ်ပေ။

"နခေါပနာဟံ ဘိက္ခဝေ သဟဒုက္ခေန
သဟဒေါမနဿေန စတုန္နံ အရိယသစ္စာနံ
အဘိသမယံ ဝဒါမိ"

(မဟာဝဂ္ဂသစ္စသံယုတ်-သတ္တိသကသုတ်-၃၇၅)။

"ဘိက္ခဝေ၊ ချစ်သားတို့။ သဟဒုက္ခေန၊ ကိုယ်ဆင်းရဲခြင်းနှင့်တကွ။ သဟဒေါမနဿေန၊ စိတ်ဆင်းရဲခြင်းနှင့်တကွ။ စတုန္နံ၊ လေးပါးကုန်သော။ အရိယသစ္စာနံ၊ အရိယသစ္စာတရားတို့ကို။ အဘိသမယံ၊ထိုးထွင်း၍သိမည်ဟူ၍။ အဟံ၊ ငါဘုရားသည်။နဝဒါမိ၊ မဟောပေ။အပိစ, စင်စစ်ငါဟောသည်မှာကား။ ဘိက္ခဝေ၊ ချစ်သားတို့။ သဟာဝသုခေန၊ ချမ်းသာခြင်းနှင့်တကွသာလျှင်။သဟာဝသောမနဿေန၊ ဝမ်းသာခြင်းနှင့်တကွသာလျှင်။စတုန္နံ

လေးပါးကုန်သော။ အရိယသစ္စာနံ၊ အရိယသစ္စာတရား
တို့ကို။ အဘိသမယံ၊ ထိုးထွင်း၍ သိမည်ဟူ၍။ အဟံ၊
ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏”

ဤသုတ်အရ ဆင်ခြင်ရာသည်ကား၊ ဘဝပေါင်းများစွာတွင် အမျိုးမျိုးသော ဒါးလှံလက်နက်တို့ဖြင့်သာ သေခဲ့ရသည် မည်သည့်တရားသစ္စာတပါးပါးမှမသိခဲ့ရသော ငါသည်ယခုဘဝတွင် မည်သည့်နည်းနှင့်မဆို သစ္စာသိရန် အားထုတ်မည်ဟု နှလုံးသွင်း အောက်မေ့ အပ်ပေသည်၊ အားထုတ် ရာတွင်လည်း ဒုက္ခနှင့် ဒေါမနဿနှင့်ရင်းနှီး၍ရှာရမည်မဟုတ်ပေ၊ ဉာဏ်နှင့်ပညာနှင့်သာ ရင်းနှီး၍ ရယူအပ်ပေသည်၊ ရုပ်နာမ်ခန္ဓာ၏ ပရမတ်သဘော တရားဟူသည် သူသူငါငါ ဉာဏ်မပါလျှင် တွေ့သိနိုင်သော တရား မဟုတ်ပေ၊ ဉာဏ်ပညာနှင့်သာ သူက ငါက မသိရသော ပရမတ် တို့၏ သဘောကို သိနိုင်ပေရာ၊ ပညတ်အာရုံဖြင့် သိနေရသော လောကလူတို့သုံးစွဲနေသည့် သမုတိပညတ်ကိုပင်ပရမတ်ဟုထင်နေက မိမိအတွက် နစ်နာ ပေလိမ့်မည်၊ ထို့ကြောင့် ရှေးဆရာတို့သည် “မရှိပညတ်-ရှိပရမတ်-အတပ်သိအောင်ရှာ”ဟု တိုက်တွန်းခဲ့ရာ၊ မရှိသော ပညတ်ကိုလည်း မရှိမှန်းသိ၍ ရှိပရမတ်ကိုလည်း ရှိမှန်း သိကာ အတပ်သိအောင် ဉာဏ်နှင့်ရှုကြည့်ရသတည်း။

## ဟုတ်တိုင်းမှန်စွာ-ဉာဏ်နှင့်ရှု

(၂၄)

ပါဠိတော်

"ယေဟိကေစိ ဘိက္ခဝေ သမဏာ ဝါ ဗြာဟ္မဏာ ဝါ ဧဝံ ဝေဒနာနံ အဿာဒဉ္စ အဿာဒတော။ပ။ယထာပဋိ ပန္နော ဝေဒနံ ပရိဇာနိဿန္တီတိဌာနမေတံဝိဇ္ဇတိ"

မြန်မာပြန်

"ရဟန်းတို့—ရဟန်းဖြစ်စေ၊ ပုဏ္ဏားဖြစ်စေ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည် ခံစားမှုတို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့်၊ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာအားဖြင့် ဟုတ်မှန်သောအတိုင်း ခွဲခြား၍ မသိကုန်၊ ထိုသူတို့အား စင်စစ်ကိုယ်တိုင်သော်လည်း ခံစားမှုတို့ကို ပိုင်းခြား၍သိကြလိမ့်မည်၊ သူတပါးကိုသော်လည်း ခံစားမှုတို့ကို ပိုင်းခြား၍ သိကြောင်းအကျင့်တရားတို့ကို ဆောက်တည်စေကြလိမ့်မည်ဟူသော အကြောင်းသည် မရှိနိုင်သည်သာတည်း။

ရဟန်းတို့—ရဟန်းဖြစ်စေ၊ ပုဏ္ဏားဖြစ်စေမည်သူမဆို အကြင်ပုဂ္ဂိုလ်သည် ဤသို့ ခံစားမှုတို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ် အားဖြင့်၊ အပြစ်ကိုလည်း အပြစ်အားဖြင့်၊ ထွက်မြောက် ရာကိုလည်း ထွက်မြောက်ရာအားဖြင့် ဟုတ်မှန်သောအတိုင်း ခွဲခြား၍ သိကုန်၏၊

ထိုသူဘို့အား စင်စစ် ကိုယ်တိုင်သော်လည်း ခံစားမှုတို့ကို ပိုင်းခြား၍ သိကြလိမ့်မည်၊ သူတပါးကို သော်လည်း ခံစားမှုတို့ကို ပိုင်းခြား၍ သံကြောင်း အကျင့်တရားတို့ကို ဆောက်တည်စေကြလိမ့်မည်ဟူသော အကြောင်းသည်ရှိသည်သာတည်း”။

အစိပ္ပါယ်ရှင်းလင်းချက်

ကာမဂုဏ်နှင့် အဆင်းရုပ်တို့၏ သာယာဖွယ် အပြစ်ထွက်မြောက်ရာ တရားတို့ကို ကိုယ်တိုင်လည်း ယထာဘူတ ကျနစွာ အားထုတ်၍ မထားသူတို့၏ ပြောမှု ဟောမှုသည် အမှန်သိမဟုတ်၊ ကိုယ်တိုင်သိမဟုတ်သကဲ့သို့ ခံစားမှုတရားတို့ကိုလည်းသာယာဖွယ်ကိုလည်း သာယာဖွယ်ဟု၊ အပြစ်ကိုလည်းအပြစ်ဟု၊ ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာဟုကိုယ်တိုင်ကိုယ်ကျလေ့လာ ဆည်းပူးထားသူ မဟုတ်သဖြင့် ဟုတ်မှန်စွာ မသိကုန်၊ ယင်းသို့ မိမိတို့ကိုယ်တိုင် မလေ့လာအားမထုတ်သဖြင့် ဟုတ်မှန်စွာ မသိသော သူတို့က သူတပါးတို့ကို သိအောင် ဟောပြော သင်ကြားဆောက်တည်စေလိမ့်မည်ဟူသော အကြောင်းသည် မရှိနိုင်, မဖြစ်နိုင်ဟု အတိအလင်းပင် မြတ်စွာဘုရား ဟောထားသည်၊ ထိုစကားမှန်၏။

“မယာ ဝိနာ အနုယာဝါဒီဟိ အတ္တပစ္စက္ခတော
ဉ္ တွာဝ အယံမဂ္ဂေါ အက္ခာတော”

(ဓမ္မပဒ ဌကထာ-၂၅၄)။

"မယာ၊ ငါဘုရားသည်။ အနုဿဝ ါဒီဟိ၊ ကြားဘူး နားဝ ပြောသံကြားနှင့် အဟုတ်အမှန်ဟု လုပ်ကြံခြင်း စသည်တို့ကို။ ဝိနာ၊ ကြဉ်ဖယ်ရှောင်ရှားဝေးစွာထား၍။ အတ္တပစ္စက္ခတော၊ ကိုယ်တိုင်ဒိဋ္ဌလက်တွေ့ကျကျ။ဉ. တွာဝ သိမြင်ပြီးမှသာလျှင်။ အယံမဂ္ဂေါ၊ ဤမဂ္ဂင်ရှစ်ပါးအကျင့် တရားကို။ အက္ခာတော၊ ဟောကြားအပ်၏"

မြတ်စွာဘုရားသည် လက်တွေ့သမားဖြစ်၏၊ လူပြောသူပြော မိရိုးဖလာ အစဉ်အဆက်စသော လက်တွေ့မကျသောကိစ္စများကို မနှစ်သက် တွန်းလှန်၏၊ ပယ်မြစ်၏။ အင်္ဂုတ္တရပါဠိတော် ကေသ မုတ္တိသုတ်လာ ကထာဆယ်ပါးကို လေ့လာကြည့်လျှင် မြတ်စွာ ဘုရား၏သာသနာတော် တရပ်လုံးကို ချိန်ထိုးကြည့်နိုင်၏။ အခြား သူတို့၏ ကိုယ်တိုင်ကိုယ်ကျ မဟုတ်သော ရမ်း၍ ယုံကြည်မှုကို လည်း အပြစ်တင်၏၊ လေ့လာဝေဖန် နိုင်သူတို့အတွက် ဗုဒ္ဓ မြတ်စွာ၏ အဆုံးအမသည် အကောင်းဆုံးဖြစ်၏။

"ဥပနန္ဒ–ဆိုဆုံးမ" မြတ်စွာဘုရား လက်ထက်တော်တွင် ဥပနန္ဒ အမည်ရှိသော သာကီဝင်မင်းသား ရဟန်းသည်၊ မြတ်စွာ ဘုရား ဆုံးမတော်မူသော ပစ္စည်းလေးပါးတို့၌ ရောင့်ရဲလွယ်ရန် သန္တုဋ္ဌိကဖြစ်ရန် အဆုံးအမကို အခြားသော ရဟန်းငယ်များ အား ဟောပြောဆုံးမလေသည်၊ ထိုရဟန်းငယ်တို့သည်, ဥပနန္ဒ ဆုံးမသည့်အတိုင်း နာယူ၍ ပစ္စည်းလေးပါတို့ကို အပိုမထားကြ ကုန်ဘဲ စွန့်လွှတ် ကြလေသည်၊ ထိုအခါ ဥပနန္ဒ ရဟန်းသည် စွန့်လွှတ်သော ပစ္စည်းတို့ကို သူချည်း ယူ၍သွားလေသည်။ ထိုအ

ကြောင်းကို ရဟန်းတို့က မြတ်စွာဘုရားအား လျှောက်ထားကြ အခါ၊ မြတ်စွာဘုရားက ခေါ်တော်မူ၍ အကြောင်းကို မေးလေလျှင် ဟုတ်မှန်ကြောင်း လျှောက်သဖြင့် မြတ်စွာဘုရားသည် ဥပနန္ဒအား အပြစ်တင် ကဲ့ရဲ့တော်မူပြီးလျှင်....

"အတ္တာန မေဝ ပထမံ၊ ပဋိရူပေ နိဝေသယေ၊
အထည မနုသာသေယျ၊ နကိလိဿေယျပဏ္ဍိတော"
(ဓမ္မပဒ ဌကထာ-၉၀)။

"ပဏ္ဍိတော၊ ပညာရှိတို့သည်။ ပထမံ၊ ရှေးဦးစွာ။ အတ္တာနမေဝ၊ မိမိကိုယ်ကိုသာလျှင်။ ပဋိရူပေ၊ မှန်ကန်လျောက်ပတ်သော အကျင့်၌။ နိဝေသယေ၊ စိတ်ကိုကောင်းစွာ သွင်းထားရာ၏။ အထပစ္ဆာ၊ မိမိကိုယ်ကို ဆုံးမပြီးနောက်မှ။ အညံ၊ မိမိမှတပါး အခြားသူကို။ အနုသာသေယျ၊ ဆုံးမရာ၏။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ နကိလိဿေယျ၊ မညစ်ညူးစေရာ"

ဟု ဟောတော်မူသည်၊ မြတ်စွာဘုရား၏ အလိုတော်သည် ဤအတိုင်းဖြစ်၏၊ ကိုယ်တိုင်ကိုယ်ကျ နည်းနာရမှ သူတပါးကို ဟောပြောပြသရာ၏၊ မိမိကိုယ်တွေ့မရှိဘဲ ဟောပြောပြသပါက နောင်အခါတွင် အခက်အခဲ တွေ့ရတတ်လေသည်၊ ဘုရားမဖြစ်မီ အလောင်းတော်ဘဝက မည်ကဲ့သို့ တရားရှာရပုံ၊ ကိုယ်တိုင်သိအောင် အားထုတ်ခဲ့ရပုံတို့ကို အကြောင်းဆိုက်သလို ဟောပြောခဲ့၏၊ ထို့ကြောင့် "ချစ်သားတို့-ဤနိဗ္ဗာန်သို့သွားကြောင်းဖြစ်သော လမ်းခရီး(မဂ်)ကို ငါသည် တဆင့်စကား သူတပါး

ပြောသံကြား၍ ဟောသည်မဟုတ်၊ ငါကိုယ်တိုင် သိပြီးမှ ဟောသည် ” ဟူ၍ပင် အာမခံစကား မြွက်ကြားခဲ့၏။

ထို့ကြောင့် တိတ္ထိပရိဗိုဇ်တို့သည် ကာမတို့ကိုရင်း၊ အဆင်းရုပ်တို့ကိုရင်း၊ ခံစားမှုတို့ကိုရင်း၊ ငါတို့လည်း ပညတ်သည်၊ ဟောကြားသည်ဆိုစေကာမူ၊ ထိုကာမတို့၏ သာယာဖွယ်ကိုလည်းမသိ၊ အပြစ်ကိုလည်း နားမလည်၊ ထွက်မြောက်ရာမဂ်ကိုလည်း မတတ်မကျင့်သဖြင့် အဘယ်ကို သိနိုင်မည်နည်း။ ဤသဘောတို့ကို ငါဘုရားသည်ရင်း၊ အရိယာသည်ရင်း၊ အရိယာသာဝကသည်ရင်း၊ သိရှိအပ်သော အရာသာဖြစ်၍ တိတ္ထိတို့၏ အရာမဟုတ်ကြောင်းကို ဟောပြတော်မူလေသည်။

ရင်းနောက်အဆင်းရုပ်တို့၏သာယာဖွယ်,အပြစ်,ထွက်မြောက်ရာတို့ကိုလည်း သူတို့နားလည်သော တရားမျိုး မဟုတ်ကြောင်း ခံစားမှုတို့၏ သာယာဖွယ်၊ အပြစ်၊ ထွက်မြောက်ရာတို့ကိုလည်း ရင်းနည်းတူ ကိုယ်တိုင် သိမြင်အောင် အားထုတ်ထားခြင်း မရှိသဖြင့် အမှန်ကို မသိပုံတို့ကို ရဟန်းတို့အား ဟောကြားလေသည်။

ဒေသနာတော် ဆုံးလျှင် အားလုံးသော ရဟန်းတို့သည်၊ ဝမ်းမြောက်နုမော် သာဓုခေါ်ကာ အလွန် နှစ်ခြိုက်ကြေနပ်ကြလေသည်။ မြတ်စွာဘုရား၏ သာသနာတော်တွင်သာသနာ့ဝန်ကို ထမ်းဆောင်တော်မူကြကုန်သော ဘုရား၏ သားတော်တို့သည် မြတ်စွာဘုရား၏ ညွှန်ကြား ပြသသော တရားများကို မိမိတို့ သဘောပေါက်နားလည်အောင် လေ့လာ သင်ကြားအပ်၏။

ထိုသို့ ကိုယ်တိုင် ကိုယ်ကျ တွေ့သိလာပါမှ ဘုရား,တရား, သံဃာ, ဟူသော ရတနာသုံးပါး၌ ယုံကြည်ချက် ရလာမည်၊ ယုံကြည်မှုရ၍ "ဝိစိကိစ္ဆာ" သံသယ ပြတ်လျှင် အရိယာဘုံသို့ ရောက်၍ ကျွတ်လမ်း-လွတ်လမ်းသို့ သွားသောသူ ဖြစ်ပေရကား စိစစ်လေ့လာမှုကိစ္စသည် မိမိကိစ္စဖြစ်၍ မိမိကိစ္စကို မိမိသိဖို့သာ အရေးကြီးကြောင်း တိုက်တွန်းအပ်ပေသတည်း။

## နိဂုံးကမ္ပတ်-အဆုံးသတ်

ကျွန်ုပ်သည် အဖွဲ့ချုပ် နာယကကြီး ဘောင်းပန်ချက်အရ၊ ဤမူလပဏ္ဏာသ ပါဠိတော်-မဟာ ဒုက္ခက္ခန္ဓသုတ်ကို ရေးခဲ့၏၊ ပါဠိတော် စာကိုယ်နှင့် အဖွင့် အဋ္ဌကထာတို့ကို ညှိနှိုင်းကာ မြန်မာပြန်သည်၊ သက်ဆိုင်ရာ အဆစ်အပိုင်းတို့တွင်လည်း ၎င်းနှင့် ဆိုင်ရာ သုတ်ဝတ္ထု တို့ကိုလည်း ကိုးကား၍ ထည့်ရေးလိုက်၏။ ဤသုတ်တွင် ချသင့်သော အလုပ်သဘောတွေကို ကာမမှ ထွက် မြောက်ရာ, အဆင်းရုပ်မှ ထွက်မြောက်ရာ ခံစားမှုဝေဒနာမှ ထွက်မြောက်ရာ အခဏ်းတို့ကို အလုပ်နှင့် ကိုက်အောင် ချသင့်၏ "သုတ်မြန်မာပြန်" ဟူသောတားဆီးချက်ကြောင့် အလိုရှိတိုင်း မချနိုင်ခဲ့ချေ၊ သို့ရာတွင် မြတ်စွာဘုရား ဟောသမျှ တရားတို့တွင် "လက္ခဏာရေးသုံးပါး လွတ်သောမည်သည်မရှိ" ဟု မဟာဝဂ္ဂ သတိပဋ္ဌာန် နိဒါန်းတွင်မိန့်ဆိုချက်အရ လက္ခဏာပါရမည့်အလုပ် ဖြစ်စေရမည်ပင်။

မြတ်စွာဘုရား၏ ဟောတော်မူရင်း ရည်ရွယ်ချက်မှာ ကာမမှ ထွက်မြောက်လိုလျှင် "ဆန္ဒရာဂဝိနယ-ဆန္ဒရာဂပ္ပဟာန" ၎င်း ကာမတို့အပေါ်၌ လိုချင်တပ်မက် နှစ်သက် တွယ်တာသော

လောဘတဏှာကို မဖြစ်အောင် ဆုံးမရမည်၊ နောက်ပယ်နိုင်အောင် အားထုတ်ရမည်ဟူသော သဘောသည် သံသရာကို လှည့်လည်စေတတ်သော တဏှာကို ပြုတ်အောင် တိုက်ရမည်ကို ဟောသည်၊ အဆင်းရုပ်မှ ထွက်မြောက်လိုသူလည်း ထိုနည်းတူစွာပင်၊ ခံစားမှု(ဝေဒနာ)မှ ထွက်မြောက် လိုရာတွင်လည်း ယင်းဆန္ဒရာဂကိုသာလျှင် တခုတည်းသော တရားဖြစ်၍ ၎င်းကိုသာလျှင် ပယ်သတ်နည်းထွက်မြောက်သော ခရီးဖြစ်ကြောင်းဟောသည်။

ဤသုတ်ကို အားလုံးခြုံ၍ ကြည့်လိုက်သော်-တဏှာကိုသတ်၍ ပဋိစ္စသမုပ္ပါဒ် သံသရာစက်ကို ဖြတ်သော တရားဖြစ်ရာ ခန္ဓာဒုက္ခ သံသရာဒုက္ခကို ဒုက္ခဟူ၍ သိအောင် အားထုတ်ရာ၌ လမ်းမှန်ရအောင် ရှာဖွေလျက် ယထာဘူတကျလှသော ဗုဒ္ဓဘုရား၏ သာသနာတော်အလုပ်ကို လုံ့လမယုတ် ကြိုးပန်းအားထုတ်လျက်ရှိကြကုန်သော ရဟန်း,ရှင်,လူ အကြင်သူတို့သည် မိမိတို့ အားထုတ်အပ်သော တရားအား ယထာဘူတ ကျ-မကျကို လေ့လာဝေဖန်၍ ရခဲသိခဲလှသော မြတ်စွာဘုရား၏ သာသနာတော်ကို ပြုစုနိုင်ကြပါစေ။

တိုင်းပြည်နိုင်ငံတော်ကို အုပ်ချုပ် ကြကုန်သော မင်း,အစိုးရတို့သည်လည်း၊ တိုင်းသားပြည်သူ ခပ်သိမ်းလူတို့အား တရားနှင့်အညီ အေးချမ်းသာယာစွာ အုပ်ချုပ်နိုင်ပါစေ။

တိုင်းသူပြည်သား လူအများ သည်လည်း၊ ရောဂါခပ်သိမ်း ဘေးဘျမ်းငြိမ်း၍ စောင့်ထိန်း သီလဒါနကောင်းမှု အစုစုဖြင့် ကျွတ်ဆုကိုမှန်း အေးချမ်းကြပါစေ။

ဤသည်ကျမ်းစာ ပြီးဆုံးသည်အထိ ရေးပြုသည့် သူအား ဘေးဥပဒ်အန္တရာယ်တို့မရှိခြင်းစိတ်တွင်ညှိုးနွမ်းပင်ပန်းနွမ်းနယ်မှု မရှိခြင်း၊ ဤသုတ်ကို ဟောသော မြတ်စွာဘုရား၏ ဂုဏ်တော်ကို အာရုံယူ၍ ရေးသောကြောင့် စိတ်လက်တည်ငြိမ် အေးချမ်းခြင်း တို့ဖြင့် ပြီးဆုံးပြီဖြစ်ရကား၊ အများဝေဏေ သတ္တဝါတွေလည်း စိတ်နေအေးချမ်း ရှင်လမ်းချမ်းမြေ့ကြပါစေကုန်သတည်း။

ဤစာရေးရ ကုသိုလ်ကြောင့် ဒုက္ခသစ္စာ ဆင်းရဲစွာသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ မဖြစ်ဝေးစွာ ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့ ကေနရအောင် စွမ်းဆောင်နိုင်ရပါစေသား ... ။

ဦးကြည်။
သစ္စာဒီပက၊

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၁၅ | ၁၅ | ဘုရာ | ဘုရား |
| ၁၉ | ၁၂ | ဘဂဝန္တ | ဘဂဝန္တံ |
| ၂၀ | ၅ | (ဝါ) တရားရစေ ကာမူ | ဝါတရာရခဲ့စေ ကာမူ |
| 〃 | ၁၉ | သာမဏော | သမဏော |
| 〃 | ၂၀ | မယမ္ဗိ | မယမ္ပိ |
| ၂၅ | ၁၃ | ပုံတူဖမ်ရှဲ | ပုံတူဖမ်းရှဲ |
| 〃 | ၂၃ | ကမ္ဗဿ | ကမ္ဗဿ |
| ၃၀ | ၁၉ | ကာမဂုဏ္လာ | ကာမဂုဏာ |
| ၃၂ | ၁၀ | အာဒိ | အာဒီ |
| ၃၃ | ၉ | 〃 | 〃 |
| ၃၄ | ၂၃ | ဇီဝိတံ | ဇီဝိတံ |
| ၃၅ | ၁၆ | ဝိရိယ | ဝီရိယ |
| 〃 | ၁၈ | 〃 | 〃 |
| ၃၇ | ၁၂ | 〃 | 〃 |
| ၃၈ | ၆ | 〃 | 〃 |
| 〃 | ၉ | 〃 | 〃 |
| 〃 | ၁၂ | 〃 | 〃 |
| ၃၉ | ၂၂ | ဗြဟ္မဏာ | ဗြာဟ္မဏာ |

| စာမျက်နှာ | စာကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၄၀ | ၁၅ | ဗြဟ္မဏ | ဗြာဟ္မဏ |
| ၄၅ | ၂၂ | မည်တမ်း၏၊ | မြည်တမ်း၏၊ |
| ၄၉ | ၈ | မေးလျောက် | မေးလျှောက် |
| ၅၀ | ၈ | မူလသိရိ | မူလသီရိ |
| ၅၁ | ၁၃ | နာလည်ကဲ့သော် | နားလည်ကဲ့သော် |
| ။ | ၂၂ | လုပ်နိုင်ဘိုဝေးစွ | လုပ်နိုင်ဘို့ဝေးစွ |
| ၆၀ | ၁၂ | အင်အားတို | အင်အားကို |
| ၆၁ | ၁၅ | အဘောစသည့် | သဘောစသည့် |
| ၄၄ | ၁၄ | ကုသော | ကုတော |
| ၅၀ | ၁၄ | ကုတောပုတ္တ | ကုတောပုတ္တာ |
| ၇၁ | ၁၃ | သာဓုတိ | သာဓူတိ |
| ၇၂ | ၁၃ | သပ္ပတ္တိံ | သမ္ပတ္တံ |
| ။ | ၁၅ | နာနူဘာဝတိ | နာနုဘာဝတိ |
| ။ | ၁၇ | တသမဏော | ကသမဏော |
| ၈၀ | ၂၀ | ဘိက္ခူဥက္ကဏ္ဍိတော | ဘိက္ခုဥက္ကဏ္ဌိတော |
| ၈၁ | ၈ | ။ | ။ |
| ၈၈ | ၂၁ | ဥက္ကဏ္ဍိတောမှိ | ဥက္ကဏ္ဌိတောမှိ |
| ၈၉ | ၁ | ။ | ။ |
| ၉၀ | ၆ | စတုဝိသတိ | စတုဝီသတိ |

| စာမျက်နှာ | စာကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၉၄ | ၁၆ | သဒ္ဓိံပိဆိန္ဒိတ္တိ၊ | သန္ဓိံပိဆိန္ဒိတ္တိ။ |
| ၉၉ | ၂၂ | အရှင်မဟာ မေဂ္ဂလာန် | အရှင်မဟာ မောဂ္ဂလာန် |
| ၁၀၃ | ၂၁ | ဆုတ်ယုတ်မှု၊ | ဆုတ်ယုတ်မှု၊ |
| ၁၁၉ | ၁၁ | တတ္တာဂေဟော | အတ္တာဂေဟော |
| ၁၂၀ | ၁ | ရယ်ငြင်းကြီး | ရယ်ခြင်းကြီး |
| ၁၂၅ | ၁ | မဓထေရ်ကပါး | မထေရ်တပါး |
| ၁၂၇ | ၂၃ | မိဘရှိရာသို | မိဘရှိရာသို့ |
| ၁၃၆ | ၂၁ | ဘိုလေလာ | ကိုလေသာ |
| ၁၃၈ | ၁၄ | မဟာနိန္ဒေသ | မဟာနိဒ္ဒေသ |
| ၁၄၀ | ၉ | သတ္တာ | သတ္ထာ |
| ၁၄၅ | ၁၈ | နားမထောင်ဆဲ | နားမထောင်ဘဲ |
| ၁၄၇ | ၂ | ပြဿဒ် | ပြာသာဒ် |
| ၁၄၈ | ၁၃ | အနာဂါယော | အနာဂါရော |
| ၁၄၉ | ၁၃ | ပြဿဒ် | ပြာသာဒ် |
| ။ | ။ | ခရိမှ | ခရီးမှ |
| ၁၅၀ | ၁၆ | အလျင်အမြန် | အလျှင်အမြန် |
| ၁၅၇ | ၁၀ | အနတ္တာဝဟာ | အနတ္ထာဝဟာ |
| ၁၆၄ | ၁၉ | ဒန္တဂ္ဂိဒဿံနေနေ၁ | ဒန္တဂ္ဂိဒဿနေနေဝ |
| ၁၇၂ | ၅ | အဿဒ္ဓအဿ ဒုတော | အဿာဒ္ဓအဿာ ဒတော |

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၁၇၅ | ၁၄ | မျက်စိစိအာရုံ | မျက်စိအာရုံ |
| ၁၇၆ | ၁၅ | အရုံပန | အယံပန |
| ၁၇၇ | ၉ | ပရိဝါယော | ပရိဝါသော |
| ၁၈၅ | ၆ | အဘိမန္ဒတိ | အဘိမဒ္ဒတိ |
| ၂၀၃ | ၂၁ | တတ္တယာဂတိ | တဿယာဂတိ |
| ၂၂၇ | ၉-၁၁ | ဝိ့ရိယ | ဝီရိယ |
| ။ | ၂၂ | အနန္ဒ | အာနန္ဒ |
| ၂၃၁ | ၁၂ | သောတပတ္တိ | သောတာပတ္တိ |
| ၂၄၆ | ၇ | နိသရဏ | နိဿရဏ |
| ၂၅၆ | ၁၆ | ပဋိပိဋ္ဌနဋ္ဌေန | ပဋိပိဋ္ဌနဋ္ဌေန |
| ၂၅၉ | ၁၃ | အဋ္ဌာကထာ | အဋ္ဌကထာ |
| ၂၆၄ | ၁၇-၁၉ | စက္ခုနို | စက္ခုူနို |
| ၂၇၂ | ၁၅ | ဟော့်တော်မူသည် | ဟောတော်မူသည် |

နောက်ထွက်မည့်စာအုပ်များမှာ

မူလဓမ္မာစရိယ

# ဆရာ-ဦးကြည်

၏

★ အမှန်တရားရရန်
မဏ္ဍိမပဏ္ဏာသပါဠိ၊ ဝိပဿနာ အမှတ် (၂)

★ မဟာသတိပဋ္ဌာနသုတ်-နိဿယနှင့်
အဖွင့်ကျမ်း